
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

[redacted]တွဲရေး — ဒို့အရေး
[redacted]ညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
[redacted] တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်၊

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊

ရွှေသမင်

*စာပေမှ စီစဉ်တင်ဆက်သည်။*

# သျှင်မ

# အရက်ချိုအချစ်ခါး

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉) ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်** – ၅၀၁၃၇၆၀၉၀၉

**မျက်နှာဖုံးခွင့်ပြုချက်** – ၅၀၁၄၄၇၁၀၀၉

**အကြိမ်** – ပထမအကြိမ်၊
၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ

**အုပ်ရေ** – ၅၀၀

**တန်ဖိုး** – ၁၅၀/–

**ထုတ်ဝေသူ** – ဒေါ်ကေခိုင်ဦး (မြဲ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

**အတွင်း/အဖုံးပုံနှိပ်သူ** – ဦးဝင်းဖေ (မြဲ–၀၇၆၅၀)
စိုးထက်ကျော်ပုံနှိပ်တိုက်
တိုက် (၂၀၆)၊ အခန်း (အေ)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
သျှင်မ
အရက်ချိုအချစ်ခါး/သျှင်မ၊ – ရန်ကုန်၊
ရွှေသမင်စာပေ၊ ၂၀၀၉။
၂၆၀ – စာ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) အရက်ချိုအချစ်ခါး



## အခန်း (၁)

ကြားဖူးနေကျ ရိုးအီနေသည့်ခေတ်ပြားဟောင်းကြီးတစ်ချပ်လိုပင်။ သားသမီးတွေကို စေ့စပ်၊ လက်ထပ်နေရာချထားပေးတော့မည်ဆိုလျှင် မိဘတွေမှာ ဒီလိုစကားတွေကလွဲ၍ တခြားစိတ်ဝင်စားဖွယ် ပြော[illegible]ခင်း ဆိုကောင်းစရာမရှိတော့ဘူးလား။

"လင်းအား"

ပြေပြေပြစ်ပြစ်ရှိမနေသည့်မျက်နှာက မေမေ့ခေါ်သံကြောင့် ဖြေချလို့ ရေ တင်းထားလို့လဲ ဖြစ်နိုင်၊ ဟိုမရောက် ဒီမရောက် အခြေအနေမှာ ဘာပုံစံမှန်းမသိဖြစ်သွားၿပီ။

"သားက မေမေ့စကားကို လက်မခံချင်မှန်းသိသာအောင် တမင် နေပြတာလား။ မိဘက ဆုံးမနားချနေရင် ဒီလိုမျက်နှာနဲ့ မနေရဘူးဆိုတာ ကို နားမလည်ဘူးလား"

"မဟုတ်ဘူး မေမေ၊ မေမေပြောတာတွေကို ကျွန်တော် နားထောင် နေတာပဲ"

"အေး နားထောင်လွန်းလို့ကော်တာ၊ နားထောင်တယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



နာခံတာ မှမဟုတ်ဘဲ၊ မေမေက ပြောချင်တာတွေပြောပြီး ဒီနားကနေဟိုနား ရောက်သွားတာနဲ့ မင်းခေါင်းထဲမှာ မရှိတော့ဘူး”

ထိုစကားကိုကြားမှ တရားခင်ပြင်းဆိုခွင့်ရသွားသလို လင်းအားမျက်နှာ စောစောကထက်ပို၍ ရှုံ့တွတွဖြစ်သွားကာ ...

“ဒီမိန်းကလေးကို သားနဲ့လက်ထပ်ပေးမှာမို့ မေမေ ပြောကတည်းက ကျွန်တော်ခေါင်းညိတ်ခဲ့တယ်၊ ခု အားလုံးလဲသေချာပြီးနေပြီ ကျွန်တော်ဘယ်လိုနေပေးရဦးမှာလဲ”

“သားရယ် ...”

တင်းမာသယောင်ပြင်ဆင်ထားပြီးသည့် ဒေါ်ဆွေလတ်မျက်နှာမှာ နူးညံ့သက်ဝင်မှုတွေ ပြန်လည်ဖြစ်ထွန်းသွား၏။ သားပြောတာလည်း ဟုတ်တော့ဟုတ်နေသည်မို့ ...

“မေမေပြောတာက ဒီလိုလေ၊ မိဘက သင့်တော်မယ်ထင်လို့ စီမံပေမယ့် တကယ်ပေါင်းကြရမှာက သားတို့ချင်း ...”

လင်းအား မျက်နှာမှာ ပြုံးတော့မလို၊ မဲ့တော့မလိုနှင့် မိခင်ဖြစ်သူကို ငေးကြည့်၏။ ‘ဒါတော့ မေမေ သတိရသေးတာပဲ’လို့ မျက်ဝန်းတွေက ပြောနေသလိုလို။ ဒေါ်ဆွေလတ်က သိပေမယ့် မသိသလိုနေကာ ...

“မေမေကတော့ သား လက်စံကျေနပ်တယ်လို့ သတ်မှတ်ခဲ့တာ၊ အဲဒါကြောင့်လဲ လက်ထပ်ပေးဖို့အတွက် သေချာစီစဉ်နေတာပေါ့၊ သား စိတ်ထဲမှာ ဒါကို တစ်ခုခု ဘဝင်မကျဖြစ်နေသလား”

“ဘာထူးမှာမို့လို့လဲ မေမေ၊ စီးပွားရေးကလွဲပြီး ကျွန်တော် ဘာမှစိတ်မဝင်စားခဲ့တာ မေမေလဲသိတယ်”

“အခုစိတ်ဝင်စားလာပြီးတော့ အလိုမကျဖြစ်နေတယ်၊ ဒီလိုလား သား”

“မဟုတ်ပါဘူး၊ ခုချိန်ထိ ကျွန်တော့်အိမ်ထောင်ရေးကို ကျွန်တော် စိတ်မဝင်စားသေးဘူး၊ ဒါပေမယ့် စိတ်ဝင်စားဖို့ နိုင်းတာလဲ မေမေပဲ၊ ရွေး



ချယ်ခွင့်မရှိဘူးဆိုတဲ့ အမိန့် တစ်ခါတည်းထုတ်ပြန်တာလဲ မေမေပဲ၊ အဲဒါကြောင့် ဘာထူးမှာလဲလို့ပြောတော့ ကျွန်တော် ဘာပြောပြော မေမေရှေ့ဆက်မှာပဲမဟုတ်လား”

လင်းအားက ပြောနေရင်း နေရာမှထ,ရပ်လိုက်၏။

“နေဦး သား”

ဒေါ်ဆွေလတ်က စားပွဲရှေ့မှာ ပြောစရာမကုန်သေးသလို ထိုင်ရာမှထ မော့ကြည့်၍ ...

“သားနဲ့ ရေး တို့ ဆွေးနွေးခဲ့ကြတာ၊ အဆင်မပြေခဲ့ဘူးလား”

လင်းအား ပုံစံက စကားဟာဟာပ မပြောချင်တော့သလိုပါ။ ရေး ဆိုတာတည်းက လေးထောင့်ဆန်ချင်သည့်မျက်နှာဖြူနုနုလေးကို ဖျတ်ခနဲမြင်၏။ သူမမျက်နှာလေးဟာ ပါးရိုးကလေးတွေမို့နေသလိုထင်ရပြီး ပြေပြစ်သည်။ မေးရိုးကားပုံပေါက်နေပြီး ပြည့်ပြည့်ကလေးနှင့် ကြည့်ကောင်းသွား၏။

အထူးသဖြင့် ရင်ခုန်သံမြန်လောက်အောင် ဆွဲညို့နိုင်သည်က နှုတ်ခမ်းလွှာကလေးတွေပင်။ လူလှတော့ အရုပ်နှင့်တူသည်၊ အရုပ်လေး လှတော့ လူလို အသက်ဝင်ရသည်တဲ့။

ရေး က အရုပ်မလေးနှင့်တူအောင် ချစ်စရာကောင်းလွန်းသည်။ နှင်းဆီငုံကလေးလိုစိုရဲနုထွေးနေသော နှုတ်ခမ်းလွှာကလေးတွေက ပုံချရေးပြီး ကပ်ထားသလို လှ၏။

ထူနက်သည့်မျက်လုံးတန်းများသည် လှပအောင် အနားသတ်ပုံဖော်ထားတာမဟုတ်ဘဲ ထူထူခဲခဲလေးအတိုင်းရှိနေသဖြင့် ပို၍ထူးခြားဆွဲဆောင်နေသည်။

အရပ်က မနိမ့်မမြင့်၊ ဖွံ့ထွားတာလည်းမဟုတ်၊ ကျုံလှီတာလည်းမဟုတ်သော ကိုယ်ဟန်သွယ်သွယ်က ရိုးရိုးယဉ်ယဉ် ဘာဝတ်ဝတ် ကြည့်

www.burmeseclassic.com

www.burmeseclassic.com



မကောင်းတာ မရှိ။

ရေး ဆိုသည့် နာမည်ဟာ နိုင်ငံကျော်၊ ကမ္ဘာကျော် မဟုတ်သော်လည်း ရေး နဲ့လက်ထပ်ရတော့မည်ဆိုကတည်းက သူ့ကိုပါ လူသိများလာခဲ့၏။ ထိုထဲမှာ ရင်းနှီးသည့်မိတ်ဆွေ အပေါင်းအသင်းတွေက အများဆုံး။

"မင်းနဲ့ရေး လက်ထပ်တော့မှာဆို၊ ဘယ့်နှယ်လဲ သွက်လှချေလား"

လို့ အားကျသလိုလို၊ လှောင်ရယ်သလိုလို ပြောတဲ့သူက ပြော...

"ရေး အကြောင်း မင်းသိလား"

ဆိုသည့် မေးခွန်းနှင့် ပြူးသည့်သူငယ်ချင်းတချို့က မရှား။ သူ မသိဘဲနေမလား၊ ယောကျ်ားမှန်လျှင် လှပသည့်မိန်းကလေးတစ်ယောက်ကို စိတ်မဝင်စားဘူးဆိုတာ မရှိ။

ထိချင်၊ ငြိချင်လို့ပဲဖြစ်ဖြစ်၊ လှလို့ကြည့်ရုံလေးဖြစ်ဖြစ်ပါ ကြည့်ဖြစ်ဖို့အတွက် စိတ်က တွန်းပို့လိုက်ခြင်းဟာ စိတ်ဝင်စားခြင်းမည်လေသည်။

ဖျတ်ခနဲမြင်လိုက်တာနှင့် သမင်လည်ပြန်ငေးသွားလောက်အောင် လှသော ရေး ကို သူ စိတ်ဝင်စားခဲ့ဖူးသည်ဆိုလျှင် မမှားပါ။

လှတာမြင်လို့ကြည့်မိသည်။ ကြည့်လေ လှလေဆိုတာ သေချာခဲ့၏။ ဒီထက်တော့မပိုပါ။ လှတယ်၊ မလှဘူးဆိုသည့် ခံစားခြင်းကို ခံစားတတ်ခဲ့ပေမယ့် စွဲလမ်းတပ်မက်လွယ်သည့်စိတ်ဓာတ်မျိုးလည်း သူ့မှာမရှိ။ ဒါလည်း ကိုယ့်ကိုယ်ကို ယုံကြည်သည်။

တိုက်တိုက်ဆိုင်ဆိုင် ရေး နှင့်မှ သူ့ကို လက်ထပ်ပေးမည်ဆိုတော့ ငြင်းဆန်လိုခြင်းအလျှင်းမရှိခဲ့တာလည်း စိတ်ဝင်စားခဲ့ဖူးသော သူမ၏ အလှများကြောင့်ပဲဖြစ်နိုင်၏။ သို့သော် ...

"သား မေမေ မေးနေတာ ဖြေဦးလေ"

တစ်ခွန်းမှ စကားမပြန်ဘဲ တိတ်ဆိတ်နေသဖြင့် ဒေါ်ဆွေလတ်က နောက်ထပ်မေး၏။ လင်းအားက ကိုင်ထားပြီးသည့်ကားသော့ကို စားပွဲပေါ် တင်ကာ နေရာမှာပြန်ထိုင်၏။

BURMESE CLASSIC





"သူနဲ့ကျွန်တော် စကားသိပ်မပြောဖြစ်ခဲ့ဘူး"

"ဘာဖြစ်လို့လဲ၊ သား တမင်အချိန်ယူပြီးသွားတာမဟုတ်ဘူးလား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် စကားပြောနေတုန်း အလုပ်ကိစ္စ အရေးကြီးတဲ့ဖုန်းဝင်လာလို့ သွားလိုက်ရတာနဲ့ ..."

"ဩော် ... ဖြစ်ရလေ"

ဒေါ်ဆွေလတ် ရင်မောသွားသည်။ ဘာပဲဖြစ်ဖြစ် သားမျက်နှာကို အကဲခတ်ရသလောက်မှာ ရေး နဲ့အဆင်မပြေတာ တစ်ခုခုရှိနေသည် ဆိုတာတော့ ရိပ်မိနေခဲ့၏။ သို့သော် အဆင်မပြေခြင်းကို နောက်ထပ်မဆွေးနွေးလိုတော့သဖြင့်...

"သားရယ်... မေမေက မင်း သဘောမကျနိုင်တာကို ဇွတ်အတင်းမစီစဉ်ချင်ပါဘူး။ စီစဉ်ကတည်းက သား ငြင်းမယ်ဆို ငြင်းခွင့်ရှိတယ်၊ လက်မခံချင်ရင် သား ငြင်းမှာပဲလို့လဲ တွက်ပြီးသားပါ။ ဒီတော့ အဆင်ပြေကြမှာပဲလို့တွက်ပြီး မေမေ ဒီထိစီစဉ်ထားခဲ့ပြီးတဲ့ကိစ္စကို စိတ်အလိုမကျနိုင်တဲ့ တချို့တလေကိစ္စလေးတွေကြောင့်တော့ အကျယ်တဝင့် ကန့်ကွက်ငြင်းဆိုတဲ့အထိ မလုပ်ချင်ပါနဲ့"

"မလုပ်ပါဘူး။ မေမေ့ကို ကျွန်တော် ပြောခဲ့သားပဲ၊ မေမေသဘောကျစီစဉ်ခဲ့တဲ့အတိုင်း ဆက်လုပ်ပါ၊ ဒီကိစ္စမှာ သားသမီးအတွက် ဆေးကျွေးတယ်လို့ မေမေထင်ရင် ဆေးဟာ စားစရာလိုတော့ အရသာရှိနိုင်မှာမဟုတ်ဘူးလေ၊ ကျွန်တော့်မျက်နှာ ရှုံ့မဲ့နေနေ၊ ရွှင်လန်းနေနေ ဘာဖြစ်နေတာလဲလို့ မမေးဘဲ မျိုချလိုက်တယ်ဆိုရင် ကျေနပ်ပါ"

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"နင် လူကြီးစကားကို ဘာဖြစ်လို့ ဒီလောက်ဂရုစိုက်ရတာလဲ ရေး၊ အန်ကယ်မိုးက ငါတို့ညီအစ်မ မျက်နှာမငယ်ရအောင် သူ နိုင်ငံခြားထွက်မယ့်ကိစ္စကိုတောင် နောက်ဆုတ်ထားခဲ့တာ"

"ဘာပြောတယ် မေး"

ရေး က ဖိနပ်ကြိုးသိုင်းကို ခါးလေးကိုင်း၍ သေချာချည်နေရာမှ ဖျတ်ခနဲ ကိုယ်ကိုမတ်လိုက်၏။ ထိုအခါ ကျောလယ်လောက်ရှိသည့် ဆံပင်ဖြောင့်ဖြောင့်ပါးပါးလေးတွေက လှုပဖွာတုန့်လွှဲသွားကြ၏။

"မျက်နှာငယ်မယ် ဟုတ်လား၊ ငါတို့က မျက်နှာငယ်ရမှာလား၊ ဘာအတွက်လဲ"

မျက်ဝန်းတွေမှာ စူးလက်နေသည်။ လေသံက အဖြေမှားသွားလျှင် လက်ပြန်ကြိုးတုပ်ပြီးတော့ပဲ ရိုက်တော့မလိုလို။

ရေး သည် မေး ကိုဆိုကိုယ့်အစ်မရယ်လို့ ဘယ်တုန်းကမှ တလေးတစားဆက်ဆံခဲ့တာမရှိ။ မေး မှမဟုတ်ပါ၊ ရေး ဘဝမှာ ကြောက်ရွံ့ရိုသေရမည့်သူဆိုလို့ လက်ညှိုးထိုးပြရလောက်အောင်ပင်မရှိ။





ဖေဖေနဲ့မေမေ ဆုံးသွားပြီးကတည်းက ကြည့်ရှုစောင့်ရှောက်လာခဲ့သည့် ဦးလေးဦးမြတ်မိုးကတော့ ရေး ဘယ်လိုနေထိုင်ပြောဆိုပါစေ သူ့ကိုယ်တိုင် ခွင့်လွှတ်ခဲ့သလို မေး ကိုတောင် ဖျောင်းဖျနားချနေသေးသည်။

"ဘယ်မိသားစုမှာမဆို အငယ်ဆုံးကျေက ဒီလိုပဲ ဆိုးနွဲ့တတ်ကြတယ် သမီးရဲ့၊ သမီးတို့မှာ မိဘနှစ်ပါးစလုံး ကွယ်လွန်သွားကြပြီဆိုတော့ မိဘမဲ့တဝချင်းတူပေမယ့် အငယ်ဆုံးက ပိုသနားစရာကောင်းတယ်၊ အစ်မကြီးတော့ အမိအရာ ဆိုသလိုပေါ့ကွယ်၊ သမီးက ညီမလေးကို နားလည်သည်းခံရမယ်" တဲ့။

မေး နဲ့ ရေး က သုံးနှစ်ကျော်ကျော်အသက်ကွာသည်။ ဒါပေမယ့် အသားဖြူတာ၊ အရပ်အမောင်းက အစ နှစ်ယောက်စလုံး တော်တော်ဆင်တူနေသဖြင့် အသက်အရွယ်ကွာဟတယ်လို့ပင် မထင်ရပေ။

"ရေး ... အယ် ... မဟုတ်ဘူး မေး နော်"

"ဟုတ်ကဲ့ ကျွန်မက မေး ပါ"

နောက်ကနေ ပြေးဆွဲခေါ် ဖူးတာရှိသည်။ မျက်နှာချင်းဆိုင်ကြီး လာနေကြပြီး မျက်နှာကိုတည့်တည့်ကြည့်၍ နှုတ်ဆက်သွားကြတာလည်း ရှိဖူး၏။

မေး ကတော့ လူမှားပြီးနှုတ်ဆက်တိုင်း ဖြေရှင်းမနေပါ။ ရေး ကတော့ စိတ်မထင်လျှင် မထင်သလို ပြန်ပြောတတ်သူ။

"စိတ်တိုရတဲ့အထဲ မေး တွေ၊ ရေး တွေ လာရှုပ်နေသေးတယ်၊ ဒီဆံပင်အတိုအရှည် ဒီလောက်သိသိသာသာကြီးကို ..."

ရေး မေးနဲ့မှားကြတာကို တစ်ခါတလေ အကြီးအကျယ် ဒေါသထွက်ခနတတ်၏။

"မထူးပါဘူး။ ဆံပင်ဖြတ်ရုံတင်မကဘူး ကတုံးပါ တုံးပစ်လိုက်မယ်၊ ပြီးရော"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျောလယ်လောက်ရှိသည့် သူမ ဆံနွယ်တွေကို ရှေ့ဆွဲကြည့်ပြီး ပြောလို့မပြီးနိုင်။ အစတုန်းက ညီအစ်မနှစ်ယောက်၏ဆံပင်တွေက တင်ပါးထိ ရှည်နေကြတာ မတိမ်းမယိမ်း အတူတူ။

သေချာသိနေတဲ့သူကတော့ မေး က ဆံပင်ပိုထူတာကိုမြင်တာနဲ့ ခွဲခြားနိုင်၏။ နောက်ကျမှ မေး နဲ့မတူချင်သည့် ရေး က သူမဆံပင်တွေကို ကျောလယ်ထိဖြတ်ချပစ်လိုက်တာဖြစ်သည်။

တကယ်တော့ လူပုံစံဆင်တူနေသည်မှလွဲ၍ စိတ်ဓာတ် အယူအဆမှာ မေးနဲ့ရေး ကွဲပြားခြားနားနေတာတွေ အများကြီးပင်။

လူ့ဘဝမှာ...၊ အထူးသဖြင့် မိန်းကလေးတစ်ယောက်၏ဘဝဟာ စည်းစိမ်ဥစ္စာ ပြည့်စုံနေတိုင်း လှပတင့်တယ်မှာမဟုတ်လို့ မေး က ယူဆသည်။

ရေး ကတော့ မိန်းမတစ်ယောက်ရဲ့ဘဝအတွက် စည်းစိမ်ချမ်းသာ ကြွယ်ဝနေမှ ဘေးကင်းလုံခြုံနိုင်သည်ဟု တွက်၏။ ထို့ကြောင့် ...

"ဒီလောက်ပြည့်စုံနေတဲ့ဘဝမှာ ဘာကိုမျက်နှာငယ်ရမှာလဲ"

ရေး က ဖိနပ်ကိုင်လိုက်သည့်လက်ဖဝါးနှစ်ဖက်ကို မာန်ပါပါပွတ်သပ်ခါချရင်း သူမစကားကို ပြန်ဆက်၏။

"အန်ကယ်မိုး စင်ကာပူမထွက်သေးတာ ဒီမှာ သူ့လုပ်ငန်းတွေ မပြတ်သေးလို့ပါ။ နင် သူများကိုဆို ကျေးဇူးတင်ဖို့ပဲ ကြံဖန်ရွေးထုတ်တယ်နော်"

"အန်ကယ်မိုးတို့က သူများမှမဟုတ်တာ၊ ဦးလေးဝမ်းကွဲ ဆိုပေမယ့် ငါတို့ကို သားသမီးတွေလို စောင့်ရှောက်လာခဲ့ကြတာပဲ"

"ဘယ်သူက စော်ကားနေလို့လဲ"

ရေး က ပေါ်တီကိုအောက်ကိုပြေးဆင်းသွားရင်း ဖျတ်ခနဲ ပြန်လှည့်ပြီး ရန်တွေ့လိုက်သေးသည်။ ပြီးတော့ တိုက်ကြီး၏ခြေရင်းဘက်ကို





ဘောက်ဆတ်ဆတ်လျှောက်သွားရင်း ဆက်ပြေးသွား၏။

"အုပ်ထိန်းသူက အုပ်ထိန်းပေါ့၊ ငါသွားမယ့်လမ်းကို မပိတ်နဲ့၊ ငါလုပ်တာကို မတားနဲ့ မင်္ဂလာဆောင်ခါနီးတာ ဘာဖြစ်လဲ၊ လက်ထပ်တော့မယ်ဆိုတာနဲ့ပဲ အိမ်တွင်းပုန်းလုပ်နေရမှာလား၊ ယူတောင်မယူသေးဘူး ကိုယ့်အခွင့်အရေးတွေ သူ့ကိုပုံအပ်ပြီး ပြားပြားဝပ်လည်စင်းမနေနိုင်ပါဘူး၊ အန်ကယ်မိုး ပြောလိုက်ရင် လင်းအား ဆိုတဲ့လူက ကမ္ဘာတန်ဖိုးကြီးရှားပါး သတ္တဝါတစ်ကောင်လိုလို၊ အန်တီမမကကျတော့ ငါ့ကိုပဲ ထိန်းသိမ်းမနိုင်လို့ ယောက်ျားမြန်မြန်ပေးစားရပါတယ်ဆိုတဲ့ မျက်လုံးနဲ့ ဟွန်း ..."

ပါးစပ်ကနေ ပေါက်ပေါက်ဖောက်သလိုပြောနေရင်း စက်ဘီးဆွဲထွက်တော့ မေး က ရှေ့ကနေ လက်ကိုင်ကိုဖမ်းဆွဲထားကာ ...

"ဒါက ဘယ်ကိုလဲ၊ ပြောနေရင်းကိုပဲ နင် မရတာ၊ ကိုယ့်ကို အကောင်းပြောတဲ့လူကြီးတွေကိုလဲ တလွဲထင်လိုထင်၊ သူတို့ ဘယ်လိုပြောနေနေ အန်ကယ်မိုးက သူ့အိမ်သူ့မိသားစုနဲ့တောင် တစ်နေကုန် ဖင်မြဲအောင် မနေဘူး"

"သူ့ဟာသူ မနေချင်လို့မနေတာ ဘာဖြစ်လို့လဲ"

"မနေချင်လို့မနေတာ မဟုတ်ဘူးလေ၊ ငါတို့မှာ လူကြီးသူကြီးမရှိတော့ ဟိုမှာလဲမိဘ၊ ဒီမှာလဲမိဘဖြစ်ပြီး စီးပွားရေးကတစ်ဖက်နဲ့ ပြေးလွှားရှာနေရတာ"

ရေး က စက်ဘီးကိုဆက်တွန်းဖို့ပြင်၏။ မေး က မလွှတ်သဖြင့် စက်ဘီးက ရှေ့တိုးနောက်ဆုတ်လေးဖြစ်နေရှာကာ နေရာမှ မခွာနိုင်။

"အဲဒီ လူကြီးသူမနဲ့နေရတာကို သိပ်သဘောကျနေရင် ဟိုအရင်တုန်းက ဒေါ်ဒေါ်မျိုးက အလုပ်ပြန်လုပ်ပါရစေဆိုတာကို လက်ခံလိုက်ပါလား၊ ဖေဖေတို့ရှိတုန်းကတည်းက ဒေါ်ဒေါ်မျိုးက ဒီအိမ်မှာ ..."

"မသိရင် မပြောနဲ့ ရေး ဒေါ်ဒေါ်မျိုးက တရိတ္ထာကောင်းပေမယ့် စိတ်



www.burmeseclassic.com

www.burmeseclassic.com



ခေတ်သယ်ဓာတ မမှန်ဘူး။ မေမေကိုယ်တိုင် သဘောမကျလို့ဖြတ်ပစ်လိုက်တဲ့ပြဿနာတွေလဲ ငါသိတာပဲ၊ တို့မိဘရှိတုန်းကတောင် ဒီလိုပြဿနာရှိခဲ့တဲ့ ဟာ၊ အခု သူ့ကို အုပ်ထိန်းသူလို ထားကြည့်ပါလား"

"ထားကြည့်ပေါ့၊ နင်က လူကြီးသူကြီး မက်တဲ့လူပဲ"

ပြောလေကဲလေပါလား။ ရေး နားမဝင်တတ်တဲ့အကျင့်ကိုပဲ မေး စိတ်ပျက်မိ၏။

"ဒါဆိုလဲ အန်ကယ်မိုးတို့နဲ့ မဆိုင်ဘူးဟာ၊ နင့်အစ်မတစ်ယောက်အနေနဲ့ ငါက ပြောချင်တာ"

"ဘာ ..."

"ဟုတ်တယ်၊ နင့်ကို အစကရော နောက်ရော ဘယ်လိုနေနေ ငါဘာမှမပြောတော့ဘူး။ အခု နင်လက်ထပ်ရတော့မှာ၊ နင် သွားလာနေတာက တစ်ယောက်တည်း။ မုန့်ထွက်ဝယ်၊ စက်ဘီးစီးနဲ့ဆို အကြောင်းမဟုတ်ပေမယ့် ထွက်သွားပြီဆို အပြင်မှာ တစ်ယောက်က စောင့်နေတာ"

"ငါ့ရည်းစား ငါ့ကိုစောင့်တာ ဘာဖြစ်လဲ"

"အဲဒီလိုမပြောနဲ့တော့လေ၊ လင်းအား ကို နင်လဲသဘောကျတယ်ဆိုပြီး လက်ခံလိုက်တာမဟုတ်ဘူးလား၊ အန်ကယ်တို့က အာထာသပါဝါသုံးပြီး အတင်းချုပ်ပေးစားဖို့ကြံတာမှမဟုတ်တာ။ ရည်းစားတွေထက်ပိုပြီး အဆင်ပြေတဲ့သူလို့ နင်ပဲပြောခဲ့တာ။ အသက်ချင်း ရုပ်ရည်၊ ပညာ၊ စီးပွားရှာတာအားလုံး မက်စရာချည်းပဲလို့ တွက်ချက်ရွေးပြခဲ့တာလဲ နင်ပဲ"

မေး ပြောနေတာတွေကို ရေး က နားထောင်ရင်း ပို၍စူးစိုက်ကြည့်လာသည့်မျက်ဝန်းတွေက တဖြည်းဖြည်းကျဉ်းမြောင်းလာသည်။ မျက်မှုံတန်းကလေးတွေကလည်း တွန့်သထက်တွန့်ကျလာလျက် တစ်ခုခုကိုစူးစမ်းသုံးသပ်နေသလိုလို ...။

မေး ကတော့ သူမစကားတွေကို ရေး လက်ခံနားထောင်နေသည်ပဲ





ထင်လျက် ...

"လင်းအားတို့အသိုင်းအဝိုင်းက အရမ်းမြင့်တယ် ရေး။ ငါတို့မိဘတွေက ခြေဖဝါး လက်ဖဝါးချည်းပဲ ဘဝကိုစ,ခဲ့ရတဲ့အဆင့်အတန်း၊ အဆက်အသွယ်ကောင်းကောင်းနဲ့ မိတ်ဆွေကောင်းတွေ ပံ့ပိုးမှုကောင်းလို့ ဒီလောက်ထိမြင့်မားတိုးတက်ခဲ့တာ။ ရေပြည့်နေတာချင်းတူရင်တောင်မှ ရေအမြဲပြည့်နေတဲ့ အိုးပေဟာင်းနဲ့ နောက်မှဝယ် နောက်မှရေဖြည့်ထားရတဲ့အိုး ဘယ်လိုမှမတူနိုင်ဘူး။ အဲဒါကို နင် သိသင့်တယ်"

အဟွန်း ရေး က ပခုံးနှစ်ဖက်ပါ တွန့်ပါသွားသည်အထိ မဲ့ပစ်လိုက်ကာ ရှေ့ဆက်ခွင့်မရနိုင်သေးသည့် စက်ဘီးကို ဒေါက်ထောက်သည်။

ပြီးတော့ ဒေါက်ဘရိတ်ကို ဖြောင်းခနဲမြည်သွားအောင် ကန်ပစ်လိုက်၏။

မေး မျက်မှောင်လေးကြုတ်သွားပေမယ့် သူမစကားကိုတော့ ပြီးဆုံးအောင်ပြောဖို့ကြိုးစားသည်။

"ကျောက်ခဲတွေဖြစ်ဖြစ်၊ စိန်ခဲတွေဖြစ်ဖြစ် ကိုယ်နိုင်သလောက် တစ်ပွေ့တော့သယ်လို့ရမယ်ဆိုရင် စိန်တွေကိုပဲ အရသယ်မှာပေါ့၊ ကျောက်ခဲလေးတွေလဲ လှတာပဲဆိုပြီး လောဘထပ်တက်ရင် ကိုယ်ယူထားတဲ့စိန်တွေပါ မနိုင်မနင်းထွက်ကျကုန်မှာပဲ"

"နင့်မျက်လုံးထဲမှာ လင်းအား က သိပ်တန်ဖိုးကြီးနေသလား မေး"

"ဘာရယ်"

မေးခွန်းနှင့် မျက်နှာထားကို တွဲစပ်ကြည့်ကာ မေး ခုမှ ဒေါသဖြစ်ဖို့သတိရ၏။ ဒါပေမယ့် ရေး မျက်နှာ၊ ရေး ရဲ့လေသံတွေကို အမြဲတမ်းရင်ဆိုင်လာခဲ့ရတာမို့ ထုံးစံအတိုင်းပဲ သည်းခံစိတ်နှင့်ဖြေလိုက်ရသည်။ ရေး ကလက်ပိုက်ပြီးမှ ကျကျနန ထပ်၍မဲ့ရွဲ့ကာ ...

"ငါသိပါတယ်၊ နင် လင်းအား ကိုဘယ်လိုအထင်ကြီးနေတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုမြင်ဖူးကတည်းက နှင့်မျက်လုံးထဲမှာ အဖြေထွက်နေတာ"

"အေး ... ငါ အထင်ကြီးတာမှန်ရင်တောင်မှ အဲဒါ နှင့်အတွက် အရမ်းကိုသင့်တော်တဲ့ အိမ်ထောင်ဖက်ပဲဆိုတဲ့ အသိနဲ့ ကျေနပ်ခဲ့တာ၊ မိန်းမတစ်ယောက်ရဲ့ မျက်လုံးထဲမှာ အိမ်ထောင်ဖက်ကိုရှာရင် ရင်ခုန်သံတွေကိုချည်း နားထောင်ဆုံးဖြတ်ခိုင်းလို့မရဘူး၊ အကောင်းဆုံးတွေချည်းပဲရတဲ့သူမဟုတ်ဘူး၊ ရှိတယ်၊ ဒါပေမယ့် အဲဒီလူကို မဖြစ်ခဲ့ေ့ဆိုတာကိုလဲ ထည့်တွက်ထားဖို့တော့လိုတယ်။ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ဆိုတဲ့ စကားတိုင်း နှင် အခု ရည်းစားတွေထားပြီးပြီ အဲဒီထဲကနေ ကိုယ့်အိမ်ထောင်ဖက်ကိုရွေးထုတ်လိုက်ပြီဆိုရင် နောက်ထပ် တစ်ယောက်ဆိုတာ ရှိကိုမရှိသင့်တော့ဘူး။ ဒါတွေကြောင့် အိမ်ထောင်ရေးမှာ တစ်နေ့နေ့အဖုအထစ်ဖြစ်လာရင်တောင်မှ ကိုယ့်ဘက်က စည်းကမ်းသတ်မှတ်ချက်ရှိခဲ့ရင် ပြောနိုင်တယ်၊ ကိုယ့်ဘက်က မာနိုင်တယ်၊ မိန်းကလေးဖြစ်ပြီးအနေအထိုင်မတတ်လို့ ပြောဆိုကဲ့ရဲ့ခံရတာလောက်ခံပြင်းဖို့ကောင်းတာမရှိဘူး။ ငါညီမကို အဲဒီလို သူများပြောတာမခံချင်လို့ သိရဲ့လား"

"ခေါင်းစဉ်ကြီးတွေကတော့ လှတယ်၊ ဒါပေမယ့် အကြောင်းပြချက်တွေက ညံ့လွန်းတယ် မေး၊ လူနဲ့ စကားလုံးက မတန်ဘူး၊ နှင်နဲ့ငါ ဘယ်နှစ်နှစ်လောက်ကွာနေလို့ အုပ်ထိန်းသူမိဘလေသံနဲ့ ဒါတွေလာပြောနေတာလဲ"

"ဘယ်နှစ်နှစ်ပဲကွာကွာ ငါတို့မှာ မိဘမှမရှိတော့တာ၊ နှင့်ကို ငါက မဆုံးမရင် ဘယ်သူဆုံးမမှာလဲ"

"ဘယ်သူမှမဆုံးမနဲ့ ငါက ဆုံးမမနိုင်လောက်အောင် ထကြွသောင်းကျန်းနေတဲ့မိန်းမလို့ထင်ရင် လင်းအား နဲ့ နှင်ပဲ လက်ထပ်လိုက်တော့"

"ရေး"

"ဟုတ်တယ်၊ ဟိုက အမျိုးမြင့်တယ်မဟုတ်လား၊ နှင့်လိုမိန်းမကောင်း





မိန်းမမြတ်နဲ့ဆို ပိုပြီးလိုက်ဖက်မှာပေါ့"

ရေး က စက်တီးကိုခေါက်ဖြုတ်ရင်း မေး နဲ့လွဲသွားအောင် တစ်ဖက်တိုဆွဲလှည့်ပစ်လိုက်၏။ ပြီးမှ ပြန်လှည့်ကာ ...

"အဟွန်း သိတိုင်းမပြောရဘူးတဲ့၊ နောက်ကိုမှတ်ထား၊ ငါ့ကို ဆရာလုပ်တာ ငါ အမုန်းဆုံးပဲ"

ဟုတ်သည်။ ရေး ဒီလိုပြောတတ်တာ ဒါတွေကို မကြိုက်ဘူးဆိုတာ သိလျက်နှင့် သူမ ...။

မေး နှုတ်ခမ်းလေးကိုက်ထားရင်း နေရာမှာ ရပ်ကျန်ခဲ့သည်။

ကိုယ့်ကို အကြီးရယ်လို့ တလေးတစားမရှိခဲ့တာ မှန်ပါသည်၊ ဒါပေမယ့် ခုလောက်ထိ ရင့်သီးရိုင်းပျစွာ မပြောခဲ့ဖူးပါ။

လင်းအားနဲ့တောင် ကိုယ့်ကို ပုတ်ခတ်ပြောဆိုသွားခဲ့သည့်အဖြစ်က ရင်နာစရာကောင်းလှ၏။ ပြောခဲ့မိတဲ့ ဒီပါးစပ်လို့ပဲ ကိုယ့်ကိုယ်ကို ရိုက်ပစ်လိုက်ချင်သည်။

'သိတိုင်းမပြောရဘူး'တဲ့။ သက်ငယ်စကား သက်ကြီးကြားဆိုတာမျိုးလား။

ဒါ တကယ်မှတ်သားသင့်တဲ့စကားပဲဖြစ်လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

မင်္ဂလာပွဲက ခြိမ့်ခြိမ့်သဲစည်ကားနေသည်။ နှစ်ဖက်လူကြီးများ
ဂုဏ်ရှိန်ထည်ဝါမှုကို ဒီပွဲမှာ သိသာထင်ရှားနေစေ၏။

ထို့ပြင် သတို့သားဖြစ်သော 'လင်းအား'ဆိုသည်က ဝါရင့်စီးပွား
လုပ်ငန်းရှင်တချို့ကပင် အလေးထားဆက်ဆံနေရသည့် လူငယ်
ယောက်ဆိုလည်း မှန်သည်။

စီးပွားရေး၊ လူမှုရေးနယ်ပယ်အားလုံးမှာ လင်းအား က လူငယ်တ
ယောက်နှင့်မတူအောင် ကျယ်ပြန့်ဝင်ဆံ့သူဖြစ်၏။

လက်ရှိအနေအထားအရမှာ သမီးရှင်တော်တော်များများ မျက်စိကျ
နိုင်လောက်သည့် အရည်အချင်းကောင်းတွေ သူ့မှာပြည့်စုံစွာရှိနေခြင်း
ကြောင့် လင်းအား လက်ထပ်လိုက်ပြီဆိုသည့်သတင်း တစ်ရပ်နှင့်အတူ
ဒီပွဲက စည်ကားနေခြင်းဖြစ်သည်။

နောက်တစ်ခုက ရေး ဆိုသည့် မိန်းကလေး ...။

နာမည်ကျော်ပုံချင်းကွာခြားပေမယ့် ရေး ဆိုလျှင် မသိတဲ့သူ နည်း
လိမ့်မည်။





လှသော၊ ချောသော၊ ပြီးတော့ ရဲရင့်သွက်လက်သော သူမ၏ခြေ
လှမ်းများအကြောင်း ...။

"သမီး"

"ဟင် ... ရှင်"

ဒေါ်မမသည် အေးစက်နေသည့် မေး လက်ကလေးကို လှမ်းကိုင်ကပ်
၍ မသိမသာဆုပ်ဖျစ်လိုက်ကာ ...

"သမီး ပြုံးပြုံးလေးနေလေ၊ လူတွေ သတိထားမိကုန်လိမ့်မယ်"

ပြောတော့မှ ပို၍ငိုချင်သွားကာ မေး မျက်နှာကို ထပ်ငုံ့ပစ်သည်။
ပြီးတော့ ဒေါ်မမ လက်ကို အားကိုးတကြီးဆုပ်ကိုင်ထားလျက် ...

"လူတွေ တအားကြည့်တာပဲ အန်တီမမရယ်၊ လင်းအား ဆိုတဲ့လူ
တစ်ချက်တစ်ချက်စိုက်ကြည့်တဲ့ပုံကလဲ မေး ကို သိနေသလိုပဲ၊ ဘယ်သူ့မှ
ကို ရဲရဲမကြည့်ဝံ့တော့ဘူး၊ မေး ဘယ်လိုလုပ်ရမလဲဟင်"

ရယ်မောစိုပြည်နေကြသည့်စားပွဲဝိုင်းအသီးသီးကို ဝေ့ခနဲကြည့်ကာ
သူတို့ကလဲ ကိုယ်တို့ဆီကိုပဲ မျက်လုံးရောက်နေသည်မို့ ဒေါ်မမ ဒီတိုင်း
အကြာကြီးလည်း ရပ်ပြောမနေချင်။

ထို့ကြောင့် ...

"မသိနိုင်ပါဘူး သမီးရယ်၊ သမီးနဲ့ ရေး က အမြွှာမဟုတ်ပေမယ့်
မှပ်ချင်းအရမ်းဆင်တဲ့ဟာ၊ ကိုယ်လုံးကိုယ်ပေါက်လဲ ဘာမှမကွာဘူး၊ ခပ်
တည်တည်နေနော်၊ အမှုအရာမပျက်စေနဲ့"

ဒေါ်မမက မေး လက်ကို တင်းခနဲတစ်ချက်ဖျစ်လိုက်ပြီး အနားကနေ
ထွက်သွား၏။

"သမီး လာပါဦး၊ ဟောဟိုမှာ သားရဲ့မိတ်ဆွေတွေနဲ့ မိတ်ဆက်ပေးရ
အောင်"

တံတွေးအကြိမ်ကြိမ်မျိုချပြီး ခေါင်းမော့ရင်ကော့နေနိုင်ဖို့ကြိုးစား

www.burmeseclassic.com



တိုင်း ဒေါ်ဆွေလတ်က လက်ကိုလာတွဲ၏။ လန့်ဖျပ်မော့ကြည့်လိုက်တော့ လင်းအား က ဒီဘက်ကို လူသုံးယောက်နှင့် စကားပြောရင်း လျှောက်လာတာကိုမြင်ရ၏။

ဆံပင်အဖြောင့် မထူမပါးကို နဖူးကနေ အားလုံးသိမ်းလှန်ဖြီးထားသဖြင့် နားသယ်စပ်ဒေါက်တွေမှာ စိမ်းနေသည်။

နှုတ်ခမ်းလွှာတို့အထက်နှင့် မေးပျားနေရာတွေမှာလည်း သိသာစွာ စိမ်းဖန့်နေကြ၏။ နှာတံပေါ်ပေါ်၊ မျက်ခုံးထူထူနှင့် ထိုယောကျ်ားသည် တိကျပြတ်သားတတ်သော ကြန်အင်လက္ခဏာမျိုးဖြစ်သည့် မေးရိုးကားခြင်း၊ နှုတ်ခမ်းပါးခြင်းတို့ဖြစ်မနေဘဲ နှုတ်ခမ်းလွှာတို့က အထူအပါးညီသည်။

ရယ်နေတော့ သွားတန်းတို့က ပို၍ကြည့်ကောင်းနေ၏။ ကားခြင်း သွယ်ခြင်း အတိအကျမဟုတ်ဘဲ မေးရိုးပြေပြေဆင်းပုံကလည်း သိမ်မွေ့ခြင်းလို့ပဲ သတ်မှတ်ယူနိုင်သည်။

ကိုယ့်ဘက်ကို သူ့မျက်လုံးရောက်မလာခင် စေ့စေ့စပ်စပ်ကြည့်ထားလိုက်ပြီး မေး မျက်နှာကို ပြန်လွှဲလိုက်မိ၏။

မျက်ဝန်းတွေမှာတော့ ထိုသူ၏ချောမွေ့ခြင်းက ကပ်ငြိပါလာခဲ့သည်။ မာနစကားနှင့် ဂရုမစိုက်သလိုလို၊ ရွံ့သလိုလို ထင်သလိုနေပစ်ခဲ့ပြီးမှ ရေး ကိုယ်တိုင် ဒီယောကျ်ားကို မစွန့်လွှတ်နိုင်ခဲ့ပေ။

“မဟုတ်ဘူး၊ ရေး အဲဒီကောင်ကို ချစ်လို့သွားတွေ့တာမဟုတ်ဘူး စာရင်းရှင်းဖို့သွားတာ၊ ဟိုရောက်မှ သက်သက်ယုတ်မာတာ သိလား”

မသွားနဲ့ဆိုသည့်လမ်းကို ရောက်အောင်သွားသည်။ မလုပ်ပါနဲ့တားလျှင် ဇွတ်တိုးလုပ်၏။ ဟိန်းလတ်ဆိုသော လူရှုယ်တစ်ယောက်နှင့်အတူ ဆိုင်ကယ်မှောက်၍ ဆေးရုံရောက်ခဲ့ရသည့်အဖြစ်ကို ဘယ်လိုမှဖုံးမိရခဲ့ပေ။





မင်္ဂလာပွဲကျင်းပဖို့ တစ်ရက်အလိုကျမှ ထိုအမှုဖြစ်သွားခဲ့သည်။ ဒီဘက်မှာ ပြင်ဆင်ထားခဲ့သည့် မင်္ဂလာပွဲက သေးသေးနုပ်နုပ်မဟုတ်။

ဘယ်လိုမှမတတ်သာသည့်အဆုံးမှာ ပွဲဖျက်ရမှာမှန်ပေမယ့် ရေး က ဖျက်ဖို့ကို အတင်းအကျပ်တောင်းပန်၏။

“ရေး ခြေထောက် ဘယ်လိုမှထောက်မရလို့ ဒီလိုဖြစ်ခဲ့တာ၊ ကျန်တာ မြင်မရတာ ဘာမှမရှိဘူး။ ခုနေ ဒီပွဲမဖြစ်တော့ဘူးဆိုမှ နှစ်ဖက်စလုံး အကြီးအကျယ် အရှက်ကွဲကြမှာ၊ မေး နဲ့ဆောင်လိုက်ပါ၊ ဖြစ်ပါတယ်၊ မင်္ဂလာပွဲ အပြင်အဆင် အခြယ်အသတွေနဲ့ ဘယ်သူမှ ရိပ်မိကြမှာမဟုတ်ဘူး နှစ်ပတ်လောက်ဆိုရင် ရေး ပြန်ကောင်းပြီဥစ္စာ”

“ဘယ်လို၊ အို… အဓိပ္ပာယ်မရှိတာ၊ ဒီလို ထင်သလိုလုပ်ရအောင် မေး က အရုပ်တစ်ရုပ်မှမဟုတ်ဘဲ၊ သမီး ကိုယ့်အစ်မကို ဘယ်လိုသဘောထားလိုက်တာလဲ”

အစကတော့ လူကြီးတွေကလည်း လက်ခံဖို့ မဟုတ်ခဲ့ပါ၊ ဒါပေမယ့် အကြောင်းကြောင်းက ဒီလိုဆုံးဖြတ်ဖို့ဘက်မှာပဲ အားသာနေခဲ့၏။

မင်္ဂလာပွဲပျက်သွားမှာထက် လင်းအားတို့ဘက်က ပြုငြင်မှာကို မခံနိုင်၊ ထို့ပြင် ရေး၏ မလှပသောဂုဏ်သတင်းတွေ ဒီထက်ဆိုးရွားစွာ ပျံ့နှံ့သွန်လျှင် ညီအစ်မနှစ်ယောက်စလုံး၏ ရှေ့ရေးက ရင်လေးဖွယ်ပါ။

“မင်္ဂလာပွဲပြီးသွားဟာနဲ့ လင်းအားနဲ့ ရေး အဲဒီကိစ္စကို ရှင်းလိုက်လို့ရတယ်၊ မေး ဘာမှမဖြစ်စေရဘူး၊ သူ လက်ထပ်ခဲ့တာက ရေး ပဲဥစ္စာ၊ ရေး ပြန်ဝင်လာမှာကို သူ လက်မခံလို့ ဖြစ်ကိုမဖြစ်ဘူး၊ ဒီကိစ္စကို သူ့ဘက်က ပိုပြီး အရောတဝင်လုသိခံရဲမှာမဟုတ်ဘူးဆိုတာလဲ သေချာတယ်၊ ရေး ပြောသလိုပဲလုပ်လိုက်ပါ၊ ဒါ မသမာတဲ့နည်းပေမယ့် အားလုံး အဆင်ပြေသွားမှာ”

“သမီးအတွက် နောက်ပိုင်းမှာ အဆင်ပြေနိုင်ပါ့မလား ရေး မင်္ဂလာပွဲ



www.burmeseclassic.com

www.burmeseclassic.com



ကို သမီး ဘာဖြစ်လို့ မတက်နိုင်တာလဲဆိုတဲ့ အကြောင်းရင်းကို သူ ရှာလာရင် ...”

“ရှာစမ်းပါစေ ရေး ကို သူ ခေါင်းခါနိုင်မှာမဟုတ်ဘူး၊ ပူမနေနဲ့ အန်တီမမ၊ အဲဒါတွေက ရေး ရဲ့ အရည်အချင်းနဲ့ပဲ သက်ဆိုင်တော့တဲ့အပိုင်း”

ရေး က သူမ၏ အလှအပဂုဏ်သတင်းကို အပြတ်အသတ်ယုံကြည်သူ။ ယောကျ်ားတိုင်းဟာ သူမ၏မျက်ဝန်းအကြည့်တစ်ချက်အောက်မှာ ခေါင်းညိတ်ရုပ်တွေဖြစ်သွားရသည်ဆိုသည့် ယုံကြည်ချက်နှင့် ဘာကိုမှ ဂရုမစိုက်။

မေ က တော့ လှမ်းကြည့်လာသမျှ မျက်လုံးတွေကို မြားအစင်းပေါင်းများစွာ ကိုယ့်ထံချိန်ရွယ်နေသည်ဟု ထင်နေခဲ့၏။

ခုလောက်ဆို ရေး ကတော့ သူ့ ခြေထောက်ကပတ်တီးလေးကို ငုံ့တကြည့်ကြည့်နှင့်နေမည်လား။ ဒါမှမဟုတ် ဒဏ်ရာနာလည်းနာပါစေ ဆိုပြီး အတင်းဖိကြိတ်လျှောက်နေမည်လား။

ဘာပဲဖြစ်ဖြစ် သူမကဲ တစ်ယောက်တည်းလွတ်လပ်စွာနေနိုင်မှာပါ။ ကိုယ့်မှာသာ လူပရိသတ်အလယ်မှာ အတုအယောင်ဘဝနှင့် လိမ်နေညာနေရသည်။

ဒီမင်္ဂလာပွဲ မြန်မြန်ပြီးပါစေတော့ .....။

* * *





## အခန်း (၄)

တိုက်ကြီးက လူနှစ်ဆယ်လောက်ထည့်ထားရင်တောင်မှ ပျောက်သွားမှာပါ။ နှစ်ထပ်တိုက်ဆိုပေမယ့် တိုက်သုံးလုံး ပူးဆောက်ထားသလိုမျက်နှာစာသုံးဖက်နှင့် ခေတ်မီစွာ တည်ဆောက်ထား၏။

လေ့ကားမကြီးတစ်ခုနှင့် ညာဘက်လှေကားချိုးမှာ ဧည့်ခန်းကျယ်ကြီးရှိသည်။ ဒီဘက်ခြမ်းလှေကားအဆင်းမှာကျတော့ အပန်းဖြေခန်း။

ဧည့်ခန်းနှင့်ပုံစံတူကာ ဧည့်ခန်းမဟုတ်ဘဲ သစ်ပင်အတုနှင့် ရေတံခွန်တွေ ငါးကန်တွေရှိသည်။

တစ်နေရာပြီးတစ်နေရာလျှောက်ကြည့်မိရင်း ရေး အတွက် ရင်မောနေမိ၏။ လင်းအား ဘယ်လိုလူလည်းဆိုတာ ရေး သိသည်။ သိလို့လည်းသူမ မက်မောခဲ့တာမှန်သည်။ ဒါပေမယ့် လူကြီးတွေကို ဂရုမစိုက်စွာအရဲ့တိုက်ခဲ့သဖြင့် အားလုံး တလွဲတချော်တွေဖြစ်ခဲ့ရ၏။ အခြေအနေပေးချိန်ထိ အေးချမ်းနေဆဲဖြစ်ပေမယ့် နောက်ပိုင်းမှာ ဘာတွေဖြစ်လာမလဲဆိုတာ မသိနိုင်။

www.burmeseclassic.com

www.burmeseclassic.com



မေး တစ်ယောက်တည်း ဘယ်သူနဲ့မှ မျက်နှာချင်းမဆိုင်ဖြစ်အောင် ရေချိုးခန်းထဲဝင်နေလိုက်၊ အဝတ်လဲရင်း အချိန်ဖြုန်းနေလိုက်နှင့် နာရီသံ တချပ်ချပ်မြည်သံရင်လာသမျှ ရင်ခုန်သံတွေက ကြမ်းတမ်းလာသည်။

“မမရေး”

“ဟင်”

နောက်ကခေါ်လိုက်သံကြောင့် ဟမ်းဖုန်းတစ်လုံးနှင့် စိုးကြောင် စိုးဝှက်ဖြစ်နေသည့် မေး ကိုယ်လေး ဆတ်ခနဲတုန်သွား၏။

“ခေါင်းရင်းအိပ်ခန်းကို မမရေး ပြင်လိုက်တာလားဟင်၊ ဘယ်သူ့အတွက်လဲ”

“အဲဒါ... ဟိုလေ ...”

မျက်လုံးပြူးပြူး ဝဖိုင့်ဖိုင့်လေးနှင့်ကြည့်နေသော မိုးမိုးဆိုသည့် အိမ်ဖော်ကောင်မလေး စပ်စုရဲတင်းပုံကို မေး ဒေါသဖြစ်သွားမိ၏။

ကိုယ့်ဟာကိုယ် ဘယ်အခန်းမှာ ဘာလုပ်ထားထား အိမ်ဖော်က အိမ်ဖော်လိုနေလိုက်ပါလား၊ မေးစရာလား။

“ကြီးကြီးညိုက မေးခိုင်းလို့ပါ၊ ကျွန်မတို့လေးယောက်က နောက်ဖေး တန်းလျားမှာပဲနေကြမှာလေ၊ မေမေကြီး အားလုံးစီစဉ်ပေးခဲ့တယ်၊ အဲဒီ အခန်းကို တစ်ယောက်ယောက်အတွက် မမရေး ပြင်ထားတာလားလို့”

“အို... မဟုတ်ပါဘူး၊ ဟို မင်္ဂလာအိပ်ခန်းကြီးထဲမှာ တစ်ယောက် တည်းနေရတာ ဟိုလေ ... ကျယ်သလိုလိုကြီးဖြစ်နေလို့ လွတ်လွတ်လပ် လပ်လှဲချင်တာနဲ့ ...”

“သြော်... ဟုတ်ကဲ့ ကြီးကြီးညိုကလဲ အဲဒီလိုပဲထင်တယ်လို့ ပြောပါ သေးတယ်၊ ဒါဆိုရင် အိပ်ရာခင်းတွေ ခေါင်းအုံးတွေ ဒီထက်ကောင်းတာ တွေနဲ့ ကျွန်မ ပြန်လဲပေးခဲ့မယ်နော်”

မိုးမိုး ပြန်ထွက်သွားတဲ့အထိ မေး သက်ပြင်းမချနိုင်။ ရေး ဆီကို





ဖုန်းဆက်ဖို့လည်း ရုတ်တရက် မေ့သွား၏။ ထိုအခန်းထဲကဗီရိုကို ဆွဲဖွင့် ပြီး တွေ့သမျှဆွဲချကာ တစ်ယောက်အိပ်ခုတင်တစ်လုံးဖြစ်မြောက်သွားဖို့ ဝဲ သူမ ဦးတည်၍ပြင်ဆင်ခဲ့၏။ ခပ်ညံ့ညံ့ဖြစ်သွားသလား၊ ကောင်းသွား သလားဆိုတာကို ခေါင်းထဲမှာ မရှိပေ။

ပြီးတော့ အခန်းကို သိုသိပ်စွာပြင်ဆင်သင့်ပါလျက်နှင့် သူများသိ အောင် ဟာကွက်တွေဖြစ်သွားခဲ့ခြင်းအတွက် နောင်တရမိသည်။

ဟိုလူ ပြန်လာလျှင် ဘာတွေဖြစ်ဦးမလဲ။

ဖုန်းခေါ်တော့လည်း ဘယ်လိုမှမရ၊ မင်္ဂလာပွဲပြီးတာနဲ့ ပြဿနာ အားလုံးကို သူမဘာသာရှင်းသွားမည်ဟု ပြောခဲ့သော ရေး ထံမှ ဘယ်လို ပြန်ပြောချက်မှ ရောက်မလာတာကိုပဲ ရင်တမမဖြစ်နေမိသည်။

ခေါ် လိုက်တိုင်း ဖုန်းမအားဘူးဘဲဖြစ်နေ၏။ ဒီည ဒီအချိန်ကျမှ ရေး ဘာတွေအလုပ်ရှုပ်နေသည်မသိ၊ တစ်အိမ်လုံး မှောင်ရိပ်မကျအောင် လင်းနေသည့် မီးရောင်အောက်မှာ အခန်းလေးထဲကို စိတ်ပျက်စွာပြန်ခဲ့ ရင်း နာရီမော့ကြည့်မိသည်။

ည ဆယ်နာရီခွဲသွားပြီဖြစ်၏။

ဒီတိုက်ကြီးထဲထိ လိုက်လာဖို့မဟုတ်ဘဲ လိုက်ခဲ့ရသည်။ အဲဒါ ခေါ်မမ ကြောင့်။

“ဖြစ်လာမှတော့ မီးစင်ကြည့်က,ရတော့မှာပဲ သမီးရယ်၊ သမီး လိမ္မာ သလိုသာကြည့်ရှောင်ပေတော့၊ အစိက,က ဒီကိစ္စကို လင်းအား သိသွား ခဲ့ရင်တောင် လူမသိ သူမသိ ဖြေရှင်းပစ်လိုက်တာမျိုးပဲဖြစ်ရမှာ၊ ရေး ကို အနိတိမမ ဘာမှမမေးချင်တော့ဘူး” တဲ့။

သူမမှာ ကိုယ်နှင့်မဆိုင်သည့် ယောက်ျားနဲ့ မိတ်ဆွေရင်းဆိုသည့် လူတွေကြားမှာ မေးမြန်းဖို့ အတွန့်တက်ဖို့ဆိုတာလည်း ဘာမှမတတ်နိုင် ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားတွေ တစ်ပြုံတစ်မကြီးနှင့် တိုက်နှင့်ခြံကို အပ်ခဲ့ကြပြီး ဒေါ်ဆွေလတ်တို့ ပြန်သွားကြတော့ သူလည်းပါသွား၏။

"ကိုယ် အပြန်နည်းနည်းနောက်ကျမယ်"

ဟု ပြောသွားသည့်စကားသံက နားထဲမှာ ပူလောင်သွားကာ တစ်ညလုံး ပြန်မလာပါနဲ့ဟု ပြောလိုက်ချင်တာ လျှာပေါ်မှာယားနေ၏။

စိတ်တွေ ကယောက်ကယက်ဖြစ်လွန်းသဖြင့် မိုးမိုး အဆင်သင့်ပြင်ပေးထားခဲ့သည့် ကျောက်ပျဉ်မှာ သနပ်ခါးကို စိမ်ပြေနပြေသွေးနေမိသည်။

သနပ်ခါးလိမ်းပြီး နာရီမော့ကြည့်တော့ ဆယ့်တစ်နာရီဆယ်မိနစ်၊ ပတ်ဝန်းကျင်ရော တစ်အိမ်လုံးမှာ တိတ်ဆိတ်ခြင်းက လွှမ်းမိုးနေခဲ့၏။

"ကြီးကြီးညို ပြန်အိပ်တော့လေ၊ ကိုလင်းအားကို ကျွန်မပဲစောင့်လိုက်ပါ့မယ်"

"ဟေ... ဘြော် အေးအေး။ သမီး ခိုင်းစရာရှိရင် ခေါ်လိုက်နော်၊ ဟော ဒီစောင်းကောက်ကြီးနားမှာ ဘဲလ်နှိပ်လိုက်ရင် ရပြီ"

ဒေါ်ညို ပျာပျာသလဲထရပ်ရင်း အိပ်ရာဝင်ဖို့အတွက် သွက်လက်စွာ ကျောခိုင်းသွား၏။ ဒီညမှာ ပြဿနာတက်သွားနိုင်သည့်အကြောင်းတွေ ရှိနေတာမို့ တမင်ပြန်လွှတ်လိုက်တာပါ။ အလုပ်သမားလေးယောက်ကို နောက်ဖေးတန်းလျားမှာထုတ်ထားပေးသဖြင့် ဒါလေးကိုတော့ ကျေးဇူးတင်မိ၏။

ရေး ကို ဖုန်းခေါ်ရင်း စကားလုံးတွေစုဆောင်းနေမိသည်။ ဒီတစ်ခါတော့ ခေါ်လိုက်တာနှင့် ရေး က တန်းကိုင်၏။

"ရေး ... နင် ဘယ်လိုလုပ်လိုက်တာလဲ၊ ငါက ဘာဆက်လုပ်ရမှာလဲ၊ နင် ငါ့အတွက် နည်းနည်းမှကို ထည့်မတွက်ဘဲလုပ်ရက်တယ်ဟာ၊ ခု ဘယ်လိုအစီအစဉ်တွေနဲ့ ငြိမ်ချက်သားကောင်းနေတာလဲ၊ ငါ့ကိုလဲ ပြောပါဦး"





"တောက်"

တက်ခေါက်သံတစ်ချက်နှင့် ရေး က ဆီးကြိုသည်။

"ဒီမှာ ဒထ်ရာစိမ်းစိမ်းစိုစိုနဲ့ ဒုက္ခိတလိုနေရတာကို သက်သာရဲ့လားမေးဖော်မရဘူး။ ဦးနှောက်ရော လူရော ချာချာလည်ပြီး ဒီမှာ အသက်ထွက်ဖို့ပဲရှိတော့တာ"

"ဘာ ..."

ဒီလိုလုပ်ပါ၊ ဒီလိုနေပါနှင့် လက်ချာပေးခဲ့တာ ဘယ်သူလဲ၊ ခုကျမှ... မေး ဘာဆက်ပြောရမှန်းမသိအောင် ဒေါသနှင့် မထင်မှတ်ခြင်းတို့ လုံးထွေးသွား၏။

"ဒီမှာ မေး။ အဆင်မသင့်ရင် နင်က လင်းအားရဲ့မဟေသီ ဖြစ်သွားမယ့်သူ၊ ဘယ်ပုံစံပဲကျကျ ကြောင်ကျကျမှာမဟုတ်ဘဲ ခွေးကျကျမှာကငါရယ်၊ စိုးရိမ်သလိုလို၊ ပူပန်သလိုလို အပိုတွေ လာရွတ်ပြမနေစမ်းပါနဲ့၊ ငါ့ရင်ထဲမှာပူနေတာ နင့်ထက် အဆတစ်ရာမကပိုတယ်"

"အေးပါ၊ စော်ကားလိုက်စမ်းပါ၊ လူကို တစ်ပြားမှမတန်အောင်လည်း ပြောပါ၊ ငါက နင် စော်ကားခံဖို့ လူဖြစ်လာတဲ့မိန်းမ"

ပြောနေရင်း မျက်ရည်က ဝေ့လာသည်။ မျက်ရည်ကိုထိန်းထားနိုင်ပြီး နှပ်က စိုလာ၏။ တစ်ဖက်က နှပ်ညှစ်၍နားထောင်လိုက်တော့ ရေး က ဖုန်းချသွားပြီဖြစ်၏။

"ရေး ... ရေး ... ဟာလို ရေး ..."

ရေး ဘာလုပ်သွားတာလဲ၊ အန်တီမိမိတို့ကို ခေါ်မလို့ နံပါတ်တွေနှိပ်နေစဉ်မှာ အပြင်က ခေါ်သံသဲ့သဲ့ကြောင့် မေး ကိုယ်လေး တောင့်တင်းသွား၏။

"ရေး"

"ရှင်း လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



မီးခိုးရောင်ဘောင်းဘီရှည်အပြာနှင့် ရှပ်အင်္ကျီအဖြူလက်ရှည်က မင်္ဂလာပွဲတုန်းက အတိုင်းပါပဲ၊ ကုတ်အင်္ကျီမီးခိုးရောင်ကို ပခုံးတစ်ဖက်မှာ တင်လျက် မေး ထွက်လာတာကို လင်းအားက စိုက်ကြည့်နေ၏။

မျက်နှာပေါ်မှာ မျက်ခုံးမျက်လုံး ပျောက်လောက်အောင် သနပ်ခါး တွေလိမ်းထားခဲ့သည့် ကိုယ့်အဖြစ်ကိုမေ့ကာ သူကြည့်နေတာကို ဒေါသဖြစ်သွားမိသည်။

တံခါးရဲ့အပြင်မှာရပ်နေပုံက အကောင်းတိုင်းမို့ သောက်စားမလာခဲ့ ဘူး ထင်တာလည်း မှားသွား၏။

"မင်းပုံစံကိုကြည့်ပြီး သနပ်ခါး ဒီလောက်ကြိုက်မယ်လို့ ကိုယ် မထင် ခဲ့ဘူး"

ဟု ပြောလိုက်လျှင် မသိမသာလေးငေးသွားသည့် အရက်နံ့ကြောင့် မေး ထိတ်ခနဲဖြစ်သွား၏။ ခုချိန်ထိ ရေး မှန်း၊ မေး မှန်း သူ မသိသေးတာလဲ သေချာသွားသည်မို့ ဒုက္ခက စမှစတာပါလားဟုလည်း တွေးမိသွားခဲ့ သည်။

"ပေး ကိုယ်ပြန်ပိတ်လိုက်မယ်"

လင်းအားက မေးလက်ဖဝါးလေးကို ဆွဲလိုက်ပြီးမှ လက်ထဲက သော့ ကိုယူသည်။ သူ တံခါးဖွင့်နေတုန်း ပြန်လှည့်ပြေးခဲ့မိတာ မေး ခြေထောက် တွေ ကြမ်းခင်းနှင့် ထိရဲ့လားမသိ။

"ရေး ..."

"ရှင်"

"ဘယ်သွားမလို့လဲ၊ မင်းနဲ့ကိုယ် စကားပြောချင်လို့၊ ခဏ"

စပြီ။ သူ ရှေ့ပြန်မလှည့်မီ အသက်ကို တစ်ဝကြီးရှိုက်သွင်းလိုက်မိ၏။ ရင်ခုန်သံတွေ မြန်ဆန်နေကာ လေလုံးက နှလုံးအိမ်ထဲကို အကုန်အစင် မဝင်ဘူးထင်သည်။ လည်ချောင်းအောက်နားမှာ တစ်ဆို့ဆို့ကြီးနှင့်ရပ်၏။





"ရေး"

သူ ထပ်ခေါ်တော့မှ နောက်ကို လေးဖင့်စွာလှည့်လာခဲ့မိသည်။ အပြာရောင်ရှန်သားအင်္ကျီပွပွလေးနှင့် ဆံပင်တွေကို အတိုအရှည်မှန်း သတိထားမိမှာစိုး၍ ဖြစ်သလိုထိုးသိပ်တင်ထားသည့် မေးမှာ သနပ်ခါး ကလည်း ကွက်တိကွက်ကျားကြီးပင်။

ဒါကို မောင်မင်းကြီးသားက ဘာတွေသဘောတွေ့နေသည်မသိဘဲ ပြုံးတော့မလို၊ ရယ်တော့မလို နှုတ်ခမ်း ခပ်စေ့စေ့နှင့် စိုက်ကြည့်နေ၏။

ဆိုဖာကျောမှီမှာ လက်တစ်ဖက်တင်ထားပြီး သူက ရပ်နေသဖြင့် မေး လည်း သူ့ရှေ့ မလှမ်းမကမ်းမှာပဲ ရပ်လိုက်ရသည်။

"မင်း ကိုယ့်ကို တစ်ခုခုပြောချင်နေတာ ရှိလား"

"ဟင် ..."

"ဒီလိုလေ၊ လက်ထပ်ခဲ့ကြတဲ့အထိ မင်းနဲ့ကိုယ် စကားကောင်း ကောင်းမပြောဖြစ်ခဲ့ကြဘူးဆိုတော့ မင်းဘက်က ကိုယ့်ခံစားချက်၊ ကိုယ့် ဘက်က တစ်စုံတစ်ရာကို သိချင်ရဲ့မေးချင်နေတာများ ရှိမလားလို့"

"ဘာထူးလာမှာမို့လဲဟင်"

ဒီစကားကို ဘာဖြစ်လို့ ပါးစပ် ပြောထွက်သွားမှန်းမသိ။ မေးမိပြီးမှ နောင်တရမိသည်။ တကယ်ဆိုရင် ကိုယ်က ရေး မှမဟုတ်ဘဲ။

ဘာဖြစ်လို့ စကားတွေသွားရှည်လိုက်တာလဲ ဒီပါးစပ်။

ကိုယ့်ကိုယ်ကို ဒေါသဖြစ်သွားမိ၏။ လင်းအားက မေးခွန်းမေးပြီးမှ ဖျတ်ခနဲ မျက်နှာလွှဲလိုက်သည့် မေး မျက်နှာလေးကို သေချာလိုက်ကြည့် သည်။

ဆိုဖာနောက်မှီမှာတင်ထားသည့်လက်ကို ဖြုတ်၍ ဘောင်းဘီအိတ် ထဲမှာ ကျကျနနထည့်လိုက်ပြီး ...

"ဘာမှမပြောဆို မမေးမြန်းလိုက်ရဘဲ လက်ထပ်ရတဲ့အထိဖြစ်ခဲ့လို့



www.burmeseclassic.com

www.burmeseclassic.com



နောင်တရနေတာတော့ မဟုတ်ပါဘူးနော်"

"ရှင် ... ဟို ... မဟုတ်ပါဘူး"

"ကိုယ့်ကိုကြည့်ပြောပါ၊ မင်းနဲ့ကိုယ် စကားပြောခဲ့ဖူးတာပဲ၊ မင်း ဒီပုံစံ မဟုတ်ခဲ့ဘူးလို့ ကိုယ် ထင်တယ်"

မေး ထိတ်ခနဲဖြစ်သွားသည်။ ဒီပုံစံ ဘယ်ဟုတ်ပါ့မလဲ၊ မေးကမေး ရေးကရေးပဲ၊ ဟန်ဆောင်ရခြင်းအဖြစ်မှာ ဒါက ဗိုင်နယ်လား။

တစ်ယောက်တည်း ရင်ထဲမှာဖြောင်းဆန်နေကာ နှုတ်ခမ်းများတို့မှာ ချွေးများပင်စို့လာခဲ့၏။

"ရေး ..."

"ပြောပါ"

သူက မေး မျက်နှာမော့လာမှာကို စောင့်နေတာထင်သည်။ ခေါ်ပြီး ဘာမှဆက်မပြောသေးဘဲနေသည်။ မေး ကလည်း မော့တော့မော့ဖို့ ကြိုး စားပါသည်။

ဒါပေမယ့် မမှန်ကန်သူမို့ သူ့မျက်လုံးများနှင့် ဆုံကဲ့အထိတော့ တည့် မတ်စွာ ရင်ဆိုင်မကြည့်ရဲခဲ့ပေ။

လင်းအားထံမှ ပင့်သက်ရှိုက်သံ သဲ့သဲ့လေးထွက်လာပြီး ...

"မင်းဘက်က မေးစရာမရှိဘူးဆိုရင် ကိုယ် စကားနည်းနည်းပြောချင် တယ်၊ မင်း ပင်ပန်းနေမှာကိုသိပေမယ့် ဒီစကားတွေက ခုလိုအချိန်မှာပဲ ပြောမှ အဓိပ္ပာယ်ရှိမှာ"

"ပြောပါ၊ ကျွန်မ မပင်ပန်းပါဘူး၊ ရေချိုးပြီးလို့ အေးဆေးနားနေတာ ရှင်ရော ပင်ပန်းနေမှာပဲ၊ ရေသွားချိုးလိုက်ပါလား၊ ပြီးမှ ပြောစရာရှိတာ ပြောပေါ့"

မေး က အားတက်သရောပြောလိုက်ပေမယ့် လင်းအားက ခေါင်းခါ၏။

"ကျေးဇူးပဲ၊ မင်းကို နောက်ထပ်စောင့်ခိုင်းလိုက်ရင် ကိုယ် ဘယ်ကရေး





ပါ့မလဲ၊ ရတယ်၊ စကားပြောချင်လို့ မိတ်ဆွေတွေနဲ့ ဝိုင်းဖွဲ့မိတာတောင်မှ ကိုယ် သိပ်မသောက်ခဲ့ဘဲ ထပြန်လာတာ"

ရေး ဆိုရင်တော့ သိတတ်လေခြင်းဆိုပြီး ကျေးဇူးတွေတင်သွားနိုင် သည်။ မေး ကတော့ တတ်နိုင်သမျှ အချိန်ဆွဲထားချင်တာမို့ သူ ရေသွား ချိုးတုန်းမှာ ရေးနဲ့ဖုန်းပြောဖို့ကြိုးစားမည်။ သူ ပြန်ထွက်လာတော့ စကား တွေ အမျှင်မပြတ်အောင်ပြောပေးနေမည်။

နောက်ဆုံး အချိန်လွန် အကျဉ်းအကျပ်ဖြစ်လာတဲ့အထိ ရေး ဘက် က ငြိမ်သက်နေခဲ့မည်ဆိုရင်တော့ ...

"ခဏထိုင်ပါလား"

"ဟင် ... ရပါတယ်၊ မထိုင်ချင်လို့"

မေး ခေါင်းခါလိုက်တော့ လင်းအား မျက်မှောင်ကြုတ်သွား၏။ တကယ်တော့ မေး ထိုင်ချလိုက်လျှင် သူ အနားကပ်ထိုင်လာမှာစိုးနေမိ၍ပါ။

စိုက်ကြည့်နေပြီးမှ လင်းအား မျက်ခုံးတွန့်တွန့်တွေ ပြန်၍ပြေကျသွား ကာ ...

"ရည်းစားများခဲ့တဲ့မိန်းကလေးတစ်ယောက်ကို လက်ထပ်တော့မယ် ဆိုရင် ဘယ်လိုအရာတွေကို ရင်ဆိုင်ရနိုင်တယ်ဆိုတာ ကိုယ် မသိဘူး၊ မင်းနဲ့ပတ်သက်ပြီး ကိုယ် ရင်မဆိုင်ခဲ့ရပေမယ့် ကြားရသမျှမှာလဲ နှစ်သက် ကြည်နူးစရာတော့ တစ်ခုမှမရှိဘူး"

မေး ကလည်းမထိုင်၊ သူကလည်းမထိုင်ပါ။ ခပ်လှမ်းလှမ်းမှာနေကြ ရင်း သူ့ ရှေ့ကို လှမ်းတိုးလိုက်တော့ မေးနဲ့ ပိုနီးသွားသည်။

"သဘောထားကြီးကျယ်မြင့်မြတ်တဲ့ယောကျ်ားဆိုတာ ဘယ်လို ယောကျ်ားမျိုးကိုခေါ်သလဲတော့ ကိုယ် မသိဘူး၊ ဒါပေမယ့် အဲဒီထဲမှာ ကိုယ် မပါနိုင်ဘူးထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာကိုဆိုလိုချင်တာလဲ၊ အမှတ်တမဲ့ မေး သူ့ကိုမော့ကြည့်မိသည်။ သူကလည်း စိုက်ကြည့်နေလျက် ...

"အခု လက်ထပ်ဖို့ရောက်လာမှသိရတာက မင်းကိုယ်နဲ့လက်ထပ်ဖို့ အားလုံး သေချာနေတဲ့အထိ ရည်းစားထားခြင်းအလုပ်ကို စိတ်ဝင်တစား ရှိနေတုန်းပဲဆိုတဲ့ အကြောင်း ..."

"သေချာနေတာက ပြီးစီးသေးတာမှမဟုတ်တာ၊ ရှင် အဲဒီတုန်းက နောက်ဆုတ်လိုက်ပါလား"

"မဖြစ်တော့ဘူး၊ ကြားရတာက မနေ့ကမှလေ၊ ပြီးတော့ သတင်းဆိုတာ ပိုတာလိုတာပါနိုင်သလို သူများတကာရဲ့စကားတစ်ခွန်းမှာ တွေဝေနစ်မျောသွားတဲ့ကောင်လဲ ကိုယ် မဖြစ်ချင်ဘူး၊ အဲဒါကြောင့် ရ,မိတဲ့ လမ်းကို ဆုံးအောင်လျှောက်ဖို့ ဆုံးဖြတ်ခဲ့တာ။ နောက်တစ်ခုက ကိုယ့်မိန်းမယားကို ဘယ်ရည်းစားကို အချစ်ဆုံးလဲလို့ ပြန်မေးရလောက်တဲ့အထိတော့ မအ,ချင်ဘူး"

"လင်းအား ..."

"ခဏလေး"

ရေး က ကိုယ်မဟုတ်ပေမယ့် ကိုယ့်ညီမမို့ ဒီလောက်ထိပြောနေတာကို မခံနိုင်။

လင်းအား ကလည်း မေး ကိုပြောခွင့်မပေးဘဲ လက်ကာပစ်လိုက်ပြီး...

"ကိုယ်ပြောချင်တဲ့ အဓိကအကြောင်းက ဒါတွေမဟုတ်သေးဘူး၊ မင်းနဲ့ကိုယ် လက်မထပ်ကြသေးခင် နာရီပိုင်း၊ မိနစ်ပိုင်းအထိ မင်း မပြောင်းလဲသေးဘူးဆိုတာလဲ ထားလိုက်လို့ရသေးတယ်၊ ခု ပြောင်းလဲရမယ်လို့လဲ ကိုယ် မပြောဘူး၊ ဒီအချိန်ထိ သဘာဝကျနေတဲ့အဖြစ်က မင်းနဲ့ ကိုယ့်အတွက် ချည်နှောင်ထားတာ ဘာမှမရှိခဲ့တဲ့အဖြစ်ပဲ၊ အဲဒီအတွက် လင်





ယောက်မို့လို့ လင်မယားလိုနေတယ်ဆိုတာမျိုး ကိုယ် မလိုချင်တာ၊ တစ်ယောက်နဲ့တစ်ယောက် ပေါင်းသင်းနီးနှောကြတယ်ဆိုတာ ကြင်နာခြင်းသို့ယူဆနိုင်တယ်ဆိုရင် မကြင်နာကြဘဲ သွေးသားချင်းရင်းနှီးကြတာမျိုးတာ မဖြစ်သင့်ဘူး"

"ဟုတ်တယ်၊ အဲဒီတော့ ရှင်နဲ့ကျွန်မ တစ်ခန်းစီခွဲအိပ်ကြမှဖြစ်မယ်"

"အဟွန်း... ဖြည်းဖြည်းပြောပါ၊ လျှာလေးလှတ်တိုက်ဦးမယ်"

အလေးအနက်ကြီးပြောနေပြီးမှ သူ့မျက်ဝန်းတွေက ရယ်မြူးရိပ်များနှင့် ကြည်လင်နေသဖြင့် မေး အံ့ဩမိ၏။

ပြောပုံက လူကိုပဲ ရှုံ့သလို၊ ရှာသလိုနှင့် ကြည့်တဲ့မျက်လုံးတွေကျတော့ ရင်းနှီးချစ်ခင်နေကြတဲ့လူတွေ ပုံလို။

"မင်းကို ဒီည ကိုယ်မြင်လိုက်ရတာ တခြားတစ်ယောက်ကို မြင်လိုက်ရသလိုပဲ"

ဘုရား ... ဘုရား၊ မေး တံတွေးမျိုချရင်း ငုံ့ပစ်လိုက်မိ၏။

"အဲဒါ ဘယ်လိုခံစားချက်လဲ သိလားတော့မသိဘူး၊ မင်းနဲ့ နှစ်ခါတွေပြောဖူးတဲ့အချိန်တွေမှာ မင်းကို ဒီလိုပုံစံနဲ့ ညအိပ်ရာဝင်တတ်တဲ့ မိန်းကလေးလို မထင်ခဲ့တာ အမှန်ပဲ"

ရှင်မတောင်သနပ်ခါးနံ့လေးတသင်းသင်းနဲ့အိပ်ရမှ စိတ်ကြည်တာဆို၊ မျှော်မေး မှတ်ထား၊ နောက် ဘယ်တော့မှမလိမ်းနဲ့။

"ခုခေတ် မိန်းကလေးတော်တော်များများက ဘော်ဒီလိုးရှင်းတို့ နိုက်ခရင်တို့ လိမ်းကြတာဆိုတော့ ..."

"ရှင်လဲ မိန်းကလေးသဘာဝတွေ ဘာတွေတောင်သိနေတာပဲ၊ တော်တော်ကျွမ်းတယ်နော်"

စိတ်ထဲမှာ ချဉ်လာတာနှင့် မေး က ပက်ခနဲပြောသည်။ သူက စိတ်ဆိုးပုံမပြဘဲ ပြုံးလျက်နှင့် ခေါင်းညိတ်သည်။ ပခုံးထက်က ကုတ်အင်္ကျီကို



www.burmeseclassic.com

www.burmeseclassic.com



ဆွဲချလိုက်ပြီး ခါးဖာနောက်မှီမှာ လှမ်းတင်လိုက်ကာ ...

"မိန်းမတွေအကြောင်းကို ယောကျ်ားတွေက အသိဆုံးပဲကွ၊ ဒါ ကိုယ် တစ်ယောက်တည်းကျွမ်းကျင်နေတဲ့ကိစ္စ မဟုတ်ဘူး၊ ဆန့်ကျင်ဘက် သဘာဝတရားတွေရဲ့ ထူးခြားတဲ့ ဆက်သွယ်ချက်တွေကို မင်း မသိလို့ပါ"

"ကျွန်မတို့ မိန်းကလေးတွေကတော့ ယောကျ်ားတွေလောက် နှိုက်နှိုက်ချွတ်ချွတ်စိတ်ဝင်စားဖို့ ဝါသနာမပါလော သေချာတယ်"

"ဝါသနာပါကြပါတယ်၊ သဘာဝကမတူတာ"

လင်းအားက မေး မျက်နှာလေးကို သနားစရာသတ္တဝါတစ်ကောင် ပါလားဆိုသည့် မျက်ဝန်းများနှင့် ခပ်ရှုးရှုးကြည့်ကာ ...

"မိန်းကလေးတွေက ပန်းဆိုရင် ယောကျ်ားတွေက ချူတဲ့ရှင်၊ ချူတဲ့ ရှင်က ပန်းကိုချူချလို့ရတယ်၊ ပန်းက ခုန်ဆင်းလို့မရဘူး"

ပြောပြီး ဟွန်းခနဲရယ်လိုက်သည်။ မပွင့်တပွင့်ရယ်သံက ပိုရှုံ့ချခက် စေ၏။ မေး မျက်နှာလေး တင်းတင်းမာမာဖြစ်သွားလျက် ...

"သဘာဝတွေနဲ့ တိုင်းတာမပြပါနဲ့ရှင်၊ ရှင်တို့ယောကျ်ားတွေရဲ့ ပါးစပ် ထဲမှာ ယောကျ်ားချင်းဆုံပြီဆို မိန်းကလေးတစ်ယောက်အကြောင်း ပြော လိုက်ကြတာမှ မကြားဝံ့မနာသာတွေ၊ ယောကျ်ားဆို ဘယ်ယောကျ်ား များ ကြီးကျယ်မြင့်မြတ်တာရှိလို့လဲ၊ ဟွန့် ... အထင်ကြီးစရာမရှိ"

မေး ဒေါသထွက်သွားသဖြင့် စိတ်လွတ်ကိုယ်လွတ် ပြောပစ်လိုက်မိ သည်။ သူက အကြာကြီးကြည့်နေပြီးမှ နှစ်မြို့က်စွာပြုံး၏။

"မထင်ရဘူးနော်၊ မင်းထားခဲ့တဲ့ရည်းစားက ယောကျ်ားတွေမဟုတ်ခဲ့ သလိုပဲ"

"ရှင် ဒါကိုပဲ ဘာဖြစ်လို့ ထည့်ထည့်ပြောနေရတာလဲ"

"ဒါထက်ကြီးကျယ်တာတော့ ဒါလောက်ကြီးကျယ်မှာမဟုတ်ဘူး ကိုယ့်အတွက် အချစ်ဦးဖြစ်မယ့်မိန်းကလေး ကိုယ့်ကို အချစ်ဦးမဟုတ်ဘဲ





အသည်းနှလုံးဆန့်ခါနဲ့ ကိုယ့်လက်ထဲရောက်လာတဲ့ကိစ္စ ..."

ရှင် ဘာဖြစ်ချင်တာလဲ၊ ရှင်းရှင်းပြော"

"မင်းနဲ့ကိုယ် လင်မယားတော်ရမှာပဲလေ၊ ဒါပေမယ့် စိတ်ကူးယဉ်တဲ့ ဆောင်လို့ပဲပြောပြော ကိုယ်စိတ်မဝင်စားတဲ့ မင်္ဂလာဦးညကို ကိုယ် မဖြတ် သန်းချင်ဘူး"

"ကောင်းတယ်"

မေး နှုတ်ခမ်းလေးတွေ ပြုံးကျသွားသည်။ ဆတ်ခနဲ ခေါင်းညိတ် လိုက်တော့ သူက ခပ်မှဲ့မှဲ့ရယ်၏။

"ဒါပေမယ့် မင်းနဲ့ကိုယ် ခွဲအိပ်ကြမှာမဟုတ်ဘူး"

"ဟင် ... ရှင်ပဲ ..."

"ဒါက ကိုယ့်ဘက်က ခံစားချက်ကို မင်းသိအောင် ထုတ်နုတ်ပြောခဲ့ တာ၊ ချစ်ကြင်နာခြင်းဆိုတာကလဲ ရင်းနှီးမှုနဲ့စပြီး ချည်နှောင်ရတာလေ၊ မင်း ကိုယ့်နားမှာပဲနေမှဖြစ်မယ်"

မေး မျက်နှာမအီမလည်နှင့် ငြိမ်သက်နေခဲ့ရှာ၏။ ဟုတ်တော့မလို နှင့် အဖျားရှူးသွားသည်။ ကိုယ့်နေရာမှာ ရေး ဆိုလျှင် သူပြောတဲ့ စီးစီး ပိုးပိုးစကားတွေအပေါ်မှာ ငြိမ်နေမလား၊ တိုက်ခိုက်တုံ့ပြန်မလား။

ရေး ဒီတိုင်းငြိမ်သက်ပြီးဆုံးသွားမှာမဟုတ်တာတော့ သေချာပါသည်။ စိုက်ကြည့်တတ်လွန်းသည့် လင်းအား၏မျက်ဝန်းတွေက သူမ၏မျက်နှာ ပေ၌ တစ်ကိုယ်လုံးမှာ ဝေ့ဝဲဖြန့်ကြက်နေရာ ရေး လို ခဘော်ဒီလို့ရှင်းတွေ တစ်ကိုယ်လုံးမလိမ်းဘဲနေခဲ့မိတာကို နောင်တရမိသည်။

ညလိမ်းခရင်မ်အပြောင်သားနှင့် မနေမိတာလည်း ကြီးမားသော မေ့ လျော့မှုပင်။ သို့သော် မေး ထိုပစ္စည်းတွေကို တကယ်မသုံးတတ်ခဲ့။

အပြင်သွားပြီဆိုရင်တော့ မျက်နှာပေါ်မှာ ဖောင်ဒေးရှင်းတစ်ခုခုခံပြီး ထရင်မ်ပတ်ဖ်ရိုက်တတ်တာရှိကာ သွားစရာ လာစရာမရှိလျှင် ရေချိုးပြီး



www.burmeseclassic.com

www.burmeseclassic.com



တာနှင့် သနပ်ခါးလိမ်းရမှ။

ညအိပ်ရာဝင်ချိန်မှာ သနပ်ခါး တစ်ကိုယ်လုံးလိမ်းပြီး မွှေးပျံ့ပျံ့ အေးစိမ့်စိမ့်လေးနေရတာကို အနှစ်သက်ဆုံး။ ဘယ်လိုလုပ်ရမလဲ။ ဒါပေမယ့် ဘာဖြစ်လဲ၊ ဒီလိုကြီးပဲ ကြာရှည်နေသွားရမှာမှမဟုတ်တာ။

ကိုယ့်ကိုယ်ကိုအားပေးရင်း လင်းအားဆိုသည့်လူ စိတ်ကူးယဉ်ဆန်ချင်တာကိုရော စီးကျောသည့်စကားလုံးတွေကိုပါ ကျေးရှူးတင်သွားမိသည်။

ကျားသနားမှ နွားချမ်းသာမှာမို့ ...

"အခုလောလောဆယ် ကိုယ် ရေချိုးဖို့ မင်းလုပ်ပေးနိုင်မလား"

"ဟင်... အင်း ... ရပါတယ်"

မေး သူ့ရှေ့ကနေ ချက်ချင်းလှည့်ထွက်လာခဲ့သည်။ နောက်ထပ်ရေး နဲ့ဖုန်းပြောဖို့ကြိုးစားတာလည်း မအောင်မြင်ခဲ့ပါ။ တစ်ညလုံး နှစ်ယောက်အိပ်ခုတင်ကြီး၏ ဒီဘက်အစွန်းမှာ ရှုတ်လိုက်၊ ဖတ်လိုက်ရသည့် တရားစာတွေလည်း ကုန်ပြီ။

ရှုတ်ဖတ်နေတုန်း သူ့ဘက်က သိမ့်ခနဲငြိမ့်ခနဲလှုပ်သွားတိုင်း 'ဘုရား' တရတာတွေက ခဏခဏ။

သူများတွေ မင်္ဂလာဦးညမှာ ရင်ခုန်ကြတာမျိုးမဟုတ်ဘဲ မေး ကတော့ မင်္ဂလာဦးညမှာ နှလုံးခုန်ရပ်ပြီး သေဖို့နီးစပ်ခဲ့၏။

ဩော်... မကြံကောင်း မစည်ရာတွေ ကြံစည်ကျူးလွန်ခဲ့မိတဲ့ ဒုက္ခတွေပါလား။

* * *





## အခန်း (၅)

"သမီးကို အန်တီ နားကိုမလည်တော့ဘူးကွယ်၊ တကယ်ပဲ"

"အန်တီမမ နားမလည်ပေမယ့် ရေး ဘာလုပ်ထားတယ်၊ ဘာဆက်လုပ်မယ်ဆိုတာ ရေးကိုယ်ရေး နားလည်တယ်၊ လောလောဆယ် ခြေထောက်က အရှိမ်းဆိုးနေတယ်၊ ပြီးတော့ ခေါင်းကဒဏ်ရာကလဲ ပြင်းနေတော့ ဒီဒဏ်ရာတွေနဲ့ ဘယ်လိုလုပ်မလဲ"

"အဲဒါတွေက ဟုတ်တယ်လေ၊ ဒါပေမယ့် မနေ့ညက မေး ဘယ်လိုရင်ဆိုင်နေရမလဲ စဉ်းစားကြည့်ပါဦး၊ ဒါ အိမ်ထောင်ရေးနော် သမီး၊ ပို့စာတင်စာမျက်နှာပေါ်မှာ ရည်းစားစာရေးနေတာမဟုတ်ဘူး၊ တစ်ရွက်ကြိုက်လို့ တစ်ရွက်ဆုတ်ပစ်ရင် စာရွက်တွေကိုပဲ ဆုတ်လို့ရမှာ"

"အဲဒီ ရည်းစားဆိုတဲ့စကားလုံးကိုပဲ ဘာဖြစ်လို့ ထည့်ထည့်ပြောနေတာလဲ အန်တီမမ"



www.burmeseclassic.com

www.burmeseclassic.com



မေးပုံက ခပ်ရိုင်းရိုင်း။ စူးစူးရဲရဲဖြစ်လာသည့် မျက်ဝန်းတွေမှာ သိမ်မွေ့ခြင်း အလျှင်းကင်းလျက် ...

"ရည်းစားများတယ်ဆိုရင်တောင် များနိုင်တဲ့ပါရမီရှိမှ များလို့ရတာ။ တက္ကသိုလ်တက်တဲ့အရွယ်ဟာ ဘဝမှာ အလွတ်လပ်ဆုံး၊ ပျော်စရာအကောင်းဆုံးအရွယ်ပဲ။ ရည်းစားထားကြတဲ့အရွယ်မှာ ထားခဲ့တယ်၊ အိမ်ထောင်ပြုဖို့ဖြစ်လာတော့ ကြိုက်တာရွေးပြီး လက်ထပ်မယ်၊ အဲဒါ အဖြစ်ဖြစ်သွားလို့လား၊ အန်တီမမတို့က ရေး ကိုဆိုရင် ဒီအပြစ်နဲ့ပဲ ..."

"ဒီအပြစ်ကြောင့်ပဲ ခက်နေတာ သမီးရဲ့၊ အခု သမီးလုပ်တာတွေလွှဲချော်နေတဲ့အပြင် လူကြီးမိဘကို မချေမငံပြန်ခံပြောနေတာကိုက အပြစ်တစ်ခု ထပ်တိုးနေပြီ။ လင်းအား ကို သမီးကိုယ်တိုင် သဘောကျလို့လက်ခံခဲ့တယ်၊ လက်ခံပြီးတဲ့နောက်မှာ ရည်းစားသနာဆိုတဲ့ကိစ္စတွေကိုအားလုံးထားခဲ့ရတော့မှာ"

"ရေး ထားခဲ့တာပဲ၊ အဲဒီတစ်ယောက်ကတော့ ချက်ချင်းကြီး နေ့ထဲဆုတ်ဖို့ခက်နေလို့ ဖြတ်ဖို့ကြိုးစားရင်း ခုလိုဖြစ်သွားတာ"

"ဖြတ်ဖို့ကြိုးစားတာက လက်ထပ်မယ့်ရက်ရောက်တဲ့အထိဖြစ်သွားတာ ဘယ်သူ့မှာ အပြစ်ရှိသလဲ သမီး"

ဒေါ်မမ ဒေါသထွက်လာတော့ ရေး ငြိမ်ကျသွား၏။ 'သမီး' လို့ခေါ်ပြီးပြောနေပေမယ့် ဒေါ်မမ၏မျက်လုံးတွေက ဒေါသ၏အရှိန်ကို လှစ်ဟပြနေကြပြီဖြစ်သည်။

"အခု ရေးနဲ့မေး နှစ်ယောက်ကို ခွဲခြားမသိကြသေးလို့ မင်္ဂလာကိစ္စအဆင်ချောနေတာ၊ ဒါပေမယ့် ရေးနဲ့ဟိန်းလတ် ဆိုင်ကယ်မှောက်ကြတယ်ဆိုတဲ့သတင်းကို တစ်ယောက် သိထားတာနဲ့ လူတစ်ရာ သိသွားဖို့က လွယ်လွယ်လေး၊ သမီးတို့ ဆိုင်ကယ်မှောက်တဲ့သတင်း ပျံ့နှံ့လာတော့ဘာတွေဖြစ်ကုန်မလဲ သိလား"





ရေး မျက်နှာလေး မာနနှင့်မော့သော်၏၊ ဒါပေမယ့် ဘာမှမပြောဖြစ်သေးခင် အခန်းထဲကို ဦးမြတ်မိုး ဝင်လာ၏။

ခေါင်းမှာ ပတ်တီးအဖွေးသားနှင့် ခုတင်ပေါ်မှာ ဒူးတစ်ဖက်ကွေးၡ၍ထိုင်နေသည့် ရေး ထံသို့အကြည့် အရင်ရောက်သွားသည်။ ပြီးတော့ဒေါ်မမနှင့် ဘယ်လိုအချေအတင်တွေဖြစ်နေကြသည်ကို စေ့ကြည့်လိုက်ရုံနှင့် အကဲခတ်မိသွားကာ ...

"ပြဿနာကို အဲဒီလိုပြန်ပြော အပြစ်တင်နေရုံနဲ့ ပြေသွားမှာမဟုတ်ဘူး၊ အကောင်းဆုံးမဖြစ်ရင်တောင် ဒီထက်ပိုဆိုးမလာအောင် အခြေအနေကို ဘယ်လိုထိန်းကြမလဲဆိုတာ စဉ်းစားရမှာ"

အပြစ်တင်သလိုလို ဆူတာလိုလိုနှင့် စားပွဲရှေ့က ခုံကို ဆွဲယူပြည်အောင်ရွှေ့ကာ အိခနဲဝင်ထိုင်လိုက်သည်။ နောက်တစ်ယောက် ဆူဖို့ရောက်လာပြန်ပြီဆိုသည့် မျက်နှာရှုံ့တွတွလေးနှင့် ရေး က ကျောနောက်က ဆင့်ခံထားသည့်ခေါင်းအုံးပေါ်မှာ သိသာအောင်ခေါင်းမှီ၏။

ဒါကို ဦးမြတ်မိုးနဲ့ ဒေါ်မမကလည်း မြင်မိသည်။ ရေးနဲ့မေး မတူတာတွေမှာ ဒါတွေက အဓိကဖြစ်သည်။ အတူကြီးပြင်းလာကြပေမယ့် မေးတို့ဆို ဘယ်တုန်းကမှ ရှင်းပြသွန်သင်ခဲ့ရတာ မရှိပေ။

မေးမှာ နဂိုဗီဇစိတ်ကိုက နုခံတတ်သည်။ မာနစိတ်လေးရှိပေမယ့် နူးညံ့သည့်အယူအဆလေးတွေ ဖက်နေတာလည်းရှိသည်။

ရေး က ဒါဆိုဒါ၊ သူမဖြစ်ချင်တာကို ဖြစ်ခွင့်ရဖို့ဆိုလျှင် သူများအပေါ်ဆိုထားနှင့် ကိုယ့်အရေပြားကို ဓားနဲ့ခြစ်ပြီး သွေးထွက်အောင်လုပ်တဲ့အထိ အတ္တကြီးခဲ့သည့်မိန်းကလေးဖြစ်သည်။

ထို့ကြောင့် သူမတို့ညီအစ်မ၏ ဘဝတစ်လျှောက်လုံးမှာ မေး ထက်ရေး ကိုပဲ အရိပ်တကြည့်ကြည့် စောင့်ရှောက်လာခဲ့ရသည်။

မကြိုက်လည်းပြော၊ ကြိုက်လည်းပြော အမုန်းခံပြီးသားရ၊ စကား



www.burmeseclassic.com

www.burmeseclassic.com



များပြီးသူရ၊ အထူးသဖြင့် မိဘမဲ့တွေမို့လို့ အနေအထိုင်ပလွှားကြသည်ဟု ပတ်ဝန်းကျင်က ကဲ့ရဲ့လာမှာကို မခံနိုင်၍ပါ။

"အခုကိစ္စက ပတ်ဝန်းကျင်ထက် ဒေါ်ဒွေလတ်တို့ဘက်က အထင်မြင်သေးကဲ့ရဲ့သွားမှာကိုပဲ ပူရမှာ၊ အဲဒါကိုစဉ်းစားလိုက်တော့ အမိက္ခ ကာယကံရှင် ကျေနပ်သွားတယ်ဆိုရင် ပြီးသွားမှာပဲ၊ မေး ကို ဖုန်းဆက်မေးတော့ ခုချိန်ထိတော့ လင်းအား မရိပ်မိသေးဘူး တဲ့၊ ရေး ဘယ်လိုနေသလဲ၊ ဘာလို့ ဖုန်းမဆက်တာလဲ ဆိုတာပဲ တအားမေးနေတာ"

"ဟုတ်မှာပေါ့၊ သူ့ခမျာ မိန်းမပျိုလေးတန်မယ့် ကိုယ် လက်ထပ်ရမယ့်သူမဟုတ်ဘဲ ဟန်ဆောင်လက်ထပ်လိုက်ရရှာတာ"

မေး အကြောင်း ပြောလိုက်သည်နှင့်မဟာကရုဏာမိုးရွာလျက် မျက်ဝန်းတွေမှာ ချက်ချင်းမှုန်မှိုင်းသွားသည့် ဒေါ်မမကို ရေး က စိုက်ကြည့်ပြီး လူမမြင်အောင်မဲ့သည်။ ပြီးတော့ ...

"အဲဒီလိုလုပ်လိုက်ရတာလဲ ရေး အတွက်တစ်ခုတည်းမဟုတ်ပါဘူးနော်၊ အန်တီမမတို့ကိုယ်တိုင် ဒေါ်ဒွေလတ်တို့ဂုဏ်ရှိန်ဝါကို လန့်ပြီး ဘယ်လိုမှ မျက်နှာပျက်မခံရဲလို့ အာလုံး သဘောတူခေါင်းညိတ်ခဲ့ကြတာ"

"အို ... ဘယ်လိုပြောလိုက်တာလဲ ရေး ရယ်၊ မျက်နှာပျက်မခံနိုင်တာက ဟုတ်တယ်ပဲထားလိုက်ပါ၊ ဒီလိုပြဿနာဖြစ်ရတာ ဘယ်သူ့ကြောင့်လဲ"

"ရေးမှာ ချစ်သူရှိတာ အန်တီမမ သိသားပဲ"

ပတ်တီးရှိသည့်နဖူးကို လက်တစ်ဖက်နှင့် ဟိုစမ်းဒီစမ်းကိုင်ရင်း မျက်နှာကို ကွယ်သလိုလို၊ ဂရုမစိုက်သလိုလိုပုံစံလုပ်၍ ပြော၏။

ဘယ်လောက်ပြောနေနေ ဒီစကားကိုပဲ ပြန်ပြန်အစဖော်ပြီး ကိုယ်မှားတာကိုဝန်မခံဘဲ အနိုင်နဲ့ပိုင်းချင်နေတာကို ဒေါ်မမ အသည်းယားစွာ စိုက်ကြည့်၏။





"အေး ဘယ်သူ့ကြောင့်ဖြစ်ဖြစ်ထားလိုက်တော့၊ အခု မေး အတွက် ဘာအလုပ်ပေးကြမလဲဆိုတာပဲ စဉ်းစားရမှာ"

ဒေါ်မမက လေသံမာမာနှင့် ပြောလိုက်ပြီးမှ ဦးမြတ်မိုးဘက်လှည့်၏။

"မေး နဲ့ ကျွန်မ သွားတွေ့လိုက်ရမလား အစ်ကို"

"ဟာ မဖြစ်သေးဘူး၊ မညာတတ်ဘဲညာရင် မျက်လုံးချင်းလက်တို့ပြီး ဖော်တယ်တဲ့၊ ဒီကိစ္စကြီးကို ဖုံးဖိထားရတာ သူတို့တွေရှေ့မှာ တို့မျက်နှာ ဘယ်လိုမှ ပိပိရိရိဟန်ဆောင်နိုင်မှာမဟုတ်ဘူး၊ လင်းအားနဲ့ မေး ခုချိန်သိ ပြဿနာမဖြစ်ခဲ့တာလဲ ရေး နဲ့ မရင်းနှီးခဲ့တဲ့အတွက်ကြောင့် ဆိုတော့ ငါ့ သဘောကိုပြောရရင် အခုလက်ရှိအခြေအနေအတိုင်းပဲ ..."

"အန်ကယ်မိုး ဘယ်လိုပြောလိုက်တာလဲ၊ အမိပ္ပာယ်မရှိ ..."

ဦးမြတ်မိုး စကားမဆုံးခင် ရေး က လက်သီးဆုပ်လေးနဲ့ မွေ့ရာကို ထုပစ်လိုက်ပြီး ခါးခါးသီးသီးဝင်တားသည်။

နဖူးမှာ ပတ်တီးစည်းနှင့် ဆံပင်ဖြောင့်ဖြောင့်ပါးပါးက ပါးရိုးတွေကို တယ်ဆင်းနေသဖြင့် ဒေါသကြီးနေသည့် ရေး က လူရိုင်းမလေးနှင့်တူနေ၏။

သူမသည် ဦးမြတ်မိုးနှင့်ဒေါ်မမတို့ကို ဘယ်တုန်းကမှ မမြင်ခဲ့ဘူးသည့်လူတွေလို တစ်ယောက်စီ တအံ့တသြကြည့်၏။

ဒါမှမဟုတ် တော်ကြာ မိုးပြိုတော့မည်ဟု မဖြစ်နိုင်တာကို ဟောကိန်းထုတ်လိုက်သူလို ဘယ်လိုမှမယုံနိုင်သည့်မျက်ဝန်းများနှင့်ဖြစ်ကာ ...

"အန်ကယ်မိုးရင်ထဲမှာ အဲဒီလိုစိတ်ကူးတွေဖြစ်နေတာ တကယ်ပဲ မယုံနိုင်ဘူး"

ဦးမြတ်မိုး ဒေါသ ထောင်းခနဲဖြစ်သွား၏။ မျက်ဝန်းတို့သည် ရှေ့ထံ ဒိုင်းခနဲရောက်လျက် ...

"ပြောပါဦး၊ ညည်းက ဘယ်လိုစိတ်ကူးတွေရှိနေသေးလို့လဲ၊ ဒီ အကျဉ်းအကျပ်ကိုဖြေရှာနည်းလမ်းရှိတယ်ဆိုရင် အားကိုးရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်မိုး၏ဒေါသကို ဖုံးဖိထားသည့် အပေါ်ယံပြေပြစ်ခြင်းကို ရေးက သိသည်။

ဒါပေမယ့် ဂရုမစိုက်ပါ။

လင်းအားကိုလက်ထပ်ဖို့အတွက် သူ့မဘက်က စွန့်လွှတ်ခဲ့ရတာတွေ နည်းသလား။

အခု ခေါင်းကဒဏ်ရာ၊ ခြေထောက်ကျိုးရခြင်းအားလုံးကလည်း ဒီလက်ထပ်ပွဲအတွက် စတေးခဲ့ရတာတွေပဲဖြစ်သည်။

ဟိန်းလတ်ကို အကျိုးအကြောင်းပြောပြမလို့ လက်ခံရင်ခံ မခံရင်သွားပေါ့၊ ချစ်နေလက်စနဲ့ သစ်စိမ်းချိုးမချိုးရက်လို့ ကိုယ်တိုင်ရောက်သွားခဲ့၏။

တွေ့ကြပြီဆိုတော့ ဟိန်းလတ်က လက်မခံ။ သူမထင်ထားသလို မောင်းထုတ်ခါချပစ်ဖို့လည်းမလွယ်ခဲ့ဘဲ ဥဏ်နီဥဏ်နက်တွေသုံးကာ ဆိုင်ကယ်နဲ့တင်ပြေးဖို့ကြိုးစား၏။ ဆိုင်ကယ်က အရှိန်မြန်လွန်းကာ ချိုင့်ကျ၍ စလစ်ဖြစ်ပြီးမှောက်သည်။

ဟိန်းလတ်ကတော့ မသေရုံတစ်မယ်ဒဏ်ရာများနှင့် ဆေးရုံပေါ်မှာ ခုချိန်ထိ စကားကောင်းကောင်းမပြောနိုင်ဟု ကြားရ၏။

သူမမှာ ကံကောင်းထောက်မပြီး ခြေသလုံးရိုးအက်သွားရုံပဲ အကြီးအကျယ်ဖြစ်ခဲ့ပြီး ခေါင်းမှာ ဒဏ်ရာရခဲ့သည်။

သေကျေကျိုးကန်းလောက်အောင်မဖြစ်သော်လည်း လောလောဆယ်မှာတော့ အိပ်ရာပေါ်မှာပဲနေရသည့်အဖြစ်မို့ စိတ်သွားတိုင်း ကိုယ်မပါနိုင်။

သို့သော် လူကမထနိုင်၊ မသွားနိုင်ပေမယ့် မာနကတော့ နည်းနည်းမှ မချနိုင်ပါ။

ကိုယ်ရည်စွးပြီးသားကိစ္စက ကိုယ်ရှိနေပါလျက်နှင့် သူတစ်ပါးစီမံတဲ့





အတိုင်း အပြီးသတ်သွားလို့ရမလား။

"အန်ကယ်မိုး စကားစ,လိုက်တာနဲ့ ဒီကိစ္စကို ဘယ်လိုအဆုံးသတ်ဖို့ ရည်ရွယ်လိုက်တာမှန်း ရေး သိတယ်။ ဖိတ်စာပေါ်မှာ လက်ထပ်ထားခဲ့တာက ရေးရေးရိပ်နဲ့ လင်းအား၊ လူတွေ မင်္ဂလာပွဲတက်ပြီး အသိအမှတ်ပြုပေးသွားခဲ့ကြတာလဲ လင်းအားနဲ့ ရေးရေးရိပ်ရဲ့ လက်ထပ်မင်္ဂလာကိုပဲ။ 'မေမေးဆက်' ဆိုတဲ့နာမည် ဘယ်နေရာ ဘယ်ထောင့်မှာမှ မပါဘူး"

"သိပြီးသားတွေကို ဘာဖြစ်လို့ထပ်ပြောနေတာလဲ သမီး၊ အဲဒါတွေက လူသိရှင်ကြား စီစဉ်ထားခဲ့တဲ့ အစကကိစ္စတွေ၊ အခုဖြစ်လာတာ အဲဒီအတိုင်း ဟုတ်ခဲ့လို့လား၊ ညည်းဖြစ်ချင်သလိုရော ဖြစ်ခွင့်ရခဲ့လို့လား၊ လုပ်သလိုမှမဖြစ်ရင် ဖြစ်သလိုလုပ်ရတော့မှာပဲ။ လင်းအားနဲ့မေးတို့ကိစ္စကို ညတွင်းချင်း ကြားဝင်ဖြေရှင်းနိုင်တယ်လို့ ညည်း ပြောခဲ့ပြီး အခု နောက်နေ့ကူးလာခဲ့ပြီ၊ အဲဒါကြောင့် သမီး မေး အတွက်ကို ထည့်မစဉ်းစားလို့ မရဘူး"

"အဲဒီကိစ္စတွေကို အန်ကယ်မိုး ခေါင်းထဲမထည့်ပါနဲ့"

"ဘယ်လို"

"ဟုတ်တယ်၊ ဒါ ဒီလိုရှိနိုင်တာကို အန်ကယ်မိုးတို့ရော သူရော သိတယ်၊ ရေး က အချိန်မီဖြေရှင်းမယ်ဆိုတာ ဖွင့်ပြောမှာလေ။ လင်းအားဆိုတဲ့လူ ရေး ရည်းစားထားခဲ့တာတွေကို သိတယ်၊ သိရက်နဲ့ လက်ထပ်တာ၊ အဲဒါကြောင့် ဒီကိစ္စကို ဖွင့်ပြောလဲ ပြဿနာကြီးသွားဖို့မရှိဘူးဆိုပြီး ရေးက အာမခံခဲ့တာ၊ ဒါပေမယ့် ခြေကျိုး ဒုက္ခိတဖြစ်သွားတဲ့ လတ်လတ်ဆတ်ဆတ်ဒဏ်ရာကြီးနဲ့ လင်းအား ကျေနပ်အောင် ဘယ်လိုဖြေရှင်းလို့ရတော့မှာလဲ"

"မဟုတ်သေးဘူး"

ဦးမြတ်မိုး ခေါင်းတခါခါဖြစ်နေဆဲ ဆေးခန်းမှာ သတိပြန်ရလာ



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ဒီခြေထောက် ဒီလိုဖြစ်သွားခဲ့ပြီမှန်း သိကြတာပဲ။

ဒါကို ဘာဖြစ်လို့ အာမခံခဲ့တာလဲ၊ သူတို့ကတော့ လင်းအားနဲ့ ရေး ကြားမှာ ပြတ်တောက်မသွားနိုင်တဲ့ ချည်နှောင်မှုတစ်ခုခုရှိထားခဲ့လို့ ဒီလို ရဲရဲပြောလိုက်တာပဲဟု အားကိုးတကြီး တွေးမိခဲ့တာပါ။

ဒါကြောင့် ဒီလိုပဲလုပ်ကြဖို့ ဆုံးဖြတ်ခဲ့ကြတာဖြစ်သည်။ တကယ်တမ်း ကျတော့ လင်းအား အပေါ်မှာ ဘယ်လိုစိုးမိုးချုပ်ကိုင်နိုင်စွမ်းမှမရှိဘဲ ကိုယ့် ကိုယ်ကိုယုံကြည်မှုတစ်ခုတည်းနဲ့ သူမက ပြောခဲ့၏။

မှားကုန်ကြပြီဆိုတော့လည်း ပေါ့ပြက်ပြက်ပြောပုံက ရင့်သီးလွန်း သည်။

"ညည်းပြောတာတွေက ဘောင်လွတ်နေတယ် သမီး၊ ဒီလိုတွက်ခဲ့ ကြပေမယ့် အတိမ်းအစောင်းဖြစ်သွားတာကို ဘာမှမတတ်နိုင်ဘူးဆိုတာ မှန်တယ်၊ ဒါပေမယ့် အဲဒါက မှားပြီးရင်း ထပ်မှားတာပဲ၊ နောက်ထပ် သုံးကြိမ်မြောက်ထပ်မှားမှာကို တို့က လက်ပိုက်ကြည့်နေလို့မဖြစ်ဘူး။ လိုရင်းကိုပြောရရင် ဖိတ်စာပေါ်ကအက္ခရာကို ဖျက်လို့ပြင်လို့ရသေး တယ်၊ ဘဝအက္ခရာကို ပြင်လို့မရနိုင်ဘူး။ လင်းအားနဲ့ တစ်မိုးအောက်မှာ တစ်ညတာ အတူရှိနေခဲ့တာက ရေးရေးရိပ် မဟုတ်တဲ့အတွက် ကျန်ခဲ့ တာကို ချန်ခဲ့ပြီး ပါလာတာကိုယူကြရုံပဲရှိတော့တယ်"

ဦးမြတ်မိုးက တလက်လက်ဖြစ်နေသည့် ရေး မျက်လုံးထဲက ဖြင်း ထန်သော မာန်မာနတွေကို စူးစိုက်ကြည့်လိုက်ပြီး ...

"စာရွက်တစ်ရွက်တောင်မှ ဖျက်မရတာကို တံတွေးဆွတ်ဖျက်ရင် စုတ်ပြတ်သွားနိုင်သေးတယ်၊ မှားယွင်းတိမ်းစောင်းနေတာကို မပြုပြင်ဘဲ သွားဟာဆိုပြီး လွှတ်ပေးလိုက်ရင် မေးရဲ့နှောင်ရေးကို လှပအောင် စင် တင်ပေးဖို့အခွင့်အရေး ဘယ်တော့မှရှိလာတော့မှာမဟုတ်ဘူး။ ပြီးတော့ သမီးမေး က အားလုံးအတွက် သူ့ဘဝကိုပုံပြီး ..."





"အန်ကယ်မိုးတို့ မစာမနာပြောတာ"

"ဘာကိုလဲ ရေး"

ဒေါ်မမက မျက်မှောင်ကြုတ်လျက်နှင့်မေး၏။ ရေး က ဦးမြတ်မိုးနှင့် ဒေါ်မမကို တစ်လှည့်စီကြည့်လိုက်ပြီး ...

"ဘာရမှာလဲ၊ မေး တစ်ခုခုဖြစ်သွားရင် ရေးကြောင့် ထိခိုက်ပျက်စီးရဖို့ ရှိရင် မြင်တတ်၊ သိတတ်လိုက်ကြတာ ပျာယာကိုခတ်နေတာပဲ၊ ရေး အတွက်ဆို ဘာဖြစ်ဖြစ် ရေး ပဲ လွန်တာ၊ ကိုယ်ဖြစ်ကိုယ်ခံ ဒီလိုပဲ သဘော ထားခဲ့ကြတယ်။ ရေး ကတော့ ပြတ်ပြတ်ပဲ၊ တူမချင်းအတူတူ အန်ကယ်မိုး တို့ ကွက်ကျားမိုးရွာလဲရွာပေါ့။ ရေး ဆိုတဲ့မိန်းမကို သူ့ စေတနာရှိရှိ၊ မရှိရှိ အရပ်လေးမျက်နှာက ကြိဖြန့်လာကြတာ ပန်းတွေမဟုတ်ဘဲ အဆိပ်လူး တဲ့ သံမဏိမြားတွေဖြစ်နေပါစေ ရှောင်ပြေးဖို့ လုံးဝစိတ်မကူးဘူး၊ မြားတွေ ထိုးခံဆီ စုပြုလာမှန်အောင် ကိုယ့်မှာ သံလိုက်တပ်ထားလိုက်ဦးမယ်"

ရေး က လူကြီးတွေမျက်နှာကို ပြုံးမဲ့မဲ့အကြည့်များနှင့် နှုတ်ဆက်၍ ထိုဘက်လှည့်သွား၏။ ပြီးမှ ခပ်ဖြည်းဖြည်းလှည့်လာပြီး မျက်လွှာပင့် ကြည့်ကာ ...

"ရေး က စိတ်ထဲရှိတဲ့အတိုင်းပြောလိုက်မိတော့ ရိုင်းစိုင်းသလိုဖြစ် သွားရင် တောင်းပန်ပါတယ်၊ ဒီကိစ္စမှာ ရေးက ကာယကံရှင်၊ မေး မဟုတ် ဘူး ရေး နဲ့ မေး ကြားမှာ အန်တီမမတို့လဲ ကြားဝင်ဆုံးဖြတ်ပေးလို့မရနိုင် ဘူး အဲဒီတော့ ရေးဘာသာဖြေရှင်းလို့ ကောင်းမွန်သွားရင်ဖြစ်စေ၊ ပိုဆိုး သွားသည်ဖြစ်စေ ရေးဘာသာ ဆုံးဖြတ်ချင်တယ်"

"နေပါဦး သမီး၊ သမီးက ဆုံးဖြတ်ခွင့်တစ်ခုအတွက် ပဋိပက္ခတွေပြော နေတာလား။ လင်းအားကို မေး နဲ့လက်ထပ်သွားတဲ့အဖြစ်ကို မလိုချင်တာ လား"

ရေး မျက်နှာ ဖျတ်ခနဲလှည့်လာတော့ ဒေါ်မမက လက်ကာပြ၍..



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို...၊ လင်းအားကို သမီး နှစ်သက်လို့ ဆုံးရှုံးမခံနိုင်တာဆိုရင်..."

"ရေးကိုယ်ရေးတောင်မသိဘူး၊ အန်တီမမက ဘာဖြစ်လို့ ဒါတွေမေးနေတာလဲ၊ အဲ သေချာတာတစ်ခုတော့ရှိတယ်၊ ရေး ဘယ်တော့မှ မမှားဘူးဆိုတာ အမြဲအတည်ဖြစ်နေဖို့ ကိုယ်ပိုင် စလိုက်ပြီးရင် ကိုယ်တိုင်ပဲ အဆုံးသတ်မယ်၊ အဲဒါ မိုက်ရိုင်းတာမဟုတ်ပါဘူး၊ ကိုယ့်ကိုယ်ကို ယုံကြည်တာ"

ဖြစ်ရလေ ရေးရေးရိပ် ရယ် .....။

* * *





## အခန်း (၆)

"ရေး ..."

ခေါ်သံကြောင့် ခြေလှမ်းက တုံ့ခနဲဖြစ်သွားသည်။

"ခဏလောက်"

ကွန်ပျူတာရှေ့ကနေ လှည့်မကြည့်ဘဲခေါ်တော့ မေး ပြန်လှည့်လာခဲ့သည်။

"သမီးညီမကိုတော့ အန်တီမမတို့ နားလဲမလည်တော့ဘူး၊ ဘာမှလဲ ပြောဆိုမကောင်းဘူးကွယ်၊ အားလုံးဟာ ကဲစိမ့်တဲ့အတိုင်းလို့ပဲမှတ်ပြီး သမီး မီးစင်ကြည့်ကနေပါ။ အခြေအနေဆိုးဆိုးရွားရွားထပ်ဖြစ်လာရင်တော့ အန်တီတို့ ကြည့်မနေပါဘူး၊ နားလည်ပါကွယ်" တဲ့။

မေးချင်တာတွေ၊ ပြောပြချင်တဲ့ ကိုယ့်ဒုက္ခတွေ ဘာဆိုဘာမှမပြောနိုင်တော့ဘဲ မေး မျက်လုံးပြူးခဲ့ရသည်။ ရေထဲကျမှာစိုးလို့ ရေခဲတုံးကို ဆော်တွယ်ထားရသည့်အဖြစ်မျိုးပါ။

ကိုယ့်ညီမဆိုသည့် မျက်ကွယ်မပြုရက်သည့် သံ[illegible]ယာဇဉ်အန်တီမမ



www.burmeseclassic.com

www.burmeseclassic.com



တို့ မျက်နှာပျက်ကြရမည်ဆိုသော ငှဲ့ညာလို့မှု။ ဒါတွေကြောင့် သူမ ကြာရှည်တွေဝေမနေဘဲ ဒီလိုကြောက်စရာကောင်းသည့်ဖြေရှင်းနည်းမှာ ပါဝင်ခဲ့မိသည်။

ခုတော့ ရှေ့တိုးတော့ ကျားရဲ့ခံတွ- နောက်ဆုတ်ဖို့ပြန်ကြည့်တော့ လွတ်လမ်းမမြင်။

"ထိုင်လေ၊ ဘာဖြစ်လို့လဲ၊ အိပ်တော့မလို့လား"

သူ့ဘေးမှာရပ်နေပြီးတဲ့အထိ စိတ်နဲ့လူက မကပ်၊ သူ မော့ကြည့်ပြောမှ ခေါင်းညိတ်ပြီး ခုံဆွဲထိုင်လိုက်သည်။

လင်းအား က မိုးပြာရောင်တီရှပ်ပွပွလေးနှင့် ဆံပင်တွေဖြန့်ချထားသည့် မေး မျက်နှာလေးကို ပြန်ငဲ့ကြည့်သည်။ ပြီးမှ ဖရိုဖရဲဖြစ်နေသည့် ပရင့်ထုတ်ထားသမျှ လယ်ဂျာတွေကို မေးဆတ်ပြကာ ...

"အဲဒီထဲမှာ ဘဏ်(၃)က အဲကောင့်အားလုံး ရွေးထုတ်လိုက်စမ်းပါ ပြီးရင် ခုနှစ်စဉ်အတိုင်း လတူတဲ့လယ်ဂျာတွေကို ပူးတွဲပေး ရတာယ်မဟုတ်လား"

"ဟုတ်ကဲ့"

စိတ်ညစ်နေသည့် မေး မျက်နှာလေးက ဟန်ဆောင်လို့မရပေ။ ဒါကို လင်းအား က သတိထားမိနေ၏။ လက်က ကီးဘုတ်ပေါ်မှာပြေးလွှားနေပေမယ့် မျက်လုံးက မေး ထံသို့ မကြာမကြာဝေ့သွားတတ်ကာ ...

"မင်း နေကောင်းရဲ့လား"

ဟု မေး၏။ ပြီးတော့ ဟတ်ချိုးထ,ဖြစ်တာက သူပဲဖြစ်လေသည်။

မေး ကိုယ့်ကိုယ်ကိုသတိရကာ ငေးငိုင်တွေဝေနေမိခြင်းကို ချက်ချင်းဖယ်ပစ်၏။ နှာချေလိုက်သည့် လင်းအားကို ကြည့်လိုက်တော့ မီးခိုးရောင်ဆွယ်တာလက်ရှည်ခေါင်းစွပ်က မေးရိုးနားထိကပ်နေသည်။

နှာချေလိုက်၍ထင်၏ နှုတ်ခမ်းသားများနှင့် နှာခေါင်းထိပ်ဖျားဘို့မှာ





နေသည်။ တိုတိုစိပ်စိပ်နှင့်နက်နေသော မုက်တောင်တို့က ခပ်ထူထူ ခုံးတို့ကို တွန့်ကုတ်ထားသဖြင့် ပို၍ပေါ် လွင်နေ၏။

ညတိုင်း အလုပ်စားပွဲမှာထိုင်နေကျဖြစ်ကာ အစောဆုံးအိပ်ရာဝင်ချိန် ဆယ့်တစ်နာရီလောက်ပဲမို့ သူ နေကောင်းတယ်၊ မကောင်းဘူး ဆိုတာ တော့ အကဲခတ်ရတာ မလွယ်ပေ။

ဒါပေမယ့် နှာခေါင်းထိပ်ဖျားတွေ အရောင်ပိုရင့်နေသဖြင့် မေး ကိုယ့် သာပဲ ကောက်ချက်ချလိုက်ကာ ...

"ကျွန်မက နေကောင်းပါတယ်၊ ရှင် ဖျားတော့မယ်ထင်တယ်၊ နှာချေ စာ စောစောကြားနေရတယ်"

"အဟွန်း ..."

သူရယ်တိုင်း ထိုအသံလောက်ထက် သိပ်ကျယ်တာမရှိပေ။ အတူနေ ဘာ သုံးရက်ပဲရှိသေးတယ်ဆိုပေမယ့် စိတ်ဝင်စားလွန်းလို့မဟုတ်သော ည်း မကြည့်ချင်မြင်လျက်သား။

လင်းအား က ဓလုတ်တွေပေါ် ကလက်တွေကို ပေါင်နှစ်ဖက်ပေါ် မှာ ဘားကားထောက်လိုက်ပြီး ပြုံးလက်စနှင့် မေး ကိုကြည့်သည်။

"ဖျားတော့မယ်လို့ထင်တာလား။ ဖျားနေတာလို့ရော မထင်ဘူးလား"

"ဟုတ်လား၊ ကျွန်မ ..."

"အိုခေ ရတယ်"

သူက ဘာမှအပြောမခံဘဲ လက်ကာပြလိုက်ပြီး အလုပ် ဆက် ၏။

နှုတ်ခမ်းတို့မှာ ပြုံးရိပ်ထင်ကျန်ခဲ့ဖြစ်ပေမယ့် ကိုယ့်ကို စကားမပြော လို့ တားဆီးလိုက်တာပဲမို့ မေး ဘာမှမပြောတော့ဘဲ သူခိုင်းတာကို လုပ်နေလိုက်၏။

နှစ်ယောက်စလုံးမှာ လှုပ်ရှားမှုတွေရှိနေလျက်နှင့် ပတ်ဝန်းကျင်က



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်နေခဲ့သည်။ ဒေါ်ညိုတို့အားလုံးက ညရှစ်နာရီကျော်တာနှင့် အလုပ်တာန်းလျားတွေဆီ ပြန်တက်ကြကာ မနက်ငါးနာရီထိုးမှ ပြန်ရောက် လာကြတာဖြစ်သည်။

တစ်အိမ်လုံးမှာ နှစ်ယောက်တည်း။ သူသာ ထူးဆန်းစွာစိတ်ကူးယဉ် တတ်သူမဟုတ်လျှင် ခုလောက်ဆို မေး ကိုယ့်အဖြစ်ကို မတွေးရဲပေ။

ပြီးတော့ အန်တီမမ စကားမစ္စမပြောအပြီးမှာ ဖုန်းထဲကပဲ သတိပေး သွားသေးသည်။

"ရာဇဝင်သမိုင်းဟောင်းတွေထဲက ပုဂ္ဂိုလ်မိန်းမတွေကိုပြန်ဆွဲပြီး ဥပမာတွေ ရုပကတွေနဲ့ ပြောနေလဲ မကောင်းတော့ပါဘူး သမီးရယ်၊ သမီး ညီမရဲ့စရိုက်က အန်တီမမ သတိရမိတဲ့ မိဖုရားတစ်ယောက်နဲ့ တော်တော် တူနေပြီ၊ သူကတော့ ပြန်ရောက်တာနဲ့ 'ဖယ်စမ်း၊ ဒါ ငါ့နေရာ၊ ငါသာလျှင် မဟေသီ'ဆိုတဲ့ ပိုင်စိုးမှုနဲ့ သမီးကိုဆွဲဖယ်ပစ်မှာ၊ ကိုယ့်အန္တရာယ်ကို ကြည့် ရှောင်နော် သမီး"ဟု ဆိုသည်။

ခုဟာက ကိုယ်က အရှောင်ကောင်းလို့မဟုတ်ဘဲ သူက ချမ်းသာပေး လို့သာ လွတ်ငြိမ်းချမ်းသာခွင့်ရနေခြင်းပါ။

ဒီသောကတွေနှင့် မေး ဘယ်လိုလုပ်ပျော်ပါးစွာနေနိုင်မလဲ။ တစ်ကြိမ် နှစ်ကြိမ်လောက်ပဲ လှစ်ခနဲ ဖျတ်ခနဲ မြင်ဖူးခဲ့သည့်ယောကျ်ားကို လက် ထပ်ခဲ့ရသည်၊ ဒါပေမယ့် ကိုယ်က သတို့သမီးမဟုတ်။

"ဟုတ်နေတာပဲ၊ မင်း မဆိုးဘူး"

"ရှင် ..."

ရုတ်တရက် လင်းအား စကားထ ပြောလိုက်သဖြင့် မေး လန့်သွားပြီး စိတ်က ဟစ္စပွန်ဆီပြန်ရောက်တော့ သူမ ပုံးတွဲထားသည့် လယ်ကျာတွေထို လင်းအားက ယူကြည့်နေတာဖြစ်ကာ ...

"မင်းလုပ်တာ သေချာသားပဲ"





မေးကိုမကြည့်ဘဲပြောသည်။ ပြီးမှ မော့ကြည့်၍ ...

"မင်းကို ကိုယ် စိတ်ဝင်စားနေပြီ ရေး"

"ရှင် ..."

"ဆောရီး၊ မရိုးမသားစိတ်ဝင်စားတာမျိုးကို ပြောတာမဟုတ်ဘူး၊ ဒါပေမယ့် အမည်ကွဲဖြစ်ချင်ဖြစ်မယ် အမျိုးအစားတော့ တူနိုင်တယ်ကွ"

ပြောပုံက တခြားတစ်ယောက်ကို စိတ်ဝင်စားနေကြောင်း တခြားသူ တို့ ပြောပြနေသလိုမျိုး။ သူ့မျက်နှာမှာပေါ်နေသည့် လွတ်လပ်သော ရယ်မြူးရိပ်များသည် မေး နှင့်မသက်ဆိုင်သည်မို့ ဟန်ဆောင်ဖုံးကွယ်ခြင်း မပြုဘဲ ပြောပြနေတာနှင့်တူ၏။

မေး ကို ရေး လို့ပဲမြင်ပြီး ပြောနေခြင်းဖြစ်သည်။ ဒါဆို ဘာလဲ၊ စိတ်ဝင် စားနေပြီဆိုတာကို သိစေချင်တာလား၊ ချစ်ဖို့မလွယ်ဘူးလို့ ဆိုချင်တာ လား။

မေး မျက်နှာလေးမှာ သူ့စကားအပေါ် ရှက်ရွံ့မျှော်လင့်ခြင်း တစိုး တစိမှ ရှိမနေပေ။ ဘာအဓိပ္ပာယ်တွေလဲဆိုတာကို သိချင်နေသည်။

ဒီစကားတွေကြောင့်ပဲ နာရီ မိနစ် စက္ကန့်တိုင်း ရင်မေနေရသည့် အဖြစ်က မကြာမီ သေမိန့်ကျခံရတော့မလိုလို။

ဘယ်လိုအပြောင်းအလဲတစ်ခုမှာ သူမဘာဝပျက်ရမလဲဆိုသော အတွေးနှင့် သည်းခြေပျက်အောင် ထိတ်လန့်နေရသည့်ဒုက္ခကလည်း နှိပ် စက်လွန်း၏။

မျက်ခုံးလေးတွေ တွန့်သွားလိုက်၊ မျက်ဝန်းတွေ ကျဉ်းမြောင်းသွား လိုက်နှင့် မေး မျက်နှာလေးကို လင်းအား ကလည်း မျက်လုံးမလွှဲတမ်း ကြည့်နေခဲ့၏။

"ကိုယ့်စကားကို နားရှုပ်သွားလို့လား၊ စိတ်ဝင်စားတယ်ဆိုတာကို လန့်သွားတာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း၊ ရှင် ဆက်ပြောလေ"

"အင်း"

လင်းအား က ဘာဝင်မကျသေးပေမယ့် ကျေနပ်ပေးလိုက်သည့် နားလည်ပြုံးနှင့် ခေါင်းညိတ်ကာ ...

"မင်းကို ကိုယ် လာတွေ့ပြီး စကားမဆုံးခင် ပြန်သွားရတဲ့ ပထမဆုံး တွေ့ကြတုန်းက မှတ်မိလား"

'မှတ်မိရအောင် ကျွန်မက ရှင့်ရဲ့ ရေး မဟုတ်ဘူး'ရင်ထဲက စကားသံ ပွင့်ထွက်သွားမိမှာစိုး၍ နှုတ်ခမ်းလေးကို ဖိပိတ်ပစ်လိုက်ရင်း မေး မျက်လုံး အကြောင်သားနှင့် ကြည့်နေခဲ့မိသည်။

ဒါကို လင်းအား က 'ဘာဖြစ်သွားတာလဲ'လို့ ထပ်မမေးဘဲ ...

"အဲဒီကအပြန်မှာလေ မင်း တော်တော်လှတယ်ဆိုတာ မျက်လုံးထဲ မှာ ထင်ကျန်ခဲ့တယ်"

ဖြစ်ရလေ။ မေး မျက်နှာလေး မဲ့ခနဲဖြစ်သွား၏။

အမြွာညီအစ်မလည်းမဟုတ်၊ ရှုတ်စွပ်ကြီးတူတာလည်းမဟုတ်ဘဲနဲ့ မျက်လုံးထဲမှာထင်ကျန်ခဲ့တယ်ဆိုတဲ့မျက်နှာကို ဘာဖြစ်လို့ မမှတ်မိရ တာလဲ။

"မိန်းကလေးတစ်ယောက်ရဲ့အလှအပကို စိတ်မဝင်စားတတ်တဲ့ ယောကျ်ားရေးသဘာဝကြောင့်ပဲဖြစ်မယ်ထင်တယ်၊ ရှင်းရှင်းပြောရရင် လှတာကို လှတယ်လို့ အမှန်အတိုင်းလက်ခံပေးလိုက်တာက သပ်သပ်၊ လှသထက်လှချင်တဲ့စိတ်ကိုတော့ ကိုယ် သိပ်မကြိုက်ဘူး။ မိန်းကလေး သနပ်ခါးလိမ်းတာ၊ ပန်းပန်တာက သဘာဝ၊ မိတ်ကပ် နှုတ်ခမ်းနီတွေ သုံးလာတာက ပိုပြီးလှအောင်ပြင်တာလေ၊ မင်းလှပါတယ်၊ ဒါပေမယ့် ဖြင် ဆင်တတ်တဲ့ဝါသနာကြီးတာကို ကိုယ် စိတ်ဝင်စားလို့မရဘူး"

ကောင်းတာပေါ့။ အို... မဟုတ်ဘူး၊ ငါက ရေး မှမဟုတ်တာ။





ရေး မိတ်ကပ်လိမ်းတာကို စိတ်မဝင်စားဘူးဆိုတော့ ငါ့ကိုကြည့်ပြီး တော့ သူ ...။ မေး မျက်နှာလေး ပျက်ယွင်းစပြု၏။

"မဂ်လာဦးညက မင်း သနပ်ခါးလိမ်းထားတော့ ကိုယ် အံ့ဩသွား တယ်၊ ဒါပေမယ့် ညအိပ်ရာဝင်လိမ်းတတ်တာလို့ပဲမှတ်တာ၊ နောက်နေ့ ဒီနေ့ထိ မင်း သနပ်ခါးလိမ်းတော့ ..."

"ကျွန်မက အဲဒီလိုပဲ၊ တစ်ခုခုကို စိတ်ဝင်စားပြီဆို ငြီးငွေ့သွားမှ နောက်တစ်ခုပြောင်းတာ၊ အဟွန့် ... စိတ်အပြောင်းအလဲမြန်တာဖြစ်မယ်၊ တစ်ခုခုကိုစွဲနေတာမျိုးမရှိဘူး"

"ကောင်းပါတယ်"

"ဟင် ..."

"စွဲလမ်းမှုတိုင်းမှာ အတ္တပါတယ်၊ အတ္တကြီးတဲ့သူတိုင်း စိတ္တဇဆန်ကြ တယ်လေ၊ ပြောင်းလဲခြင်းနဲ့စခဲ့တဲ့လူ့ဘဝမှာ ပြောင်းလဲရင်းနဲ့ပဲ အဆုံး သတ်ကြရမှာ၊ မင်းကို ကိုယ် စိတ်ဝင်စားတယ်ဆိုတာ သနပ်ခါးလိမ်းခြင်း၊ မိတ်ကပ်လိမ်းခြင်းနဲ့ချည်းပဲဆိုတာ မဟုတ်ဘူး၊ လုံးဝမထင်မှတ်ဘဲပြောင်း လဲသွားတဲ့ မင်းရဲ့ အမူအရာတွေကို ..."

လင်းအား က ဆက်မပြောသေးဘဲ ဆုံလည်ကုလားထိုင်မှာ မှီချလိုက် တာ စီးကရက်မီးညှိနေသည်။ ပြီးမှ ...

"ကိုယ်တွေ့ဖူးခဲ့တဲ့ မျက်လုံးတွေထဲမှာ ရင်းနှီးဖို့လွယ်တတ်တဲ့ ဖော် ရွှေမှုတွေပါတယ်၊ သိပ်လှပြီး ဖော်ရွေတယ်ဆိုရင် ကိုယ်တို့လက်ထပ်ပြီး တဲ့အခါ အကြီးအကျယ် အဆင်မပြေမှုဖြစ်စရာ ဘာအကြောင်းမှမရှိဘူး လို့ ကိုယ်က တွက်လိုက်တာ၊ အဟွတ် အဟွတ်"

စကားတွေ ထစ်ငေါ့ခလုတ်တိုက်သွားပြီး ချောင်းဆိုးသံက နှစ်ချက် သုံးချက် ဆက်တိုက်ထွက်လာသည်။ ဟိုဘက်ကို မျက်နှာလွှဲ၍ ချောင်းဆိုး ရင်း ထသွားတော့မလို ကိုယ်ကြွလိုက်ပြီးမှ ပြန်ထိုင်၏။



www.burmeseclassic.com

ဒီဘက်လှည့်လာတော့ သူ့မျက်နှာတစ်ပြင်လုံး နီရဲနေပြီဖြစ်သည်။

"ဆောရီးနော်"

ဟု ထပ်ပြောကာ ဆေးလိပ်ကို နှုတ်ခမ်းမှာ ပြန်တပ်၏။

"ချောင်းတွေဆိုးနေတာ ဆေးလိပ်သောက်ဖို့က ဘာဖြစ်လို့ အရေးကြီးနေတာလဲ"

အမြင်မတော်သည့်မျက်လုံးက ...၊ ဒီပါးစပ်ကို ဘယ်လိုအမိန့်နှင့် ပြောထွက်စေလိုက်မှန်းမသိပါ။

လွှတ်ခနဲပြောလိုက်ပြီးမှ သူ့မျက်လုံးတွေ ကိုယ့်ဆီဝေ့လာတာကို ရင်မဆိုင်ရဲ။ လင်းအား က မစာညီမပြုံးကြည့်လျက် တစ်ချက် တွေဝေသွားသည်။

ပြီးတော့မှ စီးကရက်ကို ခွက်ထဲလှမ်းထည့်လိုက်ကာ ...

"မင်း ထပ်ပြောနေရမှာစိုးလို့"

ဟု ဘာအဓိပ္ပာယ်နဲ့ပြောလိုက်မှန်းမသိဘဲ သူ့ဘာသာရေရွတ်သည်။

"မင်း ကိုယ့်ကို ရင်းနှီးပတ်သက်ချင်တဲ့မျက်ဝန်းတွေနဲ့ ဆက်ဆံခဲ့ပြီးမှ အခု လုံးဝမတူတော့တာကို အံ့ဩတယ်"

အဆက်အစပ်မရှိတော့သည့် ရှေ့ကစကားကို ပြန်ဆက်၏။

"စိတ်ဝင်စားရခြင်းအကြောင်းက အဲဒါက စတာပဲ။ မင်း ကိုယ်နဲ့ လက်ထပ်လိုက်ရတဲ့အတွက် ဒီလိုဖြစ်သွားတာဆိုရင် အစက ကိုယ်ထင်တာတွေအားလုံး မှားသွားပြီလို့ပြောရတော့မယ်ထင်တယ်၊ အထင်သေးတာတော့မဟုတ်ဘူးကွ၊ ဒါပေမယ့် အခု ကိုယ်လက်ထပ်ခဲ့တဲ့ ရေး ရဲ့မျက်လုံးတွေကို မယုံနိုင်တာ၊ ဒါမှမဟုတ်ရင် မင်းမှာ တခြားသောကတစ်ခုခု မျိုသိပ်ထားရတာများရှိနေလား၊ အဲဒီထဲမှာ ကိုယ့်ကိုလက်ထပ်လို့ဆိုတဲ့ အဖြေမျိုး ဖြေဖို့လိုရင်လဲ အားမနာပါနဲ့"

"အဲဒီလိုဖြေရင် ရှင်က ဘာလုပ်ပေးနိုင်မှာလဲ"





"မင်းကျေနပ်အောင် ကိုယ် ကြိုးစားပေးမှာပါ။ ဒါပဲရှိတာလေ၊ မင်း ချစ်တဲ့သူရှိရင် ထွက်သွားနိုင်ပါတယ်လို့ လမ်းဖွင့်ပေးရအောင် ကိုယ်က င်းကို လက်ထပ်ခွင့်တောင်းနေတာမှမဟုတ်တာ၊ လက်ထပ်ခဲ့ဘာ၊ ပေါင်း ကြမယ်ဆိုရင် မင်းနဲ့ကိုယ်က အကြင်လင်မယား"

မေး မျက်တောင်တွေ ဖျတ်ခနဲငိုက်ဆင်းသွား၏။ မျက်လွှာချပစ်ရုံ င်မဟုတ်ဘဲ မျက်နှာလေးပါ ခပ်စောင်းစောင်းလှည့်ပစ်သည်။

"နောက်ထပ်ပြီး ပွင့်ပွင့်လင်းလင်းပြောရရင် မင်းနဲ့ကိုယ် မေတ္တာမျှကြ မှာ ကိုယ့်ဘက်က ပြင်ဆင်မှုပဲလိုအပ်တယ်လို့ထင်တာ၊ မင်းရဲ့အလှအပ ကို တိုယ့်မျက်လုံးတွေကအသိအမှတ်ပြုခဲ့မိသလို မင်းလဲ ကိုယ့်ကို လက်ခံ ကျေနပ်နိုင်မှာပဲလို့ မျက်ဝန်းတွေကစာကို ဖတ်ခဲ့တာလေ၊ အခု လက်ထပ် ပြီးတော့ ဒါ မလွယ်ကူနိုင်ဘူးဆိုတဲ့ အဖြေ ချက်ချင်း ထွက်လာတယ်၊ အဲဒါ မင်းမျက်လုံးတွေက ပြောနေတာ၊ ကိုယ့်ကို ကျေနပ်ဖို့ ကြည်ဖြူဖို့ ဆိုတဲ့ စိတ်ကူးတွေနဲ့ မင်းခေါင်းထဲမှာ ရှိပုံမရဘူး။ ပြောချင်တာက အမှု ထိမ်းထောင်ရေးကို လုံးဝစိတ်မဝင်စားဘဲ ရုန်းထွက်ချင်နေတဲ့ မင်းမျက်လုံး တွေပေါ့"

မေး မျက်နှာလေး သူ့ဘက်လှည့်လာတော့ သူက လက်ကာပြလိုက် ပြီး နှာတစ်ချက်ချေလိုက်သေးသည်။ ပြီးမှ ...

"ခုနကပြောသလိုနော်၊ မင်းကို ဘာဖြစ်ချင်သလဲလို့မေးတာမဟုတ် ဘူး ဘာဖြစ်နေလဲဆိုတာကို သိချင်တာ"

"အဲဒါကို ရှင် ဒါတွေပြောမနေဘဲ တစ်ခွန်းဘည်းမေးလိုက်လို့ရပါ တယ်"

"မင်းကိုမေးချင်လို့ စကားတွေခင်းနေတာမှမဟုတ်ဘဲ၊ မေးဖို့ဖြစ်လာ တဲ့ ကိုယ့်အတွေးတွေကိုပြောပြတာ၊ ပြီးတော့ မင်းကို သိပ်လှတဲ့မိန်း မလေးဆိုတဲ့ အဆင့်ထက် ပိုပြီးစိတ်ဝင်စားလာလို့ စကားတွေပြောချင်

www.burmeseclassic.com



လာတာ၊ မိန်းမတစ်ယောက်ရဲ့ ကိုယ်မှာ အလှတစ်ခုပဲ စိတ်ဝင်စားဖို့ရှိတာ မဟုတ်ဘူး။ လှတဲ့မိန်းကလေးတွေတစ်ပုံကြီးရှိပေမယ့် လှတိုင်းလဲ ဆွဲဆောင်မှုရှိတာမဟုတ်ဘူးလေ"

ပြောနေရင်း သူက မေး ကိုစိုက်ကြည့်ကာ ...

"မိတ်ကပ်တွေလိမ်းထားသလောက် မလှပေမယ့် ဟိုတုန်းက ရေးထက် အခု ရေး က ပိုပြီး ဆွဲဆောင်မှုရှိနေတယ်၊ အဲဒါလဲ အလှနဲ့မဆိုင်တဲ့ သယံဇာတတစ်ခုပဲ၊ ဘယ်လိုလဲ၊ ကိုယ်ပြောချင်တဲ့လိုရင်းကို နားလည်ပြီမို့လား၊ ဖြေလေ"

"ဘာလဲဟင်"

"မင်း ဘာဖြစ် ...၊ အဲ ဘာအခက်အခဲမျိုးရှိနေသလဲဆိုတာ ..."

"ရှင့်ကိုပြောမပြနိုင်တဲ့ အခက်အခဲမျိုးပါ"

မေး က ခံစားချက်အပြည့်နှင့်ပြောကာ မျက်နှာလေးက သိသာစွာ ငိုင်ကျသွား၏။

"ကျွန်မနဲ့သာသက်ဆိုင်တဲ့ အကြောင်းတစ်ခု ဆိုပါတော့"

"မင်းနဲ့သာသက်ဆိုင်ပေမယ့် မင်းမျက်နှာကို မကြည်မလင်ဖြင်နေရသမျှ ကိုယ့်ဘက်မှာလဲ နေမထိထိုင်မသာ ဖြစ်ရတာပဲ၊ ကိုယ်ကလဲ ဒါကို သိခွင့်ရှိတယ်လို့ သတ်မှတ်တယ်၊ နောက်ဆုံး နှလုံးသားရေးရာပြဿနာမျိုးဖြစ်နေတဲ့အထိ ..."

"အဲဒီလိုဖြစ်နေတယ်ဆိုရင်လဲ ရှင် အကောင်းဆုံးဖြစ်အောင် ကြိုးစားပေးမယ့်အထဲမှာ ဒီလိုကိစ္စမျိုးပါမှာမဟုတ်ဘူး။ မမေးပါနဲ့တော့"

"မင်း တကယ် အဲဒီလိုဖြစ်နေတာလား"

လင်းအား မျက်လုံးတွေက တကယ်စူးစိုက်ခြင်းတွေဖြစ်လာခဲ့သည်။ သူ ရေး ကို သိခဲ့တာက သူမဟာ နာမည်ကြီးတဲ့ မင်းသမီးပဲဖြစ်ဖြစ် ရင်ထဲမှာ ဘာမှ အလေးအနက်ထားခဲ့ဘဲ သူ့ကိုလက်ထပ်ခဲ့ခြင်းအပေါ် မှာလည်း





ထိခိုက်ခြင်း၊ ပျော်ရွှင်ခြင်းဆိုတာတွေ ဖြစ်ထားပုံမရှိတဲ့ မိန်းကလေး။

အတိတ်ကို မခင်တွယ်တတ်ဘဲ အနာဂတ်မှာ ပျော်မွေ့လွယ်မည့် မျက်ဝန်းများက လွတ်လပ်ပွင့်လင်းမှုတွေကို သူ ဆုပ်ဖမ်းထားခဲ့သည်။

လက်ထပ်ပြီးခဲ့သည့်အချိန်မှာတော့ သူမမျက်ဝန်းထဲမှာ ဘာမဆို အလေးအနက်တွေပဲဖြစ်နေ၏။ အခု သူ ဖွင့်ဟမေးခဲ့သည်အထိ ဒီလို ပြန်ဖြေလာနိုင်သည်ဟု မထင်ခဲ့တာ အမှန်ပင်။

သူမ်နှင့်စကားပြောခဲ့စဉ် ပြုံးနေသည့် နှုတ်ခမ်းလွှာတို့ကို သတိရမိသေးသည်။

"ရေး ဘက်ကတော့ မေးမြန်းညှိနှိုင်းဖို့ ဘာညာတွေမရှိပါဘူး၊ ရှင် ဘာမေးချင်တာလဲ၊ မေးလေ"

"မမေးပါဘူး၊ ကိုယ် မင်းဆီကိုလာတာ မေးချင်တာတွေရှိလို့မှမဟုတ်တာ"

"မသိဘူးလေ၊ ရှင့်ဘက်ကတော့ သိချင်တာတွေရှိမှာပဲလို့ ရေး က ထင်တာ၊ အန်တီမမတို့ဆို ခဏခဏပြောတတ်တယ်၊ သွားလာနေထိုင်ပုံတွေက လူပြောချင်စရာချည်းပဲတဲ့၊ ရေး ဆိုရင် မသိတဲ့သူမရှိအောင်ဖြစ်နေပြီတဲ့၊ အဟွန်း"

"မင်း သိပ်လှလို့ဖြစ်မှာပါ"

"မဟုတ်လောက်ဘူးထင်တယ်၊ ရှင်ရော အဲဒီလိုထင်တာ တကယ်ဟုတ်ရဲ့လား။ အခု ရှင်မေးချင်တာ မရှိဘူးဆိုပေမယ့် အားနာလောက်စရာမို့လို့ ပြန်ရုပ်သိမ်းလိုက်ရတဲ့မေးခွန်းဆိုရင် အားမနာတမ်းမေးဖို့ ပြောချင်တာ"

"ကိုယ် ဘယ်လိုမေးလာရင် ဘယ်လိုဖြေမယ်ဆိုတဲ့ ပြင်ဆင်မှုတွေ မင်းမှာရှိနေမှာပေါ့၊ ဖြေတယ်ဆိုတာကလဲ ပါးစပ်က ဘယ်လိုဖြေဖြေ ဖြစ်တာပဲမဟုတ်လား၊ မေးခွန်းမေးခြင်းကို ကိုယ် စိတ်မဝင်စားဘူး၊ မင်းဘက်



www.burmeseclassic.com

က ပြောပြချင်နေတာရှိရင်တော့ နားထောင်ပေးမှာပါ"

"ဟား ဟား"

မိန်းကလေးပေမယ့် မျက်နှာမော့၍ အားပါးတရရယ်တတ်သည်။ ရယ်သံညက်ညက်လေးက မတိုးမကျယ်ဖြစ်လျက် နားဝင်ပီယံသံစဉ်မျိုးဖြစ်သည်။

"ရယ်ရတယ်နော်၊ ရေး ဆီကိုလာတဲ့သူက ရေး ကို မယုံကြည်တဲ့သူဖြစ်နေတယ်၊ အဲဒါကြောင့် ရင်ထဲမှာရှိရင် မေးပါလို့ ရှင့်ကိုပြောတာ။ ညာပြောတာ, မပြောတာက ရေး ဘက်ကကိစ္စပဲ၊ ယုံကြည်သင့်,မသင့်ကို ဆုံးဖြတ်နိုင်စွမ်းကျတော့ ရှင့်ရဲ့အရည်အချင်း၊ တစ်ဖက်မှာ လက်နက်တပ်ကြီးတစ်တပ်လုံးနဲ့ တိုက်ခိုက်ဖို့ပြင်ဆင်ထားရင်တောင် ရေး ကတော့ မကြောက်ဘူး။ အဲဒါကြောင့် ကိုယ့်ဘေးမှာ သေလောက်အောင်ဝပ်စင်းခယနေကြတဲ့ယောကျ်ားတွေကို ခေါက်ထားပစ်ခဲ့ပြီး မာနတွေလေထန်ပြီး ဘေးကို ဖြတ်ခနဲကျလာတဲ့ပန်းတစ်ပွင့်ကို ရဲရဲတင်းတင်းကောက်နမ်းဖို့ပြင်လိုက်တာ"

သူမက ပြောချင်သလိုပြောနေပြီး လင်းအား စိုက်ကြည့်နေတာကိုလည်း လှောင်ပြုံးနှင့် ရယ်လိုက်သေးသည်။

"တကယ်ပြောတာ၊ လင်းအား ဆိုတဲ့လူကို မမြင်ဘူး,မသိဘူးဘဲနဲ့ ကြားနေရတဲ့သတင်းစကားများအရ ရွေးချယ်သင့်တဲ့လူလို့ သတ်မှတ်ခဲ့တယ်၊ မျက်စိအောက်ရောက်လာတော့လဲ မာကျောကျောပြောတတ်တာမိန်းကလေးတစ်ယောက်အပေါ် ဂရုတစိုက်ပြုဖို့ ဝန်လေးတတ်တာ၊ အဲဒီလိုသရုပ်တွေ ရှင့်မျက်နှာအမူအရာမှာ ပေါ်နေပေမယ့် ရေး နောင်တမရပါဘူး။ ခုနကပြောသလိုပေါ့၊ ဘယ်ကလေတိုက်ပြီး ကိုယ့်ဆီရောက်လာမှန်းမသိပေမယ့် အဆိပ်ပန်းဖြစ်ဖြစ်၊ ဆေးပန်းဖြစ်ဖြစ် ပန်းကို ပန်းလို့ပဲမြင်ထားလိုက်နိုင်တယ်"





"လူတွေက ပန်းတွေမှမဟုတ်ဘဲ၊ ဒြပ်ရှိ,ဒြပ်မဲ့ ဘာမဆို ကွဲပြားခြားနားမှုတွေ အမျိုးအစားတွေ သူ့အလုပ်နဲ့သူ ရှိကြတယ်လေ၊ အိမ်ထောင်ဖက်ဆိုတဲ့စကားကိုက ရွေးချယ်ခြင်းဆိုတဲ့သရုပ်ကို ဖော်နေတာ၊ ကိုယ်ကတော့ ရွေးချယ်ကြည့်ဖို့ဝါသနာမပါဘူး။ ရွေးလိုက်တာဟာ အကောင်းဆုံးဖြစ်နေဖို့ပဲ အဓိက"

"ဒါဆို ရှင့်ရဲ့အိမ်ထောင်ဖက်က ရေး ဖြစ်လာတဲ့အတွက် ဘယ်လိုသတ်မှတ်လိုက်သလဲ"

"ဒါ မင်းသိချင်နေတဲ့ အဓိကမေးခွန်းလား"

"ထားလိုက်ပါတော့၊ ရှင်က မေးဖို့မရှိဘူးဆိုတော့ ရေးရဲ့မေးခွန်းပေါ့"

"သတ်မှတ်ချက်တွေ ထွက်လာဖို့က စောပါသေးတယ်၊ မင်းနဲ့ကိုယ်ဟာစကားအတိုင်း နာခံခဲ့ကြတဲ့ အဓိကဆုံးဖြတ်ချက်က အိမ်ထောင်ဖက်အဖြစ် လက်ခံပေးလိုက်ကြတဲ့အဆင့်ပဲ။ လူကောင်း,လူဆိုးကတော့ နှစ်ယောက်အတူ ခရီးဆက်ကြပြီဆိုမှ သိလာမှာ၊ အဲဒီအတွက် ကိုယ့်ထက်မင်းက ပိုပြီးသတ္တိကောင်းပုံရတယ်နော်၊ ကျေးဇူးပဲ"

"မတင်နဲ့ဦးလေ၊ ရေး က ရှင့်ကိုယုံကြည်ပြီး သတ္တိတွေဖြစ်နေတာမဟုတ်ဘူး၊ ကိုယ့်ဆုံးဖြတ်ချက်ကိုယုံကြည်တာ"တဲ့။

သူမနဲ့ စကားတွေပြောမိခဲ့သမျှ အတိတ်ကအကြောင်းတွေ မပါ။ တွေဝေတုံ့ဆိုင်းစေတဲ့အမူအရာ နည်းနည်းမှမရှိ။

ခုကျမှ သူမမှာ နင့်သီးသောခံစားချက်တွေ ရှိနေသတဲ့လား။

သူ့မေးခွန်းကို ရေး က မဖြေဘဲ အလုပ်တွေကို လက်စသတ်နေခဲ့၏။ သူလည်း နှုတ်ဆိတ်သွားခဲ့ကာ ရင်ခုန်သံကင်းမဲ့သော ညတာက ရှည်သွားစွာ .. ...။

★ ★ ★

www.burmeseclassic.com



## အခန်း (၇)

"ကျွန်တော့်ကိုပေး မမေ"

"မကိုင်နဲ့တော့ သားရယ်၊ အရေးကြီးတဲ့အလုပ်ကိစ္စဆိုရင် ဟိုက အကြောင်းကြားပြီး သားက မနေနိုင်ဖြစ်ဦးမယ်၊ နေကောင်းသေးတာ မဟုတ်ဘဲနဲ့ အေးအေးဆေးဆေးပဲနားလိုက်ပါ"

ပြောနေရင်း ဒေါ်ဆွေလတ်က လက်ကိုင်ဖုန်းနှင့် ဝရန်တာဘက်ကို ထွက်သွား၏။ မေး က စွတ်ပြုတ်ပန်းကန်လေးနဲ့ အခန်းထဲဝင်လာသည်။

အလုပ်ကိစ္စဆို ကိုယ်တိုင်လုပ်ရမှ စိတ်တိုင်းကျသည့် လင်းအား မျက်နှာက စွတ်ပြုတ်ပန်းကန်ကိုမြင်တော့ ပို၍မဲ့ကျသွားကာ အိပ်ရာပေါ် ကနေ ခြေချထိုင်ဖို့ စောင်ကိုခွာချ၏။

"စောင်ကိုမဖယ်နဲ့လေ၊ အဖျားကျသွားတာ မကြာသေးဘဲနဲ့"

"မတတ်နိုင်ဘူးကွာ၊ နားနေရတာ သုံးရက်ရှိပြီ နောက်တစ်ခါ အဖျား ပြန်တက်လဲ မနက်ဖြန် ဆေးသောက်ပြီး အလုပ်သွားရမှာပဲ"





ဒီလောက်ချမ်းသာကြွယ်ဝပြီးဖြစ်တာတောင် ကိုယ့်ကျန်းမာရေးထက် ငွေကို ပိုပြီးမက်မောနေသည့် လင်းအားကို မေး က စိတ်ပျက်သလို လေးကြည့်၍ ပန်းကန်ကို ချလိုက်သည်။

တစ်ခါတည်းပြင်ထားပြီးသည့် သောက်ဆေးနဲ့ရေခွက်ကိုပါ နေရာတကျထားကာ ပြီးမှ သူမက ခုံပုလေးပေါ်မှာ ထိုင်လိုက်၏။

"ဟော စွတ်ပြုတ်ရပြီလား၊ သမီးက လုပ်တာကိုင်တာ မြန်သားပဲ၊ စွတ်ပြုတ်ကလဲ မွှေးနေတာပဲ"

ဒေါ်ဆွေလတ် ပြန်ဝင်လာပြီး စွတ်ပြုတ်ပန်းကန်ကိုကြည့်၍ ကျေနပ်နေသည့်မျက်နှာကြီးနှင့် ...

"သားက လူမမာစာဆို သိပ်ကြောက်တာ၊ သူ နေမကောင်းရင် ဟိုး ထော်ယော်ကတည်းက ဆေးမထိုးမှာ၊ ဆေးမသောက်မှာ မပူရဘူး၊ အဲဒီ ဆန်ပြုတ်၊ စွတ်ပြုတ်တိုက်ဖို့ကိုပဲ ဦးနှောက်ခြောက်ရတာ"

ပြောနေရင်း ခေါင်းရင်းစားပွဲပေါ်မှာတင်ထားသည့် သူမ၏ လက်ဓိုင် အိတ်ကြီးကိုယူ၍ လက်မှာချိတ်လိုက်သည်။ ဖုန်းကို မေး ရဲ့ ကျောနောက် မှာ ချလိုက်ပြီး ...

"ဒီမှာ ဖုန်းထားတယ်နော် သမီး၊ ပိတ်တော့မပိတ်နဲ့ပေါ့၊ သူ့ကိုလဲ ပေးမကိုင်နဲ့ သိလား၊ ကိုယ့်ဘာသာ အဆင်ပြေအောင်ပြန်ပြောပေးလိုက်၊ သူက စိတ်မထင်ရင် အနွေးထည်ကောက်ဝတ်ပြီး ထ,ထွက်သွားတတ် တာ"

"မေမေကလဲ ကျွန်တော့်ကို ဆယ့်ခြောက်နှစ်သားလေးကျနေတာပဲ၊ အဲဒီလောက်မှာမနေပါနဲ့"

လင်းအား မျက်နှာက ပြောသည့်စကားလုံးထက် ပိုတင်းနေ၏။ လူမ မာဖြစ်ရခြင်းကို မကျေနပ်သည့်အပေါ်မှာ နောက်ထပ် ဖိနှိပ်ခံလိုက်ရ သလိုမျိုး ဒေါသတွေဖြစ်နေခဲ့၏။

www.burmeseclassic.com



ဒေါ်ဆွေလတ် ကလည်း ကိုယ့်သားအကြောင်း သိနေသည်။ ဒါ
ကြောင့် နေမကောင်းဖြစ်နေသည်ဟု ကြားသည်နှင့် ချက်ချင်းပြေးလာခဲ့
တာဖြစ်၏။

အိမ်ထောင်ကျပြီးသွားပေမယ့် သူ့မိန်းမရှိတာပဲဆိုပြီး ပစ်မထားနိုင်။
ဒီမိန်းကလေး ချောသည် လှသည်၊ ဥစ္စာငွေပါ ရုပ်ချော ပညာတတ်လေးဆို
သည့် အသိုင်းအဝိုင်း၊ ဂုဏ်ပါမကျန် ဒိတ်ကြိုက်ရွေးချယ်လက်ထပ်ပေးခဲ့
တာလည်းမှန်သည်။

သို့သော် သားနဲ့ပေါင်းသင်းကြတဲ့အပိုင်းမှာကျတော့ လင်ကို ပြုစု
ကြင်နာတတ်တဲ့ မိန်းမမျိုး ဟုတ်မဟုတ် ကိုယ် မသိနိုင်။

မိန်းမတို့တတ်အပ်သော အိမ်ထောင်မှုနိုင်နင်းခြင်းဆိုင်ရာ အရည်
အချင်းကောင်းတွေ ရှိနေဖို့ဆိုတာကလည်း ကံစမ်းမဲနှိုက်ထားရသလိုပဲမို့
မသေချာ။

ထို့ကြောင့် ကိုယ့်သားလေးကိုပြုစုဖို့ ကိုယ်ပဲ ပြေးလာခဲ့ရသည်။ ခု
တော့ ဒေါ်ဆွေလတ် ကြည်နူးချမ်းမြေ့စွာအပ်နှံနေပြီဖြစ်၏။

"ပြောနေရင်းနဲ့ တွေ့လား သမီး၊ သမီးယောက်ျားကို ပြုစုဖို့ သမီး
နိုင်နင်းမှဖြစ်မှာနော်၊ နေမကောင်းသေးဘဲ အလုပ်ထမသွားစေနဲ့ စား
သင့်တာကိုစားဖို့လဲ ရအောင်စည်းရုံးပေး"

ဒေါ်ဆွေလတ် က သားဖြစ်သူကို ဘယ်လိုမှအပြစ်မမြင်နိုင်သည့်
ချစ်ခင်ခြင်းအပြုံးများနှင့် ပြောနေရင်း ကားပေါ်ရောက်သွား၏။

ကားထွက်သွားသံကြားပြီးနောက်မှာ လင်းအားထံမှ 'ကျွတ်'ခနဲစုတ်
သတ်လိုက်ခြင်းကို ကြားရကာ ...

"ဖုန်းခဏပေးစမ်းပါ"

"ဘာလုပ်ဖို့လဲ"

"အလုပ်ကိစ္စပြောစရာရှိလို့၊ မေမေက တစ်လျှောက်လုံး ဖုန်း လုံးဝ
ပေးမကိုင်ဘူး၊ စိုးရိမ်တယ်ဆိုတာက အတိုင်းအတာတော့ရှိသင့်တာပေါ့"

ပြောနေရင်း လက်လှမ်းလာသဖြင့် ဒေါ်ဆွေလတ် မှာခဲ့တာကို သတိ
ရပေမယ့် မေး ဘာမှမပြောတော့ဘဲ ဖုန်းကို လက်ထဲထည့်ပေးလိုက်
သည်။

ပြီးတော့ စွတ်ပြုတ်ပူပူကို အေးသွားအောင် မွှေပေးနေလိုက်၏။

"ဒါဆို အခု လာခဲ့မယ်၊ နာရီဝက်လောက်စောင့်"

အဆုံးသတ်စကားကိုကြားလိုက်ရသည်နှင့် ဇွန်းကိုင်၍မွှေနေသည့်
မေး လက်ကလေး ရပ်တန့်သွား၏။ သူ့ကိုကြည့်လိုက်တော့ သူက ကြည့်
တာနှင့် ဆုံမိသည်။

လင်းအား က အပြစ်ရှိသူတစ်ယောက်လို မျက်ဝန်းတွေ ရှေ့ဖယ်သွား
တာ ခုတင်ပေါ်ကဆင်းလိုက်၏။ မေး ဒေါသ ထောင်းခနဲဖြစ်သွားပေမယ့်
ဘာမှမပြောမိအောင်နေဖို့လည်း ဆုံးဖြတ်ပြီးဖြစ်သည်။

ဇွန်းကို ပန်းကန်ထဲမှာ အသာပြန်ချကာ သူ ဆေးတော့သောက်သွား
မှာကိုသိကာ ဆေးတစ်ခွက်စာပြင်ထားသည့် ကြွေပန်းကန်ဝိုင်းပြားပြား
လေးကို မြင်သာအောင် နေရာထပ်ရွှေ့ပေးလိုက်၏။

ပြီးတော့ နေရာမှထရပ်လိုက်လျှင် ...

"အလုပ်တွေပုံထားရတာ တော်တော်ကြာနေလို့ မသွားလို့မရဘူး၊
နှစ်နာရီလောက်ပဲကြာမှာ"

ဟု မေး က ဘာမှမမေးရသေးခင် သူ့ဘာသာပြောသည်။

"ကိုယ့်အခြေအနေကိုယ်သိတာပဲ၊ ဖြစ်မယ်ထင်ရင်သွားပေါ့"

"ရေး ..."

လင်းအား က မေး လက်ကလေးကို လှမ်းဆွဲလိုက်၏။ မေး က
ရှည့်အထွက်မို့ သူပြန်ဆွဲလိုက်သဖြင့် တစ်ကိုယ်လုံး ယိုင်ခနဲပြိုပါသွား
သည်။




ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ဒေါသဖြစ်သွားတာလား"

"ဟုတ်တယ်၊ အစက မဟုတ်ဘူး၊ ခုမှ တကယ်ဒေါသဖြစ်တာ"

ပြောပြီး လက်ကိုခါချပစ်မိ၏။ လင်းအား က ပို၍ဖိဆုပ်ထားကာ…

"မေမေက လူကြီးမို့ တစ်ယူသန်စိတ်ပူနေတာလေ၊ မင်းက နားလည်ရမှာပေါ့၊ ဒီလောက်လူပုံကြီးနဲ့ ကိုယ်ပူဖျားနာဖြစ်တာလေးကို စောင်မြှုကွေးနေရမှာလား၊ ပြီးတော့ တစ်ရက် တစ်မနက်လဲမဟုတ်ဘူး"

သူက ထင်သလိုတွေးပြီး ပြောချင်တာပြောနေသည်။ မေး ဖြစ်နေသည့်ဒေါသက သူ့ရဲ့ဖျားနာကိစ္စနဲ့ ဘာမှမဆိုင်တော့တာ ကိုယ့်ကိုယ်ကိုသိ၏။

ပူနွေးသည့်လက်ထဲမှာ ဖိဆုပ်ခံထားရသည့် ကိုယ့်လက်ကို ဘယ်လိုခါချရုန်းထွက်ရမှန်းမသိ။ သူ့ဘက်က သူ့ဇနီးမို့ ဆွဲကိုင်ထားရဲသည့်အဖြစ်က မှန်ပေမယ့် မေး ဘက်ကကျတော့ ကိုယ့်ယောကျ်ားမှမဟုတ်ဘဲ။

ခွင့်တောင်းတာလည်းမဟုတ်၊ ဂရုစိုက်တာမျိုးလည်းမဟုတ်ဘဲ သူ့ဘာသာဖြေရှင်းပြောရင်း လင်းအား က ထွက်ခွာသွားလေသည်။

မကျေမနပ်ကျန်ခဲ့သည့်ဒေါသက နှစ်နာရီလောက်ပဲဆိုပြီး ညနေစောင်းတဲ့အထိ သူ ပြန်မလာတော့ အခန်းထဲဝင်ပြီး တံခါးပိတ်နေလိုက်မိ၏။

"ရေး … သမီး"

"ရှင် …"

စာဖတ်နေရင်း မေးခနဲအိပ်ပျော်သွားသဖြင့် ခေါ်သံကြားလိုက်တော့ လန့်သွားသည်။ လူက ဆတ်ခနဲဖြစ်သွားပြီး စာအုပ်က ရင်ဘတ်ပေါ် ပြုတ်ကျ၏။

"လူလေး ပြန်မလာသေးဘူး၊ ညစာပြင်ထားလိုက်ရမလား"

ဟုတ်ပါရဲ့၊ ည ခုနစ်နာရီထိုးနေပြီပဲ။ မေး ဒရင်းဘတ်ဒ်ပေါ်ကနေ





ထလိုက်ပြီး ဆံပင်တွေ၊ အင်္ကျီတွေကို ဆွဲသပ်ချကာ တံခါးဖွင့်လိုက်သည်။

"ဟင် … သမီး အိပ်နေတာလား"

ဒေါ်ညို ဖျာဖျာသလဲဖြစ်သွား၏။ မေး က ခေါင်းခါပြလိုက်၍ …

"မပျော်သေးပါဘူး၊ စာဖတ်ရင်း အိပ်ငိုက်နေတာ၊ ထမင်းပွဲပြင်မထားနဲ့တော့လေ၊ သူ ထမင်းစားလို့မရသေးဘူး"

"သမီးကော …"

"ကျွန်မလဲ မဆာသေးဘူး၊ ဆာမှပဲ ကိုယ့်ဘာသာ ထည့်စားလိုက်တော့မယ်"

"ဒါဆို ကြီးကြီးညို မီးပူဆက်တိုက်လိုက်ဦးမယ်၊ သမီး ခိုင်းစရာရှိရင် ခေါ်နော်"

"ဟုတ်ကဲ့"

အိမ်ကြီးက ကြီးလွန်းသဖြင့် တမင်တကာမလာဘဲ တစ်ယောက်နဲ့တစ်ယောက် တွေ့ဖို့က မလွယ်ပေ။

ပြီးတော့ ဒီတစ်အိမ်လုံး အမြဲတမ်း လက်လက်တောက်နေဖို့အတွက် လူလေး၊ ငါးယောက်တည်း အင်အားနှင့်လုပ်ကိုင်ကြရတာ ဘယ်လိုမှ မောက်သာနိုင်၊ ထို့ကြောင့် တော်ရုံအလုပ်လောက်ဆို မေး ကိုယ့်ဘာသာပဲ လုပ်ထားလိုက်သည်။

ထိုညက ရှစ်နာရီကျော်တဲ့အထိ သူ ပြန်ရောက်မလာဘဲ ဒေါ်ညိုတို့အားလုံး အိပ်ရာဝင်သွားကြကာမှ ဒေါ်ခွေလတ်ဆီက ဖုန်းလာ၏၊

"သား အဖျားပြန်တက်သေးလား" တဲ့။

'နေ့လယ်ကတည်းကထွက်သွားတာ ပြန်မလာသေးဘူး'လို့များ ပြောဖြလိုက်ရင် ဘယ်လိုဖြစ်သွားမည်မသိ။

"ဆေးသောက်ပြီးအိပ်နေတယ် မေမေ"

လို့ ညာလိုက်ရတာ လျှာတွေယားသွားသလိုလို။ သူ ပြန်ရောက်



www.burmeseclassic.com

တော့ ည ကိုးနာရီကျော်နေပြီ။

"ရေး ... ဟိတ် ..."

"ဟင် ... ရှင် ..."

မေးဖျားကို သူ့လက်ခုံနဲ့တို့ကိုက်နှိုးလိုက်သဖြင့် ဆိုဖာပေါ်မှာ သူ့ကို စောင့်ရင်း အိပ်ပျော်နေသည့် မေး လန့်ဖျပ်နိုးသွား၏။

လင်းအား က ထပ်ဝတ်သွားသည့်ခေါင်းစွတ်ဆွယ်တာချိုင်းပြတ်ကို ခေါင်းကနေ လှန်ချွတ်ပစ်လိုက်ပြီး အကျီကြောင့် ဖွာထွက်သွားသည့်ဆံပင် တွေကို ဖိသပ်ချသည်။

မေး နိုးသွားတာကို လှည့်မကြည့်တော့ဘဲ အိပ်ခန်းထဲကို တန်းဝင် သွားရင်း ...

"ခေါင်းတွေတအားကိုက်နေတယ်ကွာ၊ ကော်ဖီတစ်ခွက်လောက် ဖျော်ခဲ့စမ်းပါ၊ ဆေးသောက်လိုက်ချင်လို့"

တော်တော်ပင်ပန်းလာသည့်အသံနှင့် ပြောသွားသဖြင့် စိတ်မပါ့ ထလိုက်ရခြင်းကနေ စိုးရိမ်စိတ်လေး ဝင်သွားမိသည်။

ကော်ဖီဖျော်ပြီး ကိတ်မုန့်တစ်ချပ်ပါယူခဲ့ကာ အခန်းထဲကိုဝင်လိုက် တော့ လင်းအား က မွေ့ရာစပ်မှာ ငုတ်တုတ်ထိုင်လျက် သူ့ဇက်ကို သူ့ လက်နဲ့ပြန်နှိပ်ပြီး ရှုံ့မဲ့မဲ့ဖြစ်နေ၏။

မေး စိတ်မကောင်းဖြစ်သွားမိသည်။

တကယ်ဆို နှိပ်နယ်ပြုစုပေးသင့်မှန်း သိပါသည်။ ဒါပေမယ့် ကိုယ်က ရေး မှ [illegible] ဟုတ်ဘဲ ပိုဆိုးတာက ဒီလူနဲ့ထိတွေ့ပြီတွယ်မိခြင်းကို အထူးသဖြင့် ရှောင်နေရမှ [illegible] ဘမို့ မတတ်နိုင်ပါ။

မမြင်ချင်ယောင်ဆောင်လိုက်ပြီး ကော်ဖီပန်းကန်ကို သူ ထိုင်နေသည့် ဘေးက စားပွဲပေါ် မှာ တင်လိုက်သည်။

"ပန်းပါစားလိုက်နော်၊ ကော်ဖီချည်းပဲဆိုတော့ ဒီအချိန်ရောက်မှ အိ





ပျော်ရင် ခက်မယ်၊ ပြီးတော့ ဆေးလဲသောက်ရဦးမှာ"

"မေမေ ဖုန်းဆက်သေးလား"

"ဆက်တယ်၊ ကျွန်မ ကြည့်ကောင်းအောင် ပြောလိုက်ပါတယ်"

မေးတာကိုဖြေရင်း ပြန်လှည့်ထွက်ဖို့ မေး ခြေလှမ်းပြင်၏။ လင်းအား က စကားမပြတ်နိုင်။

"နေ့လယ်က ကိုယ် ပြန်လှည့်မလို့ကြိုးစားသေးတယ်၊ အလုပ်တွေ တအားရှုပ်သွားတာ ဖုန်းဆက်ဖို့တောင် မအားဘူး။ ခု ပြန်တော့လဲ မင်း အိပ်နေတာကိုနှိုးရသေးတယ်၊ ဆောရီးနော်၊ ကိုယ် တောင်းပန်တယ်"

"ရပါတယ်၊ ရှင် ကော်ဖီသောက်ပြီးရင် ဆေးသောက်လိုက်ပါ"

"နေပါဦး"

"အို ..."

လင်းအား က ထိုင်ရာကနေ မေး လက်ဖျားလေးကို လှမ်းဆုပ်လိုက် ၏။ လက်ဖျားလေးပေမယ့် ရုန်းလို့မရအောင် ဖိဆုပ်လိုက်တာဖြစ်သည်။

"ကိုယ့်ကို နည်းနည်းလောက် နှိပ်မပေးချင်ဘူးလား"

နှိပ်ပေးသင့်ပေမယ့် သူ့အတွက် ကိုယ့်ဘက်က အကြင်နာတွေပြနေ လို့မဖြစ်။

"လူကြီးက မသင့်တော်လို့ တားထားတဲ့လမ်းကို ရှင် ထွက်သွားတာ ပဲ ဖြစ်လာတာကိုတော့ ကိုယ့်ဘာသာခံသင့်တာပေါ့၊ ကျွန်မ အိပ်ချင်နေပြီ"

လင်းအား မျက်နှာ ကွက်ခနဲပျက်သွား၏။ ဆုပ်ကိုင်ထားသည့်လက် က လျော့ရိလျော့ရဲဖြစ်သွားသလားမသိ။ မေး နောက်တစ်ခါ ခါချလိုက် တော့ ပြေကျသွား၏။

သူ တိတ်ဆိတ်စွာကျန်ခဲ့ပေမယ့် မေး ဘယ်လိုမှ အိပ်မပျော်နိုင် တော့ပေ။

'ငါနဲ့မဆိုင်ဘူး'လို့ ကိုယ့်ကိုယ်ကို ဥပေက္ခာစိတ်ထားနိုင်အောင် ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုကြိုးစားပေမယ့် ရင်ထဲမှာပူနေသလိုပင်။

နှာခေါင်းသံနှင့် စကားပြောတာ၊ သူ့ဇက်ကိုသူပြန်နှိပ်နေတာ၊ ရှုံ့မဲ့ မျက်နှာက အစ မျက်လုံးထဲက မထွက်နိုင်ဘဲ ကိုယ့်မှာ အပြစ်ကြီးတစ် ကျူးလွန်ထားရသလို ခံစားနေရ၏။ နောက်ဆုံး ဘယ်လိုမှနေမရတော့ ခြေသံဖွဖွနှင့် သူ့အိပ်ခန်းဆီကို ထလျှောက်သွားခဲ့မိ၏။

ကိုတ်မုန့်ကို လုံးဝ မထိတို့ဘဲ ကော်ဖီတစ်ဝက်ကျအောင်သော ထားတာတွေ့သည်။ ဆေးသောက်ပြီးပြီမှန်းသိသော်လည်း ကိုယ်ပူတ နေသလား၊ သက်သာရဲ့လားဟု သိချင်သည့်စိတ်ကြောင့် နောက်ပြ မလှည့်နိုင်ဘဲ မေး ဒုက္ခရောက်နေခဲ့၏။

ည ဆယ့်နှစ်နာရီဆိုသောအချိန်က ပတ်ဝန်းကျင်တစ်ခွင်လုံး အပ် သံပင်ကြားရလောက်အောင် တိတ်ဆိတ်နေပြီမို့ မိုးချောင်းမိုးဂုဏ်လှုပ် ရင်း ရင်ခုန်နေသည့် မေး အဖြစ်က လက်တစ်ဖက်နှင့် ကိုယ့်ရင်ဘတ် ဖိကပ်ထားရ၏။

အိပ်ရာပေါ်မှာ စောင်မခြုံဘဲ နဖူးပေါ် လက်တင်လျက် အိပ်ပျော် သည့် လင်းအား ကတော့ ဘာမှသိမှာမဟုတ်ပါ။

မတော်လို့ သူ အိပ်မပျော်သေးလျှင် လည်ပင်းကိုစမ်းလိုက်တာ နိုးသွားနိုင်၏။ အိပ်ရာဘေးမှာ နီးနီးကပ်ကပ်လေးရပ်မိပြီး စမ်းကြည့် ငံ့သွားလိုက်၊ မစမ်းဝံ့ဘဲ ခါးလေးပြန်မတ်သွားလိုက်။

အကြာကြီးဖြစ်နေပြီးမှ လည်ပင်းကိုမစမ်းဝံ့သဖြင့် သူ့လက်ဖဝါးကို သာသာလေးထိကိုင်ကြည့်ရသည်။

နဖူးဆို သိသာပေမယ့် လက်ချင်းထိကြည့်ရုံနှင့် ချက်ချင်း မခန့်မှ နိုင်ပေ။ ထိကပ်ကြည့်ရင်း ဆုပ်ကိုင်ကြည့်မိသည်အထိ စမ်းတော့မှ ကိုယ် တွေ့ပူနေတာကိုသိလိုက်ရသည်။

"ဒုက္ခပါပဲ"





နှုတ်မှ ဖွဖွရေရွတ်ရင်း တစ်ယောက်တည်း အကြံအိုက်သွားမိ၏။ ခန်းထဲမှာလည်း ဘာမှ ပြည့်ပြည့်စုံစုံမရှိပေ။ နှစ်ဦးသဘောတူ အတူ အိပ်ခြင်းဖြစ်ကာ မင်္ဂလာအိပ်ခန်းကြီးကို ဒီတိုင်းထားခဲ့ကြသည်။

ထိုအိပ်ခန်းကြီးထဲမှာ စောင်၊ ခေါင်းအုံးအပို၊ ဆေးဗီရိုက အစ အားလုံး အဆင်သင့်ရှိပေမယ့် ဒီထဲမှာ အိပ်ရာနဲ့ စာကြည့်စားပွဲအပြင် ဘာမှမရှိ။

တစ်ညလုံး မေး ဗျာများနေခဲ့သမျှ လင်းအား ကတော့ ငြိမ်းချမ်းစွာ အိပ်စက်ခဲ့လေသည်။

ဒီည ပြဿနာညများလား .....။

* * *



www.burmeseclassic.com

## အခန်း (၈)

မနက်စောစောထ တတ်သည့်အကျင့်ကြောင့် ညက အိပ်ရေးပျက်ထားသဖြင့် မျက်လုံးတွေ စပ်ဖျင်းဖျင်း ဖန်တွတ်တွတ်နှင့် စိတ်ကလည်း မကြည်။

"ဆွမ်းတော်ပွဲတွေ ပြင်ပြီးပြီလား မိုးမိုး"

"ဟယ် ... မမလေး နိုးလာတယ်"

မနက်ငါးနာရီအချိန်ဟာ ပီပြင်သောအလင်းရောင် မရသေးပါ။ အိမ်ထဲမှာလည်း လျှပ်စစ်မီးရောင်တွေနှင့် ဖွေးနေဆဲဖြစ်၏။ မိုးမိုးက မေ့ကိုမြင်တော့ တအံ့တသြနှင့် ...

"ညက မမလေး အစ်ကိုလေး နေမကောင်းလို့ အိပ်ရေးပျက်ထားတယ်တဲ့၊ ဆွမ်းတော်ကပ်ဖို့ သွားမနှိုးနဲ့ဆိုပြီး ကြီးကြီးညိုက တစ်ခါတည်း ဆွမ်းတော်ကပ်လိုက်တယ်"

"ဟုတ်လား၊ ပြီးပြီဆို ပြီးတာပဲလေ"





"မမလေး ပြန်အိပ်မှာလား။ စားစရာ ကျွန်မ ဘာလုပ်ပေးရမလဲဟင်"

"နေပါစေ ဘာမှမလုပ်နဲ့"

နွမ်းနေသည့်စိတ်က စကားပင် မပြောချင်။

ရေချိုးခန်းထဲမှာ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး မှန်ရှေ့မှာရပ်ကာ ပါလာသည့်ပဝါနှင့် ပွတ်တိုက်သုတ်နေမိ၏။

ငဝါရောင်စပို့ရှပ်လက်ပြတ်လေးနှင့် ကိုယ့်ပုံကိုမြင်တော့ ညက ညဝတ်အင်္ကျီလဲဖို့တောင် သတိမရနိုင်သည့်အဖြစ်ကို သဘောပေါက်ရ၏။

ဖြန့်ချထားသည့်ဆံပင်ရှည်တွေက အိပ်ရာဝင်ချိန် ဖြီးနေကျမို့ အိပ်ရာထချိန်မှာ အကြည့်ရဆိုးအောင် ရှုပ်ပွနေတာမျိုး ဘယ်တော့မှ မဖြစ်ပေ။

ဒါပေမယ့် မျက်နှာသစ်ထားသည့် နဖူးဆံစပ်နှင့် နားသယ်စပ်တို့မှာ ဆံနွယ်ကပ်ကပ်လေးတွေဖြစ်နေကြသည်။ မှန်ထဲမှာကြည့်ရင်း ထိုရေစက်တွေကို ပဝါနဲ့လိုက်ပွတ်နေမိ၏။

ထိုစဉ် ရေချိုးခန်းတံခါး ရုပ်ခနဲဖြစ်သွားသည်။ လင်းအား ဝင်လာတာကိုမြင်လိုက်သော်လည်း ထိတ်ခနဲငေးကြောင်သွားကာ မေး အသံပေးဖို့ မေ့သွားသည်။

သူ့ဘက်ကို ဖျတ်ခနဲလှည့်ရပ်လိုက်ရင်းမှ ...

"ရှင် ..."

"ဟင် ... ရေး ..."

တံခါးကိုပြန်ပိတ်လိုက်ပြီး မေး အသံကြားမှ သူကလည်း လှည့်ကြည့်ပြီး တအံ့တသြ။

မေး တ တွေဝေမနေတော့ဘဲ အပြင်ထွက်သွားဖို့ သူ့ရှေ့ကနေ ရှောင်ထွက်လိုက်လျှင် ...

"ရေး စောနေပါဦး"

www.burmeseclassic.com



"အို… ပြောစရာရှိရင် ပြီးတော့မှပြောပါ"

သူ လှမ်းဆွဲသည့်လက်ကို မေး က ပုတ်ချလိုက်ပြီး ကမန်းကတန်း တံခါးဖွင့်ထွက်၏။

လင်းအား မျက်မှောင်ကြုတ်လျက်နှင့် ဒီတိုင်းရပ်ကျန်ခဲ့သည်။

မျက်နှာထက်မှာ နားမလည်ခြင်းနှင့်ရောထွေးကာ မကျေနပ်ဖြစ်သွားခဲ့သည့်စိတ်များကြောင့် တင်းခနဲတော့ဖြစ်သွားခဲ့၏။

ဒီလောက်ဖြစ်စရာလား …..။

* * *





## အခန်း (၄)

"အအေးပတ်မှ၊ အစားမှားမှ ဖျားတာမဟုတ်ဘူး သားရဲ့၊ ပင်ပန်းလွန်းရင်းလဲ ဖျားတာပဲ၊ မင်းကို ဟိုအရင်ကတည်းက အလုပ်လဲလုပ်၊ ကိုယ့်ကျန်းမာရေးလဲ ဂရုစိုက်လို့ မေမေ ပြောနေခဲ့တာ နားမှမထောင်ဘဲ ခုဖြစ်ပြီဆိုတော့ ကုရခက်ပြီ၊ အခြေအနေဆိုးနေတာလဲမဟုတ်၊ ပျောက်လဲမပျောက်"

'ပျောက်အောင်မှမနေတာ' လို့ စိတ်ထဲကပြောလိုက်မိရင်း မျက်လုံးက သူ့ဆီရောက်သွားခဲ့သည်။ သူ့က မိုးကြည့်နေတာနှင့် တည့်တည့်တိုးသော မှဲ့ချင်ရှဲ့ချင်ဖြစ်သွားနိုင်သည့်မျက်နှာကို အသည်းအသန် ပြန်လွှဲလိုက်ရ၏။

သူမမှာသာ ထိတ်လန့်ဖျာများခဲ့ရသည်။ လင်းအား က မျက်လုံးချင်းဆုံလိုက်ကာမှ မျက်နှာမလွှဲသည့်အပြင် မျက်မှောင်ကြုတ်လိုက်သေး၏။

သူတို့နှစ်ယောက်အဖြစ်ကို ဒေါ်ဆွေလတ် က မသိပါ။ သူမရင်ထဲမှာ အဖြစ်သူကို ဖြစ်နေရသည့် ကရုဏာဒေါသတွေပဲရှိသည်။ ဖဘာဆိုးသားလေးငေမယ့် ဆုံးမရလွယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နာခံလွယ်တာမျိုးတော့မဟုတ်သော်လည်း ပြောဆိုမရလို့ သူ့ကြောင့် မိဘစိတ်ဆင်းရဲခဲ့ရတယ်ဆိုတာမျိုးလည်း မရှိခဲ့ဖူးပေ။

ထို့ကြောင့် သားတို့ ဒီအသက်အရွယ်ရောက်တဲ့အထိ သူမမှာ လေးစားကြည်နူးစိတ်များနှင့် ချစ်လို့မဝနိုင်။ ပညာစုံလို့ မိဘစီးပွားရေးတွေကို လွှဲပြောင်းဦးစီးပြီဆိုကတည်းက လစ်ကွက်ဟာကွက် ဖြစ်ခဲ့တာမရှိ။ အကြီးအကျယ်မှားယွင်းလွဲချော်တာမျိုးလည်း မဖြစ်ခဲ့။ ပြီးတော့ ပြောသေးသည်။

"စီးပွားရေးဆိုတာ ကံကြမ္မာရဲ့ မျက်လှည့်တစ်ခုပဲ ကျွန်တော်ကတော့ ငွေအမိကနဲ့ စီးပွားရှာတာမဟုတ်ဘူး။ ပြိုင်ဘက်ကောင်းတစ်ဦးနဲ့ ကစားနေရတယ်လို့ပဲမှတ်တာ အရမ်းစိတ်ဝင်စားတယ်၊ ဝါသနာပါတယ်၊ အဲဒါကြောင့် တချို့လူတွေ စိတ်အပန်းဖြေဖို့ ဂိမ်းကစားကြတာတွေ လုပ်တတ်ပေမယ့် ကျွန်တော်က ကွန်ပျူတာရှေ့မှာထိုင်ဆော့ဖို့မလိုဘူး။ အင်တာနက်ထိုင်ဖို့လဲ မလိုဘူးလေ"

ညဘက် မကြာမကြာ ဒင်နာလုပ်တတ်တာမို့ အိမ်မှာ သားရဲ့ မိတ်ဆွေအပေါင်းအသင်းတွေစုံလာတိုင်း မေးတဲ့လူတွေကလည်း ဟိုမေး ဒီမေး၊ သားကလဲ ဒီတိုင်းပဲ ဖြေသံကြားရသည်။

"အားလုံး ပြည့်စုံနေပြီကွ၊ မင်းအတွက် တစ်ခုပဲလိုတော့တာ၊ ဘယ်တော့လဲ"

ဟု မေးကြလျှင် ...

"ဖြစ်လာမှာပေါ့၊ အခုလောလောဆယ် ကျွန်တော့်အတွက် အရေးကြီးတာ အဲဒါမဟုတ်ဘူး"

လို့ ပြန်ဖြေတာတွေ ...

နေမကောင်းဖြစ်နေဆဲ သားဖြစ်သူမျက်နှာကို ပြန်လှည့်ကြည့်၍ ပြုံးနေမိရင်း ဒေါ်ဆွေလတ် ဝီတိစိတ်ထဲမှာ တဒင်္ဂ မျောသွား၏။

"မေမေ ပြန်ချင်ပြန်တော့လေ"





လင်းအား ပြောလိုက်တော့ ဒေါ်ဆွေလတ်က ရယ်သည်။

"သိပါတယ်၊ မေမေ ရှိနေသမျှ နားပူနေမှာဆိုတော့ ပြန်စေချင်ပြီလေ"

"မဟုတ်ပါဘူး"လို့ မပွင့်တပွင့်ပြောပြီး လင်းအား၏ မှုန်ကုတ်ကုတ်မျက်နှာက မပြေချင်၊ တစ်သက်လုံး ဆေးထိုးအပ်မတင်ခဲ့ဖူးသည့်ကိုယ်မှာ ဆေးထိုးလိုက်ရတာ အပ်ရာတွေလည်း ပြည့်နေပြီဖြစ်၏။

သောက်လိုက်ရတဲ့ဆေးတွေဆိုတာ လေတက်တိုင်း ဆေးနံ့တွေ ညှီးပါနေသဖြင့် နှလုံးနာစရာ ဒီလောက် ဆေးတွေနဲ့ လုံးထွေးနေရသည့် အဖြစ်မှာ ပျောက်ကင်းပြီထင်လို့ အပြင်ထွက်မိသည်။ အိမ်ထဲ ပြန်ရောက်တာနဲ့ အဖျားပြန်ဝင်တော့ မေမေက တဖျစ်တောက်တောက်။

ဖျားနာရခြင်းဒုက္ခမှာ ဆေးထိုးဆေးသောက်နေရသည့်ဒုက္ခအပြင် ပြောမကောင်း ဆိုမကောင်းသည့် သားအဖြစ် မေမေ ပွစိပွစိဆူနေသမျှ နားထောင်နေရသည့်ဒုက္ခက ပိုဆိုး၏။

ပြီးတော့ ရေး .....။

"သူ့ အပြင်ထွက်နေလို့ ပြန်ဖြစ်တာ" ဘာညာနှင့်မပြောတာသာရှိသည် မေမေ ဆူနေတာကို 'နည်းသေးတယ်' ဆိုသည့်မျက်နှာနှင့် ...

"ညနေ မေမေ လာကြည့်မယ်၊ အခြေအနေ မတိုးတက်သေးရင်တော့ သား ဆေးရုံတက်သင့်ရင် တက်ရမှာနော်၊ ဘယ်ရောဂါဖြစ်ဖြစ် ကြာရှည်ဖြစ်လာရင် ပေါ့လို့မဖြစ်ဘူး"

ဟု ပြောသွားသေးသည်။ မေမေ ပြန်သွားတော့ သူမက တစ်မျိုး။

"ရှင် အပြင်သွားဖို့ရှိသေးရင် ကိုယ်ပြန်မယ့်အချိန်ကို တွက်နော်၊ ညနက်မယ်ထင်ရင် သော့ တစ်ခါတည်းထည့်ယူသွား"

"ဘာဖြစ်လို့လဲ"

ဘာဖြစ်လို့ပြောတယ်ဆိုတာကို သိသည်။ မပြောသင့်ဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



လည်း သူမ သိဖို့မလိုဘူးလား။

"ဘာဖြစ်ရမလဲ၊ ဘယ်အချိန် ဘယ်နှစ်နာရီ ပြန်မယ်ဆိုတာသိလို့ စောင့်ရတာက တစ်မျိုးလေ၊ ပြီးတော့ လူကြီးကို မုသာဝါဒတွေ ပြောရ သေးတယ်။ မုသားစကားဆိုတာ အသက်အတွက်၊ အရှက်အတွက် ဒါမှ မဟုတ်ရင် ဘာသာသာသနာအတွက် အကျပ်အတည်းအခက်အခဲကနေ လွတ်မြောက်ဖို့ဆိုရင် ဇေပြည်ကို အရှင်လတ်လတ်ဖောက်ထိုးဆင်းရမယ် ဆိုလဲ ပြောသင့်ရင် ပြောရမှာပဲ"

"ဆက်ပြောပါဦး"

သူ့မျက်နှာထက်က အချိုးမပြေခြင်းကိုမြင်ပေမယ့် အစကလည်း ပြောဖို့မရည်ရွယ်သည့်တိုင် ဒီနေ့တော့ ပြောမှကိုဖြစ်မှာမို့ ...

"အခု လူကြီးက ဒီလိုသွားရင် ဒီလိုဖြစ်မှာကိုသိလို့ ရှင့်ကို ဆုံးမပြောပြ နေတာလေ၊ ရှင် ဂရုမစိုက်တိုင်း ကျွန်မက မုသာဝါဒတွေပြောပေးနေရ တယ်လေ၊ ဒီနေ့ကစပြီး ပြောမပေးနိုင်တော့ဘူး၊ အဲဒါကို သိစေချင်လို့.."

ပြောသင့်သင့် မသင့်သင့် သူ့အတွက် ကိုယ်မှာ တာဝန်ကြီးမားလွန်း သည်က ပခုံးပေါ် ထမ်းထားရသည့်အတိုင်းပင်။

ဆရာဝန် ရောက်လာတိုင်း လူနာကို ဘယ်လိုဂရုစိုက်ပါ၊ ဘယ်လို နေပါစေ မှာသမျှ ခေါင်းတွင်တွင်ညိတ်၊ တာဝန်တွေယူ၊ ပြီးတော့ လူနာက လူနာလိုနေလို့လား။

သူ့အမေ လာတော့လည်း 'သမီးကိုပဲ တာဝန်လွှဲလိုက်ပြီနော်'ဆိုတာ က တစ်မျိုး။

"သမီးရေ သား နေထိုင်မကောင်းပြန်ဖြစ်ရင် မေမေ့ကို ဖုန်းဆက် လိုက် သိလား"

လို့ မှာတာတွေ၊ အဲဒါတွေကို ဘယ်လိုလုပ်ရမလဲ။ မိဘ၊ ဆရာသမား စကားကိုတောင် ဂရုမစိုက်တဲ့လူ၊ သူ့ကို ပိုင်ပိုင်နိုင်နိုင် ချုပ်ကိုင်လွှမ်းမိုးဖို့





ဆိုတာလည်း ကိုယ့်အခြေအနေနဲ့ကိုယ် ဘယ်လိုမှမဖြစ်နိုင်တာကို သိနေ၏။

သူမ သိနိုင်သည့် ကိုယ့်အဖြစ်ကြောင့် နှစ်ဖက်စလုံးမှာ နားလည်မှု တွေဖြစ်လာဖို့လည်းမရှိပါ။ ဘာဖြစ်ဖြစ် ကိုယ့်ဘက်ကတော့ ဒီထက်ပို၍ သည်းခံနားလည်ပေးနိုင်မှာမဟုတ်တာကို သိစေချင်သည်။ ထို့ကြောင့် ကိုယ့်စကားကြောင့် သူ့မျက်နှာတင်းသွားတာကိုမြင်ပေမယ့် မမြင်ချင် ယောင်ဆောင်ကာ ...

"အမိက,က ရှင် ကိုယ့်ကျန်းမာရေးကို ဂရုစိုက်မွေးမြူဖို့ပဲ၊ ဒါမှမဟုတ် လို့ ကိုယ်ထင်ရာကိုယ်လုပ်မယ်ဆိုလဲ သူများကို မထိခိုက်စေနဲ့ပေါ့"

"ရေးရေးရိပ်ကို သူများလို့ မင်း ပြောလိုက်တာလား"

"ဒရင်းမ်ဘက်ဒ်ပေါ်မှာ ပက်လက်လှဲနေရင်း လက်ပိုက်မေးလိုက် သည့် သူ့မျက်နှာက အောင်နိုင်သူတစ်ယောက်လို ခပ်မိန့်မိန့်။

'ရေး က သူ့ဇနီး'လို့ ပြောလိုက်တာမှန်းသိပေမယ့် ကိုယ်က မေး ဖြစ်နေသည်ကြောင့် ...

"ဘာဖြစ်ဖြစ်လေ ရှင့်နေရာမှာ ကျွန်မ ဆိုရင်တော့ ကိုယ့်အတွက်နဲ့ သူများကို အလုပ်ရှုပ်စေမှာမဟုတ်ဘူး"

"ကိုယ်ကတော့ ဝါသနာပါတယ်ထင်တယ်၊ အထူးသဖြင့် ခက်ခဲတာ ဆို ပိုပြီးစိတ်ဝင်စားတက်တာမျိုး"

မျက်လုံးချင်း ခိုင်းခနဲဆုံသွားသည်။ ဖက်ဖူးရောင်ပါတိတ်ဝတ်စုံကို ခေတ်ပုံဆန်းလေးဝတ်ထားလျက် ဆံပင်တွေကို နဖူးကနေ အပြောင်သိမ်း လှန်ပြီးထားသည့် မေး မျက်နှာလေးမှာ ဖျက်ချထားသော သနပ်ခါးစတွေ စေ့တုန်မစင်ကျန်နေသေး၏။

ဒါပေမယ့် ပါးပြင်လေးတွေက ဝင်းဖန့်နေသည်။ သနပ်ခါးကို ခိုကိုး ရာမဲ့ ကပ်တွယ်နေဆဲဖြစ်သည့်မျက်ခုံးထူထူလေးတွေက မြရောင်လဲ့နေ ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် ဆံပင်တွေဖြန့်ချထားတိုင်း၊ အဲဒီလို သနပ်ခါး မပျက် တပျက်မျက်နှာလေး ဖြစ်နေတိုင်း ...

မရိုင်းမယဉ်ပုံစံလေးနှင့် ထိုင်ကြည့်နေချင်လောက်အောင်လှသည်။ ဒေါသဖြစ်စရာ၊ မကျေနပ်တာ အားလုံးကိုထားလိုက်ပြီး ငေးကြည့်နေချင်၏။

လက်မထပ်ခင်က စကားပြောဆိုခဲ့ဖူးကြပေမယ့် ခုလောက် မျက်နှာချင်းဆိုင်ရဲတဲ့ အချိန် မများလို့လားမသိ။

စွဲထင်ကျန်ရစ်သည်က ဆိုးဆေးတို့နှင့် အရောင်ရင့်နေသည့် နှုတ်ခမ်းတစ်စုံ၊ ပြီးတော့ လက်ရာမြောက်သော ပြင်ဆင်ခြယ်မှုန်းမှုကြောင့် ဝင်းဖတ်နုရဲနေသည့်ပါးမို့လေးတွေ အားလုံးဟာ မာယာမကင်းသည့် အလှအပများပင်။

နေ့စဉ် တစိမ့်စိမ့်ကြည့်လာရတော့မှ သူမ၏ သဘာဝအလှအပလေးတွေကို မြင်လာခဲ့သည်။ သနပ်ခါးလေးနဲ့ လှလျက်နဲ့ မိတ်ကပ်တွေ ဘာလို့ လိမ်းနေတာလဲဆိုသော မေးခွန်းက သူမကို မမေးဖြစ်ဘဲ ရင်ထဲရောက် လာ၏။

သူ သတိထားမိခဲ့သည်က မင်္ဂလာဦးညက သနပ်ခါးအကြောင်းပြော လိုက်ပြီးသည့်နောက်မှာ သူမမျက်နှာ သနပ်ခါးမမြင်ရတော့ဘဲ ခုလိုပုံစံမျိုး လေးတွေပဲ ရှိနေတတ်တော့သည်။

နှံ့ရေး ဆိုသည့်မိန်းကလေးဟာ လျှို့ဝှက်တတ်သည့်မိန်းကလေးဖြစ် နေတာ အံ့ဩဖို့ကောင်း၏။ ထို့ပြင် ငေးသလို၊ ငိုင်သလိုဖြစ်နေတတ်ပေ မယ့် ကြောက်ရွံ့နောက်တွန့်တတ်ပုံလည်းမရှိပေ။

လင်းအား က သူနဲ့ စကားမပြောလို့တော့သလို အခန်းထဲမှာ သိမ်း ဆည်းစရာတွေကို ကောက်ထပ်သိမ်းနေသည့် မေး လှုပ်ရှားနေသမျှကို လိုက်ကြည့်၍ ...





"ညတိုင်း ညတိုင်း မင်း ကိုယ့်ကိုဝင်ကြည့်ပြီး နဖူးစမ်းလိုက်၊ စောင်ခြုံ ပေးလိုက် လုပ်ရတာတွေ အပန်းကြီးလာလို့လား"

"ဟင် ..."

အကြာကြီးငြိမ်နေပြီးမှ ရုတ်တရက်ကောက်ပြောလိုက်သည့် လင်းအား စကားကြောင့် မေး တစ်ကိုယ်လုံး မာတင်းလိုက်သလိုဖြစ်သွား၏။

"ကိုယ်ကတော့ အဲဒီလိုပြုစုဂရုစိုက်အောင်လို့ တမင်ဖန်တီးတာ မဟုတ်ဘူး၊ အဲဒါ အမှန်။ မင်းပြောသလို သူများကို အလုပ်ရှုပ်စေတာမျိုး မလုပ်တာကို ပြောတာ။ ဒါပေမယ့် ..."

"ရှင်က ကျွန်မဘာသာ မနေနိုင်မထိုင်နိုင် ဝင်ဝင်ပြီး အလုပ်ရှုပ်ခံတာ လို့ ပြောချင်တာလား"

"မပြောပါဘူး။ မင်းကို မခိုင်းပေမယ့် မင်းနဲ့ကိုယ် တစ်ယောက်ယောက် ဒီလိုဖြစ်လာရင် ကျန်တဲ့တစ်ယောက်က မဆိုင်သလိုနေလို့မှမရတာ။ ဥပမာ ကိုယ် အိမ်ပြန်နောက်ကျတာကို တံခါးစောင့်ဖွင့်ရတာမျိုး"

"ရှင် လူကောင်းမှမဟုတ်တာ"

"ကိုယ်ကလဲ အပျော်အပါးသွားနေတာမဟုတ်ဘူးလေ"

လင်းအား က ပြောနေရင်း ပက်လက်ကနေ ထထိုင်ခြင်းသို့ဖြစ်ကာ...

"ကိုယ် စီးပွားရှာနေတာကို မင်း နားလည်သင့်တယ်၊ မိဘက သား သမီးအတွက် ကျန်းမာရေးကိုပူသလို ဧနီးမယားက စားဝတ်နေရေး အတွက် ပူရမှာပေါ့၊ တချို့ မိဘတွေက ချွေးမတွေကိုပြောတာရှိသေးတယ်၊ မိဘကတော့ ကိုယ့်သားသမီးသာ အမိကတဲ့၊ ချွေးမကျတော့ ငွေသားလေး ထိုနိုင်းလိုက်တာ နေထိုင်မကောင်းတာတောင်မှ မနားရဘူးတဲ့၊ သူတို့က တော့ လင်သေရင် လင်စားရတာကိုးလို့ပြောပြီး ရင်ဘတ်ထုကြလေးတွေ ငေးလဲကြားဖူးမှာပေါ့"

မေးခွန်းတစ်ခုလိုသတိမှတ်သည်မို့ မေး မဖြေဘဲနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာ သူ ချုပ်ချထားသည့် ဆွယ်တာရှည်နှင့် လက်တစ်ဖက်မှာ ကော်ဖီပန်းကန်နဲ့ ဆေးပုလင်းရှိသော ဗန်းကလေး။

လက်နှစ်ဖက်လုံး မအားပေမယ့် သူ စကားပြောနေသဖြင့် ဒီတိုင်း ရပ်နေလိုက်ရသည်။ ပြောသမျှတွေက ကိုယ့်ကိုထိုးနက်တဲ့ပြန်မိုတွေချည်း ဖြစ်မှန်းသိသိနှင့် ပြန်ပြောလိုက်တိုင်း အမှားပါသွားတတ်လို့ ထိန်းချုပ်နေရတာ ရင်ထဲမှာ ကလိကလိဖြစ်နေ၏။

"မင်းကျမှ ယောက်ျား အလုပ်လုပ်နေတာကို အလုပ်ရှုပ်အောင်လုပ်နေလို့ ပြောတာ အံ့ဩဖို့ကောင်းနေပြီ"

ပြောပြီး နေရာက ထ,ရပ်လိုက်တော့ သူ့အရပ်မြင့်တက်သွားသည့်နောက်ကို မျက်လုံးက လိုက်ကြည့်ရင်း မော့ကြည့်ရသည့် အနေအထားဖြစ်သွားလျက် ...

"သူများထက် ရှင်က ပိုပြီးအံ့ဖွယ်ယောက်ျားဖြစ်နေပြီ လင်းအား"

"ဘာဖြစ်လို့လဲ"

"ယောက်ျားဖြစ်ပြီး စနစ်ကြီးတဲ့မိန်းမကြီးကျနေတာပဲ၊ စီးပွားမှစီးပွားငွေကို တစ်ပြားကနေ နှစ်ပြားပွားလာတော့မလိုလို ကုတ်ဖဲ့ခွာတယ်ကျွန်မလို လောဘသက္ကာယနည်းတဲ့မိန်းမမျိုးကို တခြားယောက်ျားသာမြကလပ်ပေါ် တင်ပြီး ဖူးဖူးမှုတ်ထားနိုင်တယ် သိရဲ့လား၊ ရှင်ကတော့ပွဲကျအောင်ကို ကဲ့ရဲ့နေတာလေ"

"ဟား ဟား ဟား"

နေထိုင်မကောင်းလို့ စိတ်က မကြည်လင်ခဲ့ပါ။ ဒီကြားထဲ သူ့ဝေါ်ဒေါသဖြစ်နေရတာတွေကြောင့် စောစောကဆို လူ့ရိုက်ချင်စိတ်တွေလည်းပေါက်နေခဲ့၏။

ဒါပေမယ့် နီတွေးသည့်နှုတ်ခမ်းလွှာလေးတွေ စုလုံးထော်ချွန်းအောင် ရှုန်တွေ့နေသည့် မေးအသံလေးကြောင့် ဟက်ဟက်ပက်ပက်





ရယ်ပစ်လိုက်မိ၏။

ဒေါသထွက်စရာ သူ့မစကားတွေကိုတောင် ဂရုမစိုက်နိုင်တော့တဲ့အဖြစ်။

သူရယ်တာကို မေး က မျက်မှောင်ကြုတ်လေးနှင့်မော့ကြည့်၍နှုတ်ခမ်းလေးရွဲ့တက်သွားအောင် ဖိကိုက်ပစ်သည်။

"ရှင် ဘာရယ်တာလဲ၊ ကိုယ့်ကိုယ်ကို နိုင်ငံကျော်ပုဂ္ဂိုလ်ကြီးဆိုပြီး ခံကိုယူတဲ့မိန်းမကတော့ ခြေသုတ်ပုဆိုး မြွေဖွယ်ကျိုးလိုဖြစ်နေမှ ဆိုတဲ့စကားတွေနဲ့ တော်တော့်ကို ဘဝင်လေဟပ်နေပုံပဲ။ ခက်တာက ကျွန်မကခွေမကျဘူး"

"ဘာကိုမကျတာလဲ ပြောပါဦး"

"ရှင် ဘာမကျသလဲဆိုတာပဲ ကိုယ့်ကိုယ်ကို သေချာအောင်မေးပါ၊ ကျွန်မဘာသာ ဘာမကျမကျ ရှင်နဲ့မဆိုင်ဘူး"

မေး က အခန်းထဲကနေ ဒေါသခြေလှမ်းများနှင့် ပြောရင်းထွက်သည်။ လင်းအား ကလည်း သူ့မနောက်ကနေ မထိတထိနှင့် ကပ်လျက်ပါလာ၏။

ထမင်းစားခန်းကိုရောက်လာတဲ့အထိ လင်းအား က အညိုရောင်ဘောင်းဘီပွပွအိတ်ထဲမှာ လက်တွေထည့်ထားပြီး မေး နောက်ကနေ ကပ်လျှောက်လာတာ သူ့ရင်ဘတ်နဲ့ မေး ကျောပြင်နဲ့ ထိမိလိုက်၊ မေး ရဲ့နားမှာ သူ့မျက်နှာကပ်လာသလိုလိုဖြစ်လိုက်။

ပြောတဲ့စကားတွေကလည်း ရွှံနေတာလား၊ အကောင်းပြောနေတာလား ဘာမှန်းမသိ။

"မင်းကို ကိုယ် နားလည်ချင်တယ် ရေး၊ မင်းနဲ့ကိုယ် လက်မထပ်ခင်တုန်းဆိုရင်းနှီးခဲ့ဖူးပေမယ့် အခုမှတွေ့ဖူးကြသလို စိတ်ထဲမှာခံစားရတယ်၊ မင်းက မျက်နှာအမူအရာတင်မကဘူး စိတ်ဓာတ်ပါ မတူတော့တာ"

မေး ကိုင်ထားတာတွေကို ဘေစင်ဘေးကစားပွဲလေးပေါ် မှာ သွား



www.burmeseclassic.com

www.burmeseclassic.com



တင်လိုက်ပြီး ဘေးကို ခြေလှမ်းရွှေ့ပြီးမှ သူ့ဘက်ကိုလှည့်သည်။

နောက်က မထိတထိကပ်လိုက်လာကတည်းက အနေရခက်တ
သူ ဘာပြောပြော မကျေနပ်ခြင်းက ဆတိုးကိန်းများလိုဖြစ်နေခဲ့သည်

ထို့ကြောင့် ဒီလူနဲ့ ပြောဆိုဖြစ်သမျှ မေး မျက်နှာပေါ် မှာ ကြည်
ရယ်မောခြင်းဖြစ်လာဖို့ကတော့ မလွယ်ပေ။

"ရှင်က အပြောတစ်မျိုး အလုပ်တစ်မျိုးပဲ"

"ဘာဖြစ်လို့လဲ"

"ရှင်နဲ့ကျွန်မ မရင်းနှီးမကြင်နာဘဲ ပေါင်းဖက်ကြဖို့ စိတ်မဝင်စား
ဆို၊ ပြောတဲ့ပုံအရ ဒီလောက်ရက်ပိုင်းလေးလောက်နဲ့ ရှင် ကျွန်မကို ရ
စိတ်ဝင်တစားဖြစ်လာဖို့မကောင်းဘူး"

"ကိုယ်က ..."

"ကျွန်မကတော့ လုံးဝစိတ်မဝင်စားဘူး"

"ဖြစ်တာပဲ၊ ဒါက မင်းစိတ်နဲ့မင်းကိုယ်၊ ကိုယ့်ဆန္ဒနဲ့ကိုယ် မင်း
စိတ်ဝင်စားလာတာလဲ ကိုယ့်အခွင့်အရေးပဲ၊ ဘာဖြစ်လို့လဲ၊ ဝင်စားခွင့်
ဘူးလား"

မေးပုံက ပိုင်နိုင်သည့်လောင်ရိပ်နှင့်။ ဆရာဝန်မလာခင် အမျာ
နီရဲသုန်မှုန်နေသောမျက်နှာမှာ ကိုယ့်ကို မကျေနပ်ခြင်းတွေပါရှိနေခဲ့
မေး မမြင်တာမှမဟုတ်ဘဲ။ မအေဖြစ်သူ ဆူပြောနေတုန်းကလည်း ကို
ကြောင့်ပဲ သူ အဆူခံနေရသလိုလို မျက်နှာက ခုကျမှ ဘာထဖြစ်တာ

မေး မျက်ဝန်းလေးတွေကိုစိုက်ကြည့်ပြီး လင်းအား က ဘယ်လို
လည်သွားသည်မသိဘဲ မပွင့်တပွင့်ရယ်သည်။

"ရှိသေးတယ်ကွ၊ ပြောရမှာကတော့ မတည့်စကားပဲ။ ကိုယ် မင်း
အစော်မှတ်နားလည်ခဲ့တာက ဒီလိုကာရိုက်တာမျိုးမဟုတ်တော့ ကိုယ်
လဲ ဒါကြောင့် မင်းကို မြန်မြန်ဆန်ဆန်ကြီး စိတ်ဝင်စားဖြစ်သွားတာ





အဲဒါကြောင့် မိန်းမတို့တာတ်အပ်သောပညာတွေနဲ့ ဒီလိုဖြစ်လာအောင် မင်း
တမင်နေတာလားလို့"

"ရှင် ဘာပြောတယ်"

"ဒေါသထွက်နဲ့လေ၊ ကိုယ် ကြို့ပြောထားတာပဲဟာ"

ရယ်ဟဟမျက်နှာကို မုန်းတီးစွာစိုက်ကြည့်ပြီး မေး က ပန်းကန်တွေ
သိမ်းဖို့တောင်မေ့သွား၏။ သူ့ကိုရှောင်လွှဲ၍ ထမင်းစားခန်းထဲ ထွက်ခဲ့မိ
သည်။

"ရေး"

"အို... ရှင် ဘယ်လိုဖြစ် ..."

တံခါးဝနားကျမှ နောက်ကနေ သူဆွဲလှည့်လိုက်သဖြင့် မေး ကိုယ်
လေး ပြန်ပါသွား၏။

"ရှင် ..."

"ကိုယ်ပြောလို့မပြီးသေးဘူး"

"ပါးစပ်ကပြောပါလား၊ လက်ကိုလွှတ်"

"မင်းလက်ကိုကိုင်တာ ဘာဖြစ်သွားနိုင်လို့လဲ"

"ဟင့်အင်း၊ ကျွန်မ မကြိုက်ဘူး"

ကိုယ့်ကိုယ်ကို သူ့ဇနီးအဖြစ်ရှိနေရတာကို မေ့သွားခဲ့၏။ လက်ဖဝါး
ဘနေ ခါချပစ်လိုက် လက်ကောက်ဝတ်ကို မိသွားလိုက်။

နောက်ကျတော့ မေး ပခုံးလေးနှစ်ဖက်ကို မိမိရရဆုပ်ဖျစ်၍ သူက
ဆောင့်ခါကာ ...

"မင်း အဲဒီလိုဖြစ်ဖြစ်နေတာတွေကြောင့် အသည်းယားတာ"

ပြော၍ မေးကိုယ်လေးကို ခန်းဆီးစလေးလွှန့်ခါနေသည့် အခွင်း
ဘားနံရံအကွယ်မှာ ကျောလေးကပ်၍ဖိချုပ်ထားကာ ...

"လင်းအား ... ရှင် မညစ်နဲ့နော်၊ ဟင့်အင်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ခုပဲ ညစ်ဖို့ဆုံးဖြတ်လိုက်တာ"

"အို ... မရဘူး။ ရှင် ... ရှင် လွှတ်"

ခန်းဆီးစ လွန့်ခနဲလွင့်တက်သွားစဉ် အပြင်ကလူရိပ်တစ်ရိပ်ကို မျက်ဝန်းထောင့်မှာမြင်လိုက်ရ၏။ မေး ရှက်လွန်း၍ မျက်လုံးတွေ ပြာဝေ ကုန်သည်။

ထမင်းစားခန်းထဲမှာမို့ အပြင်က တစ်ယောက်ယောက် ဝင်လာနိုင် တာကို တွေးလိုက်မိပြီး ရုန်းထွက်မရသည့်အဖြစ်ကြောင့် မျက်လုံးတွေကို တအားမှိတ်ပစ်လိုက်မိ၏။

အဖျားမစင်သေးသော သူ့နှုတ်ခမ်းများ၏အပူရှိန်က မေး တစ်ကိုယ် လုံးကို လောင်ကျွမ်းပြိုဆင်းသွားစေနိုင်လောက်၏။

သတိလစ်မတတ် ရှက်ရွံ့နေခြင်းမှာ ကိုယ်ဟာ အေးခဲသွားတာလား ပူလောင်ပြာကျသွားတာလား ဘာမှန်းမသိ။

နုသစ်ပျို့ရွယ်သော ပန်းရိုင်းကလေးသည် လေပွေရိုင်းကြောင့် တဆတ် ဆတ်နဲ့ ခါလှုပ်ယမ်းသွားခဲ့ပြီး ...။

အနမ်းတစ်ရှိုက် ပန်းအငိုက်မှာ ...

* * *

ရွှေသမင်စာပေ



## အခန်း (၁၀)

အထိအတွေ့ဆိုတာ ဆွဲငင်ခြင်းလား၊ တွန်းကန်သည့်သဘောလား ဘာမှန်းမသိရသေးခင်မှာ မေး ကတော့ တစ်နေ့လယ်လုံး အခန်းအောင်း၍ မျက်ရည်ဖြိုင်ဖြိုင်ကျနေရပါပြီ။

သူကပြောသေးသည်။ 'မင်းနှုတ်ခမ်းလေးတွေကို အမှတ်တရ သား ထိုက်ဖို့ သိပ်လွယ်တော့မယ်မထင်ဘူး'တဲ့။ နောက်ထပ် ဒီလိုအဖြစ်တွေ ဘယ်လောက်ထိကြုံရဦးမှာလဲ။

"ချစ်လို့နမ်းတာဖြစ်ဖြစ်၊ စိတ်လှုပ်ရှားမိလို့နမ်းမိတာဖြစ်ဖြစ် တယ်မက် ခြင်းဆိုတာ အဲဒီကနေစတာပဲ၊ လင်မယားချင်း ရင်းနှီးမြတ်နိုးကြဖို့မှာ ဒါတွေ မလိုဘူးလား"

သူ နမ်းပြီးတော့ မေး မျက်ရည်တွေပြည့်အိုင်လျက် သူ့ကို ထုနှက် ဒေါကန်နေတုန်း သူက လွှတ်မပေးဘဲ စကားတွေ တတွတ်တွတ်ပြောနေ ခဲ့သည်။

ပြီးတော့ မေး အတင်းဖိကိုက်ထားသည့်နှုတ်ခမ်းလေးတွေကို ပွင့်ဟ သွားအောင် မေးဖျားလေးကနေပင့်ကိုင်ကာ ပါးလေးနှစ်ဖက်ကို သူ့လက် ဖဝါးတစ်ဖက်နဲ့ ဖိညှစ်ပစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သွေးခြည်ဥသလိုနီရဲနေသည့် နှုတ်ခမ်းသားလေးတွေ ထက်မှာ သူ့နှာခေါင်းနှင့် ညင်ညင်သာသာလေး ဖိကပ်နမ်းသည်။

မေး မျက်နှာလေးတစ်ပြင်လုံးဟာ သူ့နှုတ်ခမ်းနှင့် နှာခေါင်းချွန်ချွန် မွှေနှောက်ရမ်းကားသွားခဲ့သဖြင့် ပူနွေးရှိန်းမြလျက် ရှက်သွေးတက်၍ နီမြန်းစိုရဲနေသေးသည်။

သူ့ဘက်ကကြည့်တော့ သူ့ဇနီးမို့ ကြင်နာခွင့်ရှိသည်တဲ့။ ကိုယ့်ဘက် ကကျတော့ ချစ်သူလည်းမဟုတ်၊ ကိုယ့်ခင်ပွန်းလည်းမဟုတ်ဘဲ သူက မသိတတ်ဆိုးရွားစွာ ပြုမူကျူးလွန်နေသမျှ ကိုယ်က သိသိနှင့်မငြင်းဆန်နိုင်။

သူ့ရင်ခွင်ထဲမှလွတ်မြောက်ခွင့်ရသည်နှင့် အခန်းထဲပြေးဝင် တံခါး ပိတ်ပြီး မေး တအားရှိုက်ငိုပစ်မိသည်။

"ဘာပဲဖြစ်ဖြစ် သူ့ဇနီးအဖြစ် ဟန်ဆောင်ပေးဖို့ သဘောတူခဲ့တာပဲ မေးရာ ဆတ်ဆတ်ခါ ဖြစ်မနေစမ်းပါနဲ့ တတ်နိုင်သမျှ ရှောင်ပေါ့၊ ရှောင် နိုင်တာ၊ မရှောင်နိုင်တာကတော့ နင့်အရည်အချင်းပဲလေ၊ တစ်ခုတော့ရှိ တယ်နော်၊ နင့်ကိုနင် ငါက ရေး မဟုတ်ဘူးဆိုတာကို မေ့လို့တော့မဖြစ်ဘူး ငါ ရောက်လာရင် နင် ကျောကော့ဆင်းရမှာ"တဲ့။

ထိုစကားတွေကိုကြားရတိုင်း မျက်ရည်က မကုန်နိုင်။ ဟုတ်လည်း ဟုတ်ပါသည်၊ လင်းအား ဆိုတဲ့လူဟာ ရေး ကိုမြင်ဖူးပြီး သူ လက်ခံနိုင်လို့ လက်ထပ်ယူခဲ့တာဖြစ်သည်။

သူ့စိတ်၊ သူ့ရဲ့တပ်မက်မှုအားလုံးဟာ ရေး ကိုပဲဖြစ်၏။ သူမဘဝ ဟာ ကျေးဇူးမတင်တတ်သည့်ညီမနှင့် ကိုယ်နဲ့မသက်ဆိုင်သောယောက်ျား တစ်ယောက်ကြားမှာ ...

"ဟင် ..."

ဖုန်းသံမြည်လာတော့ ငိုနေသည့်မျက်နှာက ဖုန်းဆီ လှည့်ကြည့်လိုက် ပြီးသားဖြစ်သွား၏။





ဒီတိုရောက်လာကာမှ အန်တီမမဆီကဖုန်းပဲဝင်လာမှုးသည်မို့ ပြော နေတာတွေလည်း ရင်ထဲမှာပြည့်ကျပ်နေသဖြင့် ပြေးကိုင်လိုက်မိသည်။

"ဟလို"

မျက်ရည်ကို တစ်ဖက်ကသုတ်ရင်း ဟလိုလိုက်မိတာ နံပါတ်ကို ပင် မကြည့်မိပေ။

"မေး ငါရယ်"

"ရေး ..."

လက်ထပ်ပွဲပြီးကတည်းက မေး ကပဲဆက်ရသည်။ ဒါတောင် ကိုင် ဆိုင်ကာ ပြန်ပြောသမျှမှာလည်း စောစောကဆို ကျေးဇူးမသိတတ် သော်ရှုရှု တွေပဲဖြစ်ခဲ့၏။

ခုတော့မှ ရေး က စခေါ်နေသဖြင့် ကိုယ့်ဒုက္ခကြောင့် မဲဂကျနပ်တာရော ချင်လွန်းသဖြင့် ဘာတစ်ခုမှ ပြောမထွက်နိုင်ဖြစ်သွားဟာတွေမှာ မေး နေခဲ့။

"ပျော်နေလား"

"ဘာ ..."

"အပွန်း"

ရေး အသံက ကျွန်းမာရေး ခေါင်ခေါင်မြည်နေသည့်ပုံပါ။

"ငါ နေကောင်းသွားပြီ မေး ဘယ်လိုလဲ၊ ခေါင်းကို မိုးကြိုးပစ်ချလိုက် ခံစားသွားရပြီလား"

"ရေး ... နင် ဘာတွေပြောနေတာလဲ၊ ငါ အခု ဒုက္ခရောက်နေတာ ကြောင့် သိရဲ့လား"

"ဘာဒုက္ခလဲ၊ သူဌေးကတော်မှာခံစားနေရတယ်လုပ်စမ်းပါ။ ဒီမှာ မေး ယ်သမီး မယ်ဥတ္တရာနဲ့ ပြည့်တန်ဆာမ မသီရိမာ ဝတ္ထုတော်ကြီးကို ါ အတူတူဖတ်ရတာလေ၊ မှတ်မိလား"



www.burmeseclassic.com

www.burmeseclassic.com



မေး စကားတစ်ခွန်းမှ မပြန်နိုင်ဘဲ ဖုန်းကိုင်ရင်း လက်ရော နှုတ် သားတွေရော တဆတ်ဆတ်တုန်ယင်လာခဲ့၏။

ပြောရက်လိုက်တာ။ အစ်မတစ်ယောက်လုံးကို သိရိမာနဲ့ နှိုင်း လိုက်သည့်ရေး၏ မာထန်နေသောလေသံက ခနဲ့တာ ရွဲ့တာ မဟုတ် ဒေါသတွေနှင့်ပြည့်သိပ်လျက် ...

"အေး ... နင်က သိရိမာ မဟုတ်သလို ငါကလဲ မယ်ဥတ္တရာတော မဟုတ်ဘူး။ ဒါပေမယ့် ငါတို့ရဲ့သုံးပွင့်ဆိုင်က အဲဒီအတိုင်းဖြစ်နေဟာ နင် စဉ်းစားကြည့်လေ"

"စဉ်စားစရာမလိုဘူး ရေး။ ငါတို့တွေအားလုံး ..."

ငိုချင်နေသည့်ရှိုက်သံကိုထိန်းရင်း မေး စကားသံက လှိုက်ခါ နေ၏။ ဒေါသနှင့်မာနတွေထား၍ ဖိပေါက်ပစ်ဖို့မှာ လေသံကို မာကျေ ဖို့ကြိုးစားတာ မရ။

ရှက်ရွံ့ဝမ်းနည်းခြင်းကြောင့် မျက်ရည်စက်များနှင့် ကြေကွဲခြင်း အမြဲတမ်း ခွင့်လွှတ်ခဲ့ရသည့် ညီမအပေါ်မှာ ပြိုင်ဆိုင်အနိုင်လုဖြော အင်အားမဲ့နေခဲ့၏။

"ငါတို့အားလုံး ဒီ... ဒီလိုလုပ်ခဲ့ကြတာဟာ နင့်အတွက်၊ နင့်ရဲ့သိက္ခာ တစ်ဘဝလုံးစာအတွက် တင်ကျန်ရစ်ခဲ့အောင် ငါတို့ ..."

"အန်တီဒေါ်မမတို့ ဒီမင်္ဂလာစရိတ်တွေကို ကြောက်လန့်ဖျားပြီ ပွဲပျက်မခံရဲလို့ နောက်တစ်နည်းသုံးလိုက်တာပါ။ မေမေးဆက် ဆိုတဲ့ ငါ့ အစ်မတော်ကလဲ နေရာတကာ သိလွန်းတတ်လွန်းလို့ ငါ့ကို ဆူပူဆုံးမတဲ့ ဘက်ကချည်းပဲ နေခဲ့တယ်လေ၊ အညွန့်တုံးသွားနိုင်တဲ့ ဒီလိုနေရာမျိုးတို့ ကျမှ ညီမအတွက်ဆိုပြီး ရှောရှောရှူရှူပြေးထွက်သွားတာ ခေါင်းစဉ် ကတခြား၊ သရုပ်ဖော်ကတခြား ဖြစ်နေတယ်ဟာ"

"ရေး ... ရေး နင်တော်ပြီလားဟင်၊ ငါ... ငါ နင့်ကို ဘယ်လိုပြောပြော





နင် ဒီစကားတွေနဲ့ ..."

"ပြောကိုပြောသင့်တဲ့စကားတွေပါ။ အဟွန်း ... ငါ မတော်ရသေးတဲ့ ယောက္ခမ ဒေါ်ဆွေလတ် ပြောသွားတဲ့စကားတွေအရ လင်းအားနဲ့ နင် ဘယ်လောက်အလွမ်းသင့်နေပြီဆိုတာ မှန်းလို့ရတယ်၊ ဟိုတစ်ယောက် ကလဲ လည်ပုံလည်ပမ်းနဲ့ ကိုယ်ကိုက်မိတဲ့ဟာကို မစင်တုံးမှန်းမသိ၊ အသားတုံးမှန်းမသိ ..."

"ရေး ..."

"မပြောနဲ့၊ ငါ ဘယ်လောက်ထိ ဒေါသဖြစ်နေသလဲ နင်သိလား၊ ဒီပွဲ ဖျက်မှာစိုးလို့ နင်နဲ့ငါ့ကို ပုံမှားရိုက်လို့ရသွားတော့ မင်္ဂလာပွဲပြီးသွားပြီ ဆို တာကို ဝမ်းသာလိုက်တာ ဘယ်လိုပြောရမှန်းတောင်မသိဘူး၊ လူချင်း မြန်လဲနိုင်အောင် ငါ့မှာ ချွေးဒီးဒီးကျအောင်အနားခံပြီး လေ့ကျင့်ခန်းတွေ လုပ်၊ ဆေးတွေထိုး၊ ဆေးတွေသောက်၊ အိမ်တွင်းပုန်းလုပ်နေရတဲ့ဒုက္ခ ကရော သေးတယ်မှတ်နေလား"

"နင် ဒုက္ခခံနေရတယ်ဆိုတဲ့ရက်တွေမှာ ငါ့မှာရော ..."

"ချမ်းသာသုခတွေ ခံစားနေတာလေ။ အပိုတွေ ညည်း ပြောမနေနဲ့၊ အခု ငါ နေကောင်းသွားပြီ၊ အခုချက်ချင်း ဇော်တော်ကြာ၊ ဒါမှမဟုတ်ရင် တစ်ရက်ရက် ငါ လာတော့မယ်၊ အချိန်မပြောတာက နင် ဒီထက်ပိုပြီး ရင်ကွဲပက်လက်ဖြစ်သွားအောင်လို့"

"လုံးဝမဖြစ်ဘူး ရေး။ နင်ကြိုက်တဲ့အချိန်ကိုလာ၊ ညီအစ်မဆိုတဲ့ သံယောဇဉ်နဲ့ ဘာစွပ်စွဲချက်တွေမှမပြောဘဲ အေးအေးဆေးဆေး လာ လိုက်ရင်လဲ ပြီးပါတယ်၊ ဘာဖြစ်လို့ ဒီလောက်ကြမ်းတမ်းရင့်သီးတဲ့ စကား လုံးတွေနဲ့ ပစ်ပေါက်နေတာလဲ၊ လာခဲ့ပါ။ နင့်ကိုယ် ဥတ္တရာလိုမိန်းမ မဟုတ် မဟုတ် ငါ ဘာမှမပြောလိုပေမယ့် သိရိမာလိုမိန်းမ ငါ မဟုတ်ဘူးဆိုတာ နင် နားလည်သွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေးရယ် နင့်ရဲ့စကားတွေကိုနားထောင်ရတာ ဝါ့မှာ ..."

မေး နားမထောင်တော့ပါ။ ဖုန်းကို နားကနေခွာလိုက်ရင်း အံတင်းတင်းကြိတ်နေမိ၏။ မျက်ရည်မြစ်သည် မုန်တိုင်းလည်းမလာ၊ လေပြင်းလည်းမတိုက်ပါဘဲ အသံတိတ်လျှံကျနေခဲ့၏။ လှိုင်းမကြီးဘဲ ရေလျှံသကဲ့သို့ မေး၏ရင်အုံမို့မို့လေးထက်မှာ မျက်ရည်စက်များနှင့် စိုရွှဲနေခဲ့သည်။

"ခေါက် ခေါက်"

တံခါးခေါက်သံကြောင့် မေး မျက်ရည်တွေကို ကမန်းကတန်းသုတ်၏။

"မမလေး"

"ဟင် ရှိတယ်၊ ဘာလဲ"

"သြော်... မီးမဖွင့်လို့ မမလေး အိပ်ပျော်နေလားလို့ပါ။ ခုနက မေမေကြီးဆီက ဖုန်းလာတယ်လေ"

ပြောနေတုန်း မေး ကတံခါးဖွင့်လိုက်သဖြင့် မိုးမိုးက ခေါင်းလေးငုံ့သွားကာ ...

"အစ်ကိုလေး ဘာလုပ်နေသလဲလို့ပဲမေးတယ်၊ နေကောင်းလားတဲ့၊ ကောင်းပါတယ်ဆိုတော့ မမလေးကို ခေါ်ခိုင်းတယ်၊ လက်ကိုင်ဖုန်းခေါ်တာ မရလို့တဲ့၊ အဲဒါလေ မမလေး နေ့လယ်ကတည်းက အခန်းထဲဝင်သွားတာ အိပ်ပျော်နေတယ်ထင်တယ်ဆိုတော့ သွားနှိုးလိုက်တဲ့၊ ညနေစောင်းကြီး အိပ်ပျော်နေရင် ဖျားတတ်တယ်ဆိုပြီး ..."

"ရပြီ ရပြီ"

မိုးမိုး ခမျာ အလုံးစုံအောင်ပြောပြရင်း စကားတွေလည်း ထစ်ငေါ့နေ၏။

"ဟိုလေ ... အစ်ကိုလေးကလဲ မမလေးကို မေးနေလို့"

"သူ ဘာလုပ်နေလဲ"

"ဟို... အိပ်နေတာတော့မဟုတ်ဘူးထင်တယ်၊ အခန်းထဲကတော့





ထွက်လာတာပဲ၊ မမလေး ထမင်းစားတော့မလားဟင်၊ အစ်ကိုလေး စားဖို့ ကျွန်မတို့ ဘာလုပ်ပေးရမလဲ၊ မမလေးအတွက်ရော တစ်ခါတည်းပြင်ဆိုက်ရမလား"

"သူ့အတွက် ကြက်ချဉ်စပ်လေးလုပ်ပေးလိုက် မိုးမိုး၊ ချဉ်စပ်ဆိုပေမယ့် အချဉ်အစပ် ပါတယ်ဆိုရုံပဲထည့်နော်၊ စွတ်ပြုတ်သာသာလေးပဲ"

"ဟုတ်ကဲ့"

"ပြီးရင် ကြာဆံလေး လက်ဖျားနဲ့တစ်ဆုပ်လောက်ထည့်ပေးလိုက်၊ စွတ်ပြုတ်ဆိုရင် သူ သောက်မှာမဟုတ်ဘူး"

"မမလေး ကျွန်မတို့လုပ်တာကို အစ်ကိုလေးက ခံတွင်းတွေ့ပါ့မလား ... ပြီးတော့ ..."

"လုပ်ထားလိုက်ပါ"

မေး မျက်နှာလေးတည်နေသဖြင့် မိုးမိုး ဆက်မပြောရဲတော့ပါ။ ဒေါ်ညိုရယ် သူမရယ်ဟာ လင်းအားနဲ့ စိမ်တွေ့ဖူးကြတဲ့သူတွေမဟုတ်ပေ။

လင်းအား အိမ်ထောင်မကျမီ နှစ်နှစ်လောက်ကတည်းက မိုးမိုးက ဒေါ်ဆွေလတ်ဆီမှာ အလုပ်လုပ်ခဲ့ရတာဖြစ်၏။ ဒေါ်ညိုဆိုလျှင် လင်းအားတို့ဆီမှာ သက်တမ်းရင့် သစ္စာရှိအလုပ်သမားပင်။

ထို့ကြောင့် လင်းအား၏အကြိုက်၊ လင်းအား ဘယ်လိုသဘောရှိတာအားလုံးကို သူမတို့ အသိဆုံးဖြစ်၏။

စွတ်ပြုတ်ဆို ဘယ်လောက်ကောင်းကောင်း၊ ဘယ်လိုအမျိုးအစားဖြစ်ပါစေ တိုက်လို့ကိုမရခဲ့ပေ။ သူ့အမေ ဒေါ်ဆွေလတ်ကိုယ်တိုင် သားဖြစ်သူ နေထိုင်မကောင်းလို့ သင့်တင့်တာလေးစားပါဆိုသည့်အထဲမှာ စွတ်ပြုတ်၊ ဆန်ပြုတ်တွေပါပြီဆို စိတ်ညစ်လို့ညည်းမဆုံး။ မိုးမိုး စိတ်ညစ်စွာ တွေတန်းစီတွေးရင်း အခန်းရှေ့ကနေ လှည့်ထွက်လာခဲ့မိ၏။



www.burmeseclassic.com

www.burmeseclassic.com



စွတ်ပြုတ်ကို ကြက်ချဉ်စပ်တဲ့၊ ပြီးတော့ မစပ်ရ မချဉ်ရ တဲ့။ ဘယ်လို လုပ်ရမလဲ၊ အဲဒီလို ကြံကြံဖန်ဖန် နိုင်ငံပေါင်းစုံကပညာတွေနှင့် ချက်ပြုတ် လုပ်ကိုင်ခြင်းကို မေး ရောက်မှပဲ သူတို့ မြင်ဖူးခဲ့ကြသည်။

ခု ကိုယ့်ဘာသာလုပ်ပေးရမည်ဆိုတော့ သွားပြီ။ ဒီလင်မယားတွေ ဘာတွေဖြစ်နေကြပါလိမ့်။ နှစ်ယောက်စလုံး အခန်းအောင်းနေကြပြီး အိပ် နေကြတာလည်း ဟုတ်ပုံမရ။

လက်ထပ်ပြီး အခန်းခွဲအိပ်ကြတာကိုက ထူးဆန်းနေတာဖြစ်သည်။ ကြီးကြီးညိုကတော့ ပြော၏။ "နိုင်ငံခြားတွေမှာ ဒီလိုပဲ ခွဲအိပ်ကြတယ် ထင်တာပဲ။ ခုခေတ်က နိုင်ငံခြားက ဖက်ရှင်တွေဆို သိပ်အတုခိုးကြတာ၊ နောက်ကျတော့ ဖက်ရှင်တင်မကတော့ဘူး အားလုံး ခိုးနေတာပါပဲ"တဲ့။

မိုးမိုး ဘာလုပ်ရမှန်းမသိသဖြင့် ခြေလှမ်းတုံ့နှေးနှေးနှင့် လျှောက်နေ ရင်း မေးနဲ့လင်းအားတို့အကြောင်းကိုပဲ တွေးနေမိ၏။ ထိုစဉ် ...

"မိုးမိုး"

"ရှင် ... ရှင် အစ်ကိုလေး"

လင်းအား က ရှေ့မှာ ဘွားခနဲပေါ်လာကာ မေး အခန်းဆီကို တစ်ချက် လှမ်းကြည့်ပြီးမှ ...

"ငါ အပြင်သွားမလို့ နောက်ကျနေရင် နှင့်မမလေးကို မစောင့်နဲ့တော့ လို့ ပြောလိုက်"

"ဟုတ်ကဲ့"

မိုးမိုး မျက်တောင်လေးတဖျပ်ဖျပ်ခတ်ရင်း ကျန်ခဲ့၏။

ဟိုကတစ်မျိုး၊ ဒီကတစ်မျိုး။

* * *





## အခန်း (၁၁)

ကိုယ့်ဘာသာအပြင်ထွက်လာရင်း ထမင်းစားခန်းထဲရောက်တော့မှ သူ အပြင်ထွက်သွားတယ်ဆိုတာကို သိရသည်။

"အစ်ကိုလေးက ဒီလိုပဲ မမလေးရဲ့၊ ဟိုတုန်းကတည်းက သူ့အလုပ်နဲ့ ဝတ်သက်လာရင် မေမေကြီးပြောတာကိုတောင် ဂရုမစိုက်ဘူး။ မမလေး ထွက်လာလို့ တော်သေးတာပေ့ါ၊ တော်ကြာ မေမေကြီး ဖုန်းဆက်မေးရင် အစ်ကိုလေး အပြင်ထွက်သွားတယ်လို့ ကျွန်မ မပြောရဲဘူး။ အစ်ကိုလေး က နေလဲမကောင်းသေးဘဲနဲ့နော်"

မေး အတွက် ထမင်းပွဲပြင်ပေးနေရင်း မိုးမိုးက စကားတွေဖောင်ဖွဲ့ နေသည်။ ထိုစဉ် ဒေါ်ညို ရောက်လာကာ ...

"မိမိုးရယ် စကားများဖို့ပဲ ညည်း သိပါလား၊ ကြက်စွတ်ပြုတ်ချဉ်စပ် ဆိုတာ ညည်းမမလေးကို မြည်းဖို့ပြလိုက်ပါဦး"

ဟု ပြောပြီး တံခါးဝကနေ မေးကို တောင်းပန်သလိုပြုံးပြကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သမီး ချက်ပြုတ်မှပဲ အဲဒီလိုစွတ်ပြုတ်တွေ၊ မြူစွမ်တွေကို လူလေး က သောက်လာတာ၊ ဟိုတုန်းကတော့ ကြီးညိုတို့က ဆန်ပြုတ်ဆို ဆန်ပြုတ် ပဲ၊ စွတ်ပြုတ်ဆိုရင် အသားနဲ့အမွှေးအကြိုင်လေးခတ်ပြီး ပြုတ်လိုက်တာ လေ၊ သမီးလို ဘာမှလဲမလုပ်တတ်ပါဘူး၊ မိမိုး ပြုတ်ထားတာကို မြည်းပြီး လိုအပ်တာလေးရှိရင် ပြင်လိုက်ပါကွယ်၊ လူလေးပြန်လာရင် သောက်မှာ ဆိုတော့ စံတွင်းမတွေ့ဘဲနေမှာစိုးလို့"

သေချာရှင်းပြပြီးမှ ဒေါ်ညိုက ထွက်သွားသည်။ မိုးမိုးကလည်း နာရီ ကိုမော့ကြည့်၍ ...

"အပါး ... ရှစ်နာရီခွဲနေပြီဆိုတော့ အစ်ကိုလေး ပြန်လာရင် ကျွန်မ ရှိမှာမဟုတ်တော့ဘူး၊ မမလေး သေချာကောင်းအောင်ပြင်ထားမှ ဖြစ်မှာ နော်"

မေးက သဘောကောင်းမှန်းသိလာကာမှ မိုးမိုး ဒီလို တရင်းတနှီး ပြောရဲလာတာဖြစ်သည်။ ကိုယ့်ကို ခင်မင်တာပဲမို့ မေး ကတော့ ဘာဖြစ် ဖြစ် အလိုက်အထိုက်ပြောဆိုပေးလိုက်တာပဲရှိသည်။ ခွဲခြားမောက်မာ တတ်တဲ့စိတ်ဓာတ်မျိုး ဘယ်တုန်းကမှမရှိခဲ့သူမို့ ခုလည်း ဒီတိုင်းပါပဲ။

"မမလေး ကျွန်မ စောင့်ပေးရမလားဟင်၊ အစ်ကိုလေးက မစောင့်နဲ့ လို့ မှာခဲ့ပေမယ့် မမလေးက စောင့်မှာပဲဆိုတာ ကျွန်မ သိတယ်၊ နေ မကောင်းရင် မမလေး သွားနားလိုက်ပါလား"

ပြောသာပြောပေမယ့် ပြန်ခါနီးနေတော့ မိုးမိုးက မေးရှာပါသေးသည်။ ဒါပေမယ့် ကိုယ်လည်း အိပ်လို့ပျော်မှာမဟုတ်တာ၊ ပြီးတော့ လုပ်စရာ ရှိတာလုပ်ရဦးမည်မို့ မိုးမိုးတို့ကို ပြန်ခိုင်းလိုက်သည်။

အခန်းထဲပြန်ဝင်ပြီး ခရီးဆောင် သားရေသေတ္တာလေးကိုဖွင့်ကာ ကိုယ့်ဘာသာထည့်ယူလာခဲ့သည့် အင်္ကျီထဘီတွေကိုပဲ ပြန်ရွေးထုတ်ပြီး ထည့်သည်။





ဇီရိုင်းထပ်နှင့် အပြည့်အသိပ်ရှိနေသည့် အဝတ်အစားတွေဟာ ရေး အတွက် ဒေါ်ဆွေလတ်ကိုယ်တိုင် စီမံထည့်ထားပေးတာတွေ ဖြစ်တာမို့ ကိုယ်နဲ့မသက်ဆိုင်။

မကြာခင် ဒီအခန်း၊ ဒီအဝတ်အစားတို့၏ပိုင်ရှင် ရောက်လာတော့မှာ မို့ ချက်ချင်းဆွဲထွက်သွားလို့ရအောင် ထည့်စရာရှိတာကို အဆင်သင့်ထည့် ထားဖို့လိုသည်။

အံဆွဲတစ်ခုကို ဆွဲထုတ်လိုက်စဉ်မှာ အပေါ် ခင်းနှင့်ဗြိကာ သော့တွဲ ကြီးတစ်တွဲက ရွှင်ခနဲပြုတ်ကျ၏။

သော့တွဲကိုင့်ကောက်ကာ မေး သေချာကြည့်မိသည်။ မင်္ဂလာဦးည တုန်းက သူမကိုယ်က ချွတ်ထားခဲ့သည့် စိန်၊ မြ၊ နီလာ၊ သန္တာ အားလုံး တစ်ဆင်စာစီဖြစ်သည်။

နောက်နေ့မှာ ဒါတွေကိုပြန်အပ်ဖို့ ဒေါ်ဆွေလတ်ဆီဖုန်းဆက်တော့ ဒေါ်ဆွေလတ်က ရယ်ကာ ...

"အဲဒါ သမီးပစ္စည်းတွေပဲ သမီးရဲ့၊ သမီးတို့ ဟန်နီးမွန်းထွက်ရဦးမှာ၊ အဲဒီအခါကျရင် သပ်သပ်လက်ဆောင်ပေးဖို့တောင် မေမေက သေချာ အပ်ထားပြီးပြီ၊ သားလေးက တစ်ဦးတည်းသောသားလေးပဲ သမီးရယ်၊ ဒီလက်ဝတ်ရတနာတွေကို သမီးကိုမှမပေးရင် ဘယ်သူ့ကိုပေးရမှာလဲ၊ မေမေ ပိုင်သမျှ သမီးတို့ပိုင်ရမှာပေါ့"

ဒေါ်ဆွေလတ် ပြောတာတွေကိုသတိရကာ သုံးဆင့်ခတ်ထားသည့် အတွင်းအံဆွဲသော့တွဲကြီးကို အထဲမှာ နေရာတကျပြန်ထည့်ထားလိုက်မိ သည်။

ဒီလို ဘဝအရေး မပြောနဲ့ ချစ်သူရွေးတာတောင်မှ ရေး က သိပ်လော့ မညှံ့ပါ။

"ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်ဆိုပေမယ့် ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှာ ယှဉ်တွဲပါလာမယ့်သူက ကိုယ့်လောက်မှပြည့်စုံမှုမရှိရင် ဘာလုပ်မှာလဲ။ ရေး ကတော့ ဘာနဲ့တိုင်းတာတယ်ပဲပြောပြော ယောကျ်ားဖြစ်ကတည်းက မိန်းကလေးထက် ဘာမဆိုသာနေရမယ်လို့ သတ်မှတ်တယ်၊ အထက်ပါ အောက်ပါ အရည်အချင်းများအရ အားလုံးပြည့်စုံနေမှ တဲ့မှာ"

ဒီလိုပြောခဲ့သည့် ရေး ဟာ လင်းအား ကို ဆုံးရှုံးမခံနိုင်အောင် ဗွေ့ဗွေ့ ခုန်ဖြစ်နေတာ ဆန်းတော့မဆန်းပါ။

လင်းအားသည် ရုပ်ရည်၊ ပညာ၊ စည်းစိမ်ဥစ္စာ ဘာမှလိုလေသေးမရှိသည့်လူ။

"သေချာကြည့်ပါဦး၊ ဘာလိုသေးလို့လဲ"

"ဟင် ..."

ဖွင့်လျက်သားမီးရှိရှေ့မှာ ဖွင့်လျက်သားခရီးဆောင်အိတ် ပက်လက်နှင့် တောင့်တောင့်လေးရပ်နေဆဲ နောက်ကစကားသံကြောင့် မေး ဆတ်ခနဲတုန်သွား၏။ နောက်လှည့်ကြည့်လိုက်တော့ အဖြူရောင်ဆွယ်တာလက်ရှည်မှာ ရင်ဘတ်နားမှာ နက်ပြာကန့်လန့်စင်းနှင့် ဘောင်းဘီရှည်နက်ပြာကိုဝတ်ထားသည့် လင်းအား။

တံခါးပေါင်ကိုမှီတာမဟုတ်ဘဲ ခန်းဆီးစကို လက်တစ်ဖက်နှင့်သိမ်းဖယ်ထားပြီး ထိုလက်က ခန်းဆီးစကိုရော တံခါးပေါင်ကိုပါ ရောချုပ်ကိုင်ထား၏။

လက်တစ်ဖက်က ဘောင်းဘီခါးစပ်မှာ မခိုးမခန့်ချိတ်လျက် မေးနဲ့မြင်ကွင်းကို ရူးရူးရဲရဲကြည့်နေသည်။

သူ့ကိုလှည့်ကြည့်ပြီး မေး ဘာတစ်လုံးမှမပြောနိုင်တော့။ ကိုင်ထားသည့် ခန်းဆီးစကိုလွှတ်ကာ အခန်းထဲကို တစ်လှမ်းချင်းဝင်လာ၏။

"တစ်နေကုန်အခန်းအောင်းပစ်လောက်အောင် ကိုယ်က ရမ်းကားခဲ့မိလို့ ဘယ်လိုပြေလည်ငြိမ်းချမ်းအောင်လုပ်မလဲလို့ တွေးငဲ့နေမိတာ၊ ထွက်





[illegible]ချင်လောက်အောင် အပြစ်ကြီးသွားမှန်း ခုမှပဲသိတော့တယ်"

မေး ဘာပြောရမှန်းမသိပါ။ သူ့ဘက်ကကြည့်တော့ လင်နဲ့မယားမို့[illegible]တာကို အိမ်ကထွက်ပြေးဖို့ထိ ကြံစည်နေတဲ့မိန်းမအဖြစ် ထူးဆန်း[illegible]ဖွယ်ဖြစ်သွားလိမ့်မည်။

ဒါမှမဟုတ် ဒေါသဖြစ်လွန်းလို့ ခနဲ့ပြုံးနဲ့ အံကြိတ်နေသည်လား။

"ရေး ..."

"မ...မဟုတ်ဘူး၊ ကျွန်မ ..."

"မင်း ကိုယ့်ကို အဲဒီလောက်တောင် ခါးသီးရွံရှာနေတာလား"

"မဟုတ်ဘူး"

"မဟုတ်ရင် ဒါ ဘာလုပ်တာလဲ၊ အဲဒီသေတ္တာထဲမှာ အဝတ်တွေထည့်[illegible] ဘယ်ကိုသွားဖို့ပြင်နေတာလဲ"

"ရှင်နော် ..."

ပခုံးနှစ်ဖက်ကိုဆောင့်ခါပစ်လိုက်သဖြင့် ပခုံးတွေလည်း နာကျင်သွားသည်။ လူကလည်း ဟန်ချက်မညီဘဲဖြစ်သွားကာ သူ့ရင်ဘတ်အင်္ကျီကိုဆုပ်ဆွဲထားမိလျက်သားဖြစ်သွား၏။

"အဲဒါ ဘယ်သူ့အပြစ်မှမဟုတ်ဘူး၊ ကိုယ့်အပြစ်၊ မင်းကိုလက်ထပ်ပြီးအချစ်ကိုမှ ကိုးကွယ်ချင်တဲ့အတ္တနဲ့ သွေးသားဆန္ဒတွေကို ချောင်ထိုးထားခဲ့လိုက်တာ၊ အဲဒါကြောင့် မင်း ..."

"ရှင် ဘာမှမသိဘဲနဲ့ မဟုတ်တာတွေ မပြောနဲ့"

ရန်းလို့မရပေမယ့် ရုန်းနေရင်း မေး မျက်ရည်ဝေ့လာမိ၏။

မစောင့်နိုင်လို့မှာသွားကတည်းက အိမ်သော့တွေ သူ ယူသွားမယ်မှန်းသတိရမိဖို့ကောင်းသည်။ သူ အချိန်မရွေးဝင်လာနိုင်တာကို တွေးမိခဲ့ရင်ဒီလိုမြင်ကွင်းကြီးနဲ့ ပက်ပင်းတိုးသွားမှာလည်းမဟုတ်ပေ။

ခုတော့ အားလုံးရှုပ်ထွေးကုန်ကာ ရှင်းဖို့ခက်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



လင်းအားသည် မေး မျက်နှာလေးကို စူးစိုက်ကြည့်နေရင်း ပခုံး ဖက်မှာဖိဆုပ်ထားသည့်လက်တို့က တင်းခနဲ ဖျင်းခနဲပိုတိုးလာ၏။ နောက် ရုတ်တရက် မေးတစ်ကိုယ်လုံးကို ဆွေ့ခနဲဆွဲဖက်ကာ ...

"အို... ဘာလုပ်တာလဲ၊ လင်းအား နော် ရှင်... ရှင် လွှတ်နော်"

"ဒေါသဖြစ်လို့မဟုတ်ဘူး၊ သွေးဆူလွယ်တာလဲမဟုတ်ဘူး၊ ရင်ခုန် တွေမြန်နေတာ၊ မင်းကို ကိုယ် ..."

"ဟင့်အင်း... ဟင့်အင်း၊ မဖြစ်ဘူး၊ မဖြစ်လို့ပါ၊ လွှတ်ပါ ကျွန်မ အား ..."

မေး မွေ့ရာထက်သို့ သူနဲ့အတူ ရောထွေးလဲကျစဉ် အကျီလည်ပ အပေါ်မှာ ပန်းပွင့်ပုံချည်နှောင်ထားသည့် ဖဲကြိုးလေးပါ ပြုတ်ထွက်သွာ

တုံမ်းတမွတ်သိပ်သောအနမ်းများအောက်မှာ မေး ဘယ်လို ကွယ်လို့မှ မလွှတ်မြောက်နိုင်အောင်ဖြစ်လာလျှင် ...

"လင်းအား ကျွန်မ ... ကျွန်မ ရှိခိုးပါတယ်၊ ရှိခိုးပြီးတောင်းပန်ပါတ ကျွန်မကလေ ... ကျွန်မက ရေး မဟုတ်ဘူး"

"ဟင် ..."

လည်တိုင်နနမှာ တိုးဝှေ့နမ်းရှိုက်နေသည့် သူ့မျက်နှာ ဆတ်ခနဲ သွား၏။

"ကျွန်မက မေး ပါ"

"မင်း ..."

"ဟုတ်ပါတယ်၊ ကျွန်မတို့ကို ခွင့်လွှတ်ပါ၊ မင်္ဂလာပွဲနီးမှ အလုပ် နိုင်ငံခြားထွက်သွားရတယ်ဆိုတဲ့ မေး က ကျွန်မပါ၊ လွှတ်ပါနော်၊ တေ ပန်ပါတယ်၊ ကျွန်မကို ဒေါသနဲ့ဖြစ်ဖြစ်၊ ရန်ငြိုးဖွဲ့သွားလို့ဖြစ်ဖြစ် ကျွန် ကို မဖျက်ဆီးလိုက်ပါနဲ့"





အတင်းတွန်းထိုးရုန်းကန်နေသည့် မေး ကို ငုံ့မိုးငေးရင်း လက်တို့ ပြေကျသွား၏။ သူ့ အဲဒီလောက်ထိ အူတူတူ အတတကောင်လား .....။

ရေးနဲ့မေး က အမြွှာညီအစ်မမဟုတ်မှန်း အားလုံးသိသည်။ ဘော် တော့်ကိုတူနေကြတယ်ဆိုတဲ့ သတင်းကလည်း ကြီးပြီးသား။

ဒါပေမယ့် မင်္ဂလာပွဲမှာ မေး မရှိသည့်အဖြစ်က ဂရုစိုက်မေးဖို့ မလို သည့်အကြောင်းနဲ့မို့ စကားလည်းမစပ်မိ၊ မေးလည်းမမေးဖြစ်ခဲ့ပါ။

ပြီးတော့ 'အကြီးမလေးက ဘယ်သွားနေလို့လဲ'လို့ မေးတတ်ကြ သည်က သူတို့အသိုင်းအဝိုင်းမိတ်ဆွေတွေပဲမို့ မေး အကြောင်း မေးတာ ဖြေတာတွေကို ဘယ်လိုမှကို သတိမထားမိလိုက်ဘဲဖြစ်ခဲ့၏။

ယုတ်စွအဆုံး ကိုယ့်ဘေးမှာ မျက်နှာမသာမယာနှင့်ရှိနေခဲ့သည့် ကိုယ့်ရဲ့သတို့သမီးကိုတောင်မှ သူ မရိပ်မိခဲ့ပေ။

လက်ထပ်ပြီးတဲ့နောက်မှာ ရေး အဖြစ်နဲ့ပဲ ဆက်ဆံခဲ့ပေမယ့် မတူညီ ဘဲဖြစ်နေခဲ့သည့်စရိုက်သဘာဝတွေ ...။

"တောက်"

အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်နေမိတာ ဘယ်နှစ်ခေါက် မှန်းမသိတော့ပေ။ သူ ဘာကောင်ဖြစ်နေပြီလဲ။

အားလုံး ဝိုင်းဝန်းလိမ်ညာနေခဲ့ကြပြီး ပေါကြောင်ကြောင်ကောင် အဖြစ် သူ့ကို ဘယ်သူတွေ ကျိတ်ရယ်နေကြသလဲ။

ရှက်တတ်ခြင်းက အသားများပင်တုန်လာသည်။ ဒေါသကြောင့် တက်ခေါက်မိတာ အခါခါ။ သူ စိတ်ဝင်စားခဲ့တာ ရေး ကိုလား၊ မေး ကိုလား။

ရေး ကိုလက်ထပ်ခဲ့ပြီး စိတ်ဝင်စားလာအောင်၊ သူချစ်ကိုယ်ချစ်ဖြစ်တာ လာအောင် ဒီလိုကြိုးစားကြဖို့ ခွဲအိပ်ခဲ့တာလည်း ကိုယ့်သဘောနဲ့ကိုယ် ပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို သူ ဒီလိုစိတ်ကူးနဲ့ စတိုင်လ်မထွင်ဘဲနေခဲ့မည်ဆိုလျှင် ခုည
အဖြစ်မျိုး မင်္ဂလာဦးညမှာကတည်းက ကြုံမှာလား။

ဒီညီအစ်မ ဘာလုပ်ကြတာလဲ။ ရေး က ဘယ်ရောက်သွားတာ

ရင်ထဲမှာ ဗလောင်ဆူလာ၏။ ဆံပင်တွေကိုထိုးဖွပြီးရင်းဖွကာ
တွေ ဘယ်နှစ်ပတ် ပြန်လျှောက်လျှောက် တုန်ယင်လှုပ်ရှားနေသည့်စိ
က မပြေဘဲရှိ၏။

ထိုစဉ် အိမ်ရှေ့တံခါးကြီးဖွင့်လိုက်သံသဲ့သဲ့ကို ကြားလိုက်ရသ
လှမ်းနေသည့်ခြေလှမ်းက တုံ့ခနဲဖြစ်သွားသည်။

ထိုအသံထွက်လာရသည့်အကြောင်းရင်းက ခေါင်းထဲ ဖျတ်
ရောက်လာသဖြင့် သူ့ခြေလှမ်းတွေက ထိုဆီသို့ ဦးတည်လျှောက်လှ
သွားခဲ့၏။

"ဟိတ် ရပ်နေဦး"

မေး ပေါ်တီကိုအောက်ကို ခြေချရပ်လိုက်ပြီကိုမြင်လိုက်သဖြင့် လှ
တားရင်း သူ မြန်မြန်ဆန်ဆန်လျှောက်သွားမိသည်။ သူ လာနေတာကိုမြ
လိုက်သဖြင့် မေး ကလည်း မျက်နှာလေးကို မသိမသာတင်းပစ်လိုက်ပြီ
တစ်ဖက်လှည့်နေ၏။

မီးရောင်အောက်မှာ မေး က ပန်းနုရောင်ထဘီပြောင်လေးနှင့် အနု
ရောင်အပေါ် လွှာအကျီလက်ရှည်လေးကို အနွေးထည်လို ထပ်ဝတ်ထား

ဆံပင်ရှည်တွေကို ဖြစ်သလိုစုစည်းထားသဖြင့် နားသယ်စပ်နှစ်ဖ
မှာ ပြန့်ရှုပြီ ဆင်းနေကြသည့် အတိုအရှည်မညီသောဆံနွယ်တို့က လှ
နွမ်းနယ်ပုံပေါက်နေစေသည်။ လင်းအား ရောက်သွားတော့ မေး က
ဒုတိယ လှေကားထစ်မှာ ဆင်းရပ်လိုက်ကာ ...

"ညာခဲ့မိတာ ကျွန်မမှာ အပြစ်အရမ်းကြီးမှန်း သိပါတယ်၊ ဒါပေမယ့်
အခြေအနေအရ ကျွန်မတို့ ဒီတိုင်းပဲလုပ်မှဖြစ်မှာမို့ လုပ်ခဲ့ရတယ်၊ ခွင့်လွှတ်



သို့ မပြောချင်ပေမယ့် ရှင့်ကို ကျွန်မ အားလုံးအတွက် ..."

"တောင်းပန်မလို့လား၊ တောင်းပန်ပါတယ်လို့ မင်း ပြောရဲသေးလို့
"

လင်းအား က သူမအောက်မှာဆင်းရပ်လိုက်ပြီး မျက်နှာကို စူးစိုက်ကြည့်
မေး သူ့ကိုမော့မကြည့်ခဲ့ပေမယ့် မြင်နေရသည့် လက်သီးတစ်ဖက်ကို
င်းကျုပ်နေအောင်ဆုပ်ထားသဖြင့် ဘောင်းဘီအိတ်ထဲမှာ မြုပ်ကွယ်နေ
သည့် လက်တစ်ဖက်ဟာ လက်သီးဆုပ်လျက်သားပဲဖြစ်မည်မှန်း နားလည်
လိုက်၏။

ထို့ပြင် အံကြိတ်မျက်မှောင်ကြုတ်လျက် သူ့မျက်လုံးတွေမှာ မီးတောက်
လျှံတွေလို ဖိတ်ဖိတ်လက်နေမှာပဲဆိုတာကို တွေးမိသည်။

"ပြောစမ်းပါ၊ ရေးရေးရိပ် က ဘယ်လိုဇာတ်ခင်းသွားလို့ မင်း ဝင်က
တာလဲ"

"သူ မင်္ဂလာပွဲဖြစ်မယ့်တစ်ရက်မှာ ဆိုင်ကယ်မှောက်ပြီး ခြေထောက်
ကျိုးသွားတယ်"

"ရန်ကုန်မှာ ဆိုင်ကယ်စီးလို့မရဘူး၊ ပြီးတော့ ရေးရေးရိပ် ဘယ်
လောက်ပဲဟော့ထ်ဖြစ်နေနေ ဆိုင်ကယ်စီးတတ်နေမယ်လို့ ငါ မထင်ဘူး၊
..."

ကိုယ့်ကိုခေါ် လိုက်တော့ မော့ကြည့်လိုက်ရသည်။ သူက မေး
ဝန်းလေးတွေကိုစိုက်ကြည့်၍ ...

"ငါ့ကို အားနာစိတ်လေး နည်းနည်းရှိရင် မှန်မှန်ဖြေပါ"

သူ ဘာမှမမေးရသေးခင် မေး မျက်နှာလွှဲသွားတာကို လင်းအား
လွှတ်တမ်း အကဲခတ်၏။

"တစ်ယောက်ယောက်နောက်ကို လိုက်ပြေးသွားတာ မဟုတ်ဘူး
"

www.burmeseclassic.com



"ဟင့်အင်း"

"မဟုတ်ရင် ဆိုင်ကယ်စီးထွက်တယ်ဆိုတာ သူတစ်ယောက်တည်း မဖြစ်နိုင်ဘူး။ မှန်မှန်ပြော"

မေး မျက်နှာလေး လှည့်လာသည်။ ဒါပေမယ့် မျက်လုံးချင်းမဆုံမိနိုင်သည့်အနေအထားလောက်မှာပဲ ရပ်တန့်ကာ ဘာသံမှလည်းထွက်မလာခဲ့ပေ။

လင်းအား ကတော့ မေး ပြောလာမည့်စကားကို သုံးသပ်ဆုံးဖြတ်ဖို့ စိတ်စောစွာစောင့်ဆိုင်းနားထောင်နေခဲ့၏။ ထိုစဉ် ...

မေး လွယ်ထားသည့် အညိုရောင်ဆလင်းဘက်ဒ်အိတ်လေးထဲကနေ ဖုန်းမြည်သံလေးထွက်ပေါ်လာ၏။ နှစ်ယောက်စလုံး ဖုန်းသံဆီမှာ အာရုံတွေရှုးစိုက်သွားကြသော်လည်း ဘယ်သူမှ မလှုပ်ရှားဘဲ အတန်ကြာ ငြိမ်သက်နေခဲ့ကြ၏။

မြည်နေသည့်ဖုန်းသံက သံစဉ်လေးတွေ နောက်တစ်ခေါက်ပြန်လျှောက်တော့မှ မေး က ဖုန်းထုတ်ကိုင်လိုက်၏။

"ဟလို"

နံပါတ်ကိုကြည့်လိုက်ကတည်းက ဘယ်သူမှန်းသိသည်။ သူ့ရှေ့မှာ ဒီထက် ရှေ့ဆက်မပြောလိုတော့သည်မို့ ဖုန်းပြောရင်း လှေကားထစ်ငါးထစ်ကို ဆင်းလျှောက်သွားခဲ့မိ၏။

ဒါပေမယ့် လင်းအားက ထက်ကြပ်မကွာပါလာခဲ့ပြီး သူ့မလက်ထဲက ဖုန်းကို အသာလေးဆွဲယူသွားခဲ့သည်။

"မေး ငါပြောတာ ကြားလား။ တစ်နာရီအတွင်း ငါ လာခဲ့မယ်။ ခြံတံခါး အဆင်သင့်ဖွင့်ထားပေး။ လင်းအားကို နင် ဘာမှပြောပြထားဖို့မလိုဘူး။ နင့်ရှေ့မှာပဲ ငါ သူ့ကို အားလုံးပြောပြမှာ။ သိတယ်နော်။ ငါတို့နေရာမှန် ပြန်နေကြဖို့ ..."





"မင်းပြောသလို မလွယ်ဘူး ရေး။ လင်းအား ဆိုတဲ့ကောင်ကို ဗီးဖြူ ...လို ဆန်ကောထဲထည့်လို့မှ်ပစ်လို့ရချင်ရမယ်။ ကျောက်တုံးတစ်တုံးလို ...ထိုင်ဖို့တော့ မစဉ်းစားနဲ့။ မင်း ဒုက္ခများသွားလိမ့်မယ်"

"ရှင် ... ရှင် လင်းအား ..."

တစ်ဖက်က ရေး အသံလေးတိတ်ကျသွားပြီးမှ မထင်မှတ်အံ့သြစွာ ...ဆိုင်းထွက်လာ၏။

"ရှင့်ကို မေး က ပြောပြလိုက်ပြီပေါ့"

"မင်း ငါ့ကို ပြန်မမေးပါနဲ့။ မင်းတို့ညီအစ်မ ခွဲတိုင်း တွဲတိုင်း ငြိမ်နေရ ...င် ငါက ..."

"ရှင် ဘယ်လိုဖြစ်ဖြစ် ရေး ကလဲ အဲဒီအတွက်ကို ဘယ်တုန်းကမှ ...ထဲထည့်ခဲ့တာ မဟုတ်ဘူး။ မေး ဆိုတဲ့ ရေး ရဲ့အစ်မက နေရာပေးယ် ...နိုင်ပါဘူးဆိုရင်တောင် ငါ ဘာဖြစ်သွားမလဲလို့ တွေးမပူခဲ့ဘူး။ ဘာဖြစ် ...ဲ သိလား"

သိချင်လို့မဟုတ်ပေမယ့် သူ ငြိမ်နေလိုက်မိသည်။ မေးနဲ့ရေး ဘယ် ...ဘက်ဆင်တူလို့ လူတွေ ဘယ်လိုမှားယွင်းကြသည်မသိပါ။

သူကတော့ ရေး အသံကို ဖုန်းထဲကကြားလိုက်ရကတည်းက အဖြူ ...ကို ယှဉ်တွဲမြင်လိုက်ရသလို ခံစားလိုက်ရသည်။

"လင်းအား ... ရှင် ဒီကပြောနေတာ ကြားတယ်နော်။ ဆက်နားထောင် ...ှင့်ရဲ့ ဇနီးက ရေးရေးရိပ်၊ မေမေးဆက် မှမဟုတ်တာ"

"နေဦး"

"နေလို့မရဘူး ရှင်ပဲ ဆက်နားထောင်၊ အောင်နိုင်သူအပြုံးဆိုတာ ...က်ခြင်းတွေပါတယ်၊ ကောက်ကျစ်မှုလဲကင်းချင်မှကင်းမယ်၊ ဒါပေ ... နိုင်ဖို့သေချာနေလို့ ပြုံးနေနိုင်တာပေါ့။ ရေး လက်ထဲမှာ ဝုဏ်ဖ ...ပ် ရှိတယ်၊ အဲဒါက အခုကျော်လွှားဖျောက်ကွယ်ထားခဲ့တဲ့ အမှန်



www.burmeseclassic.com

www.burmeseclassic.com



တရားကို ရှင် လှသိရှင်ကြား ပြန်တူးဖော်လို့ မဖြစ်နိုင်တော့တဲ့အချက်။

ရေး ဘာပြောနေမှန်းမသိပေမယ့် သူ့မျက်နှာ နီရဲညိုပုပ်လာကာ မေးရိုးနှစ်ဖက်မှာ အံကြိတ်ထားခြင်းကြောင့် တင်းခဲထောင်ကားနေတာကို မေး မြင်နေရသည်။

ထိုပြင် ညဥ့်နက်နေပြီမို့ ကျိုခနဲ ကျိုခနဲ အံကြိတ်သံကိုလည်း တစ်ချက် တစ်ချက်ကြားရ၏။

"ရေး ဆိုင်ကယ်မှောက်သွားလို့ ပွဲမပျက်အောင် မေး ကိုထည့်ပေး လိုက်တာ၊ ဒါကို ရှင် ပြန်ဖော်ရင် ကိုယ်အသုံးမကျတာ မောင်းခတ် ကြေညာသလိုဖြစ်သွားမှာပေါ့။ ပြီးတော့ မေးဘဝလဲ သွားပြီ"

"တောက်"

"နေဦး၊ ခဏလျှော့ထားဦး၊ မေး ဖြစ်မယ့် နောက်ပိုင်းအနာဂတ်ကို ရေး စိတ်မဝင်စားဘူး၊ ရှင့်အနာဂတ်ကို ရှင် ဘယ်လိုရှေ့ဆက်ဖန်တီးချင် သလဲဆိုတာပဲ သိချင်တယ်၊ အခု ရှင်က ကြိုသိသွားပြီဆိုတော့ ရေး ပြင် ဆင်ထားတဲ့လက်နက်တချို့တော့ ပျက်စီးသွားတာပေါ့၊ ဒါပေမယ့် မေး ယုတ်မာလို့ လွှဲချော်ကုန်တာပါ၊ ယုတ်မာပါစေ ဒါ သူ့အခွင့်အရေးပဲ၊ အဲ တော့ အခု ရေး လာခဲ့မယ်၊ ရှင်နဲ့မေး ဘယ်လိုအပေးအယူတွေဖြစ်ခဲ့ဖြစ်ခဲ့ ခုချိန်ထိ ဘယ်လောက်သင့်မြတ်နေနေ ရှင့်ရဲ့ဇနီးဖြစ်တဲ့ ရေး ကို ရှင် မဟုတ်ပါဘူး၊ ခေါင်းခါငြင်းလို့မရဘူး၊ မေး ကိုပဲ အကြင်နာမေတ္တာတွေ ပိုနေမိပါပြီဆိုလဲ ပြောင်းထဲသွားလွှင့်ပစ်လိုက်တော့၊ အဒီအကြင်နာတွေ—"

ရေး က ပြောလိုက်၊ ခနဲ့သလိုရယ်လိုက်နှင့် တစ်ယောက်တည်း ပထမရနေ၏။

"ဘာဖြစ်လို့လဲဆိုတော့ ရှင် ရေး ကို တစ်ခုခုပြဿနာရှာတာနဲ့ အဲ ကိစ္စတွေကို ရှင် မောင်းခတ်စရာမလိုဘဲ ရေး က ကြေညာပစ်လိုက်မှာ"

"ရေး ... မင်း ယုတ်မာဖို့ရှိသမျှ အဲဒီလောက်ပြောရဲနေတာ နား





ထောင်ရတဲ့လူက နားရှက်တယ်။ ကောင်းပြီ မင်းပြောသလိုပဲ ငါက လည် စင်းပေးရတော့မှာပါ။ တစ်ခုတော့ရှိသေးတယ်"

"ပြော"

"နွယ်မြက်သစ်ပင် ဆေးဖက်ဝင် ဆိုပေမယ့် အဆိပ်ပင်တွေလဲ ရှိ တယ်၊ မင်းလဲ မင်းဇာတ်ကို မင်းရေးတာ၊ ငါကလဲ ငါ့လမ်း ငါဆက် လျှောက်မှာပဲ၊ မင်း အဆိပ်မသင့်စေနဲ့ပေါ့"

ပြောပြီး သူ ဖုန်းချလိုက်သည်။ မေး က မျက်နှာလေးလွှဲထားလျက်ရှိ ကာ သူပြောပြီးသွားသည်နှင့် ဒီဘက်ကို ခပ်စောင်းစောင်းလေးလှည့်လာ လျက် ...

"ကျွန်မကို ရှင် ပြောစရာရှိသေးလား၊ မရှိတော့ရင် ကျွန်မ သွားတော့ မယ်"

"ဘာကိုပြောစေချင်တာလဲ မေး၊ အပြစ်တင်တဲ့စကားတစ်ခုခုလား၊ ဒါမှမဟုတ် ..."

"အပြစ်တင်ပါ၊ ဒေါသဖြစ်ပါ၊ ရေး ပြောသမျှ မချေမင်တွေပဲဖြစ်မယ် ဆိုတာ ကျွန်မ သိတယ်၊ အဲဒါတွေနဲ့ပတ်သက်ပြီး ရှင် ကျွန်မအပေါ်မှာပဲ ပေါက်ကွဲပစ်လိုက်ပါ"

"မေမေးဆက်"

"အို ..."

လင်းအားက မေး လက်ကောက်ဝတ်လေးတစ်ဖက်ကို ဆောင့်ဆွဲ ပစ်လိုက်၏။ ယိမ်းကျလာသည့်ကိုယ်လုံးနွဲ့နွဲ့လေးကို သူ့ရင်ဘတ်နဲ့ ထိ ကပ်ထားလိုက်ပြီး ...

"ရေးရေးရိပ် ကိုပဲ ငါသိခဲ့တာ၊ မေမေးဆက် ဆိုတာကို မေး တစ်လုံး ကလွဲပြီး အပြည့်အစုံတောင်မှ မသိခဲ့ဘူး၊ ဒါပေမယ့် အခု ငါ့ရင်ထဲမှာ မင်းပဲရှိနေတယ်၊ မင်းတို့ညီအစ်မ ... တောက်.."



www.burmeseclassic.com

www.burmeseclassic.com



လက်ကိုဆောင့်လွှတ်လိုက်ပြီး သူ တက်ခေါက်သည်။ ပြီးတော့ ကိုင်ထားသည့် မေး ရဲ့ဟမ်းဖုန်းကို မေးလက်ထဲ ပြန်ထည့်ပေးလိုက်ပြီး ...

"မင်းသွားလို့မဖြစ်သေးဘူး၊ တော်ကြာ မင်းညီမ လာမှာဆိုတော့ မင်းနဲ့သူ ပြောဆိုဖို့တွေရှိလာဦးမှာ'

ပြောနေရင်း လင်းအား က အံကြိတ်၏။ ချာခနဲပြန်ဝင်သွားပြီး ထွက်လာတော့ လက်ထဲမှာ ကားသော့ပါလာသည်။ ခြေလှမ်းကျဲများနှင့် တောက်လျှောက်ဆင်းချသွားပြီး ကားနားရောက်မှ တုံ့ခနဲရပ်သွားကာ ...

"မင်းတို့တာသာ ဖာတ်သိမ်းခန်းကို ဆက်ရေးကြပါ၊ ငါ့ဘက်က နှစ်ပါးသွားကဖို့ ဘယ်တော့မှကြိုးစားမှာမဟုတ်ဘူးဆိုတာတော့သေချာတယ်"

ကားကို ခြံထဲကနေ ကြမ်းတမ်းစွာမောင်းထွက်ခဲ့၏။ လမ်းဘေးနီယွန်မီးတို့၏အလင်းရောင်တွေက ရိပ်ခနဲ ဝင်းခနဲလက်ပြကျန်ခဲ့ကြသည်။

မျက်လုံးထဲမှာ ရှေ့မှာ လမ်းမရှိဘဲ ရယ်နေသည့် ရေး မျက်နှာနှင့် ကြောက်လန့်တကြားမော့ကြည့်နေသည့် မေး ၏မျက်ဝန်းတွေပဲရှိနေ၏။

ထို့ပြင် ဆေးသားတင်ထားသော နှုတ်ခမ်းနီနီတစ်စုံနှင့် သူ နမ်းလို့နီမြန်းကျန်ရစ်သော နှုတ်ခမ်းသားလေးတွေက ဝေ့ဝဲပေါ်လာနေသည်။

"ရှင်နော် ..."

"လင်းအား မဖြစ်ဘူး၊ သိလား လွှတ်ပါ၊ ဟင့်အင်း ..."

မေး၏ ငြင်းဆန်နေသော နှုတ်ခမ်းလေးတွေကို သူ မရမက အနိုင်ကျင့်ခဲ့သည်။

ရင်ထဲမှာ ဖျင်းခနဲကျိန်းရှသွားပြီး စတီယာရင်ကို ဖိဆုပ်ပစ်လိုက်မိ၏။ ခြေထောက်တစ်ဖက်က လီဗာကို သတိလက်လွှတ်နင်းလိုက်မိလျှင် ...

"ဟာ ..."

"ဂျိမ်း"

ကားက သိမ့်ခနဲဦးမော့၍ ဆောင့်ထွက်သွားသည်။ ဘယ်လိုမှ မထိန်း





ချုပ်လိုက်နိုင်မိစဉ်မှာ ဘွားခနဲပေါ်လာသည့် ရှေ့က ကားတစ်စီးနှင့် ...

"အား ..."

ရင်ဝမှာ မီးစနှင့်ထိုးခံလိုက်ရသလို အောင့်တက်ပူလောင်သွားသည်။

"အ ... အင်း ..."

စတီယာရင်ကို ဖိဆုပ်ထားရင်း ခေါင်းထူဖို့ကြိုးစားစဉ်မှာ နဖူးကနေ နွေးသောအရာတွေ တလိမ့်လိမ့်စီးကျလာကြ၏။ နားထဲမှာ ဆူညံသံများနှင့်အတူ သူ့ခန္ဓာကိုယ်ကြီးကို တွန်းထိုးတောင့်ခါနေကြသလို ခံစားနေရသည်။

ထိုအခါ မခံရပ်နိုင်အောင်နာကျင်သည်က ဘယ်ဘက်ခြေထောက်။

အသည်းမကျွမ်းဘူးဆိုလျှင် သေစမ်းလိုက်ချင်ပါ၏။ ဒီနေရာမှာပဲ များစေ၍ တပည့်တော်သည် .....

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

တိုက်ဆိုင်တာလား။ ကိုယ့်အတွက်ရင်နာဖို့အကြောင်းဖန်လာခဲ့လား မသိ။ ဒဏ်ရာအပြင်းအထန်နှင့် လင်းအား ဆေးရုံရောက်သွားတော့ ဆေးရုံမှာတွေ့လိုက်ရသည်က ဟိန်းလတ်ကို ကုသပေးခဲ့သည့် ဒေါက်တာ ဦးကောင်းမိုး ဖြစ်နေ၏။

ဦးကောင်းမိုးသည် မျက်နှာချိုသလောက် အပြောအဆိုလည်း ရည်မွန်သူဖြစ်ရာ ဒေါ်ဆွေလတ်နှင့် စကားလက်ဆုံကျသွားသည်နှင့် တရင်းတနှီးဖြစ်သွားခဲ့၏။

"ဟိုတစ်ခါ ကျွန်တော် အောင်ရတနာဆေးခန်းမှာ ကုပေးခဲ့ရတဲ့ လူငယ်တစ်ယောက်ဆိုရင် ဒေါ်ဆွေလတ်သားထက် အများကြီးဆိုးတယ်၊ သူကတော့ ဆိုင်ကယ်မှောက်တာပါ၊ ရန်ကုန်မြို့ထဲမှာမဟုတ်တော့ သယ်တဲ့ ပြန်တဲ့အချိန်ကလဲ ကြာသွားတယ်ဗျာ၊ ပြီးတော့ လာတင်ပေးသွားတဲ့ လူနာရှင်တွေကလဲ သူ့မိဘတွေမဟုတ်တော့ ဆိုင်ကယ်မှောက်ပြီးဖြစ်ခဲ့တဲ့ ကေ့စ်ကို လူသိမခံချင်တဲ့ဆန္ဒကပဲ များနေတာ၊ ရောက်ရောက်ချင်း





စမ်းသပ်တော့လဲ အခြေအနေက သိပ်ဆိုးဆိုးရွားရွားမဟုတ်ဘူး ဖြစ်နေပြန်ရော"

"နောက်တော့ ဘာဖြစ်သွားသေးလို့လဲ ဒေါက်တာ"

"မောင်လင်းအားထက် ပိုဆိုးတယ်၊ ခေါင်းထိတာချင်းတူပြီး မောင်လင်းအားက အကောင်းတိုင်းပြန်ဖြစ်ခဲ့တယ်၊ အဲဒီလူငယ်ကျတော့ အတိတ်မေ့သွားတယ်ဗျ"

"ဩော်... ဖြစ်ရလေရှင်"

ထိုစကားတွေကိုကြားနေရသည့် လင်းအား ကတော့ အတိတ်မေ့သည့်ကိုယ်မဖြစ်ခဲ့ရသည့်အတွက် ကိုယ်သာ ပို၍ကံဆိုးသူဖြစ်နေခဲ့၏။

"အောက်ပိုင်းမှာ အရိုးအက်တာတွေ၊ ဘာတွေမဖြစ်ဘဲ အောက်ပိုင်းတစ်ပိုင်းလုံး သေသွားတယ်လေ"

"ဘုရား... ဘုရား၊ ဒီလောက်ဖြစ်သွားတာကို သူ့မိဘတွေ ဘယ်တော့ကျမှသိတာလဲဟင်"

"ကောင်လေးမိဘတွေကလဲ ကြွယ်ကြွယ်ဝဝပါတယ်၊ ကြည့်ရတာက တော့ ဆိုင်ကယ်နဲ့ မိန်းကလေးကို ခိုးပြေးပုံပဲ၊ မိန်းကလေးက မင်္ဂလာဆောင်တော့မယ့်မိန်းကလေးလို့ကြားတယ်"

"ဩော်... မိဘပေးစားတာကို မလိုချင်လို့ဖြစ်မှာပေါ့နော်"

"ဟုတ်လိမ့်မယ်ထင်တယ်၊ ကောင်လေးဘက်က မိဘတွေကတော့ ဓါးသဖြစ်လွန်းလို့ ရေး ဆိုရင် စာတောင်မရေးတော့ဘူး၊ ဘယ်လိုညာလို့နဲ့ ပြောနေကြတာပဲ"

"မိန်းကလေးက ရေးကလား ဒေါက်တာ"

"ဟားဟား၊ ကျွန်တော် အဲဒီလိုပဲထင်ခဲ့ဖူးတယ်၊ မဟုတ်ဘူးဗျ နာမည်ဝံ"

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ဒေါ်ဆွေလတ်မျက်နှာကြီး မည်းမှောင်ကျသွားကာ သ
ဖြစ်သွထံ မျက်လုံးက တန်းခနဲရောက်သွားသည်။

ခုတင်ထက်မှာရှိနေသည့် လင်းအားသည် ပက်လက် ငြိမ်သက်
ရှိနေသော်လည်း အိပ်နေတာမဟုတ်မှန်း မျက်တောင်များတွေလှုပ်
နေတာကိုကြည့်၍ သိနိုင်၏။

ဒေါ်ဆွေလတ် နှုတ်ခမ်းတလှုပ်လှုပ်နှင့် ဘာမေးခွန်းမှ ဆက်မ
နိုင်တော့ဘဲဖြစ်သွား၏။ သူမ တလှုပ်လှုပ်ရေရွတ်ပြီး မထင်မှတ်စွာ
နေခဲ့သည့် နာမည်သည် ...

"ရေး ... ရေး ... ရေးရေးရိပ် ... ရေး များလား..."

စူးစိုက်တွေးကြည့်လိုက်တာနှင့် အဖြေဘာလဲဆိုတာကို ဒက်
တွေးလိုက်နိုင်၏။ ဒေါ်ဆွေလတ် အံ့သြတုန်လှုပ်ခြင်းကို ချက်ချင်းဖျော
ပစ်လိုက်ကာ ...

"အဲဒီလူနာကောင်လေးကို မိန်းကလေးက လိုက်မကြည့်ဘူးလ
ဒေါက်တာ၊ သူလဲ ဒဏ်ရာတော်တော်ပြင်းသွားပုံရတယ်၊ ဟို ... ဒီလို
ရေး ဆိုရင် အဲဒီမိန်းကလေးက ကျွန်မအသိများလားလို့"

သိချင်စိတ်ကို မျိုသိပ်မရတော့သဖြင့် ပြောင်ဖွင့်မေးလိုက်မိ
ဒေါက်တာဦးကောင်းမိုးသည် ဒေါ်ဆွေလတ်စကားကြောင့် အံ့သြသ
ဖြစ်သွားပေမယ့် အရိုးခံစိတ်အတိုင်း ပွင့်လင်းစွာပြုံး၍ ...

"မိန်းကလေးကတော့ ကျွန်တော့်ဆီ ရောက်မလာဘူး၊ ဒါပေ
ကောင်လေးလောက်မပြင်းထန်ဘူးထင်ပါတယ်။ ဘာပဲဖြစ်ဖြစ်
ကျွန်တော် ပြောချင်တာက မောင်လင်းအားကို စိတ်ဓာတ်မကျအေ
ဒေါ်ဆွေလတ် အားပေးဖို့ပါ"

"ဟုတ်ကဲ့ပါရှင်"

"ဘယ်သူမဆို ကိုယ့်ဝေဒနာလောက်ဆိုးရွားတာ မရှိနိုင်ဘူးလို့ ခံ





နေရတုန်းမှာ ထင်ကြတာပါပဲ။ ခု ကျွန်တော်ပြောတဲ့လူငယ်လေးဆိုရင်
ဘယ်လောက်ပြင်းထန်သွားသလဲ ကြည့်ပါဦး"

ဒေါက်တာဦးကောင်းမိုးက အားလုံးသိမ်းဆည်းပြီးမှ ပြန်ဖို့မပြင်သေး
ဘဲ စားပွဲဘေးက ကုလားထိုင်မှာ တရင်းတနှီးဝင်ထိုင်လိုက်သည်။

သူသည် ဟိန်းလတ်နှင့်တကွသော အဖြစ်အပျက်လူပုဂ္ဂိုလ်တွေကို
စိတ်ဝင်တစား ဝေဖန်ပြောဆိုနေတာမဟုတ်ဘဲ လောလောဆယ် သူ့
လူနာဖြစ်နေသည့် လင်းအားကို အားပေးဖျောင်းဖျလို၍သာ တူညီသည့်
သာဓကတစ်ခုအဖြစ် ပြောပြခဲ့ခြင်းဖြစ်သည်။

ဒါပေမယ့် တိုက်ဆိုင်သည်က လင်းအားသည် ဇရေး နှင့်လက်ထပ်ခဲ့
သည့်ယောက်ျား။

"မောင်လင်းအားက ခြေထောက်တစ်ဖက်တည်းဖြစ်သွားတာ ဂရု
စိုက်ကုသမယ်ဆိုရင် အလွန်ဆုံး ခြောက်လ၊ တစ်နှစ်ပါပဲ၊ ကျွန်တော်
အားပေးစကားပြောဖို့သက်သက်နဲ့ ဖြေသိမ့်နေတာမဟုတ်ဘူးနော်၊
အားလုံး စမ်းသပ်စစ်ဆေးပြီး တွေ့ရှိတဲ့အတိုင်းပြောနေတာ"

ဒေါက်တာ ဦးကောင်းမိုးက ပြောနေရင်း တုတ်တုတ်မလှုပ်ဘဲငြိမ်
သက်နေခဲ့သည့် လင်းအားထံသို့ မျက်လုံး ခဏခဏရောက်သည်။

ဆေးရုံကိုရောက်လာခဲ့ပြီး ဆင်းရမည့်အချိန်မဟုတ်သေးဘဲ ဖွတ်
ဆင်းသည်။ ထို့ပြင် အိမ်မှာပဲ အေးအေးဆေးဆေးကုသချင်တာမျိုးမဟုတ်
ဘဲ ထိုင်သည့် 'အောင်ရတနာ'ဆေးခန်းမှာ ပြောင်းနေခဲ့တာဖြစ်၏။

ဒီနေ့မနက်ကျမှ ကိုယ့်အိမ်ကိုပြန်ရောက်ခဲ့သည်။ ဦးကောင်းမိုး
လင်းအားကို သတိထားမိနေသည်က ဆေးရုံကနေ ဆေးခန်း၊ ဆေးခန်း
ကနေ အိမ်ပြန်ရောက်လာတဲ့အထိ တစ်ချက်မှအပြုံးအရယ်မရှိသဲ့ဟုတ်
တယ်၊ မဟုတ်ဘူး၊ ခေါင်းညိတ်၊ ခေါင်းခါ ဒါလောက်ထက်မပို။

ထိုင်နေတာတောင် လှဲနေတာပဲများကာ ငုံ့ကြည့်မိသိုင်း လှုပ်ရှားနေ



www.burmeseclassic.com

www.burmeseclassic.com



တတ်သည့် မျက်တောင်များတို့က အိပ်နေခြင်းမဟုတ်တာကို ဖော်ပြနေကြသည်။

ဒီလူနာ ထူးခြားသည်ဟု သတ်မှတ်လိုက်သည်နှင့်အတူ ထိုလူငယ်၏ရင်ထဲမှာ စိတ်ဝေဒနာအစိုင်အခဲ ကြီးမားစွာရှိနေပြီမှန်းလည်း နားလည်ခဲ့၏။

ဆရာဝန်ပီပီ အနီးစပ်ဆုံးခန့်မှန်းမိသည်မှာ ခြေတစ်ဖက်မသန်မစွမ်းဖြစ်သွားခဲ့ရခြင်းအတွက် စိတ်ဓာတ်ကျဆင်းနေခြင်းဟုသာ ...။

"ကျွန်တော် ဆေးကုသခဲ့တဲ့သက်တမ်းတစ်လျှောက်မှာ ထိခိုက်ခံစားလွယ်တဲ့လူတွေရော၊ စိတ်ဓာတ်အရမ်းကိုမာကျောပြီး အံ့ဩဝမ်းသာစရာကောင်းလောက်အောင် ဘဝကို အရှုံးမပေး စိတ်မပျက်တတ်ဘဲ လူတွေမျိုးစုံကိုတွေ့ခဲ့ရပါတယ်။ မောင်လင်းအားကို ဒုတိယလူမျိုးထဲမှာ ပါစေချင်တာ၊ ဘာဖြစ်လို့လဲဆိုတော့ လိမ္မာရေးခြားရှိပြီး ကိုယ့်ရဲ့အိမ်ထောင်စုကိုယ့်နိုင်ငံအတွက် အဖိုးထိုက်တန်တဲ့လူတော်တစ်ယောက်ဖြစ်နေလို့ပါ"

ဦးကောင်းမိုးသည် ဒေါ်ဆွေလတ်ကို ပြောပြနေရင်း လင်းအား ဘက်ကိုပဲ တည့်တည့်လှည့်ကြည့်ပြီး တိုက်ရိုက်ဆုံးမနေသလိုဖြစ်လာ၏။

တကယ်တမ်း သားအမိနှစ်ယောက်၏ရင်ထဲမှာ တူညီစွာဖြစ်ထွန်းနေခဲ့ကြသော ပူလောင်နေသည့်အတိုင်းအဆတစ်ခုကိုတော့ ရိပ်မိဟန်မတူပေ။

ထို့ကြောင့် နေ့စဉ်ဝတ္တရားအတိုင်း ဆေးထိုးဆေးပေးပြုပြီး အားပေးစကားတွေပြောကာ နှုတ်ဆက်လှည့်ပြန်ဖို့ အခန်းထဲကအထွက်တွင် —

"မေမေ"

ခန်းဆီးစကို ရုတ်ခနဲသိမ်းဖယ်ပြီး ရေး ဝင်လာတော့ ဦးကောင်းမိုးက နောက်ပြန်ဆုတ်ပြီး စောင့်နေလိုက်သည်။

"ဪ... ဒေါက်တာ ကန်တော့နော်"





တိုက်မိမလိုဖြစ်သွားသဖြင့် တောင်းပန်တော့ ဦးကောင်းမိုးက ပြုံးပြခေါင်းညိတ်ကာ ခန်းဆီးနားကို ဆက်သွား၏။

ထိုစဉ် ...

"ရေး အပြင်သွားမလို့ မေမေ၊ ကိုကို့အတွက် ဆွယ်တာပါးလေး နှစ်ထည်သုံးထည်လောက်လဲ ဝယ်ချင်လို့၊ မေမေ ပြန်လိုက်တော့မလား"

ဦးကောင်းမိုး ခန်းဆီးကိုသိမ်းဖယ်ကာ ခေါင်းနှံ့ပခုံးတစ်ခြမ်း အပြင်ကိုရောက်နေပြီဖြစ်၏။ သို့သော် ရေး ဆိုသည့်နာမည်ကို ပီပီသသကြီးကြားလိုက်ရသဖြင့် ပခုံးတစ်ဖက်ပေါ်မှာ ခန်းဆီးစတင်နေလျက်နှင့် တုံ့ခနဲ ရပ်တန့်သွားလေသည်။

ရေး ဆိုပါလား .....။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

“မမေက ချွေးမတော်ချင်လို့ သမီးတောင်းပေမယ့် ဒါ ဂုဏ်ချွေ လောင်းလေးပါလားဆိုပြီး ကြည့်ခဲ့တဲ့အခါမြင်တယ်၊ မတွေ့ဖြစ်ကြတော မမြင်တော့ဘူး။ ရေး နဲ့မေးကို မခွဲခြားလိုက်နိုင်ဘူးဆိုတဲ့အပြစ် မမေ သသ ဘယ်သူ့မှာ ပိုကြီးသလဲ”

အခန်းတံခါးနားရောက်သည်နှင့် အထဲကစကားသံသဲ့သဲ့ကို ကြား လိုက်ရကာ ရေး ခြေလှမ်းတွေနှေးကျသွားၵါ၏။

တံခါးနားနီးအောင် ဖွဖွ လေး ဆက်တိုးလာလေ စကားလုံးတွေ ပိုမြင်ထွာကြားလာရလေ ...

“မင်း ဒီလိုမနေနဲ့ သား။ အဆိုးအကောင်း တိုင်ပင်ကြဖို့ မမေနဲ့သား နှစ်ယောက်ပဲရှိတာ၊ အခု ဘယ်လို ဆက်ပြီး ...”

“ဒီတိုင်းပဲဆက်ရတော့မှာ မမေ၊ ကျေးဇူးပြုပြီး ဘာမှမပြောပါနဲ့ တော့”





“အို... မပြောလို့မဖြစ်ဘူး သား။ ဇွဲစပ်တာ၊ လက်ထပ်တာကို စီမံ ခန့်ခွဲကြတဲ့ လူကြီးတွေရှိတယ်၊ လူကြီးတွေကိုဖယ်ထားပြီး ဒီလို ထင်ရာ လုပ်လို့ရမလား”

“ဒါတွေကို သူ့ဘက်ကလူတွေ အားလုံးသိကြတယ် မမေ၊ မသိတာ ထ ကျွန်တော်တို့ပဲ၊ ကိုယ် အသုံးမကျတာကို လူသိအောင်ကြေညာသလို ဖြစ်ကုန်တာပဲ အဖတ်တင်မယ်၊ ပြန်ပါ မမေရာ၊ ကျွန်တော့်အိမ်ထောင် ရေးနဲ့ ကျွန်တော့်ကံကြမ္မာပဲလို့ သဘောထားလိုက်ပြီးပြီ၊ ဒီတိုင်းပုံချပြီး ဝစ်လက်ခတ်ထားခဲ့လိုက်ပါ”

“သားရယ် ...”

“ဒီမှာ ကိုကို ...”

သားအမိနှစ်ယောက်၏စကားသံတွေ တိတ်ကျသွားကြကာ အသံ ပေး ခွင့်မတောင်းဘဲ ဝင်လာသည့် ရေး ကို လှမ်းကြည့်လိုက်မိကြ၏။

ရေး သည် အနီရဲရဲပခုံးရှိုတ်ခါးတိုလေးကို ဂျင်းဘောင်းဘီနက်ပြာရင့် နှင့်တွဲဝတ်ထား၏။ နှုတ်ခမ်းသားတို့မှာ ဖွေးဖွေးနီလျက် မျက်ခွံစပ်စပ် လေးတွေက ပြာရိပ်သမ်းနေသော အညိုရင့်ရောင်၊ နှုတ်ခမ်းနီကြောင့်သာ ဖြင်ဆင်ထားမှန်းသိသာပေမယ့် ပါးမို့လေးတွေ နီမြန်းနေပုံက သဘာဝ အသွေးအရောင်လေးလိုလှနေသည်။

ပခုံးအောက်သာသာလေးပဲရှိသည့် ဆံပင်တွေကို ပြူပြင်အရောင်တင် ထားပြန်ရာ ဆံပင်တွေထဲမှာ ငွေမှင်ရောင်တွေ လက်ခနဲ ဖျတ်ခနဲမြင်နေရ ပြီး ပျော့နွဲ့အိစုန်နေ၏။

ရေး သည် မေး နှင့် ဘာမှမဆိုင်ပါ။ ဖြူနုအိစက်နေသည်၊ ဝင်းထိန် ရှိနေ၏။

ဒါပေမယ့် ထိုအလှဟာ အလျှံတညီးညီး ရှိန်းရှိန်းဝဝထောင်မြှုက် လာသည့် မီးညွှန့်မီးဖွယ်များနှင့် တူသည်လား ...။

www.burmeseclassic.com

www.burmeseclassic.com



မေး ကတော့ ခြေဖျားထိဂါဝန်လေးတွေဝတ်တတ်ပေမယ့် အပေါ်က ဝစ္စကုတ်လေးဖြစ်ဖြစ်၊ အပေါ်ထပ်လေးဖြစ်ဖြစ် တစ်ခုခု ထပ်ဝတ်ထား တတ်ကာ ထဘီစကဲတ်လေးတွေ ဝတ်တာလည်းရှိသည်။

ကွာတားတွေ၊ ရှေ့ပင်န်တွေနှင့် စကတ်တိုတိုကျပ်ကျပ်လေးတွေ ဝတ်တတ်တာမျိုးတော့ တစ်ခါမှ မမြင်ဖူးခဲ့ပေ။

ပြီးတော့ ဆံပင်ရှည်တွေကို ပြုပြင်ထ...ဘာ၊ မထားတာ မသိပေမယ့် ရေး လို ပြိုးပြက်လက်နေအောင် ဆွဲညှိဖြားယောင်းနိုင်စွမ်းတော့ မရှိဘူး ထင်၏။ မေး က ဆံပင်တွေကို ဖားလျားချလိုက်၊ နောက်မှာစုစည်းထား လိုက်နှင့် ကြံ့သလိုထားလိုက်တာမျိုး။

မိန်းမသားချင်းလို့ အတင်းစကားမပြောဖြစ်ကြပေမယ့် ရေး ကို မျက် ခနဲလှည့်ကြည့်လိုက်မိစဉ်မှာပဲ မေးနှင့်ယှဉ်တွဲမြင်လိုက်မိကြတာ သားအမိ နှစ်ယောက် အတူတူပင်။

ရေး မျက်နှာလေးက ထိုအကြည့်တွေရှေ့မှာ ဖျတ်ခနဲတုန်လှုပ်သွား ပေါ် လျက် ချက်ချင်းပြန်တင်းပစ်၏။ မျက်နှာလေးတင်းသွားတော့ မေး နဲ့ တော်တော်ဆင်တူသွားသည်။

သူနဲ့ စကားပြောနေရင်း ငေးငိုင်နေတာလေးတွေ ကွာကျသွားပြီး အခါ မှုန်ကုပ်ကုပ် ခပ်စောင်းစောင်းတုံ့ပြန်ပြောဆိုလာတိုင်း ဒီလိုမျက်နှာ လေးပဲဖြစ်၏။

လင်းအား စူးစိုက်ကြည့်နေပြီးမှ မျက်နှာလွှဲပစ်မိသည်။ သူမ မေမေးဆက် မဟုတ်။

"ကိုကို ..."

မျက်နှာလွှဲပစ်လိုက်ပုံကို ခံပြင်းကာ ရေး က ဒေါ်ဆွေလတ်ကို ဂရုမစိုက်နိုင်ဘဲ ဘုဆတ်ဆတ်ခေါ်၏။ ပြီးမှ ဒေါ်ဆွေလတ်ဘက်ကို ပြေပြေမျက်နှာနှင့် ဝေ့ကြည့်လိုက်၍ ....





"ရေးနဲ့မေးနဲ့ ပြောင်းလဲသွားရတဲ့ ဒီရက်ပိုင်းလောက်လေးကို ကိုကိုတို့ အတွက် ဒီလောက်ထိကြီးကျယ်သွားသလား၊ ရေး တကယ်အံ့သြတယ်"

"ဘာကွ"

"နေဦး သား"

လင်းအားမျက်နှာ အဝတ်စနီကဲ့သို့ ရဲတွတ်နေ၏။ ထိုပြင် ဝိုးလ်ချဲ ပါမှာနေရသည့်လူမမာ၊ ဒေါ်ဆွေလတ်က သားဖြစ်သူကိုတားပြီး ဒီဘက် ဆိုးလျှောက်လာ၏။

"ဒီကိစ္စမှာ မေမေ ဝင်မပါသင့်ဘူးထင်တယ်၊ ရေး ကိုကိုနဲ့ပဲ ဆွေးနွေး ချင်တာ"

"မင်းနဲ့ငါ ဘာမှမပြောချင်ဘူး"

"ရေး ..."

သားဖြစ်သူက အပြတ်အသတ်ငြင်းသည်။ မအေလုပ်သူက ရှေ့ဆက် ရှေ့တက်လာ၏။

"အဟွန်း"

ရေး က ပခုံးနှစ်ဖက်တွန့်၍ ရိုင်းစိုင်းစွာမဲ့ပစ်၏။

"ကောင်းပြီလေ၊ ဝင်ပါ ပြောပါ၊ မေမေတို့သားအမိက နှစ်ယောက်၊ က တစ်ယောက်ပေါ့"

"နှစ်ယောက် တစ်ယောက် ဖိအားပေးပြောနေတာမဟုတ်ဘူး ရေး၊ ဟာ မင်းပြောသလောက် သေးနုပ်မွေးမှိန်ကျုံ့ရစ်မယ့်ကိစ္စမျိုး မဟုတ် ဆိုတာ မင်းက မိန်းကလေး ပိုနားလည်ရမယ်၊ ပြီးတော့ မေး က အစ်မအရင်း"

"မေမေ ဘာကိုပြောချင်တာလဲ"

"ငါပြောချင်တာကို မင်း လက်ခံပေးမှာလား"

ရေး မျက်ခုံးလေးနှစ်ဖက်တွန့်ကုတ်သွားပြီး စက္ကန့်များစွာငြိမ်ကျသွား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

ပြီးမှ ...

"ပြောကြည့်လေ"

"မင်းလဲ မင်းလမ်းကိုမင်း လျှောက်ဖို့ကြိုးစားခဲ့ဖူးတယ်၊ ဒီမှာလဲ သူ့နေရာနဲ့သူ အထာကျပြီးသား၊ တစ်ပိုင်းတည်းနဲ့ ဓာတ်ပေါင်းခန်းလှလှလေး ရေးသွားလို့ရတဲ့ဓာတ်ကို ဘာဖြစ်လို့ 'ဓာတ်သိမ်းခန်းမျှော်' ဆိုပြီး နောက်ဆက်တွဲလုပ်ပစ်လိုက်တာလဲ"

"ဖြစ်ရလေ မေမေရယ်၊ ရှင်းရှင်းကြီးကို ရှုပ်အောင်လုပ်နေတာက ရေး မဟုတ်ဘူး၊ ရေး ဒီလိုလုပ်ခဲ့လို့ မင်္ဂလာဆွဲ ရုပ်ပျက်ဆင်းပျက် ဖြစ်မသွားခဲ့ဘူး၊ ခုချိန်ထိ ဒါတွေကို ဘယ်သူမှမရိပ်မိဘူး။ ရေးရေးရိပ်နဲ့ လင်းအားလက်ထပ်ခဲ့ကြတာ နှစ်ပတ်နီးပါးရှိသွားပြီ၊ ပြီးပြီပေါ့။ ရေးရေးရိပ် က ရေးရေးရိပ်ပဲ ဆက်ရှိနေတဲ့ကိစ္စ ဒါ သူ့နေရာနဲ့သူပဲ မဟုတ်ဘူးလား"

"တောက်"

"ကိုကိုနော် ..."

လင်းအား တက်ခေါက်လိုက်တော့ ရေး ဆတ်ဆတ်ခါနာသွား၏။

"ရေး ကို ကိုကို တက်မခေါက်နဲ့"

"မင်းကို နှစ်ပိုင်း၊ သုံးပိုင်း ခုတ်ထစ်ပြီး မီးပုံရှို့ပစ်ချင်နေတာ"

မျက်လုံးချင်းဆုံ၍ အကြာကြီးကြည့်နေမိကြသည့်ခဏတွင်လင်းအားမျက်ဝန်းများက ဒေါသအခိုးအလျှံတွေ တလူလူတက်နေလျက် ရေးမျက်ဝန်းတို့မှာ နေပူရှိန် ရိုက်ခတ်ခံနေရသော ရေခဲတောင်ကြီးကဲ့သို့ အေးစက်စက် မာကျောစွာရှိနေရင်း မျက်ရည်တွေ တအိအိပြည့်ဝိုင်းလာ၏။

ပြီးနောက် ပါးပြင်တစ်ဖက်တည်းမှာ မျက်ရည်စတို့ လိမ့်ခနဲပြို့ဆင်းသွားကြရင်း ...

"ဘာကြောင့်လဲ၊ ဘာဖြစ်လို့ အဲဒီလောက်မုန်းနေတာလဲ ပြောစမ်းပါ"





လင်းအား က ဆက်မပြောဘဲ မျက်နှာလွှဲပစ်လိုက်၏။

"မင်းက ဇမ်း ထက် အများကြီးလှတယ်ဆိုပြီး အားလုံးကို အသာလေးပြောင်းလဲပစ်နိုင်တယ်လို့ ထင်ထားပုံရတယ်"

ဒေါ်ဆွေလတ် အသံကြားလိုက်သည်နှင့် မချိသောရင်နှင့် ခွေးသွားသည့်မျက်နှာလေးက ဝင်းခနဲဖြစ်သွား၏။ ဒေါ်ဆွေလတ်ဘက်ကို မချေငံမှုများနှင့် လှည့်လာကာ ...

"ထင်နေတာက မသေချာပါဘူး မေမေ၊ အခု ရေး ရဲ့နေရာကို ရေးပြန်ယူထားခဲ့တာပဲ၊ ယုံကြည်ချက်တိုင်းဟာ အောင်မြင်မှုပါ"

"အဖြစ်အပျက်အခြေအနေတွေ အများကြီးကွာသေးတယ် ရေး။ မိမိကိုယ်မိမိ ယုံကြည်မှုဆိုတာ ကိုယ့်ဆုံးဖြတ်ချက်၊ ကိုယ့်ဘဝအတွက်သာ သက်နက်ကောင်းတစ်ခုဖြစ်ချင်ဖြစ်မယ်၊ အများနဲ့သက်ဆိုင်တဲ့ ဆုံးဖြတ်ချက်တွေမှာ ကိုယ့်ကိုယ်ကို ယုံကြည်နေရုံနဲ့ ပြီးမသွားဘူး။ မင်းက လင်းအားနဲ့ မိန်းနေရာကို ပြန်ရအောင်ယူနိုင်ပေမယ့် လင်းအား က ဒီနေရာကို မင်းအတွက်မကြည်ဖြူနိုင်ဘူးဆိုရင် ..."

"သဘောပဲလေ"

ရေး က ပါးတစ်ဖက်ပေါ်က မျက်ရည်စကိုသုတ်ပစ်လိုက်ပြီး ဒေါ်ဆွေလတ် စကားမဆက်နိုင်အောင် ဝိတ်ပြောလိုက်ကာ ...

"ကြည်ဖြူတာ၊ မကြည်ဖြူတာက သူ့အပိုင်းပါ၊ ရေး ကတော့ ကိုယ့်ဓာတ်ကိုယ်ကမယ်၊ ဘယ်တော့မှ ဓာတ်ရုံမလုပ်ဘူး"

"ဒါ မင်းသမီးရွေးနေတာမဟုတ်ဘူး ရေး"

ဒေါ်ဆွေလတ်၏လေသံမှာ ဟန်ဆောင်နူးညံ့မှုတွေ ပျောက်ကွယ်သွားကြ၏။ သား ကားအက်ဆီးဒင့်ဖြစ်လို့ဆိုတော့ ကိုင်ထားမိတာတွေလွှတ်ကျ၊ ကြားလျက်နှင့်မသိ၊ မြင်လျက်နှင့် အမှောင်ကျသွားခဲ့၏။

ဘာတွေဖြစ်ကုန်တာလဲဆိုတာသိလိုက်ရတော့ လူကြီးမိဘကို လု



www.burmeseclassic.com

www.burmeseclassic.com



မထင်စွာလုပ်လိုက်ကြသည့်အဖြစ်မို့ ဒေါ်သကို မထိန်းနိုင်ခဲ့ပေ။

ဒေါ်မမတို့ဆီကို ချက်ချင်းဖုန်းဆက်ကာ ရန်တွေ့သလိုဖြစ်ကုန်တာလည်း ဂရုစိုက်ရမှန်းမသိ။ ဒါပေမယ့် ရန်သူတောင် လက်နက်ချရင် ကျေအေးရသေးသည်။ သားကို ဆေးရုံတင်ထားရသည့် သောကက တစ်ဖက်၊ ဒီဘက်မှာ ပြဿနာ နောက်ထပ်မရှာချင်တော့တာမို့ ခဏဖြစ်ဖြစ် ကျေအေးပေးထားလိုက်သည်။

အရိုးအကြောပါရင်ကြီး ဒေါက်တာဦးကောင်းမိုးထံမှ ရေး ဆိုင်ကယ်မှောက်သည့်သတင်း မကြားမီအချိန်ထိ မျိုသိပ်ထားနိုင်ခဲ့၏။

ဆိုင်ကယ်မှောက်လို့ ထိခိုက်မိခဲ့သည်။ ပွဲပျက်မှာစိုးလို့ ဒီလိုစီစဉ်လိုက်ရပါသည်ဆိုတာမှာ ဒီမိန်းကလေး ခပ်ပေါ့ပေါ့နေထိုင်တတ်ပုံနှင့် ဖြည့်စွက်တွေးကြည့်တော့ ရိုပါစေတော့ပေ့။ ခုဟာက ကိုယ့်ဘာသာ ဆိုင်ကယ်စီးလို့မှောက်တာမဟုတ်ဘဲ ချစ်သူနောက်ကို ခိုးရာလိုက်ပြေးတဲ့ကိစ္စကြီး။

"လိုက်ပြေးတာမဟုတ်ဘူး၊ သူနဲ့ စကားပြောဖို့သွားတာ" တဲ့။

ဖြေရှင်းပုံက ကျေနပ်စရာရှိလို့လား။ တွေးကြည့်လေ ဒေါသဖြစ်ဖို့တွေရှိလာလေ။ သိပ်လှတဲ့ မိန်းကလေးဆိုသည့် ကျေနပ်ကြည်ဖြူခြင်းမှလွဲ၍ သူမ၏ဆိုးရွားသောစရိုက်လက္ခဏာတွေကို အစကမှ မသိခဲ့ဘဲ။

ဒါပေမယ့် သားကတော့ သိနေပုံပေါ်ပါသည်။ ရေး ဆိုသည့်မိန်းကလေးယုံကြည်ချက်တွေဖြစ်နေခဲ့တာလည်း သားက သူမကို သဘောကျနေမှန်းသိလို့ပဲဖြစ်လိမ့်မည်။

ဒါတွေအားလုံးဟာ မေး သာ ရေး အဖြစ် ရောက်မလာခဲ့ဘူးဆိုလျှင် ခုလို တင်းမာစွာဖြေရှင်းရဖို့တွေ ဖြစ်ချင်မှဖြစ်လာမှာပါ။

ခုတော့ ဒဏ်ရာထင်ရုံလေးမဟုတ်ဘဲ မှန်တစ်ချပ်ကို ကိုင်ပေါက်ခွဲလိုက်သလို မွမွကြေသွားခဲ့တာဖြစ်၏။ ဒေါ်ဆွေလတ်က လင်းအားဘက်ကို တစ်ချက်ကြည့်ပြီးမှ ...



"မင်းကို ငါတို့ရွေးချယ်ခဲ့၊ ကျေနပ်ခဲ့ကြတာမှန်ပေမယ့် လက်ထပ်ပြီးခဲ့ပြီမို့လို့ ဒီအခြေအနေတွေဖြစ်လာတာကို မထူးစိတ်ပိုင်းထားလိုက်ရတော့မှာလဲမှန်နေပေမယ့်ကွယ် ...၊ ရေး ဟာ အမြဲတမ်းဖြစ်နေခဲ့တာမဟုတ်ဘူး၊ မင်းနဲ့ မေး ရဲ့တန်ဖိုးချင်း အများကြီးကွာတယ်ဆိုတာ ယှဉ်တွဲကြည့်မိသွားခဲ့တဲ့နောက်မှာ ..."

"မေမေ လူကို အဲဒီလောက် မစော်ကားပါနဲ့"

ရေး က မေမေလို့တော့ ခေါ်ဆဲပါ။ ဒါပေမယ့် လက်သီးနှစ်ဖက်ဆုပ်၍ အသံစူးသွားတဲ့အထိ အော်ပစ်လိုက်၏။

"တန်ဖိုး၊ ဘာတန်ဖိုးလဲ၊ ရေး က ရည်းစားထားခဲ့ဖူးပေမယ့် ကိုယ့်ကိုယ်ကို ငြိစွန်းခံခဲ့တာမဟုတ်ဘူး၊ မေး က အိမ်တွင်းပုန်းလုပ်နေခဲ့လို့ တန်ဖိုးကြီးမားသွားတာလား၊ သွက်လက်ပွင့်လင်းတဲ့သူက တန်ဖိုးမဲ့ပြီး မြိုစိစိ ဣန္ဒြေတစ်ခွဲသားနဲ့ မလှုပ်တလှုပ်နေတဲ့သူက တန်ဖိုးကြီးသွားတာလား"

ရေး စကားတွေကိုနားထောင်ပြီး ဒေါ်ဆွေလတ်က အထင်မြင်သေးစွာမဲ့၏။

"အဲဒီအကြောင်းတွေ တစ်ခုမှမဟုတ်ပါဘူး၊ လူတစ်ယောက်ရဲ့ စိတ်ဓာတ် အဆင့်အတန်းကို တန်ဖိုးလို့ပြောချင်တာ။ ဥပမာ အခု မင်းပြောနေတဲ့စကားတွေ တန်ဖိုး ဘယ်လိုရှိသလဲဆိုတာမျိုး ..."

ရေး မျက်နှာလေး မည်းညိုသွား၏။

"တော်ပါတော့ မေမေ၊ စကားရဲ့ အဓိပ္ပာယ်အနက်ဆိုတာကို လူတိုင်းမတွက်တတ်ဘူး၊ ဒီတိုင်း စကားစစ်ထိုးနေလို့လဲ ဒီပြဿနာပြီးသွားမှာမဟုတ်ဘူး"

လင်းအား က တင်းခနဲအံကြိတ်ပြီး ဦးလှိုင်ချိုကို တခါးဘက်သို့ ဘာသာလှည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့စကားတွေက မင်းနဲ့ငါရဲ့ အိမ်ထောင်ရေး နွေးထွေးဖို့ ခိုင်မြဲဖို့တွေ ဘာမှမပါဘူးလို့ ငါထင်တယ်၊ အဲဒီတော့ ဖါနဲ့ ငါဘဝကလွဲပြီး မင်းဘာလိုချင်သလဲ ပြောပါ၊ ငါ အားလုံးပေးနိုင်တယ်"

ရေး က ဟွန့်ခနဲမဲ့ပြီး မျက်တောင်တွေ တဖျပ်ဖျပ်ခတ်၏။ သူမ မျက်ဝန်းမှာ လင်းလက်နေတာတွေက မျက်ရည်တွေလား .....။

"စိတ်မကောင်းစရာပဲရှင်၊ ရေး က မပေးချင်တာကိုပဲလိုချင်တာ၊ ရှင့်ကို အမြဲတမ်းချုပ်ကိုင်ပိုင်ဆိုင်သွားနိုင်ဖို့ထက် ပိုပြီး ဘာမှမလိုဘူး"

* * *





အခန်း (၁၄)

"ဟလို"

"ရေး လား၊ သားနဲ့စကားပြောချင်လို့ ခဏလောက်ခေါ် ပေးပါကွယ်၊ တမ်းဖုန်းဆက်တာ မရလို့"

"မပြောချင်လို့နေမှာပေါ့ မေမေ၊ ရေး ကိုလဲ စကားပြောဖော်ရှုတာ မဟုတ်ဘူး"

လို့ ပြောလိုက်ပြီးမှ ...

"ခဏကိုင်ထားနော် မေမေ၊ ရေး သွားခေါ် လိုက်မယ်"

ဖုန်းကိုထားခဲ့ပြီး ရေး အပေါ် ထပ်ကို ပြေးတက်လာခဲ့သည်။ တစ်ခုခု ကျန်ခဲ့လို့ဖြစ်စေ၊ လုပ်ကိုင်စရာပဲသတိရလို့ဖြစ်စေ ရေး အဲဒီလိုပြေးတက် ပြေးဆင်းလုပ်ပစ်တတ်တာ အကျင့်ပါနေပြီဖြစ်၏။

အသက်အားဖြင့် ငြိုးကောင်ပေါက်ဆိုတဲ့အရွယ် မဟုတ်တော့ပေမယ့် အဲဒီလိုနေထိုင်သွားလာရမှ လွတ်လပ်သွက်လက်ခြင်းကို ခံစားမိသည်ဟု ထင်သည်။

အပေါ် ထပ်ရောက်တော့ ခြေလှမ်း၏အမြန်နှုန်းကိုလျှော့ကာ နားစွင့် ကြည့်လိုက်၏။ ထိုစဉ်မှာ မိုးမိုးက ရေသန့်ဘူးလေးနှစ်လုံးကိုင်လျက် ဘုရားခန်းဘက်က ထွက်လာသဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"မိုးမိုး ကိုကိုရော"

"ရှင် ... သြော်... လသာဆောင်မှာ မမလေး"

မိုးမိုးက ဆံပင်တွေ ဖွာခနဲလွင့်သွားအောင် လှည့်ထွက်သွားသည့် ရေး ကို တမေ့တမောလိုက်ကြည့်ကာ ပါးစပ်အဟောင်းသားဖြစ်နေခဲ့သည်။

'မမလေး တော်တော်လှလာတာပဲ' ဟုတွေးရင်း ဒီလောက် သိသိသာသာကြီး ဖြူနုလင်းလက်ပြီးလှနေတာကို အံ့သြမကုန်။

ပြီးတော့ အစ်ကိုလေးကို ဘယ်တုန်းက 'ကိုကို' လို့ခေါ် လို့လဲ။

"ဟဲ့ ဘာလုပ်နေတာလဲ ဒီမှာ"

"ကြီးကြီးညို"

"တော်ကြာ မုန့်ကားလာတော့မှာ၊ အိမ်မှာ ဘာကုန်နေသလဲ သွားကြည့်ပြီး သေချာမှတ်"

"ကြီးကြီးညို"

ခိုင်းတာကို ချက်ချင်းမသွားဘဲ တစ်ခုခုပြောချင်နေသလိုဖြစ်နေသည့် မိုးမိုးကို ဒေါ်ညိုက ပြန်လှည့်ကြည့်ကာ ...

"ဘာလဲ"

"မမလေးက တော်တော်လှတယ်နော်၊ ဒီ နှစ်ရက်သုံးရက်မှာ နှစ်ကိုယ်ခွဲပြလိုက်သလိုပဲ"

ဒေါ်ညို မျက်နှာတစ်ချက်ပျက်သွား၏။ အိမ်တွင်းရေးတချို့ကို အနည်းအကျဉ်းလောက်တော့ ရိပ်မိထားတာတွေရှိသည်။ ဒါပေမယ့် အိမ်ကြီးရှင်တွေကိစ္စကို အိမ်ဖော်တွေက စိတ်ဝင်စားဖို့မလို၊ အမိကက ကိုယ့်အလုပ်ကိုယ်လုပ်သွားကြဖို့ပဲဖြစ်၏။

"မဆိုင်တာတွေ လျှောက်တွေးမနေနဲ့ ကိုယ့်အလုပ်ကိုယ်သွားလုပ်"

မိုးမိုး ပြောခဲ့ပြီး ဝရန်တာဘက်ကနေ ဖြတ်လျှောက်လာခဲ့လျှင် ...

"သူများ ဖုန်းပြောနေတာကို ဒီလိုပဲ ရပ်နားထောင်တတ်သလား၊





မင်း..."

"မထောင်ပါဘူး၊ ကိုကိုတို့ပြောနေကြတာကတော့ ရေး နဲ့ဆိုင်မှာပဲ ဆိုပြီး လိုအပ်မယ်ထင်လို့ ..."

စကားသံတွေ ကြားလိုက်ရတာ သာယာငြိမ့်ညောင်းဖွယ်မရှိ။ ဒေါ်ညို ဖြတ်လျှောက်သွားတာကို ရေး တို့ကလည်း ဂရုမစိုက်ပါ။

လင်းအား က ဗိုးလ်ချုံကို အိမ်ထဲပြန်ဝင်ဖို့ဘီးလှိမ့်၏။ ရေး က တံခါးဝမှာ ခြေလှမ်းရွှေ့ရပ်ပြီး ပိတ်ထားလိုက်ကာ ...

"ရေး သိချင်တယ် ကိုကို၊ ကိုကိုတို့သားအမိက ရေး ကိုဘာဖြစ်လို့ ဒီလောက်လက်မခံနိုင်ဖြစ်နေကြတာလဲ"

လင်းအား မဖြေဘဲ ရေး မျက်နှာကို စူးစိုက်ကြည့်၏။ ရေး ကလည်း ပြန်ကြည့်နေခဲ့သည်။ ဖုန်းချထားခဲ့ပြီး ဒီမှာလာခေါ်တော့ လင်းအား က ဟမ်းဖုန်းနှင့်ပြောနေတာကို မြင်လိုက်ရ၏။

"စားသောက်ဖို့ကို ဒီလောက်အရေးကြီးမနေပါနဲ့တော့ မေမေ၊ မျိုးချတိုင်း အာဟာရဖြစ်ကုန်တာမဟုတ်ပါဘူး၊ ခုချိန်မှာ ကျွန်တော် ဒီဘဝထဲကနေ ရုန်းထွက်ချင်တာပဲရှိတယ်၊ ဒါမှမဟုတ်ရင်လဲ သေဆုံးသွားခြင်းမျိုးနဲ့ ပြီးဆုံးချင်တယ်"

"....."

"ကျွန်တော် မသိဘူး၊ သူ့ဘာသူ ဘယ်လိုနေနေ သိလဲမသိချင်ဘူး၊ မေမေလဲ ဖုန်း ခဏခဏဆက်ပြီး စားပြီးပြီလား၊ သူ ဘာလုပ်ပေးလဲ၊ အခု ဘယ်လိုနေလဲ အဲဒီအခြေအနေတွေကို မေးပြီး ရင်မောမနေပါနဲ့၊ ကျွန်တော့်ကိုယ်ကျွန်တော် ဆင်းရဲဒုက္ခကြီးမားအောင် မွေးမြူပြီး အဲသေခံတဲ့အထိတော့ မမိုက်ဘူး၊ မေမေ အေးအေးဆေးဆေးနေပါ"

လင်းအား က ဖုန်းချလိုက်ပြီးတာနှင့် ရေး မတ်တတ်ရပ်ကြည့်နေတာကို ကြုံသိနေသလိုမျိုး မျက်နှာဆီကို ဆတ်ခနဲလှည့်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



ရင်နာခဲ့တာ ဒီမျက်လုံး၊ ဒီအမူအရာတွေပဲဖြစ်သည်။ ရေး နှုတ်ဖျား မှာ မာနတွေ တစ်ပွေ့ကြီးဖွင့်ချပြောဆိုနေပေမယ့် လင်းအားကို သူမ နှစ်သက်နေခဲ့မိ၏။

မိန်းမတစ်ယောက်အေးမှာ လည်စင်းကျောခင်းပေးလောက်အောင် အချစ်ရဲ့ကျေးကျွန်အဖြစ်ခံနေကြမည့်ယောကျ်ားတွေထဲမှာ လင်းအား ဆိုတဲ့လူ မပါပေ။

ထိုသူ၏ တင့်တယ်ချောမွေ့သည့်ရုပ်သွင်ကို မြင်လိုက်ကတည်းက နှစ်သက်ခဲ့၏။

စူးနင့်မာကျောသယောင်ရှိနေသော နူးညံ့ခြင်းနည်းပါးသည့်မျက်ဝန်း တို့ကို အထင်တကြီးဖြစ်ခဲ့မိသည်။

တွေ့ဆုံရင်းနှီးခဲ့ကြစဉ်မှာတော့ ရင်ထဲကိုရောက်သွားခဲ့တာ ဒီလောက် ပါပဲ။ နောက်ကျတော့ ရှုပ်ထွေးမှုတွေထပ်ဖြစ်ရင် ကိုယ့်အတွက်မဟုတ် တော့သလိုလို အလှမ်းကွာသွားခဲ့ရင်း ဝေးသွားတော့မှ ပိုသိလာတာမျိုး လား။

သို့တည်းမဟုတ် လွတ်တဲ့ငါးကြီးသွားသည့်စကားပုံလိုလား။ ကိုယ့် မှာ အပြစ်ရှိလာတော့ ထိုသူ၏တန်ဖိုးက ပိုကြီးမားသွားခဲ့၏။

ဒါပေမယ့် ဘယ်တုန်းကမှ မရှုံးနိမ့်ခဲ့ဖူးသည့်မာနစိတ်က အချစ်အတွက် အညှုံ့ခံဒူးထောက်ဖို့ ခုချိန်ထိ ခွင့်မပြုခဲ့ဘဲရှိခဲ့သည်မို့ ...

“ဖြေလေ ကိုကို”

နှစ်ယောက်၏အကြည့်စိမ်းများကြားမှာ ကြာရှည်စွာတိတ်ဆိတ် သွားခဲ့ပြီးမှ ရေး ကပဲ ပြန်စရသည်။ လင်းအား က ခပ်ချဉ်ချဉ်မျက်ဝန်းနှင့် သိသာအောင်ကြည့်ပြီး မျက်နှာလွှဲပစ်ကာ ...

“မင်းရဲ့မေးခွန်းတွေက စိတ်ဝင်စားဖို့မကောင်းဘူး ရေးရဲ့ စိတ်ဝင်စား စရာတွေ မင်း မမေးတတ်ဘူးဆိုရင် ငါမေးမယ်၊ ဖြေမလား”





ရေး ခေါင်းမညိတ်ပေမယ့် စူးစိုက်ကြည့်ရင်း ငြိမ်သက်နေသဖြင့် လင်းအား က ဝိုးလ်ချဲမှာ ခပ်လျှောလျှောမှီနေလိုက်ကာ ...

“မင်း ငါ့ဆီက အချစ်ကိုမျှော်လင့်နေသလား”

ရေး က မေးဖျားလေးပင့်တက်လာတဲ့အထိ မော့ရယ်၏။

သူမပုံဟန်များဟာ မီးနှင့် ဝေးခြင်း၊ နီးခြင်း နှစ်ရပ်ကြောင့် အေးခဲသွား လိုက်၊ ပြုကျလုလုပျော့ဆင်းလာလိုက်နှင့် ပြောင်းလဲဖြစ်ပေါ်နေသော ဖယောင်းတိုင်တစ်တိုင်နဲ့ တူနေခဲ့၏။

သူမကိုယ်သူမ သိပုံပေါ်ပေမယ့် လင်းအား၏ စူးရှသောမျက်ဝန်းများ မှာ ရေး ၏သရုပ်က ဒီတိုင်းပဲပေါ်နေသည်။

မေးလိုက်တာကို လှောင်ရယ်သလိုလုပ်ပစ်လိုက်ပေမယ့် ရုတ်တရက် ဘာစကားမှမဆိုနိုင်သည့်သူမကို လင်းအား ကလည်း ဒီတိုင်း တိတ်ဆိတ် စွာပဲ ကြည့်နေခဲ့၏။

“ရှင် မေးရဲတယ်နော်”

ဟု ပြန်မေးပြီး လက်ပိုက်သည်။ ပြီးတော့ လင်းအား ရှေ့ကနေမဖယ် ဘဲ တံခါးပေါင်မှာ ပခုံးတစ်ဖက်မှေးကပ်ရင်း နွဲ့နွဲ့လေးရပ်၏။

“အိမ်ထောင်တစ်ခုကိုထူထောင်ဖို့မှာ အချစ်က အဓိကမကျဘူးလို့ ယူဆပြီး တော်သင့်ကောင်းမွန်တဲ့အရည်အချင်းများနဲ့ ရှင့်ကို ခေါင်းညိတ် ခဲ့တာ”

“မင်းကို ငါမေးတာ မင်းရဲ့ ဟိုစဉ်အခါက ဆုံးဖြတ်ချက်တွေ၊ ပိုင်းခြား နိုင်တဲ့အရည်အချင်းတွေ မပါဘူး။ အခု ငါ့ရှေ့မှာရပ်နေတဲ့အချိန်ကိုပဲ လိုချင် တာ၊ လူတစ်ယောက်ဆီက သူ့အတွေးနဲ့ အဆင်ပြေသလိုဖြေလာမယ့် အဖြေစကားကို ငါ စိတ်မဝင်စားပါဘူး။ မေးခွန်းတွေမေးဖို့ဆိုတာ အခေါ ကြီးပဲ၊ ဒါပေမယ့် မေးချင်လာလို့ အခုမေးတာ”

“ရေး ကလဲ ညာမှာပဲဆိုရင်ရော ...”



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်သလိုဖြေ၊ ငါက မင်းပြောတာကိုနားထောင်ပြီး မင်းမျက်လုံးထဲကအဖြေနဲ့ စစ်ကြည့်မှာ"

"ရှင် အဲဒီလောက်မတော်နိုင်ဘူးထင်တယ်"

"ဒါက ငါ့အရည်အချင်းပါ၊ မင်း မဖြေနိုင်ရင် တစ်ခွန်းပဲပြောလို့ရတယ်"

"ရေးရေးရိပ် ဆိုတဲ့ ကျွန်မရင်ထဲမှာ သူ့များကိုပေးဖို့အတွက် အချစ်ကို ဘယ်တုန်းကမှ မွေးမြူမထားခဲ့ဘူး"

"အဟွန်း"

လင်းအား က ဝိုးလ်ချဲလက်တင်မှာ တံတောင်ထောက်လျက် ထိုလက်ဖဝါးနှင့် နဖူးကဆံပင်တွေကို ခပ်ဆတ်ဆတ်သင်ပစ်လိုက်၏။

"ငါကတော့ မင်းကို အဲဒီလိုမထင်ဘူး"

လင်းအား က သူမနဲ့ မျက်နှာချင်းဆိုင်နေသည့်အဖြစ်ကနေ ရှောင်ထွက်လိုသည့်ပုံနှင့် ဝိုးလ်ချဲကို ဝရန်တာမျက်နှာစာရှေ့ဘက်သို့ ပြန်လှည့်လိုမ့်သွားရင်း ...

"ဘာပဲဖြစ်ဖြစ် မင်းရင်ထဲထိ ငါ မပြောချင်ပါဘူး။ ဒီမေးခွန်းကို မမေးခဲ့ဘူးလို့ပဲ ထားလိုက်တော့"

ကျောခိုင်းရင်းမှ လင်းအား က ဆက်ပြော၏။

"မင်းသိထားရမှာက ယောကျ်ားနဲ့မိန်းမ နှစ်ယောက်အတူ ဘဝကို ထူထောင်ကြတာဟာ သူ့ဘက်ကိုယ့်ဘက် ပါသမျှပစ္စည်းတွေစုဆောင်းပြီး ဘုရားတည်ကျောင်းဆောက်ကြဖို့ မဟုတ်ဘူး။ ငွေကြေးဥစ္စာတွေ ရင်းနှီးမြှုပ်နှံပြီး တစ်ဘဝစာလုံလောက်အောင် စီးပွားရေးအုတ်မြစ်ချကြည့်ဖို့လဲမဟုတ်ဘူး၊ မိဘက လက်ထပ်ပေးလိုက်တယ်ဆိုပေမယ့် အချစ်နှစ်ရပ်ကို အိမ်ကလေးတစ်အိမ်ထဲ ထည့်သိပ်ပေးလိုက်တာမှမဟုတ်တာ"

"အချစ်က အဓိကလို့ တိုတိုရှင်းရှင်းပဲပြောစမ်းပါ ကိုကို"

ရေး နှုတ်ဖျားထက်မှာ လင်းအား က ဘယ်လိုအရိပ်သဏ္ဍာန်နှင့်ရှိနေ





သည်မသိပါ။ ရှင်နဲ့ကျွန်မ ဖြစ်သွားလိုက်၊ ရေးနဲ့ကိုကို ဖြစ်လိုက်။

"ခုတွေ့ပြီး ခုပဲညားကြရတဲ့သူတွေမှာ အချစ် အချစ်နဲ့ အောင်နေလို့ ရလာနိုင်သလား"

"ဘယ်ရမလဲ၊ ဒါပေမယ့် မင်းပြောသလိုတော့ အချစ်ကို တမင်တကာ မွေးမြူလို့မရဘူး။ ဖြစ်လာပြီးရင်လဲ လိုတိုးပိုလျှော့လုပ်လို့မရဘူး"

"ကိုကိုက မေး ကိုပဲချစ်ခဲ့ပြီးပြီလို့ ပြောချင်တာလား"

"မင်းသိဖို့မလိုပါဘူး။ မင်းအချစ် ဘယ်မှာရှိရှိ ငါ စိတ်မဝင်စားဘူးလို ဒါ ဘယ်သူ့ကိုချစ်နေနေ မင်းရှေ့မှာ ဖွင့်ချပြဖို့လဲစိတ်မကူးဘူး။ တစ်ခု ဘာမှတ်ထားစေချင်တယ်၊ ငါ တစ်ယောက်ယောက်ကိုချစ်နေသည်ဖြစ်စေ၊ ချစ်ခဲ့သည်ဖြစ်စေ အဲဒါ မင်း မဟုတ်ဘူး"

ရေး မျက်နှာ ဖွေးဖွေးနီသွားသည်။ ကျောခိုင်းနေသည့်နောက်မှာ ပေမယ့် တင်းမာပြတ်သားစွာရှိနေမည့် သူ့နှုတ်ခမ်းအစုံကိုမြင်နေရ သလိုပင်။

ရေး ဘယ်လိုဖြစ်သွားပြီကို လင်းအား ကလည်း လှည့်မကြည့်ဘဲ သိနေ၏။

သူမသည် လိုချင်လျက်နှင့် မတောင်းချင်။

တောင်းယူချင်ပေမယ့် လိုချင်နေသည်ဟုလည်း အထင်မခံနိုင်။ သို့ တ် ပါးစပ်ကလည်းမတောင်း။ လက်ဝါးဖြန့်တာလည်းမဟုတ်သည့်တိုင် သူမ၏မျက်ဝန်းများက တော်မှတ်တောင့်တခြင်းများစွာနှင့် အလူးအလိမ့် ကြွနေကြ၏။

မတတ်နိုင်ပါ။ စွန့်ကြဲပေးကမ်းစာထဲမှာ အချစ်မပါသည်မို့ .....

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

မြို့ထဲမှာ တစ်ယောက်တည်း ကြာမြင့်စွာထိုင်နေမိရင်း စိတ်တို့
ယိမ်းနွဲ့နေကြသည်။ သစ်ပင်ပန်းခိုင်များလို ငြိမ်သက်မှုမရှိဘဲဖြစ်နေ

ထူးခြားဆန်းပြားသော အဖြစ်အပျက်တစ်ခုကို ဒီမိသားစုထဲ
ဖန်တီးခဲ့ကြပြီး ပြန်လည်ပျောက်ကွယ်သွားခဲ့သည်အထိ ဘယ်သူမှ မ
ကြသောအဖြစ်ဟာ တကယ့်ကို အံ့သြဖွယ်ပါ။

ထိုအဖြစ်ကြောင့် ရေး ဟာ လင်းအား၏ဇနီးအဖြစ်နှင့်သာ ခံစား
ကျန်ရှိနေခဲ့လျက် မေး သည်လည်း မေး အဖြစ်နဲ့ပဲ ငြိမ်ငြိမ်သက်သ
လေးကျန်ရစ်ခဲ့ပါသည်။ ဒါက လူတွေ ပတ်ဝန်းကျင်မှာ အမြင်။

ကိုယ် ဘယ်လိုပါဝင်နစ်မွန်းခဲ့ရမှန်း ကိုယ့်ကိုယ်ကိုသိနေခဲ့သည့်
ရင်ထဲမှာတော့ မှန်တစ်ချပ်ရှေ့မှာတောင် ရဲရဲမထိုင်ရဲတော့ပါ။

ကိုယ့်မျက်နှာကိုတောင် မကြည့်ဝံ့သည့်အဖြစ်မှာ ဒေါ်ဆွေလတ်
ဖော်ရွေချစ်ခင်သောအပြုံး။ လင်းအား၏ ဘာလိုလိုစကားတွေ။

ပြီးတော့ ရေး အဖြစ်နှင့် တပ်မက်စွာနမ်းရှိုက်ခဲ့သော နှလုံးခုန်





န့်စေမတတ်အနမ်းရိုင်းများ ဘယ်အချိန်ပြန်တွေးမိပါစေ ပါးပေါ်မှာ စွန်း
ခဲ့သည့်အနမ်းများဟာ တို့ထက်မကဘဲ တစ်ဘဝလုံးကို မီးလောင်
ကိုက်သွင်းခံခဲ့ရသလို ကျန်ရစ်ဖလသည်။

ဟိုအရင်ဘဝများဆီက လိပ်တစ်ကောင်ကို နှိပ်စက်ခဲ့မိလေသလား။
တွက်သတ္တဝါ၏ဘဝကိုပဲ ပြက်ရယ်ပြု ညှဉ်းပန်းခဲ့ဖူးလို့လား။

ဘယ်သူမှမသိဘဲ လူတောမတိုးရဲအောင်ဖြစ်သွားခဲ့ရသော ကိုယ့်
ဘဝကို ဘယ်လိုခေါင်းစဉ်တပ်၍ ဝိုညည်းရမှန်းမသိတော့ပါ။

ထိုပြင် ကူညီကယ်တင်ပေးခဲ့သည့် ကျေးဇူးရှင်ပါဆိုပြီး လက်ဆွဲနှုတ်
ဆက်မည့်သူတောင် မရှိခဲ့ပါ။

"နင် နိုင်ငံခြားမှာရောက်နေတယ်ဆိုပဲ လူတွေက မှတ်နေကြတာ
နော်၊ ပိပိရိရိလဲလုပ်ဦး၊ အိမ်ပြန်ရောက်လာပြီလို့ ကြေညာပြီးရင်တောင်
ဆီကိုတော့ အိမ်လည်တောင်မလာနဲ့"

ရေး က ဤသို့ကျေးဇူးစကားဆိုခဲ့၏။

ရေး ပျော်ပါစေ။ မေး ရင်ထဲမှာ ဤသို့တွေး၍ပဲ ကျေနပ်ပေးခဲ့သည်။
ဆိုင်သော သတို့သမီးအဖြစ် ခဏလေး၊ တစ်ညလေး ပါဝင်သရုပ်ဆောင်ဖို့
သဘောတူခဲ့မိကတည်းက ကိုယ်သာ လူညံ့မို့လို့ပါ။

ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့သာ မျက်လုံးစုံမှိတ်တွေးဖို့
တော့သည်။

"သမီး မေး"

"ဟင်"

အတွေးထဲမှာနစ်မျောနေခဲ့မိတာ အန်တီမမ အနားရောက်လာတာ
တောင် သတိမထားမိခဲ့။

"ဒီမှာ သမီးဖုန်း"

"ဟင် ... ဘယ်သူလဲ အန်တီမမ"

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မမျက်နှာ အရောင်ဇာတ်မျိုး ဖြစ်ထွန်းသွား၏။ ပြီးတော့ ကျိုက်ရှိုက်သောပင့်သက်တမ်ချက်နဲ့အတူ ဖုန်းကို မေး လက်ထဲထည့်ကာ...

"လင်းအားဆီက"

"ဟင် ..."

ဖုန်းကို အလန့်တကြား ငုံ့ကြည့်လိုက်မိစဉ် ဒေါ်မမက ထွက်ခွာပျောက်ကွယ်သွားပြီဖြစ်၏။ မေး ဆုံးဖြတ်ချက်တစ်ခုအတွက် ချီတုံချတုံ ဖြစ်နေဆဲမှာ ဖုန်းထဲက သံစဉ်လေးတွေ ပျောက်ကွယ်သွားလျက် missed call ပေါ်လာ၏။

ထိုအခါကျမှ ဖုန်းကိုပိတ်ထားလိုက်ဖို့ သတိဝင်လာသည်။ ပိတ်ပစ်ဖို့ လက်ပြင်လိုက်စဉ်မှာ နောက်ထပ် ခေါ်သံလေးထမြည်၏။

ဖုန်းထဲမှာ လင်းအား ဟမ်းဖုန်းနံပါတ်လေးက မေး ကို မမှိတမသုန်ဆွဲနေသလိုပင်။

"ဟလို"

တစ်ဖက်မှာစောင့်နေသည့် လင်းအား က ဖုန်းထဲမှာ မေး အသံလေးဝင်လာသည်နှင့် ဝိုးလ်ချဲပေါ်မှာ လျှော့ရိလျှော့ရဲမှီ၍ စီးကရက်သောက်နေရာကနေ ကိုယ်ကိုမတ်မတ်ပြင်၍ စီးကရက်ကို လက်တန်းဘေးနှင့် ဖိချေပစ်လိုက်၏။

"မေး ကိုယ်ပါ"

"ဟုတ်ကဲ့ ပြောပါ"

"မင်းရော ပြောစရာမရှိဘူးလား"

"မရှိဘူး"

လင်းအား နှုတ်ခမ်းခပ်ဖိဖိစေ့၍ ခဏငိုင်သွားသည်။

"ရှင် ထွေထွေထူးထူးပြောစရာမရှိရင် ကျွန်မ အလုပ်ရှိသေးလို့ ဖုန်းချလိုက်တော့မယ်"





"ထွေထွေထူးထူးထက် ပိုအရေးကြီးပါတယ်၊ ဒါပေမယ့် ပြောဖို့မလိုတဲ့စကားတွေပါ။ မင်း နေကောင်းရဲ့လား"

"ဟုတ်ကဲ့"

"ကိုယ့်အဖြစ်ကိုတော့ မင်းသိမှာပေါ့နော်"

"ဟုတ်ကဲ့၊ ကျွန်မ စိတ်မကောင်းပါဘူး"

"အဲဒီစကားကြားချင်လို့ ကိုယ် အရှက်မရှိ မင်းနဲ့စကားပြောခွင့်တောင်းခဲ့တာမဟုတ်ဘူး မေး၊ မသနားနဲ့၊ သနားခံရတာ ကိုယ် မကြိုက်ဆုံးပဲ"

"ကျွန်မ စကားမှားသွားရင် တောင်းပန်ပါတယ်"

"ဆောရီးကွာ၊ မင်း မမှားပါဘူး၊ ဒါပေမယ့် ကိုယ် မင်းနဲ့ပြောချင်တာ အဲဒီလိုစကားတွေမဟုတ်ဘူး"

"ဘာစကားတွေပြောချင်လို့လဲ ကိုကို"

အနားမှာ ရေမွှေးနံ့တစ်ချက်ဝေ့သွားကာ ရေး က သူ့ပခုံးခွမ်းနှင့် သူ့မျက်ကိုယ်တစ်ခြမ်းထိကပ်ရပ်သည်။ လင်းအားက ဖုန်းကိုင်ထားရင်း မော့ကြည့်၍ ...

"ဒီ အနားယူနေတဲ့အချိန်ကို မနှောင့်ယှက်ပါနဲ့ ရေး၊ မင်းထွက်သွားဦး"

"အနားယူတာ ဖုန်းပြောပြီးတော့လား၊ မေး နဲ့ပြောမှ အမောပြေစေတာထင်တယ်"

လင်းအား ဖုန်းကိုပိတ်ပစ်လိုက်သည်။ ဝိုးလ်ချဲကို နေရာရွှေ့ဖို့ပြင်လိုက်သည်နှင့် ရေး က နောက်ကနေ ဝိုးလ်ချဲမလှုပ်အောင် ဖိဆွဲထားလိုက်၏ ...

"တစ်ချိန်လုံး ဝိုးလ်ချဲပေါ် ကမဆင်းဘဲ အနားယူနေတာ မေး နဲ့ထွက်သွယ်ချင်လို့ ချိုးခိုချောင်းမြောင်းနေတာမှန်း စုမှ ရေး က သိရတာ"



www.burmeseclassic.com

www.burmeseclassic.com



နောက်ကနေ ရှေ့ကို မျက်နှာငုံ့၍ပြောနေသဖြင့် သူမ၏ရင်ဘတ်နှင့် မျက်နှာလေးက လင်းအား၏မျက်နှာဘေးမှာ ထိကပ်မတတ် ကိုင်းကျ နေ၏။

ထို့နောက် ပြောနေရင်း အားမရနိုင်သလိုဖြစ်လာလျက် လင်းအား ရှေ့ကို ဆိုးဆိုးဆတ်ဆတ်ရောက်လာ၏။

"ကိုကို ရေး ကို ဒီလောက်ထိ လူ့ရာမသွင်းချင်တာတွေ တော်ပါ တော့၊ မလေးစားတာကို ခံနိုင်ပေမယ့် စော်ကားခံရတာ ဘယ်လောက် ဆိုးသလဲ ကိုကို သိရဲ့လား"

"မင်းက စော်ကားခံနေရတယ် ဟုတ်လား၊ ငါမြင်နေရသလောက် တော့ မင်းက စော်ကားနေသလိုပဲ"

ရေး မျက်နှာက ဝတ်ထားသည့် သပြေညိုရောင်အပြောင်သားဝတ်စုံ လေးထက် ပိုရင့်သွားသည်။ လင်းအား ကို နာကျင်စွာစိုက်ကြည့်ကာ...

"ဟုတ်တယ်၊ သူများတွေကို ကျွန်မ စော်ကားမော်ကားပြောဆိုခဲ့တာ တွေရှိတယ်၊ ရှင့်ကိုတော့ ကာယကံနဲ့ရော ဝစီကံနဲ့ရော ဘာနဲ့မှစော်ကား လို့မရခဲ့ဘူး၊ ရှင်ကပဲစော်ကားတာ၊ ပညာတွေပြနေတာလဲ ရှင်ပဲ"

ရေး က မျိုသိပ်နေရသမျှ အုံကြွပွင့်အန်လာခဲ့၏။ နေကုန်ကနေခန်း ပိုးလ်ချဲပေါ် ကမဆင်းဘဲနေသည်။ စားဖို့သောက်ဖို့ ခေါ်လို့လည်းမရ၊ ထမင်း ကြွဖို့ တွဲပါရစေဆိုတော့လည်း ငြင်းဆန်သည်။

အိမ်ဖော်တွေနဲ့ အပြောအဆို ခိုင်းစေတာရှိပြီး ကိုယ့်ကိုကျတော့ ငြင်း လိုက်တာနှင့် ကျောခိုင်း၏။

အိမ်ထဲမှာနေ အိမ်ပြင်ကို ခြေလှမ်းကျူးလိုက်တာနှင့် ရေးရေးနိုး ၏အလှတရားများက မိုးသားတွေကြည်စင်သွားစမှာ လင်းလက်လာ သည့် သက်တံတစ်စင်းလို မော့ကြည့်မိတဲ့လူတိုင်း နှစ်သက်ကြည်နူးသွား စေနိုင်အောင် ဆွဲညှို့ဖမ်းစားနိုင်သည်။





လင်းအား ဆိုသည့် လူတစ်ယောက်ရှေ့မှာတော့ ဘာမှ အရောင် ဆောင်။ ပပဝတီမင်းသမီး ခုနစ်ဆောင်တိုက်ခန်းမှာ မီးမထွန်းဘဲလင်းနေ အောင် ဘယ်လိုပဲထည်ဝါလင်းလက်နေပါစေ ကုသမင်း ဆောင်တော်ကူး ဆိုတာနှင့် လင်းနေသမျှ ရောင်စဉ်အားလုံး မှောင်ကျသွားရသလို ခိုင်း နိုင်းလျှင် ရိုင်းမည်လား။

မချစ်နိုင်ရင်ထားခဲ့ မချစ်နဲ့ပေါ့၊ ခုတော့ သူမအဖြစ်က ...

"ရှင် ... ရှင် ဒီလိုဘဝမျိုးရောက်ခဲ့တာ ရေး ကံဆိုးကာလို့ပဲ ထားလိုက် ပါ ပါပေမယ့် တွေးကြည့်ရင် ကျေနပ်ဖရာမရှိဘူး၊ ရှင့်ရဲ့မသထာ မကြည် ဖြူတဲ့ ဟောဒီလှည်းကို လိုက်တွန်းပေးနေဖို့လဲမလိုဘူး၊ ဒါကို ရေး က အရှားမပျက် ပြုရ ..."

"မင်းပြုရတာကို ငါက စောင့်မျှော်သာယာနေခဲ့တဲ့ကောင်လား"

"ဟွန်း ... ရှင်က ကိုင်တွယ်အပြစ်ပေးလို့မရတဲ့စိတ်နဲ့ ထင်တိုင်း အောက်ပြန်နေတာကိုး၊ ရှင် သာယာချင်တာ ရေး မဟုတ်ဘူး ဘာ ..."

"ဟေ့ မင်းတိတ်စမ်း"

သူ ပိတ်အော်ပစ်လိုက်တော့ ရေး အသံလေး တိတ်ကျသွား၏။ သို့ သော် ...

အသက်ရှူသံပြင်းနေဆဲ ရင်ဘတ်လှလှလေးက ဒေါသလှိုင်းထန် နေဆဲ။ ညနေခင်း၏ အလှတရားများက အညိုရင့်ရင့်ဝတ်စုံနှင့် နီရဲညိုတက် နေသော ရေး၏တစ်ကိုယ်လုံးက ဒေါသခိုးတွေ လွှမ်းခြုံသွားသည်ထင်၏။

လင်းလင်းချင်းချင်းရှိနေရင်းမှ မိုးရိပ်ဆင်ကာ ညို့ဖန်နဲ့မှောင်ကျသွား၏။ သက်လေတဖြူးဖြူးသည်လည်း အေးမြနေပေမင့် ...ည်းတန်စွာ ...လျက် ...

"မင်း အဲဒီတစ်ယောက်ကို ဘယ်လောက်ထိ စော်ကားခဲ့ဖူးသလဲ ငါ သိပေမယ့် ငါ ကြားနေရတဲ့ တစ်ခွန်းစ၊ နှစ်ခွန်းစ စကားတွေကတော့



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့စိတ်ဓာတ်အဆင့်အတန်းကို ဖော်ပြနေတာပဲ”

လင်းအား၏စကားတွေက မာကျောပြတ်သားနေ၏။ တတ်နိုင်သ မပြောမဆိုဘဲနေခဲ့တာဟာ မပြောရဲလို့မှမဟုတ်ဘဲ၊ ပြောစရာမရှိလို့လည်း မဟုတ်ပေ။

ရေး နဲ့ပြဿနာဖြစ်ဖို့ရှိလျှင် မေး ပါလာမှာကိုသိလို့ ...

“တော်ပြီ ရေး၊ မင်းနဲ့ငါ အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး ဘာမှဆွေး ဖို့မရှိဘူး။ ဒီအိမ်ပေါ်မှာ မင်းနဲ့ငါ ရှိနေသမျှ လင်မယားတော်စပ်ကြ ချစ်ဖို့ခင်ဖို့တွေ မင်း စိတ်မဝင်စားဘူးလို့ ပြောခဲ့တာနော်၊ ငါလဲ ဒီတိုင် မင်းကို ဘယ်လိုနေပါ ဘယ်လိုထိုင်ပါ ငါ မပြောသလို ငါ့ကို ...”

“ကိုကို့ကိုတော့ ပြောရမှာပဲ၊ ကိုကို မေး နဲ့ ...”

“တိတ်စမ်း”

“အို ... မသိဘူး”

“ရေး ...”

လင်းအား ဒေါသထိန်းချုပ်ခြင်းဆိုတာကို မေ့သွား၏။

“အား ...”

ရေး လက်မောင်းတစ်ဖက်ကို စိတ်ရှိလက်ရှိ ဆောင့်တွန်းပစ်လိုက် သဖြင့် ရေး နောက်ကို ဒယိမ်းဒယိုင်ပစ်ကပ်ကျသွား၏။ နောက်မှာ ဝရန် တွေသာရှိမနေဘူးဆိုလျှင် မြင့်မားသောတိုက်ကြီးထက်ကနေ အ တစ်ရှပ်လို ပစ်လက်ခတ်ကျသွားမှာပင်။

ကျေ အောင့်သက်သက်ကြီးဖြစ်သွား၏။ ထိုဒဏ်ရာထ ပိုဆိုးတာက တ်ထဲက နာကျင်ခြင်းဖြစ်တာ ...

“ရှင် မေး ကိုချစ်နေတယ်ပေါ့”

“မင်း သွားလိုက်တော့ ရေး”

“ကိုကို”





လင်းအား က ဗီးလ်ချဲကိုလှည့်၍ အထဲပြန်ဝင်ဖို့ပြင်လိုက်လျှင် ရေး က လက်ရန်းကိုဖမ်းဆွဲထားလိုက်၏။

“ရေးကိုကျတော့ ထွက်သွားလို့ နှင်လိုက်၊ မလာနဲ့လို့တားလိုက်၊ ဒီက ဘယ်လိုအပြစ်မျိုးကို ကျူးလွန်ထားခဲ့လို့လဲ။ ရေး ဘဝမှာ ရှင်နဲ့ကျမှ သိက္ခာ၊ မာန ဆိုတာ ဘာမှန်းမသိလောက်အောင် ပေးဆပ်နေရတာ သိရဲ့ လား။ ချစ်လွန်းလို့ အချစ်ရဲ့ကျေးကျွန်ဘဝမျိုးရောက်ရတာဆို ကျေနပ်နေ လို့ရသေးတယ်။ ရေး က ရေး ခြေလှမ်းမှားခဲ့တဲ့ အပြစ်လေးတစ်ချက် ကြောင့် မျိုသိပ်သည်းခံနေရတာ”

“မင်း သည်းခံနေလောက်အောင် ငါက ဘယ်လိုဖိနှိပ်ဆက်ဆံနေလို့ လဲ”

“ကိုကို ခုလိုနေတာတွေလေ”

“ငါနေတတ်သလိုနေတာ၊ ငါရှိနေတဲ့နေရာကို မင်း မလာရင် ရပြီ”

“ခုတော့ သိပါပြီ၊ ရေး က ကိုကို့ကို ဒုက္ခတစ်ယောက်မို့ ချောင်ထိုး ထားတယ်ဆိုတဲ့အမြင်နဲ့ လူတွေပြောဆိုလာကြမှာစိုးလို့ ပြေလည်သင့် မြတ်အောင် စည်းလုံးဖို့ကြိုးစားတာ”

“မကြိုးစားနဲ့ မင်း ဂရုစိုက်ရမှာက လူတွေအများကြီးမဟုတ်ဘူး၊ ငါပဲ၊ ငါက မင်း ဘာလုပ်လုပ် ကျေနပ်တယ်၊ ကြိုက်သလိုနေ၊ ရန်မဖြစ်ရရင် ပြီးတာပဲ”

ရေး အံကလေးကြိတ်ရင်း ကျလုကျခင်မျက်ရည်စကို ပြန်လည်သိမ်း ဆည်းဖို့ကြိုးစား၏။

“သိပ်ရက်စက်တဲ့လူ၊ ယောကျ်ားတန်မဲ့ ပစ်ပစ်ခါခါရက်ရက်စက် စက်ပြောဖို့ ဝန်မလေးတဲ့လူ၊ ရှင့်ကို သိပ်မုန်းတယ်”

ရေး နေရာမှ ချာခနဲလှည့်ပြေးသွားလေသည်။ လင်းအား မျက်ခုံးတွေ တွန့်ကုတ်ကျနေလျက် အကြာကြီးငေးငိုင်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နောက်မှီမှာ ဖြည်းလေးစွာမှီကျသွားခဲ့ပြီး မျက်နှာမော့လှန်ထားလိုက်၏။

မျက်ဝန်းတွေကို မှိတ်ချလိုက်စဉ်မှာ မိုးသက် လေတစ်ချက်နှင့်အတူ မိုးစက်မှုန်တွေ မျက်နှာထက်သို့ ခုန်ဆင်းကြဲဖြန့်လာကြ၏။

မြင်လွှာတွေကို ပိတ်ချထားသော်လည်း မျက်ရည်စက်များနှင့် ရေး၏စကားသံတွေက ပုံရိပ်လွှာတွေအဖြစ် ထင်ရှားစွာရှိနေဆဲပင်။

ရက်စက်ခြင်းဆိုတာ ဥပေက္ခာပဲမဟုတ်ဘူးလား။

ဥပေက္ခာတရားမှာ ငြိတွယ်ခြင်း ဘယ်လိုလုပ်ရှိနိုင်မလဲ ရေး။

ချစ်ကြင်မြတ်နိုးခြင်းရှိပါမှ ငြိတွယ်စွဲလမ်းကြတယ်ဆိုတာ မင်းသိသားနဲ့ မင်းအတွက် ငါ့မှာ ဥပေက္ခာတွေပဲရှိနေတာ အပြစ်လား။

ယောကျ်ားတိုင်း အချစ်ကို တော်မှတ်ဆာလောင်နေကြတာမဟုတ်ဘူးဆိုတာ မင်းလက်ခံနိုင်တဲ့တစ်နေ့မှာ ငါ ရက်စက်နိုင်တာကို နားလည်သွားမှာပါ။

ရင်ထဲကစကားတွေဆိုရင်း မိုးစက်တွေကြမ်းတမ်းလာကြတာကို မေ့နေခဲ့၏။ လိုတိုင်းတ၍မရနိုင်သော ရင်ထဲက အချစ်၏လေဖိအားနည်းရပ်ဝန်းကြောင့် မုန်တိုင်းတစ်ခု ပြင်းထန်စွာဖြစ်ထွန်းသွားခဲ့သည်ဆိုလျှင် မုန်တိုင်း၏ နောက်ထပ်ဗဟိုပြုနေသောရပ်ဝန်းဟာ မေမေးဆက် ဆိုသော မိန်းမလှ၏ နှလုံးသားရင်ပြင်ဆီသို့ဖြစ်ပါစေ။

* * *





## အခန်း (၁၆)

"လူလေး ... လူလေး"

"ဟင်"

"ထ ... ထ၊ အိပ်ခန်းထဲသွားအိပ်တော့နော်"

"ကြီးညိုလား"

"ဟုတ်တယ် လူလေး၊ ထနော်"

စားပွဲပေါ်မှာ မျက်နှာမှောက်ကျနေရာကနေ မနိုင့်တနိုင်ထူမတ်လာ၏။ မျက်နှာတစ်ပြင်လုံးက အရက်နှင့် မှောက်အိပ်ထားသည့်အရှိန်ကြောင့် ရဲတွတ်နေတကာ မျက်လုံးဖွင့်ဖို့ကြိုးစားရင်း မဖွင့်နိုင်။ လင်းအား က ဒေါ်ညိုလက်ကို ဖယ်ချပစ်လိုက်ပြီး အနည်းငယ်မျှဖွင့်ဟလာအောင်ကြိုးစားနေရသည့်မျက်လုံးမှေးမှေးများနှင့် စားပွဲကိုရှာ၏။

"ပုလင်း၊ ကျွန်တော့်ကို ပုလင်းပေးပါ"

ဒေါ်ညိုက သူ လှမ်းဆွဲလိုက်မှာကိုစိုးကာ လက်ကျန်ရှိနေသည့်ပီစကီပုလင်းကို ပိုဝေးအောင်ရွှေ့ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ညလုံးသောက်နေတာ လူလေးရယ်၊ မခွေ ခမျာလဲ ခရီးသွားခါနီးကို စိတ်မချလို့ တမှာမှာနဲ့ပါ၊ လူပျိုပေါက်စလဲမဟုတ်တော့ဘဲနဲ့ ကိုယ့်ကိုယ်ကို မဖျက်ဆီးချင်ပါနဲ့ကွယ်၊ သွားအိပ်တော့နော်၊ ထ ... ကြီးညို လိုက်ပို့မယ်"

"ဟင် ... အေ့ ... အင်း ... အိပ်မှာပါ၊ အိပ်လို့ပျော်အောင်သောက်တာလေ"

"အိပ်လို့ပျော်ချင်ရင် အိမ်မှာဆောင်ထားတဲ့ဆေးရှိတာပဲ လူလေးရယ်၊ အရက်ခါးခါးကြီးကို မျိုချပြီး ကိုယ့်ဘေး ကိုယ်ရှာသလိုမလုပ်ပါနဲ့"

"ဟင် ... အရက်ကခါးတယ် ဟုတ်လား၊ အဟွန်း ... အေ့ ..."

လင်းအား က ဝိုးလ်ချဲကို သူ့ဘာသာရွှေ့လျားဖို့ကြိုးစားရင်း ခေါင်းတစ်ခုက ပခုံးနှစ်ဖက်ကြားမှာ ရျာချာလည်နေ၏။ သူလည်း ခေါင်းမထူနိုင်။ ဘီးကလည်း မလိမ့်။

ဒေါ်ညိုက သူမကိုယ်တိုင် ဝိုးလ်ချဲကို တွန်းလာခဲ့၏။ ဒါတောင် ဒီကောင်လေး မူးနေတုန်းမို့ပါ၊ မဟုတ်လျှင် အနားကိုမခေါ်ဘဲနဲ့သွားတာတောင် မကြိုက်။

"ကြီးညို ဘာလုပ်တာလဲ၊ ကျွန်တော် မကြိုက်ဘူးနော်"

"အေးပါ လူလေးရယ်၊ မနက်ကျတော့ သောက်ချင်သေးရင် ထပ်သောက်နော်၊ ဒီည ကြီးညိုတို့ ပြန်အိပ်ကျရင် လူလေး အလွန်အကျွံသောက်မိမှာစိုးလို့ပါ၊ ရေး လဲအိပ်နေပြီ လူလေးရဲ့"

"ရေး ... အဟွန်း ... ရေး အိပ်နေပြီ၊ အိပ်ပေါ့၊ အေ့ ..."

ဝိုးလ်ချဲမှာ ပျော့တိပျော့ဖတ်ကြီးမှီချလိုက်ပြီး ရယ်လိုက်၊ မဲ့လိုက်၊ မပီသသောစကားသံတွေကလည်း မပြီးဆုံးနိုင်။

"အချစ်က လိုတိုင်းတောင်းလို့ရသလား၊ တောင်းရင်တောင် ပေးဖို့မရှိတာ၊ မတောင်းချင်တဲ့လူကို ကျွန်တော်က ဘာပေးရမှာလဲ၊ အေ့ ... အဟွန်း... ရယ်... ရယ်ရတယ်၊ မိန်းမနှစ်ယောက် ရုပ်ချင်းဟူနေတာနဲ့ပဲ အတူတူချစ်လိုက်လို့ရမလား"





"လူလေး အိပ်ရာနားရောက်နေပြီ၊ ထ ... ထ"

ဒေါ်ညိုက ဝိုးလ်ချဲပေါ်ကနေ မနိုင်မနင်း တွဲချပေးသည်။ အမြဲတမ်းသူ့ဘာသာ လက်နှစ်ဖက်နှင့်အားပြု၍ လွဲပြောင်းထူထနေကျပါ။

ခြေထောက်တစ်ဖက်မသန်ဘူးဆိုပေမယ့် တွဲလွဲကျနေတာမဟုတ်၊ ဂရုတစိုက် ကုသလေ့ကျင့်နေလျှင် အမြန်ဆုံးကောင်းသွားမှာဖြစ်၏။

ဒါကို ကိုယ့်ဘာသာနှိပ်စက်ဒဏ်ခတ်နေသလို လင်းအား က အိပ်ရာနဲ့ဝိုးလ်ချဲ ကူးပြောင်းနေရုံမှလွဲ၍ တစ်ခါမှ မတ့်မတ်မရပ်ပေ။

ရပ်နေတာရှိလျှင်တောင် လူမြင်နိုင်သည့်နေရာမဟုတ်။

"ကြီးညို ... ကြီးညို ရှိသေးလား"

"ရှိသေးတယ် လူလေး၊ ဘာခိုင်းမလို့လဲ၊ ခိုင်းလေ"

"ကျွန်တော် ရင်တွေပူလို့ ရေ ... ရေတစ်ခွက်လောက်"

အိပ်ရာထဲမှာပက်လက်ကြီးကနေ လက်တစ်ဖက်ဆန့်၍ ဟိုညွှန် ဒီညွှန် ပြီးတော့ ဖုတ်ခနဲပြန်ပြုတ်ကျပြီး အင်္ကျီရင်ဘတ်တွေကိုဆုပ်ဆွဲနေ၏။

ဒေါ်ညို ရေပြေးထည့်ပြီး လင်းအားကိုထူ၍ ရေတိုက်ရပြန်သည်။ ထိုစဉ် ဘေးမှာ လူရိပ်တစ်ရိပ် ရောက်လာ၏။

"ရပြီ ဒေါ်ညို၊ သွားတော့"

အားလုံးက ကြီးကြီးညို၊ ကြီးညို စသဖြင့် လေးစားသမှုနဲ့ခေါ်ကြပေမယ့် ရေး က ရောက်ကတည်းက ဒေါ်ညိုပဲခေါ်သည်။

"သွားတော့"၊ "လာဦး" စသည့် စကားလုံးများနှင့် ခပ်မာမာဆက်ဆံသည်။ ဒေါ်ညိုကတော့ ဘာကိုမှ စိတ်ထဲမှာမထားပါ။ ခေါင်းညိတ်ပြီး ထိုင်ထားသည့်ရေခွက်ကို အသာလေးလွှတ်ပေးလိုက်၏။

နေရာကိုဖယ်လိုက်ပြီး လင်းအား ကိုယ်ကြီးကို ရေး ချော့မြှုပ္ပွေ့မိပြီ



www.burmeseclassic.com

ဆိုမှ သူမပွေ့ထားသည့်လက်တစ်ဖက်ကိုပါ ဖယ်ပေးလိုက်၏။

မျက်လုံးတွေမှေးစင်းကျနေသည့် လင်းအား ကတော့ လူပြောင်းသွားခြင်းကို ရုတ်တရက် မသိခဲ့ပေ။

"ကြီးညို"

"ဟင် ... ဟော"

ဒေါ်ညို ယောင်ယောင်မှားမှားနှင့် ရေ ဘေးမှာပြန်ကပ်လိုက်ပြီးမှ ထူး၏။

"အခန်းတံခါး ... တံခါးတွေပိတ်ခဲ့နော်"

"အေး အေး"

"ပြ...ပြတင်းပေါက်တွေ အော့ ... အကုန်လုံးပဲ၊ ံခါးမကြီးကို အပြင်ကနေ အသေလော့ချပစ်ခဲ့၊ အော့ ... ခြင်တွေ ... ခြင်မည်းကြီးတွေ ဝင်လိမ့်မယ်၊ ရေး ဆိုတဲ့ ခြင်မတစ်ကောင်၊ ဟား ဟား ရယ်ရတယ်၊ မလာနဲ့။ အော့ ... လုံးဝဝင်လာလို့မရအောင်ပိတ်"

ဒေါ်ညိုက ရေး ကို အားနာသည့်မျက်နှာကြီးနှင့် ခေါင်းငုံ့ထွက်သွားလေသည်။ ဖိကိုက်ထားသည့် ရေး နှုတ်ခမ်းသားလေးတွေကတော့ တဆတ်ဆတ်တုန်နေလျက်ပင်။

"မူးလိုက်တာကွာ ...၊ အား ... ဟား ... ဟား ... အရက် ... အရက် အဲဒီလောက်ကောင်းမှန်း ခုမှပဲသိတော့တယ်၊ အော့ ... ဘယ်မှာခါးလို့လဲ၊ အရက်က မခါးဘူး။ အချစ်ကခါးတာ၊ မချစ်နိုင်တော့လဲခါးတယ်၊ ချစ်နေရတာလဲ ခါးတယ်၊ တကယ်တော့ အရက်ကချိုတာပါ၊ အချစ်ကမှ ခါးတာ ေး ရဲ့၊ ဟား ဟား ... မင်းလဲခါးနေပြီ ကိုယ် ... ကိုယ်လဲ ခါးနေပြီ သ ား၊ ပြီးတော့ မူးတယ်"

အိပ်ခန်းထဲမှာ လူက ဘေးစောင်းလဲကျသွားပေမယ့် ပါးစပ်ကတော့ တစ်ချက်မှမနားသေးပေ။ ပြောချင်တာတွေပြောဖို့ ပွင့်လင်းသင့်ရင် ပွင့်





လင်းကြဖို့ တင်းခဲနေသည့် မာနတွေကို မျိုသိပ်ပြီး ရေး ထွက်လာခဲ့တာဖြစ်သည်။ ခုကျတော့ သူ့မှာ လွမ်းချင်းသီ၍မဆုံးနိုင်၊ ရေကုန်သွားသည့် ဖန်ခွက်ကို တင်းကျပ်နေအောင်ဖိဆုပ်ထားရင်း မျက်ဝန်းတို့က လင်းအား၏ နီရဲနေသောမျက်နှာဆီမှာ စူးစိုက်နေမိ၏။

တဆစ်ဆစ်နာကျင်နေသည့်ရင်ဘတ်ထဲမှာ သူ့နှုတ်ဖျားက 'မေး' လို့ တစ်ခွန်းခေါ်သံကြားရတိုင်း ဆူးတစ်ချောင်း စူးဝင်သွားသလို နင့်နေသည်။

သူမသည် ကိုယ့်အတွက် ဘာ မဟုတ်လောက်ဘူးထင်ခဲ့သည့် ယောကျ်ားတစ်ယောက်အပေါ် ရင်းနှီးတွယ်တာနိုင်လောက်သည့် အချိန်ကာလလည်း မရှိခဲ့တဲ့ ဤမျှထိ ဘာဖြစ်လို့ နှစ်သက်စွဲလမ်းသွားခဲ့တာလဲ။ သို့သော် ချစ်ခြင်းကိုခံစားမိသည်နှင့်တစ်ပြိုင်နက် နင့်သီးသော အမုန်းတစ်ရပ်က ဒွန်တွဲပါလာခဲ့၏။ ထိုအမုန်းဟာ လင်းအားကိုလား၊ ဘယ်သူ့ကိုလဲ။

"လင်းအား"

"ဟင် ..."

အေးစက်စက် တစ်လုံးချင်းခေါ်လိုက်သည့် ရေး အသံကြောင့် မျက်ခုံးတွေတွန့်ရှုံ့နေအောင် မျက်လုံးအစုံကိုပါ မှိတ်ပစ်၍ ငြိမ်သက်လုလုဖြစ်နေခဲ့သော လင်းအား ဆတ်ခနဲဖြစ်သွား၏။

"ဘယ်သူလဲ၊ ကိုယ့် ကို ် လိုက်တာ မေး လားဟင်"

'ကိုကို'လို့ခေါ်တာ ရေး ဟုသတ်မှတ်ထားခဲ့သည့်အသိထဲမှာ လင်းအား ဆိုသည့် ခေါ်သံကြောင့် လူကို ကိုင်လှုပ်နှိုးလိုက်သလိုပင်၊ သူ လှုပ်လှုပ်ရှားရှားဖြစ်သွားတာကို မေး က အေးစက်စက်ကလေးငေးကြည့်နေခဲ့၏။

"မေး ..."

ခြေထောက်တစ်ဖက်က ထဖို့ကြွဖို့မလွယ်သည်မို့ လင်းအား ရုတ်တရက် မထနိုင်၊ ထို့ပြင် လေးလံကျိန်းစပ်နေသည့် မျက်လုံးတွေကို ဘယ်လိုကြိုးစားဖွင့်ကြည့်သည့်တိုင်း ဆံပင်ဖားလျားနှင့် မိန်းကလေးတစ်ယောက်

www.burmeseclassic.com



၏အရိပ်မှလွဲ၍ ဘာမှ မသွဲကွဲဝေ။

"လင်းအား ... ရှင် မေး ကိုမမေ့နိုင်ဘူးလားဟင်၊ ဘာဖြစ်လို့ ဒီလောက်ထိ ရှင့်ရင်ထဲကိုထည့်ထားတာလဲ၊ သူ ဘယ်လိုဆွဲအားတွေနဲ့ ရှင့်ကိုဖြားယောင်းသွားခဲ့တာလဲ"

"ဘာ ..."

"မေး ကရော ရှင့်ကိုချစ်တယ်တဲ့လား"

"မင်းက ..."

"ကျွန်မက မေး ဆိုရင် ..."

"မေး ... မင်းက မေး လား"

ရေး စကားမဆုံးသေးခင် သူမ၏လက်ခုံနုနုလေးနှစ်ဖက်ပေါ်ကို ထပ်ဆုပ်ကိုင်ထားလိုက်ကာ လင်းအား က မထူနိုင်သည့်ခေါင်းကို မရမကမော့၏။

ခေါင်းမော့လာနိုင်သော်လည်း မျက်လုံးတွေက မှိတ်ကျသွားလိုက်၊ ပြန်ပွင့်လိုက်။ တစ်ခါမှ လွန်ကျူးအောင်မသောက်ခဲ့ဖူးသည်မို့ အရှိန်းမှာ အရက်ဆိုးရှားစွာနှိပ်စက်နေ၏။

အလင်း၊ အမှောင်၊ ထိုင်နေခြင်း၊ ထနေခြင်း စသည့် သဏ္ဍာန်တို့က စုန်ပေါက်လှုပ်ရှားကာ ဝိုးတဝါးမြင်လွှာထဲမှာ ဇောက်ထိုးမိုးမျှော်။

မေး ၏ အရိပ်သဏ္ဍာန်လေးဟု ကိုယ့်ဘာသာ သတ်မှတ်လိုက်ပြီး ထိုအရိပ်လေး ပျောက်ကွယ်သွားမှာစိုးကာ ဆွဲထားမိသည့်လက်ကလေးတွေကို တင်းကျပ်စွာဆုပ်ထားမိသည်။

ခေါင်းမထူချင်တော့လို့ ခေါင်းအုံးထက်မှာ လဲပြိုကျသွားချိန်တွင် သူမသည် သူ့ဘေးမှာ အလိုက်သင့်လေး ပါလာခဲ့၏။

ဒါ အိပ်မက်လား။ မေး သူ့နားမှာရှိနေတာ အိပ်မက်လား။ မူးဝေနောက်ကျိသောအာရုံထဲမှာ အသိတရားတို့က မှောင်ကျသွားလိုက်၊





င်းခနဲ့ဖြစ်လာလိုက်။

"လင်းအား"

"ဟင်"

ပူနွေးသောနှုတ်ခမ်းလေးတစ်စုံ သူ့ပါးရိုးနားမှာ မထိတထိကပ်ည်။ လင်းအား ဆိုသည့်ခေါ်သံကို နှုတ်ခမ်းဖျားကမဟုတ်ဘဲ ရင်ထဲကန်ယင်လိုက်မော့စွာလာသည့်အသံနှင့်ခေါ်၏။ သူမကိုယ်လေးကို သူယစွာထွေးပွေ့ထားလိုက်မိသည်။

ထို့နောက် နွေးနေသည့်နှုတ်ခမ်းလေးကို နမ်းရှိုက်မိစဉ် ...

"မေး ... မင်း ... မင်း ဘာဖြစ်လို့ နှုတ်ခမ်းနီတွေဆိုးထားတာလဲ၊ င် ... နှုတ်ခမ်းနီမကြိုက်ဘဲနဲ့ ဘာ..ဘာဖြစ်လို့ဆိုးထားတာလဲ"

ဖက်တွယ်ထားသည့်လက်တို့က တဖြည်းဖြည်းပြေလျော့သွားခဲ့ပြီး င်းအားသည် တစ်ယောက်တည်း ပစ်စလက်ခတ်လှဲအိပ်နေသလိုန်းကိုလည်း လက်ဝါးနှင့်ဖိပွတ်ပစ်၏။

"ရေး နဲ့တူချင်လို့လား။ နှုတ်ခမ်းနီမဆိုးတဲ့ မင်းက ... မင်းက ရေး ထ်ပိုလှနေတာပါ။ ငါ့မျက်စိထဲမှာ မင်းက ပိုလှတာ၊ တကယ်..တကယ်ာတာ၊ ကိုယ် မညာဘူး"

စကားသံက တဖြည်းဖြည်းပျောက်ကွယ်သွား၏။ တစ်လောကလုံး တ်ဆိတ်ငြိမ်သက်ခြင်းတို့ ကြီးစိုးသွားချိန်တွင် ရေးမျက်ရည်စက်တို့ စက်ချင်းကျလျက် အံကြိတ်ထားပုံက အေးစက် ခက်ထန်နေ၏။

အချစ်ဟာ သူမနဲ့ လက်တစ်ကမ်းလေးမှာလား၊ မိုင်ပေါင်းကုဋေဝေးနေသည်လား။ အချစ်နှင့်အနီးအဝေးကို တိုင်းတာတွက်ချက်ကြည့်လို့သည့် စက်ပစ္စည်းသာရှိခဲ့မည်ဆိုလျှင် .....

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

ကိုယ့်ဘာသာဖွင့်ထားပေမယ့် ဒီသီချင်းအလှည့်ရောက်လာမှ ဖ
ဆော့နေသည့်အာရုံတွေ ထွေပြားကုန်ခဲ့၏။

လွှဲယမ်းနေသည့်ချိန်သီးကြိုးလုံးကြီးနှင့်လွတ်အောင်ရှောင်နေ
ကားလေးပြေးလမ်းမှားသွား၏။ အုန်းခနဲပေါက်ကွဲကာ ချိန်သီးကြီး၏ ရို
ချက်အောက်မှာ ကားလေးပျောက်ကွယ်သွားလေသည်။

"ဟား ..."

မျက်နှာမှော ပင့်သက်ရှိုက်ကာ မျက်လုံးတွေကိုမှိတ်ချလိုက်မိ
ထိုအခါ ဂိမ်းပွဲပျက်အောင် နှိပ်စက်သွားခဲ့သည့် သီချင်းသံက စီးမျောမပျ
ဝင်လာခဲ့၏။

♪..... သော်တာလမင်း၊ ငွေစင်ကြယ်တွေတိုင်တည်ရင်း အိမ်အပြ
လမ်း ... မင်းရှိရာ ... တမ်းတပြီး မျှော်နေမှာ..♪..

... ♪... ဒီနေရာ ကိုယ်သာပိုင် ... ဘယ်အခါ အရှုံးနဲ့မဆုံချင်ပါ...





... ရင်မှာမေးချင်နေသောစကား ... အရင်လို ကိုယ့်ကိုချစ်သေး
သလား... မင်းဆီမှာ ...

... ရှိသေးလား ချစ်သူရာ ... ဦးထားတဲ့အသည်းတစ်နေရာ ... အမြဲ
တမ်းကိုယ်နေဖို့ရာ ...

... ကြင်နာသူမင်းဆီမှာ ... ရှိသေးလားချစ်သူရာ ...

... ကိုယ် .. ပိုင်တဲ့ကိုယ့်နေရာ ဘယ်သူ့ကိုမှ မပေးနိုင် ...

"တောက်"

ပေါက်ကွဲမလွယ်သော ဒေါသတရားများက ကွန်ပျူတာရှေ့ကနေ
ဆတ်ခနဲထရပ်လိုက်မိတာ အရှုံးတစ်ယောက်လိုပင်။

"တူမကြီး ဖုန်းလာတယ်ကွယ့်"

ဒေါ်ညိုက ခပ်လှမ်းလှမ်းကနေ လှမ်းပြောပြီး ပြန်ထွက်သွား၏။ ညို့
ခန်းက ဖုန်းမှန်းသိလိုက်သဖြင့် စက်ပိတ်ပစ်ခဲ့ပြီး အပြင်ထွက်လာခဲ့မိသည်။

နားထဲမှာ ရှင်ဖုန်း၏ ကိုယ်ပိုင်တဲ့နေရာ သီချင်းက သူမသွားသည့်
နောက်ကို တကောက်ကောက်လိုက်ပါလာသလိုပင်။

(... ကိုယ်ပိုင်တဲ့ ကိုယ့်နေရာ ဘယ်သူ့ကိုမှ မပေးနိုင်)ဆိုသော စာ
သားလေးက သူမ ဘာလုပ်သင့်သည်ကို ညွှန်ပြလိုက်သလိုပဲမို့ ဖုန်းဆက်ဖို့
စိတ်ကူးမိလိုက်ခြင်းဖြစ်၏။ ဒါပေမယ့် သူမ မဆက်ရသေးဘဲ ဖုန်းက အရင်
ရောက်လာခဲ့သည်။

"ဟဲလို"

"ရေးရေးရိပ် လား"

ခပ်ရင့်ရင့်အမျိုးသမီးတစ်ယောက်၏အသံ၊ ဘယ်သူလဲဆိုတာ စဉ်း
စားရင်း ဟုတ်တယ်,မဟုတ်ဘူးဖြေဖို့ မေ့နေခဲ့၏။

"မေးတာဖြေပါဦး၊ ဘယ်လိုလဲ၊ တို့ ဘယ်သူဘယ်ဝါမှန်းမသိလို့
အသည်းအသန်စဉ်းစားပြီး ငုတ်တုတ်မေ့သွားတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ငုတ်တုတ်တော့မမေ့ပါဘူး။ ဒါပေမယ့် ရည်ရည်မွန်မွန် နှုတ်ဆက်လာတာမဟုတ်မှန်းသိလိုက်ရတော့ စဉ်းစားရတာပေါ့"

"အဟွန်းဟွန်း"

ရယ်သံသည် ကြည်လင်ရွှင်ပျစွာမဟုတ်ဘဲ ကိုယ်ထောင်သည့်ပိုက်ကွန်မှာ ထိနေသောသားကောင်ကိုမြင်လိုက်ရသဖြင့် အမဲဖျက်ရတော့မည့် အတွေးနှင့် အံကြိတ်ပြုံးတာမျိုး။

"အဲဒါလဲ စဉ်းစားဖို့မလိုပါဘူး ရေးရေးရိပ်ရယ်၊ ကိုယ့်မှာ ချစ်သူခင်သူတွေပေါ်နေသလား၊ နုပ်နုပ်စင်းခုတ်ထစ်ပစ်ချင်လောက်အောင် မုန်းတီးနေတဲ့သူတွေ ရှိနေတာလား ကိုယ့်ကိုယ်ကို သိပါတယ်"

ဒီမိန်းမ ဘယ်အရပ်မျက်နှာကနေ ဘယ်ဆီကိုဦးတည်နေတာလဲ။ ဒေါသဖြစ်နေပေမယ့် ဆက်၍နားထောင်နေမိ၏

"ကိုယ့်မေတ္တာစိတ်နဲ့ ကိုယ်လုံခြုံနေရင် သွားလေရာမှာ ကျည်ကာ မိုးကာအပြည့်နဲ့ မိုလ်ခြေတစ်ထောင်လောက်ခြံရံကာကွယ်ထားဖို့ မလိုပါဘူး။ ဟုတ်တယ်နော်"

"ကိုယ့်ကိုယ်ကို ဘယ်သူဘယ်ဝါလို့တောင်မပြောရဲသေးတဲ့ ရှင့်တစ်လူနဲ့စကားလုံး လိုက်ဖက်အောင်ပြောမှပေါ့။ အဟွန်း..."

"မပြောရဲတာမဟုတ်ပါဘူး။ ငါက မင်းလောက်ထင်ရှားကျော်ကြားလူသိမများတဲ့သူမို့ မင်း မသိတာ၊ သိချင်ရင်တော့ မှတ်ထားလေ၊ ငါက ဟိန်းလတ်ရဲ့ အစ်မအကြီးဆုံး"

"ဟင် ..."

"မောင်လေးက ငါ့ထက် ဆယ့်ငါးနှစ်တိတိ အသက်ငယ်တယ်၊ ငါ့ရဲ့ အချစ်ဆုံးမောင်လေး အတိတ်မေ့ဒုက္ခတဘာဝကို ရောက်ခဲ့ရတဲ့အကြောင်းတွေ ငါက ခုမှသိခဲ့ရတာ"

မာထန်ပြတ်တောက်နေပေမယ့် သူမအသံတွေက တုန်ယင်နေသည်။





ဟိန်းတာ မောင်နှမလေးယောက်ထဲမှာ အငယ်ဆုံးမှန်း ရေး သိသည်။

အစ်မသုံးယောက်က နိုင်ငံပေါင်းစုံမှာ ပညာတော်သင်သွားတဲ့သူကသွား၊ စီးပွားရေးလုပ်တဲ့အစ်မက လုပ်၊ အိမ်ထောင်သည်ဆိုလို့ 'မလတ်' ဆိုသည့်တစ်ယောက်ပဲရှိတဲ့အကြောင်း ဟိန်း ပြောလို့ သိခဲ့တာပါ။

အစ်မအကြီးဆုံးဆိုသည့် ဒီတစ်ယောက်ကရော ခုမှ ဘယ်နိုင်ငံက ပြန်ရောက်လာတာလဲ။

"ရေးရေးရိပ်"

အံတင်းတင်းကြိတ်ထားရင်း သွားကြားစေ့သံနှင့်ခေါ်ပုံက ကျောချမ်းစရာပင်။

"မင်းကြောင့် ငါ့မောင်လေး ဒီလောက်ထိဖြစ်သွားခဲ့ရတာ၊ မင်းကို ငါ ဘယ်လိုမှခွင့်မလွှတ်နိုင်ဘူး သိရဲ့လား။ မင်းဟာ တော်တော်ရက်စက်ရက်မာပြီး အကျင့်သိက္ခာခေါင်းပါးတဲ့မိန်းကလေး ..."

"ဒီမှာ ..."

"ဟော့ ပြန်မပြောနဲ့ ဖုန်းချပစ်လိုက်ရင်လဲ မင်းရဲ့ လင်းအား ဟုံခေါ်ပြီး အတွေပြောရမှာပဲ၊ ကိုယ့်မှာ လက်ထပ်ဖို့ သေချာပြီးဖြစ်တဲ့ အခြေအနေမှာတောင် ယောကျ်ားလေးတစ်ယောက်နဲ့ ဆိုင်ကယ်လိုက်စီးနိုင်သေးတယ်၊ စဉ်းစားတွေများတာကို ဗုံမတပ်ပြီးထောင်ချလို့မရပေမယ့် မင်းရဲ့အကျင့်စရိုက်က မင်းကိုယ်မှာ အညိုရောင်ထင်နေမှာပဲ၊ အဲဒါရော နားလည်ရဲ့လား"

"ဘာတွေလာပြောနေတာလဲ၊ ရှင့်မောင်ကြောင့်သာ ရေး က ဘဝ ရှုပ်သမလိုဖြစ်ရတာ"

"အို ... အို ... ကြားရတာ ထူးဆန်းအံ့ဖွယ်ပါလား၊ ငါ့မောင်ကြောင့် အလျက်မလိုဖြစ်တယ် ဟုတ်လား။ ငါ့မောင်လေးနဲ့မတွေ့ ခင်ကတည်းက မင်းမှာ အကောင်းတိုင်းတျန်တာ ရှိသေးလို့လား"

"ရှင် ... ရှင် မမိုက်ရိုင်းနဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောလို့ ပြောတာလေ၊ ဘာလဲ မိန်းမတစ်ယောက် ပျက်စီးတယ် ဆိုတာ အုံးစက်ရာအတူနဲ့ပြီး သွေးချင်းညားမှ ပျက်သွားတာလို့ မင်း ထင် သလား။ ချစ်သူဘဝဆိုတဲ့ အခွင့်အရေးတွေ တစ်ယောက်ကိုချစ်တယ်လို့ ဖြေလိုက်တိုင်း အဲဒီတစ်ယောက်ကို မင်းပေးရမှာ ဘာတွေလဲ ပြောပြ မလား"

"တောက်"

"မပြောပါဘူး၊ မင်းက နားထောင်ရဲရင်တောင် ငါက ဖြေရမှာရှက် တယ်၊ ရည်းစားတစ်ယောက်ပြတ်တိုင်း လက်ကလေး ပါးကလေးတွေ တစ်ခါအိုကျန်ခဲ့တယ်ဆိုရင် မင်း ရည်းစားဘယ်နှစ်ယောက်ပြတ်ခဲ့သလဲ"

အနားမှာ ဘယ်သူမှမမြင်ဘဲ ရေး ပါးပြင်လေးနှစ်ဖက် ရဲတက်သွား ၏။ ရှက်တာရော ဒေါသဖြစ်တာတွေရော၊ ထို့ကြောင့် ဖုန်းကို ကိုင်ပေါက် ဆောင့်ချလိုက်ချင်ပေမယ့် မဖြစ်။

"ရည်းစားများတော့ ဘာဖြစ်လဲလို့ မင်း ဖြေရဲသေးရင် ထပ်ဖြေလိုက် စမ်းပါ၊ ဒီတစ်ခါ မင်းမေးရင် မင်း၊ တန်ဖိုးမထားတတ်စွာ ပေးကမ်းစွန့်ပြ ရဲခဲ့တဲ့ မိန်းမတစ်ယောက်ရဲ့ သိုသိပ်စွာတည်ရှိနေတဲ့တန်ဖိုးတွေအကြောင်း တစ်ခုချင်း ငါ ထပ်ပြောမယ်"

ဘာကြောင့်မှန်းမသိဘဲ ရေး ခွဲ့အသွားခဲ့တာ၊ ခွန်းတုံ့ပြန်ဖို့ဆန္ဒ လည်း ပျောက်ဆုံးနေခဲ့၏။

"ဒါပေမယ့် မိန်းမဖြစ်လာတိုင်း မိန်းမဘဝရဲ့ဂုဏ်သိက္ခာကို နားလည် တာမဟုတ်ပါဘူး၊ မင်းလဲ နားမလည်တဲ့အမျိုးအစားထဲကမိန်းမပဲ၊ တို့ အဲမေက တို့ညီအစ်မတွေ ငယ်ငယ်တုန်းက ဘယ်လောက်ဂရုစိုက်ခဲ့သလဲ သိလား၊ တစ်ကိုယ်လုံး ခြင်ကိုက်ရာအစက်အပြောက်လေးတောင် အထ မခံခဲ့ဘူး။ မိဘတိုင်း သားသမီးကို မှက်ခြင်ယင်မနားအောင် ဂရုစိုက်ပေ ရှောက်ခဲ့ကြတာမျိုး မဟုတ်ဘူးနော်၊ မိန်းကလေးတွေမို့လို့ မိန်းကလေး



တစ်ယောက်ရဲ့ အလှအပေါ် မှာ စွန်းထင်းမည်းညစ်ထင်ကျန်ခဲ့မှာ စိုးတာ၊ အလှပျက်သွားမှာစိုးလို့ ကာကွယ်တာမျိုး"

ဒေါသဟုန်းဟုန်းတောက်လောင်နေခဲ့သော ရေး ရင်ထဲမှာ ကိုယ့်ရဲ့ သိက္ခာတွေကို တစ်စစီ ခွဲထုပ်ကိုင်ပေါက်နေပါလားဟုတွေးနေရင်း မှေသွား၏။

စိတ်ဝင်စားဖွယ်ပုံပြင်တစ်ပုဒ်ကို ငယ်ငယ်တုန်းက နားထောင်နေခဲ့ သလိုမျိုး ငြိမ်သက်တိတ်ဆိတ်စွာနေခဲ့မိသည်၊

ဒေါသရှိနေတာက သပ်သပ်၊ ဒီလိုအယူအဆ၊ ဒီစိတ်ဓာတ်မျိုးကို စိတ် ဝင်စားသွားမိခြင်းက ထူးဆန်းစွာဖြစ်၏။ သူမက ပြောနေဆဲပါ။

"မင်းသိထားဖို့က မိန်းကလေးတစ်ယောက်ရဲ့ တန်ဖိုးဟာ အလှ တရားပဲ၊ လှလေ ခက်လေမဟုတ်ဘူး၊ လှလေ မြတ်လေ၊ မိန်းမ တစ် ယောက်ရဲ့ အလှဟာ အန္တရာယ်ဆိုတာလဲ အရာအားလုံးအတွက် မမှန်ပါ ဘူး လှလေ တန်ဖိုးကြီးလေပဲ၊ အဓိကက မိမိတန်ဖိုးကို ခြံထိန်းသိမ်းထား နိုင်ဖို့ပဲ။ ပန်းတွေတောင်မှ အမြင့်မှာပွင့်တဲ့ပန်းက အမြင့်မှာပဲပွင့်တယ်၊ မိန်းမမှန်ရင် ထိန်းသိမ်းစောင့်စည်းနိုင်တဲ့ပညာ တတ်ကိုတတ်ရမယ်။ တန်ဖိုးဆိုတဲ့စကားကြောင့် ကိုယ့်ကိုယ်ကို အရောင်းအဝယ်သဘောလို သွယ်လွယ်ပေးတတ်ယူတတ်လာရင်တော့ အများပြောလေ လှလေ ခက် လေဆိုတဲ့ မိန်းမမျိုးဖြစ်သွားပြီပေါ့။ မင်းကတော့ လှလေခက်လေမိန်းမ မျိုးပဲ ရေးရေးရိပ်"

ကိုယ့်နှာမည်ပါမှ စိတ်က မပြေလည်ခြင်းသို့ ပြန်ရောက်လာခဲ့သည်။ မိန်းမ ကိုယ့်ကို ဆုံးမစကားတွေပြောနေတာ မဖြစ်နိုင်မှန်းသိလိုက်သည့် အချိန်မှာ သူမ၏ ကဲ့ရဲ့ရှုတ်ချခြင်းများက လက်နက်ကြီးများနှင့် တရစပ် ပစ်ခွင်းလာသလိုပင်။

"ငါ့မောင်လေးကတော့ မိုက်ခဲ့တာကိုး။ မဆင်ခြင်တတ်တဲ့မိန်းမ ကြောင့် မိုက်တဲ့ယောက်ျားတွေ ဒုက္ခရောက်တာပဲလို့ သံဝေဂရမိပေမယ့်

www.burmeseclassic.com

မင်းကို ခွင့်လွှတ်လို့မရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒုက္ခရောက်ခဲ့ရတာ ငါ့အချစ်ဆုံးမောင်လေးဖြစ်နေသလို ငါတို့ညီအစ်မတွေက ဏ္ဍမြှေသိက္ခာ တွေကို အသက်လိုတန်ဖိုးထားခဲ့ကြတဲ့သူတွေဖြစ်တော့ မိန်းမဖြစ် မစောင့်စည်းတတ်တဲ့မင်းရဲ့စရိုက်ကို ရွံတယ်။ ခြင်ယင်မနားအောင် ရောက်ကာကွယ်ဖို့တောင်လိုအပ်တဲ့ မင်းရဲ့အရေပြားပေါ်က အလှ တွေမှာ အစွန်းအထင်းအညစ်အကြေးတွေ ဘယ်လောက်ဖြစ်နေပြီ ဆိုတာ ရှက်တတ်ရင် လဲသေဖို့ထိုက်နေပြီ”

“ရှင် အခု ဖုန်းဆက်တာ မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာတွေ ပြဖို့လား”

“အဲဒါ အဓိကပဲ။ မင်းလိုမိန်းကလေးတွေရဲ့ လက်စွဲစကားအတိုင်း ရည်းစားထားတာ ဘာဖြစ်လဲ၊ ရည်းစားတစ်ထောင် လင်ကောင်တ ယောက် စသဖြင့်ပေါ့။ ကိုယ့်ဘက်က ပွဲကြေးစွန်းထင်းကုန်ခဲ့တာတွေ မမြင်ဘဲ ယောကျ်ားတွေ ရူးသွပ်စေးနေတာမှာ ဘုရင်တစ်ဆူလို ဂုဏ် ဝင့်ကြွားနေကြသမျှ၊ နောက်ပြီး မင်းက ထပ်ပြီးပေါက်ဖွားလာမယ့် ဆက်တွေအထိ မိန်းမတွေရဲ့ ကာရိုက်တာတွေ ပျက်စီးတော့မှာ၊ အဲဒါ တွေးပြီး ရင်နာတယ်၊ ငါးခုံးမတစ်ကောင်ဖြစ်မယ့် မင်းကို မသေခင် ကို အနံ့အသက်ကို သိသွားစေချင်လို့ ဒီဖုန်းကိုဆက်တာ”

“ပြော ...၊ ရှင်ပြောစရာ အကုန်ပြော၊ ရှုံးနိမ့်ခဲ့ကြတဲ့လူတိုင်း ကူ ရာရှာပြီး ပြောတတ်ကြတဲ့ ပြစ်တင်မာန်မဲစကားတွေကို ရေး က နားလ တတ်ပါတယ်”

“အပွန်း ... မင်းက နားမဝင်သေးဘဲကိုး၊ ဒါပေမယ့် နားထောင် တာကို ငါ ကျေနပ်တယ်၊ ငါ့မောင်က ရှုံးနိမ့်တဲ့သူလို့ မင်းကသတ်မှတ် တုန်းဆိုတော့လဲ မင်း အောင်မြင်စွာ အနိုင်ရခဲ့တဲ့ တစ်ခါကအကြော လေးတွေလဲ လက်ဆောင်ပို့ပေးရဦးမှာပေါ့”





“ဘယ်လို ...”

ရေး လှုပ်လှုပ်ရှားရှားမေးလိုက်တော့ သူမက ခပ်ညှင်းညှင်းရယ် လျက် ...

“ဟိန်းရဲ့ဖုန်းထဲက ဓာတ်ပုံတွေပါ။ ယယ်ယယ်က မင်းရဲ့အရေပြားပေါ် မှာ ခြင်ကိုက်ရာရှိခဲ့ပေမယ့် ခုထိ ထင်ကျန်ဆဲရှိတော့မှာမဟုတ်ဘူးလေ၊ ခုချိန်မှာ ခြင်ကိုင်ရာကို ပြန်ရှာဖို့မလွယ်ပေမယ့် မင်းရခဲ့တဲ့ အောင်နိုင်မှုတွေ ကိုတော့ လင်းအား မြင်နိုင်မှာပါ”

“ရှင် ... ရှင် ဘာပြောတယ်”

“အဲဒါကြောင့် ဓာတ်ပုံတွေပို့ပေးလိုက်မယ်၊ မင်း အနိုင်ရခဲ့တဲ့နေ့ရက် တွေမှာ ငါ့မောင်လေး ဘယ်လိုရှုံးနိမ့်ခဲ့သလဲဆိုတာ မင်း အရသာခံကြည့် ပါ။ လင်းအား ကတော့ မင်းရဲ့အောင်မှတ်တွေကို တွက်ကြည့်ပါလိမ့်မယ်၊ အဲဒီအခါကျမှ အနိုင်အရှုံးကို သူပြောလိမ့်မယ်”

ဖုန်းချလိုက်သံက ဝှတ်ခနဲမြည်သွားသည်။ ထိုမြည်သံက မာကျော ချွန်ထက်သောလက်နက်တစ်ခုကဲ့သို့ ရင်ထဲကို ပစ်ဆောင့်သွားသည်လေ။

ရေး ဖုန်းချလိုက်ရင်း ရှိုးကေ့စ်ထောင့်နံရံမှာ ကိုယ်လေး ပျော့နွဲ့မှီကျ သွားလေသည်။ အချစ်တွေ ကိုယ့်နောက်လိုက်နေတုန်းက ဒီလိုစကားမျိုး တွေ လာပြောလျှင် သူမ ကောင်းကောင်းဟားတိုက်ရယ်ပစ်လိုက်နိုင်သည်။

ပြီးတော့... ပြီးတော့ သူ ဒီလိုပြောနိုင်သလို ကိုယ့်အမှန်တရားနဲ့ကိုယ် ပြောပစ်လိုက်စရာ စကားတွေမှာ အများကြီးပါ။ ခုတော့ ကိုယ့်မှာ အချစ် ကြောင့် အမှန်တရားတွေ ပျောက်ဆုံးနေခဲ့သည်လား။

မှန်တယ်ထင်ခဲ့တာလား၊ ဘယ်တုန်းကမှ မမှန်ခဲ့တာလား၊ ဒါမှ မဟုတ်လျှင် မှန်ခဲ့ပြီးမှ မှားသွားတာလား။

ရင်ထဲမှာနာကျင်နေသည်က လင်းအား ဆိုသည့် ယောက်ျားအပေါ် မှာ သူမ လွှမ်းမိုးနိုင်ခြင်း၏အကြောင်းကို ဘယ်လိုမှ ရှာမရခြင်းကြောင့်...



www.burmeseclassic.com

www.burmeseclassic.com



"ငါမောင်က ရှုံးနိမ့်တဲ့သူလို့ မင်းက သတ်မှတ်နေတယ်ဆိုတော့လဲ..."

'မင်း အောင်မြင်စွာအနိုင်ရခဲ့တဲ့ တစ်ခါကအကြောင်းလေးတွေ...'

'မင်းရဲ့အောင်မှတ်တွေကိုတွက်ကြည့်ပြီး အရှုံးအနိုင်ကို သူပြောလိမ့်မယ်'

ဖုန်းထဲကစကားသံတွေကို ပြန်ကြားလာတော့ ရေး ခေါင်းထဲမှာ တစ်စုံတစ်ခုရဲ့အစကို ဆုပ်ဆွဲမိသလိုရှိလာ၏။ လက်မထပ်မီ လင်းအားနဲ့ စကားပြောခဲ့တုန်းက သူ ပြောသွားတာတွေ ...

"ကိုယ် ဘယ်လိုမေးလာရင် ဘယ်လိုဖြေမယ်ဆိုတဲ့ ပြင်ဆင်မှုတွေ မင်းမှာရှိနေမှာပေါ့။ အဖြေဆိုတာ ပါးစပ်က ဘယ်လိုဖြေဖြေ ဖြစ်တာပဲ"

"မေးခွန်းမေးခြင်းကို ကိုယ် စိတ်မဝင်စားဘူး"

သူ ဒီလိုပြောလို့ ရေး ရှောင်ရယ်ပစ်ခဲ့ဖူးသည်။ သူ့မျက်လုံးထဲက လျှို့ဝှက်ချက်ကိုလည်း ရေး ပဲဖော်ထုတ်ပြောခဲ့ဖူးပါ၏။

"ရယ်ရတယ်နော်၊ ရေး ဆီကိုလာတဲ့သူက ရေး ကိုမယုံကြည်နိုင်တဲ့သူ ဖြစ်နေတယ်"လို့၊ အဲဒီမယုံကြည်မှုတွေဟာ ဘာ့ကြောင့် ဘယ်က ဖြစ်ပွားခဲ့လာခဲ့တာလဲဆိုတာကိုလည်း မသိလို့မဟုတ်၊ ဒါပေမယ့် ဂရုစိုက်တတ်တဲ့အကျင့် သူမမှာ မွေးကတည်းက ပါမလာခဲ့ပေ။

ခုမှ ဂရုစိုက်တတ်လာတာ ဘာကြောင့်လဲ။

လင်းအား ကို သူမ စွဲလမ်းသွားခဲ့မိ၍ပါ။ ကိုယ်က အရှုံးအမှုးဖြစ်ရချိန်မှာ သူ့အတွက် ကိုယ်က ဘာမှမဟုတ်တော့တဲ့သူ။

အလှအပဆွဲဆောင်မှုအားလုံးမှာ မေးနဲ့ရေး မတူနိုင်ဘူးဆိုတာ သူများ ပြောပြဖို့ပင်မလိုပေ။ ရေး ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိခဲ့သမျှ ခုတော့ အကုန်လုံးပျောက်ကျပျက်စီးသွားခဲ့ပြီဖြစ်၏။

သူဟာ မိန်းမတစ်ယောက်ဆီကအချစ်ကို ဂုဏ်သိက္ခာတွေ၊ ကိုယ်ကျင့်တရားတွေနဲ့ မှတ်ကျောက်တင်တန်ဖိုးဖြတ်တဲ့သူလား။





ဒါဆို သူမှာ ...

ရေး ၏မျက်ဝန်းအိမ်မှာ မျက်ရည်စက်တို့ ဖိတ်လျှံလုလုထိ ပြည့်တက်လာကြ၏။

မိန်းမဘဝ၏ဂုဏ်သိက္ခာများနှင့်ပတ်သက်သည် သီအိုရီကိုရွတ်ဆိုခြွသွားခဲ့သော အမည်မသိ အမျိုးသမီး၏စကားသံတွေကို သတိရမိသည်။

နောက်ထပ်ရွတ်ပြပါဦး၊ အသည်းကွဲနိုင်ခြင်းနဲ့ပတ်သက်တဲ့ သီအိုရီတွေလေ။ ဘယ်တုန်းကမှ ရေး မနိုင်ခဲ့ဘူးဆိုရင် အစုလည်း ရှုံးဦးမှာမို့လို့ သင်ပေးလှည့်ပါ။

ယုံကြည်ခြင်းအပြည့်နှင့် အမြဲတမ်းအောင်နိုင်သည်ထင်ခဲ့သော နေ့ရက်များဟာ ...

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"သား"

"ထပ်မပြောပါနဲ့တော့ မေမေ၊ ဒီခြေထောက်ပြန်ကောင်းဖို့အတွက် အဲဒီလောက်အားစိုက်နေဖို့မလိုပါဘူး"

"မဟုတ်သေးဘူးလေ"

"သမားတော်တွေကလဲ မကြာခင်ပြန်ကောင်းလာမှာလို့ ပြောနေတာပဲ"

"သားရယ် ပြန်ကောင်းမယ့်အချိန်ကို ထိုင်စောင့်နေတာက လှေကို မလှော်ဘဲ ကမ်းကပ်ဖို့ဆုတောင်းနေတာနဲ့ မတူဘူးလား။ နီးနီးလေးမှာ ကမ်းကိုမြင်နေရပေမယ့် ကိုယ်ကမှ မလှော်ဘဲ လှိုင်းဂုတ်လို့ လေတိုက်လို့ အကြောင်းအမျိုးမျိုးနဲ့ မျောချင်ရာမျောပြီး ဘယ်လိုဖြစ်သွားနိုင်သလဲ တွေးကြည့်ပါဦး"

ဒေါ်ဆွေလတ်က စကားပြောနေရင်း ခေါ်လှမ်းလှမ်းမှာ လှုရိပ်မြင်လို့ လှမ်းကြည့်လိုက်၏။ မိုးမိုးက ပန်းခြင်းကလေးကိုကိုင်၍ ထွက်လာရာမှ ဒေါ်ဆွေလတ်က လှည့်ကြည့်လိုက်သဖြင့် လှစ်ခနဲပြန်ဝင်သွားသည်။





"သားမိန်းမရော"

"ထွက်သွားတာပဲ၊ ကျွန်တော် မသိဘူး"

ဒေါ်ဆွေလတ် သက်ပြင်းချလိုက်မိသည်။

"သားက သူ့ကိုမုန်းနေတာလား၊ ဘာဖြစ်လို့ လက်မခံနိုင်တာလဲ။ အစက ရေးကို သား လက်ခံနိုင်လို့ လက်ထပ်ခဲ့တာပဲကွယ်၊ မင်္ဂလာပွဲမှာ သူတို့ မရိုးမသားတွေလုပ်ခဲ့တာရှိပေမယ့် ဘယ်သူမှလဲမသိလိုက်ကြပါဘူး။ ပြီးတော့ သူ့နေရာမှန်အတိုင်း ပြန်ဖြစ်သွားတာမဟုတ်လား။ သေချာတွက်ကြည့်ရင် သူတို့ညီအစ်မနှစ်ယောက်ဘက်ကတောင် နစ်နာပါသေးတယ်"

"ဘယ်လို မေမေ"

ဆိုဖာပေါ်မှ ဝိုးလ်ချဲပေါ်ကို ကိုယ်ဘာသာပြောင်းထိုင်လိုက်ပြီး သင်းအား မျက်နှာက တအံ့တသြ။

"မေမေက ဘာကိုပြောတာလဲ"

"ပြောပြတာပါ။ အခု မေမေမြင်ရသလောက်ဆိုရင် ရေး က မတော်ဆမယ့် သိပ်ဆိုးတဲ့မိန်းကလေး မဟုတ်ပါဘူး၊ မေမေလဲ ရေး ကို မေးလောက်မချစ်ဘူး၊ ဒါပေမယ့် ကိုယ်ဖြစ်ချင်သလိုဖြစ်လာအောင်လုပ်ဖို့မှ ကြွစ်နိုင်တော့တာ"

"အဲဒီလို သူဖြစ်ချင်ဘဲ့အတိုင်း အားလုံးကို ဖောက်ထိုးမိုးမျှော်တွေ ဆုပ်ချလိုက်တာကိုက ဘယ်လိုမှကျေနပ်ပေးလိုက်ဖို့မလွယ်တဲ့ အကြောင်းပဲ မေမေ"

ဒီအကြောင်း စကားစ,လိုက်သည်နှင့် လင်းအား မျက်နှာက ချက်ချင်း နီရဲတင်းမာလာ၏။

"ဘဝနှစ်ခုကို စပြီးတုထောင်ဖို့ပြင်ဆင်ကြကတည်းက သူ့ဘက်က သူလိုချင်တဲ့အနားသတ်မျဉ်းနဲ့ အခိုင်အမာတိုက်ခိုက်ဝင်လာတာ၊ နောက်ဆပ် မတူညီမှုတွေ၊ ညှိနှိုင်းဖို့တွေရှိလာရင် ကျွန်တော် ဘယ်လိုစည်းရုံး



www.burmeseclassic.com

www.burmeseclassic.com



မလဲ။ အိမ်ဦးနတ်က တစ်ခါတင်စရှိရင် တင်ရတယ်တဲ့၊ အစမှာတည်းက သူဖြစ်ချင်တဲ့အတိုင်းနဲ့ ကျွန်တော် ဂေါက်တောက်တောက်နေပေးလိုက်ရင် တစ်သက်လုံး ကျွန်တော့်ကို ဒီတိုင်းသတ်မှတ်ပြီး သူ ထင်ရာစိုင်းတော့မှာ ဘယ်လိုတွေးတွေး အဲဒီပြဿနာကို ကျေနပ်ပေးလိုက်လို့မဖြစ်ဘူးဆိုတဲ့ အဖြေပဲ ထွက်တယ်"

"ဒါဆို သားတို့က ..."

"ဒီပြဿနာကိုဖန်တီးခဲ့တဲ့အတွက် သူ ကျွန်တော့်ကို ကျေနပ်လက်ခံနိုင်အောင် ဝန်ချမတောင်းပန်သရွေ့ ဒီတိုင်းပဲရှိနေမှာ"

ဒေါ်ဆွေလတ် မျက်နှာမကောင်းနိုင်ဘဲဖြစ်သွားခဲ့၏။ မာနစိတ် ဆိုတာကတော့ လူတိုင်းမှာရှိတာပဲပေါ့။ မိန်းကလေးငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလို ကြံစည်ရဲရသလားဆိုပြီး ဒေါ်သဖြစ်လွန်းလို့ ပြောသင့်သလောက်လည်း ပြောခဲ့ပြီးပြီ။

သူမဘက်က ခပ်ရိုင်းရိုင်းတွေပြန်ပြောတယ်ဆိုပေမယ့်လည်း ဖေါ် အပေါ်မှာ ရိုင်းလေခြင်းဆိုတဲ့အပြစ်ကို ရိုးမယ်ဖွဲ့လို့မဖြစ်ပေ။

မိဘမို့ 'ငါ့သားလေးအပေါ်မှာ ကြင်ကြင်နာနာပြုစုယုယသွားမယ် ဆိုရင် ပြီးတာပါပဲ' ကြံဖန်ဖြေသိမ့်ရင်း ကျေနပ်ခဲ့ရသည်။

ဒီမှာ ဒေါ်ညိုတို့၊ မိုးမိုးတို့ကို မေးမြန်းစုံစမ်းကြည့်သောအခါလည်း သားကိုတော့ မကြည်ဖြူတဲ့ကြားကနေ ဝင်ဝင်ပြီးပြုစုပေးဖော်ရသည်ဟု ကြားခဲ့ရ၏။

ထို့ကြောင့် ပြီးခဲ့တာကိုလည်း ပြန်မစချင်။

သားလည်း မရတာလား။ ရတာကိုပဲယူပြီး ကျေနပ်လိုက်စေချင်[illegible] ဒါပေမယ့် ...

"သူက သားကိုချစ်ရှာတယ်လို့ ဒေါ်ညိုတို့ကတော့ ပြောတယ်၊ သား တို့ တစ်ခါမှ စကားပြေပြေလည်လည်မပြောဖြစ်ဘူးလား"





လင်းအား မဖြေပါ။ ... ရာမှမရှိဘဲ။

စကားပြေလည်ကြဖို့ထက် အလှမာန်ဝင့်ကာ အမြဲတမ်းအနိုင်နဲ့ပိုင်းချင်နေသည့် သူမမျက်နှာ ကိုယ့်ရှေ့ရောက်လာတာနှင့် ပြောဆိုခေါ် ပြောချင်စိတ်တို့ကုန်ခန်းသွားတတ်၏။

စကားပြောဖြစ်ပြီဆိုတော့လည်း တစ်ယောက်နဲ့တစ်ယောက် ဘယ်သူကစစ မတည့်တာက အရင်စဖြစ်ခဲ့ကြသည်။

စကားဆုံးတော့ ရန်ဖြစ်၊ ဘယ်နေရာမှာချစ်တာလဲ။ သည်းခံနားလည်ကြဖို့ ကြိုးစားတာ ဘာရှိလဲ။ သူမက စပြီး ဝန်ချတောင်းပန်ဖို့ဆိုတာ အဝေးကြီးပင်။

နေစမ်းပါဦး။ သူ့ဘက်ကတော့ ဘယ်လိုမှ မျှော်လင့်ခဲ့တာမရှိသလို ဘာမှဖြစ်မလာရင်လည်း ပူဆွေးသောကရောက်ဖို့ မရှိပါ။

ရင်ထဲမှာ အခိုင်အမာဆုံးဖြတ်ထားခဲ့တာ တစ်ခုပဲရှိသည်။ သူမဘက်က နောင်အခါမှာ နူးညံ့ရည်မွန်စွာ အောက်ကျို့ဆက်ဆံလာခဲ့သည်ဖြစ်စေ၊ သူမပေးသည့် သာယာခြင်းမှာ သူ အရည်ပျော်မသွားဖို့ ဆုံးဖြတ်၏။

မှားတာကို မှားတဲ့အကြောင်း ဝန်ခံရမည်။ ထို့ပြင် သူမမှားခဲ့သည့် အကြောင်းက ဘယ်လိုယောကျ်ားမှ ခွင့်လွှတ်နိုင်မှာမဟုတ်သည့် လော်မဲ့ခဲ့သောအမှား။

ဒါကို ဝန်မခံသရွေ့ ဦးခေါင်းဆံမြည့်တဲ့အထိ ဒီတိုင်းနေသွားရဖို့တွေ ရှိသည်။ သူ ဘာမှမပြောတာကို စောင့်နှာ်းထောင်နေရင်း ဒေါ်ဆွေလတ် အားမလိုအားမရဖြစ်နေခဲ့၏။

သူ့သားရင်ထဲမှာ မေး ကလွဲပြီး ဘယ်မိန်းမ၏အလှအပမှ အရာ မထင်တော့ဘူးလား။ ဒီပြဿနာကို ခွင့်မလွှတ်နိုင်တာမဟုတ်ဘဲ မေး ကိုပဲ အထင်တကြီးတမ်းတနေခြင်းကြောင့် ရေး ကိုမသာယာနိုင်တာလား။

မေးခွန်းတွေ မေးဖို့ရှိနေပေမယ့် သား စိတ်ကသိကအောက်ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



မှာစိုးတော့ မမေးဖြစ်။

"မေမေ ဘန်ကောက်ကိုသွားဖို့ကိစ္စ သေချာသွားပြီလား"

ဒီအကြောင်းတွေကို မဆက်ချင်တော့သလို လင်းအား က စကားစ ဖြတ်ဖို့ပြင်သည်။ ဒေါ်ဆွေလတ်က ခေါင်းကို လေးဖင့်စွာခါလိုက်ပြီး ...

"ဘယ်သေချာမလဲ သားရယ်၊ သားကို မေမေမှစိတ်မချတာ"

စကားလမ်းကြောင်း ဒီဘက်ပြန်ရောက်လာတော့ လင်းအား မျက်နှာ ရှုံ့မဲ့သွား၏။

အသားလတ်လတ်မှာ ပါးပြင်နှစ်ဖက်နှင့် နှုတ်ခမ်းသားတို့မှာ နီမြန်း မြန်းဖြစ်နေသဖြင့် ယောက်ျားပီသသည့်သွင်ပြင်မပျောက်ဘဲ နုသစ်ချော မွေ့နေသည်။

အလုပ်ရှုပ်လို့၊ စိတ်ညစ်လို့၊ ဘယ်အချိန်ဖြစ်ဖြစ် ပွယောင်းယောင်း ညှင်းသိုးသိုး ဘယ်တော့မှဖြစ်မနေခဲ့ဖူးသော ဆံပင်တွေက မျက်ခုံးထူထူ နှစ်ဖက်၏အထက်မှာ သိမ်းလှန်ဖြီးထားတိုင်း ရှိသည့်အသက်ထက် ပို၍ တည်ငြိမ်ရင့်ကျက်နေခြင်းကို ဖြစ်နေစေသည်။

ရေးကို လှလို့ သားက သဘောကျခဲ့တာဖြစ်နိုင်သလို ရေး ကလည်း သားကိုတော့ ကြည်ဖြူနှစ်သက်နိုင်သည့် ဒီလိုသွင်ပြင်လက္ခဏာတွေ ကြောင့်သာ အချိန်တိုတိုအတွင်းမှာ နူးညံ့ပျော့ပျောင်းလာခဲ့တာဖြစ်နိုင် လေသည်။

"မေမေ ပြောချင်တာကလေ သူ့ထက်စာရင် သားက အသက်ကြီး တယ်မဟုတ်လား။ မှားခဲ့တာကို ပြန်ပြန်တွေးနေရင်တော့ ဒါက အမြဲတမ်း အသစ်ဖြစ်ရမှာပဲ အဲဒါကြောင့် ..."

"ခက်တယ် မေမေ၊ မေမေ အဲဒီလိုမြင်ပေမယ့် ကျွန်တော် မြင်လို့မရ ဘူး။ မှားခဲ့တယ်ဆိုကာ စိန်တုံးရွှေတုံးတွေကို ကျောက်ခဲသလဲနဲ့လဲမပစ်ခဲ့ တာမျိုး မဟုတ်ဘူး။ ခေါင်းရိုက်ခွဲပြီးမှ ကန်တော့မှပြန်တာမျိုးဆိုလဲ ထားခဲ့





တ်လို့ရတယ်။ ခုဟာက ပင်လယ်ကူးရမယ့်လှေကို ဝမ်းဖောက်ပစ် ပြီးမှ အတူတူစီးကြဖို့ သူလုပ်တာ၊ ဒီလှေနဲ့စီးပြီး ဒီလှေနဲ့ပဲ ခရီးဆုံး ကြရမှာ၊ အဲဒီတော့ လှေဝမ်းကို သူဖောက်ပစ်လိုက်တာမျိုးက ထားခဲ့ တဲ့အပြစ်လား၊ ပြောပါဦး သူနဲ့ကျွန်တော် ပေါင်းကြဖို့အတွက် ဒီလိုတွေ ဒီလိုပေါင်းကြမယ်ဆိုတဲ့သူ့ဘက် အပြစ်မဲ့ဥပဒေ သူ့ဘာသာရေးဆွဲ သား၊ တစ်ဘဝလုံး သူဖြစ်ချင်တဲ့အတိုင်း သူ့သဘောကျ ပေးဆပ်သွားရ တာ ကျွန်တော်"

"သားရယ်"

"မဖြစ်နိုင်ဘူး မေမေ၊ ဒီအိမ်ထောင်ရေးကို ဒီတိုင်း သူ့လက်ထဲ ထည့် လိုက်နိုင်ဘူး။ မေမေ့စိတ်ထဲမှာ ထင်နေတယ်မဟုတ်လား၊ ကျွန်တော့် ထဲမှာ မေး ရှိနေလို့လို့"

ဒေါ်ဆွေလတ်က ဝန်မခံပေမယ့် ငြင်းလည်းမငြင်း။ လင်းအား က ည်း နားလည်ပြီးသားပါ။

"မေးနဲ့ရေး ဘယ်လိုကွာခြားတယ်ဆိုတာ နှစ်ယောက်ဖြစ်လာ တည်းက ကျွန်တော့်မျက်လုံးထဲမှာ သပ်သပ်စီမြင်ခဲ့ပြီးသားပါ။ ဒါပေ မေး ဖြစ်ဖြစ်၊ ရေး ဖြစ်ဖြစ် မိန်းမတစ်ယောက်ကတောင် သူ့ရဲ့ ခွင့်အတွက် ဒီလိုလုပ်ရဲသေးတာ ကျွန်တော်က ယောက်ျားပဲ၊ ဦးစီး ဆောင်ဖြစ်ရမယ့်သူအနေနဲ့ မိန်းမရဲ့နောက်လိုက် မဖြစ်စေရဘူး"

လင်းအား က ငိုးလ်ရဲ့ကို နောက်ကို ခပ်သာသာလှိမ့်ဆုတ်၍ အခန်းဝ ဦးတည်လိုက်သဖြင့် ဒေါ်ဆွေလတ် နေရာမှ ထရပ်လိုက်ရသည်။

တစ်နည်းအားဖြင့် သူမကို ပြန်စေချင်ပြီဆိုတာကိုလည်း နားလည်၍ ဒီသားလေးဟာ မိဘကို ကပ်ခွဲပျော့ညံ့နေတာမဟုတ်ပေမယ့် င်လေးစားတဲ့သူပါ။

ခုလည်း မအေမျက်နှာကိုမြင်လိုက်တာနှင့် ဝမ်းသာကြည်ပင်သွား



www.burmeseclassic.com

သည့်မျက်နှာလေးတော့ ခဏလောက်ဖြစ်သွားသေးသည်။

အိမ်ထောင်ရေးတွေ အရှုပ်အထွေးတွေ ပါလာပြီဆိုရင်သာ ...

"စောစောက မေမေ ပြောခဲ့သလို ငါယောက်ျားပဲ ဘာနှာစရာရှိ
မာနမျိုးတော့ ကျွန်တော့်မှာ မရှိဘူး၊ ရေး ကလဲ အဲဒီလိုတွက်ပြီး ကျွန်တေ
က အလွယ်တကူ ကျေနပ်လက်ခံသွားမှာပဲလို့ ထင်ထားပုံရတယ်"

တံခါးဝကို တည့်တည့်မျက်နှာမူပြီးမှ လ ။အား က ဒေါ်ဆွေလတ်
ဘက်ကို ပြန်လှည့်ကြည့်ကာ..

"ယောက်ျားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် အသည်းနှလုံးက တစ်စုံပဲရှိတာ
နှစ်သက်မြတ်နိုးခြင်းကို ယောက်ျားတွေလဲခံစားတတ်တယ်၊ ယောကျ်ား
တိုင်းမှာ ရယူပိုင်ဆိုင်နေရရင် ကျေနပ်နေတဲ့စိတ်တွေချည်းပဲရှိနေကြတာ
မဟုတ်ဘူးဆိုတာ နားလည်သွားရင် ဒီအိမ်ထောင်ရေး ပြေလည်အောင်
သူ ဘာလုပ်သင့်သလဲ ပေါ်လာမှာပါ"

ပြိုင်နေကြပါတဲ့ အတ္တတွေ ...။

ဒေါ်ဆွေလတ် ဘာမှမပြောလိုတော့ပါ။ တစ်ယောက်ကိုကြည့်တော့
မာရေကျောရေ ခပ်ရိုင်းရိုင်းလေး၊ ဒီတစ်ယောက်ကျတော့ အနိုင်မခံ အ
မပေးတဲ့သူ။

ဒီအိမ်ထောင်ရေး ဘာဖြစ်လာမလဲ ...။

* * *





## အခန်း (၁၉)

"ဘာ ... ဘာပြောတယ် ရေး"

ဖုန်းထဲက ဆောင့်ထွက်လာသည့် ဒေါ်မမအသံက စက္ကန့်ပိုင်းအတွင်း
ာ ပေါက်ကွဲတော့မည့်ချိန်ကိုက်ဗုံးတစ်လုံးကိုပဲ ရေး က ကိုင်ထားသလိုလို။

"ဘယ်လိုပြောလိုက်တာလဲ ရေးရယ်၊ ညည်း မိုက်လှချည်လားဟင်၊
ျတုန်မှာ ညည်းတို့ဦးလေး လုပ်ငန်းထူထောင်ပြီး အခြေချဖို့ကြိုးစားနေ
ာ ဘာဖြစ်လို့လဲ မသိဘူးလား"

"သိပါတယ်"

"သိရက်နဲ့ကွယ်၊ သူများတွေမှာ ရင်းနှီးမြှုပ်နှံမှုမရှိကြလို့ အလုပ်မလုပ်
ြရတာ၊ ညည်းတို့မှာ မိဘက လုပ်ငန်းတွေနဲ့စည်းစိမ်တွေနဲ့ ထည်ထည်
ဝါဝါထားခဲ့ပါရက်နဲ့ မိန်းကလေးနှစ်ယောက်တည်းဖြစ်နေတော့ ဘင်
သလောက်မတိုးပွားနိုင်ဘူး"

"အဲဒါကြောင့်ပြောတာပေါ့၊ ထူးမှမထူးတော့တာ၊ မိန်းကလေး တစ်

www.burmeseclassic.com



ယောက်က ဦးဆောင်ဦးရွက်ပြုနိုင်တဲ့ ယောကျ်ားကောင်းတစ်ယောက် လက်တွဲဖော်ရဖို့ပဲလိုတာ၊ ကိုယ်တိုင်စီးပွားရှာနိုင်ဖို့ မလိုပါဘူး”

ဟုတ်သားပဲလို့တွေးသွားတာလား၊ စိတ်ပျက်လက်ပျက်ဖြစ်သွားတာလားတော့မသိ၊ ဒေါ်မမအသံ တော်တော်ကြာတဲ့အထိ ထွက်မလာခဲ့ပေ။

“အန်တီမမ”

“ပြော”

“မေး ကိုမေးကြည့်ပါဦး၊ ခုချိန်မှာ သူ စိတ်လေနေ့ ဘဲ၊ လိုက်မယ်ဆိုရင် ခေါ်သွားလိုက်တာ အကောင်းဆုံးပဲ၊ မဟုတ်ရင် မေးနဲ့ရေး လူပြောင်းလူလွှဲလုပ်ထားခဲ့တဲ့ ကိစ္စကြီးက ဘယ်နေ့ ဘယ်လိုပေါ်သွားမလဲလို့ တွေးပူနေရတာ၊ တစ်ယောက်ယောက် မရှိတော့ဘူးဆိုရင် ပြီးပြီ”

“ရေးရယ် ပြောလေကဲလေပါလား ညည်း”

“ရေး ပြောတာ မဖြစ်နိုင်တာ ဘာရှိလို့လဲ အန်တီမမ”

“ဘာကိုဖြစ်နိုင်နေတာလဲ၊ ဒီမှာ စီးပွားရေးလုပ်ငန်းတွေကို မေး မရှိရင် ဘယ်သူဦးစီးမှာလဲ၊ ညည်းတို့ဒီးလေးကိုယ်တိုင် ဒါတွေကို ကူညီဦးစီးပြီး ညည်းတို့ညီအစ်မကို သင်ပြသွားဖို့စီစဉ်ထားခဲ့တာက အခု မေး တစ်ယောက်ပဲရှိတော့တာလေ၊ မေး ကလဲ အားတက်သရောဖြစ်လာလို့ ညည်း ကိစ္စတွေလဲ ပြီးပြီမို့လို့ ...”

“မပြီးသေးဘူး အန်တီမမ၊ မပြီးလို့ပြောနေရတာ။ မေး က အားတက်သရောဖြစ်နေတယ်ဆိုတာလဲ အဲဒါ သူ ဟန်ဆောင်နေတာ၊ ကိုကို့ကို ကျိတ်မှိတ်ချွဲလမ်းပြီး နေရာဖယ်ပေးလိုက်ရတော့ ...”

“ရေး ... အမလေး၊ ဘယ်လိုပြောလိုက်တာလဲကွယ်”

“ဟုတ်တာတွေပဲဆိုပြီး နားထောင်နေလိုက်ပါ အန်တီမမရယ်၊ ဘာဖြစ်လို့ မဖြစ်နိုင်ဘူးချည်းဘဲ တွေးနေရတာလဲ၊ ဒီလောက်ချောပြီး ဆွဲဆောင်မှုရှိတဲ့ယောကျ်ားတစ်ယောက်နဲ့ တစ်ပတ်ဆယ်ရက်လောက်



အတူတူနေသွားခဲ့တာ စဉ်းစားကြည့်”

“လင်းအားကို ညည်း သဘောကျနေတာမဟုတ်ဘူးလား ရေးရယ်၊ ကိုယ့်စိတ်နဲ့မနှိုင်းပါနဲ့ကွယ်၊ မေးခမျာ ဘာဖြစ်ဖြစ် သည်းခံခဲ့ရတဲ့ဘက်ကပါ ခုလဲ ...”

“သည်းခံတဲ့လူတိုင်းမှာ မျိုသိပ်တဲ့အကျင့်ရှိတတ်တယ် အန်တီမမ၊ မျိုသိပ်နိုင်တော့ လူမသိဘူးပေါ့။ ရေး တို့က ပြောမယ်ဆိုပြောရမှ၊ သွားမယ်ဆိုသွားရမှ၊ လိုချင်တာရှိရင်လဲ နီးတာ၊ဝေးတာ၊ နိမ့်တာ၊မြင့်တာ ဘယ်လိုကွာဟနေနေ ရအောင်ယူမှာပဲ”

“ယူလဲယူပြခဲ့တာပဲ ရေးရယ်၊ အန်တီ သိပါတယ်၊ မေး ကိုတော့ ထပ်ပြီး ...”

“အန်တီမမ အဲဒီလို တစ်ဖက်သတ်မပြောနဲ့လေ။ သူက ရန်ကုန်မှာ လုပ်ငန်းတွေဦးစီး၊ မိန်းမကောင်းမိန်းမမြတ်ကြီးလုပ်၊ ဒီမှာ လွမ်းကျန်ခဲ့တဲ့ ရူက သူ့ကိုတွေ့တိုင်း မျက်လုံးနဲ့ပြစ်မှား၊ စကားလုံးနဲ့ပြစ်မှား”

“ဘယ်လို ...”

ရေး က စိတ်မရှည်တော့သလိုဖြစ်ကာ လက်ထဲမှာပါလာသည့်ဖုန်းကို ဟိုဘက်ဒီဘက် ပြောင်းကိုင်လိုက်၏။

“ကိုကိုက အခု ခြေထောက်မကောင်းသေးလို့၊ သူ ပြန်ကောင်းရင် စီးပွားရေးတွေ ပြန်လုပ်တော့မှာ။ အဲဒီလို အခြေအနေတွေပေးပြီး မေးနဲ့ ခေါ် ပြောဆက်ဆံနေမှာကို ရေး မလိုချင်ဘူး”

“မဟုတ်သေးဘူး ,ရေး၊ အဲဒါ ...”

“အန်တီမမတို့က ရေး ဘာပြောပြော မေး ဘက်ကနေ မတရားချည်း မြင်နေကြတာ၊ ဘာပဲဖြစ်ဖြစ် ရေးကမှန်တယ်ထင်ရင် ဘာကိုမှ ဂရုမစိုက်ဘူး။ အန်တီမမတို့ ရေး အိမ်ထောင်ရေး အဆင်ပြေဖို့ကြိုးစားခဲ့ကြတာဆိုရင် နောက်ထပ်မပြိုလဲဖို့အတွက် မေး ကို စင်ကာပူခေါ် သွားပေး ဟိုမှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ စီးပွားရေးတစ်ခုခုထူထောင်ပေးလိုက်ပါ။ ရေး က ရေး ရသင့်တဲ့ အ
အတာကိုယူမယ်၊ ဘာစီးပွားမှလုပ်ဖို့ စိတ်မကူးပါဘူး။ ဝါသနာလဲမပါ

"ပြောသွားလိုက်တာ ကိုယ်ဖြစ်ချင်တာတွေချည်းပါပဲလား ရေးရ
ဟင် ...၊ ဒီမှာ စီးပွားရေးလုပ်ငန်းတွေက ပြိုလဲလုလုဖြစ်နေတာမျိုး
မဟုတ်ဘူး၊ မေး ကလဲ ညည်းပြောသလို အဲဒီကစိတ်နဲ့ ခံစားနေရ
မဖေါ်ပါဘူး။ ညည်း ရသင့်တာ ညည်းယူပြီး လုပ်ချင်တာလုပ်သလို
ရသင့်တာကိုလဲ သူ့ဆန္ဒရှိတဲ့အတိုင်း လုပ်ပါစေပေါ့။ ပြီးတော့ နိုင်ငံရပ်
မှာ ခေါင်းမချချင်ဘူးဆိုတဲ့စကား မေး က ဟိုတုန်းကတည်းက ပြော
နေတာ၊ အခု ညည်းလဲ ကိုယ့်အိမ်ထောင်နဲ့ကိုယ့်လမ်းကိုယ်လျှောက်
ရနေပြီ၊ သူလဲ စီးပွားရေးလုပ်ငန်းတွေ စ လုပ်နေပြီ၊ ဒါကို ဟိုဟာလုပ်
ဒီဟာလုပ်ပါလို့ ဘာဖြစ်လို့ ဇယားချပေးနေတာလဲ၊ ဒီမှာ ညည်းတို့ဦး
လဲ ရှိနေသေးတယ်၊ ဖြစ်သင့်တာကို သူ ဦးဆောင်ပြပေးသွားမှာပေါ့

"ရေး က အန်ကယ်မိုးကို စကားထဲထည့်မပြောရသေးဘူးလေ၊
နဲ့မေးရဲ့ပြဿနာ ရှင်းသွားဖို့ပဲပြောတာ၊ မေးနဲ့ ကိုကို ဆယ်ရက်လော
တစ်အိမ်တည်း၊ တစ်ချိန်တည်း အတူနေသွားတဲ့အဖြစ်ကြီးကို ရေး အ
မဟုတ်သလိုထားလိုက်လို့ လုံးဝမရဘူးဖြစ်နေတယ်"

"ဒါတွေ ညည်း စီစဉ်ခဲ့တာပဲ မဟုတ်ဘူးလား"

"ဟုတ်တယ်လေ၊ အန်တီမမတို့ကရော အဲဒီတုန်းကတော့ ရေး
တဲ့အတိုင်း လိုက်လုပ်ခဲ့ကြတာပဲမဟုတ်လား။ ခုကျမှ ဟိုလူ့အတွက်
အတွက်နဲ့ ဘယ်လိုဖြစ်ကုန်တာလဲ။ ရေးဘက်ကလဲ ပြန်စဉ်းစားကြည့်
မေးနဲ့ ဘယ်လိုထပ်ပြီးရင်ဆိုင်မလဲ၊ ကိုယ့်အစ်မမို့လို့ ကိုယ့်အိမ်ကို အ
လာရင် မလာပါနဲ့လို့တားလို့ရမလား။ ကိုကိုရယ်၊ သူရယ်၊ ရေးရယ်
လိုမျက်နှာချင်းဆိုင်ပြီး နှုတ်ဆက်ကြရမှာလဲ"

ခဏစောင့်နေလိုက်တော့ ဒေါ်မမအသံ ထွက်မလာပါ။ ရေး





သွားပါ။

"ရေး နောက်ထပ်ပြီး ဇော်ကားမော်ကားတွေ မပြောချင်ဘူး အန်တီမမ၊ ကိုယ့်ယောကျ်ား ကိုယ့်ကိုကျော်ပြီး ဒီပြင်တစ်ယောက်ကို မျှော်ကြည့်နေတာလဲ လက်မခံနိုင်ဘူး။ အန်တီမမ စင်ကာပူကိုပြန်တာနဲ့ မေး ကို ခေါ်သွားလိုက်တာ အကောင်းဆုံးပဲ"

"ညည်းကိုလဲ အန်တီ တစ်ခုပြောချင်တယ်။ အိမ်ထောင်ရေးဆိုတာ ရလိုမှုတွေနဲ့ချည်း သိမ်းပိုက်ထားလို့မရဘူး။ နားလည်လိုက်လျောမှု မညီညွှတ်ကြရင် အိမ်ထောင်သည်ဆိုတဲ့ဘဝကို ပိုင်ဆိုင်ရတာပဲရှိမယ်၊ သာယာမှုအတွက် မလွယ်ဘူး။ လေပြည်လေညင်းတိုင်းမှာ ပန်းရနံ့ ပါမလာနိုင်ဘူးလေ၊ သူတိုက်ခတ်လာတဲ့အရပ်မျက်နှာကနေ ဘာတွေသယ်ဆောင်လာသလဲဆိုတာကသာ အဓိက"

"အန်တီမမ ဘာကိုပြောချင်တာလဲ၊ ပြောချင် တည့်တည့်ပြောပါ။ စာရုံတွေ နဘေတွေနဲ့ လုပ်မနေပါနဲ့"

"လင်အားကို ညည်းသဝန်တိုနေတယ်ဆိုတာ ဝန်မခံပေမယ့် အန်တီက ရိပ်မိပါတယ်။ လင်နဲ့မယားမှာ အောက်ကျတယ်၊ သာတယ်နာတယ်ဆိုတာ မရှိပါဘူးကွယ်၊ ကိုယ်ကချစ်နေပြီဆိုရင်လဲ သူ့အချစ်ကိုရဖို့ကြိုးစားကြည့်ပါလား။ သူနဲ့ကိုယ် မပြေလည်တာ ဘာကြောင့်လဲ ကိုယ့်ဘက်က ဘယ်အချက်ကို ပြုပြင်လိုက်ရင် အဆင်ပြေလာမလဲ၊ ဒီလိုအချက်ကို ရှာပြီး..."

"လုံးဝမဖြစ်နိုင်ဘူး အန်တီမမ၊ အဲဒီလောက်ထိ ယောကျ်ားတစ်ယောက်က ရေး အတွက် အဓိကမကျဘူး။ တကယ်လို့ အဲဒီလောက်ထိ ကိုယ့်ဘက်ကဖြစ်နေရင်တောင် ကိုယ်က ဘယ်တော့မှမစဘူး။ ရေး ဘယ်လိုပဲခံစားနေရနေရ သူ မသိစေရဘူး၊ ကိုယ့်မှာ ပေးဖို့တွေရှိနေလဲ သူ့ကို တောင်းဘဲ ပေးဖို့စိတ်မကူးဘူး"

"အဲဒီလို ကိုယ့်ဘက်က 'ဘူး'တွေချည်းပဲဆိုပြီး မာနခံနေရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ညည်းနဲ့ လင်းအားရဲ့ အိမ်ထောင်ရေးက ရင်မောစွာနဲ့ အကြာကြီးခရီးဆ
နေရဦးမှာပဲ ရေး။ လူကြီးဆိုတာ လူငယ်ဘဝကိုဖြတ်သန်းလွန်မြောက်
တဲ့သူတွေပါ ဘဝရဲ့အတွေ့အကြုံ အကောင်းအကွေ့တွေ အများကြီး ကြ
ဖူးကြတယ်၊ အန်တီမမပြောတာကို ဒီတစ်ခါပဲ နားထောင်ကြည့်လိုက်

ရေး ကလည်း ဒီတစ်ခါတော့ ဘာမှပြန်မပြောဘဲ ငြိမ်နေပေးလိုက်
ဒေါ်မမဘက်က စကားသံ ခဏတိတ်သွားပြီးမှ ပြန်ဆက်လာသည်။

"အိမ်ထောင်ရေးဟာ ကံစမ်းမဲနှိုက်သလိုပဲဆိုတာ မှန်ပေမယ့် ယ
ယောက်ျားကို ထိန်းချုပ်နိုင်ခြင်းဆိုတဲ့ အရည်အချင်းဟာလဲ မိန်းမတ
ယောက်မှာ ရှိကိုရှိရမှာပဲ၊ လင်းအားကို သမီး စည်းရုံးကြည့်လိုက်ပါ။ အ
ဆို သူ့ကျန်းမာရေးကလဲရှိတော့ အနီးကပ်ပြုစုနေရတဲ့ သမီးဘက်
အခွင့်အရေးတွေ အများကြီးပဲ၊ မာနလေး နည်းနည်းချပြီး ကိုယ်လိုချင်တ
ကိုရဖို့ ကြိုးစားကြည့်လိုက်။ နောက်ဆိုရင် အခု သမီး ပေးဆပ်နေရတ
လို့ ထင်ရတာတွေဟာ ရယူခြင်းတွေပဲဆိုတာ နားလည်လာလိမ့်မယ်"

"နားထောင်လို့တော့ကောင်းပါတယ်၊ ဒါပေမယ့် လက်တွေ့လုပ်ဖို့
ခက်တယ်။ အန်တီမမအမြင်မှာ လင်မယားချင်းမှာ သာတယ် နာတယ်
ဆိုတာ မရှိဘူးဆိုပေမယ့် ရေး ကတော့ အမြဲတမ်း အသာစီးရနေမှဖြစ်
မေး မရှိတော့ဘူးဆိုရင် သူနဲ့ရေး သင့်မြတ်ပြေလည်ဖို့က သူ့အလိုလို
လာမှာပဲလို့ထင်တယ်။ အဲဒီအချိန်ကိုပဲ ရေး စောင့်မယ်"

"ဪ... မေး မရှိမှ သူ့ဟာ ညည်းကို မေတ္တာမျှနိုင်ဖို့ရှိတယ်၊ ဒီ
လား"

"အန်တီမမ စကားကို ရိုမပြောပါနဲ့"

ဒေါ်သက ထောင်းခနဲဖြစ်သွားသည်။

ညည်းတွေ ငါတွေ ပြောလိုက်၊ သမီးလို့ဖြစ်သွားလိုက်၊ ခုကျတော့
ညည်း ဖြစ်သွားခဲ့ပြန်ပြီ။





လိုလားတာ၊ မလိုလားစရာတွေက သိသာလှချေလား။ တစ်သက်လုံး
က မေး ဘက်ကချည်းပဲရပ်တည်ခဲ့ကြသည့်အဖြစ်ကို အနာပေါ် တုတ်ကျ
တိုင်း သတိရသည်။ သတိရတိုင်း နာကျင်ခဲ့မိ၏။

မေးနဲ့သူက ဟိုတုန်းကတည်းက ကြီးပြင်းခဲ့ကြပုံချင်း မတူခဲ့တာပါ။
ကြည့်နေစမ်းပါ၊ လင်းအား ဆိုတဲ့ယောက်ျား ရေး ရဲ့ရှေ့မှာ ဒူးထောက်
လာစေရမယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

မိုးပွင့်တိုက်ပြီးသား မျက်နှာသုတ်ပဝါသုံးထည်ကို လှလှပပလေးကိုင်၍ စိတ်ကူးများနှင့် လျှောက်လှမ်းလာခဲ့မိစဉ် အခန်းရှေ့ရောက်တော့ အထဲက သီချင်းသံသဲ့သဲ့လေးကြောင့် ရေး ခြေလှမ်းရပ်သွား၏။

... အပြာရောင်မိုးကောင်းကင် ... ကြယ်ပွင့်လေးတွေကြွေသွားခိုက်...

... မပျော်နိုင်ဘူးကလေးရေ ... မငိုနဲ့ မျက်ရည်တွေသုတ်လိုက်...

... ရွှေရောင်တောက်ပလွန်းတဲ့ မင်းဘဝလေးထဲမင်းနေပါ...

... အတူတူနီးစပ်ကြဖို့တော့ ကိုယ့်ရဲ့ဘဝက ဟိုးအဝေးမှာ ...

ဟိုး... အရင်ကဓာတ်လမ်းလေး... မေ့လိုက်ပါ အရင်က ဓာတ်လမ်းလေး ...

ရေး မျက်ခုံးလေးတွေတွန့်ကုတ်သွား၏။ 'အရင်ကဓာတ်လမ်းလေး' ဆိုသည့်သီချင်းစာသားတွေက ရင်ဘတ်ထဲကို ခုန်ပေါက်ပစ်ဆောင့် ဝင်ကုန်၏။





... ဟိုးတုန်းက နမ်းခဲ့ဖူးတဲ့ ... အနမ်းလေးတွေဟာ ...

... အခုတော့ ဘိမ်များလို ... လေထဲလွင့်ပါသွား ... လေထဲလွင့်ပါသွား ...

... ဟိုး ... အရင်က ဓာတ်လမ်းလေး ...

သီချင်းသံက ငြိမ့်ငြိမ့်လေးဖွင့်ထားတာမို့ ပို၍ပီပြင်နေသည်။ နား ထောင်နေသည့်သူကို ဘယ်လောက်ထိ ဆွဲညှို့ထားနိုင်မှန်း ရေးကိုယ်တိုင် နားထောင်လိုက်မိရင်း နားလည်သွား၏။ ပြီးတော့ 'ဟိုတုန်းကနမ်းခဲ့ဖူးတဲ့ အနမ်းလေးတွေ' တဲ့။

နားထဲမှာ တစ်စုံတစ်ရာသောစကားတို့ကို ပြန်၍ကြားယောင်လာခဲ့ သည်။ အရက်တွေမူးနေသဖြင့် ထင်ရာတွေပြောနေခဲ့သောညက လင်းအား ၏စကားတွေပါ။

"မင်း နှုတ်ခမ်းနီဆိုးထားတာလား မေး၊ မဆိုးတတ်ဘဲ ဘာဖြစ်လို့ ဆိုးထားတာလဲကွာ"

"မင်းက ဘာမှမပြင်ဆင်ဘဲနဲ့ကိုလှနေတာ" တဲ့။

ထိုညက မေး အဖြစ်နှင့် သူမ ရယူခဲ့ရသော လင်းအားထံမှ တပ်မက် မြတ်နိုးသည့်အနမ်းတစ်ချက်ကို မာနစိတ်လေးခံနေလျက်နှင့်ပဲ ခဏခဏ သတိရနေခဲ့မိ၏။

တကယ်တော့ နှုတ်ခမ်းနီအကြောင်း သူ ပြောလာကတည်းက မေးနဲ့သူ ဘယ်လောက်ရင်းနှီးခဲ့ပြီလဲဆိုတာကို တွေးမိရင်း မခံချင်ဒေါသ တွေ ဖြစ်နေခဲ့ရသည်။

မေး ကို ဘယ်လိုမှကျေနပ်ပေးလို့မရတော့တာလည်း ဒါပါပဲ။ ပြော တော့ဖြင့် ...

"သူနဲ့ပါ လုံးဝကင်းရှင်းတယ်" တဲ့။

အစက နူးညံ့ညင်သာစွာလှမ်းခဲ့သောခြေလှမ်းသည် ရှေ့ကို ဆတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



တိုးပစ်လိုက်မိကာ စေ့ထားသည့်တံခါးကို အသံမပေးဘဲ တွန်းဖွင့်ပစ်မိသည်အထိ။

လင်းအားသည် တံခါးဘက်ကိုမျက်နှာမူလျက် ဒရင်းမ်ဘက်ဒ်ပေါ်မှာထိုင်ကာ စီးကရက်သောက်နေ၏။

ရေး ဝင်လာတာကို လှမ်းကြည့်တာ မဟုတ်ဘဲ သူ့မြင်ကွင်းထဲကို ရေး က ဝင်လာတာမျိုး။

ရေး ကတော့ သီချင်းသံစဉ်တွေထွက်နေသည့် စက်ဆီသို့ စူးစူးဝါးဝါး ကြည့်လိုက်ပြီးမှ သူ့ဘက်ပြန်လှည့်၏။

လင်းအားကလည်း ရုတ်တရက် စကားမပြော၊ သူမကလည်း မပြောဘဲ ဆောင်းဘောက်စ်ကို ကိုယ့်သဘောနဲ့ကိုယ် သွားပိတ်ပစ်လိုက်သည်။

ထိုအခါကျမှ လင်းအား က မျက်မှောင်ကြုတ်သွားကာ ...

"ဘာလုပ်တာလဲ ရေး"

"ပိတ်လိုက်တာလေ၊ ကိုကို ပြန်လွမ်းနေတာကို မမြင်ချင်လို့"

"မင်း ဘာပြောတာလဲ၊ သီချင်းနားထောင်နေတာ ဘာကိုလွမ်းရမှာလဲ"

"ကိုယ့်ရင်ဘတ်ထဲကို ကိုယ်ပဲသိမှာပေါ့၊ အဲဒါတွေထားလိုက်စမ်းပါ၊ ကိုကို့ကို ခြံထဲမှာလမ်းဆင်းလျှောက်ဖို့ လာခေါ်တာ"

လင်းအားက တုတ်တုတ်မျှမလှုပ်ဘဲ ရေး ကို စူးစိုက်ကြည့်လိုက်ပြီး...

"ကိုယ်ကြိုက်တဲ့သီချင်းကိုနားထောင်ဖို့ မင်း သဘောမတူတာ ကိုယ်က ညှိနှိုင်းရဦးမှာလား"

ရေး က ဝိုးလ်ချဲကို သူ့ဘေးထိဆွဲကပ်ပေးလိုက်ရင်း ခပ်တည်တည်လေးပြန်ကြည့်၏။





"လမ်းလျှောက်ကျင့်ဖို့ မကျင့်ဖို့ကရော မင်းသဘောအတိုင်းပဲလား"

"မေးခွန်းတွေမေးပြီး ကိုယ်ပိုင်အခွင့်အရေးတွေ ရှုတ်ပြချင်လို့လား ကိုကို၊ အဲဒါတွေ ရေး စိတ်မဝင်စားဘူး၊ ဒါပေမယ့် ဒီသီချင်းကိုဖွင့်ပြီး ဒီလို လွမ်းနေတာ ကိုကို မှုမမှန်တာလေ၊ အဲဒါကြောင့် အကြားမတော်လို့ ပိတ်ပစ်လိုက်တာ။ လမ်းလျှောက်ကြည့်ဖို့လာခေါ်တာရော ဘာဖြစ်သွားနိုင်လို့လဲ၊ ကိုကို့ဘေးမှာ ရေး ပဲရှိတာ၊ ငါကျန်းမာရေးကို ဂရုစိုက်တာပါလားလို့ မမြင်ဘဲ ဘာဖြစ်လို့ တလွဲအမြင်စောင်းနေတာလဲ"

"လွဲနေပါစေ အဲဒီအလွဲတွေကိုပဲ ငါ ကိုးကွယ်ချင်တာ၊ မင်းလဲ တည့်မတ်ဖို့မကြိုးစားသလို ငါလဲဒီတိုင်းပဲ၊ မင်းနဲ့ငါရဲ့ မာနတွေ အီကွေးရှင်းရဲ့ တစ်ဖက်စီမှာ နေရာယူထားသမျှ အမြဲတမ်းလွဲနေမှာပဲဆိုတာ မင်း သတိမထားမိသေးရင် ကြည့်လိုက်"

လင်းအား က ရေး မျက်နှာလေးထက်ကမာနတွေကို စေ့စေ့ကြည့်၍ ပြတ်သားစွာပြော၏။ အချိုးတူညီမျှနေသမျှ ဘယ်တော့မှထပ်တူမညီနိုင်တာဟာ မာနပဲဖြစ်သည်။

ရေး ကို သူ စိတ်ဝင်စားခဲ့ခြင်းဟာ မေး ဆိုသည့် မိန်းမတစ်ယောက်အပေါ် ငြိတွယ်ခဲ့ခြင်း မစမီအထိ ရှိနေသေးသည်။

ခုချိန်မှာ ကိုယ့်ရင်ထဲမှာလည်း သူမအတွက် နေရာမရှိတော့သလို သူမကလည်း နေရာယူဖို့ကြိုးစားမယ့်သူမဟုတ်ပေ။ ကြိုးစားခဲ့ရင်တောင်မှ ဟန်ဆောင်မာနများနှင့် သူမ၏မျက်ဝန်းတွေကို သူ ပျော်ဝင်ဖို့မလွယ်ပါ။

ပြီးတော့ အလှပဆုံးနှုတ်ခမ်းသားတွေကို ရင်ခုန်မြတ်နိုးကြည့်မိတိုင်း သူ့ရဲ့ဝဲဘက်ရင်အုံထည့်တည့်မှာ သံပတ်ကုန်နေသည့်စက်ရုပ်တစ်ရုပ်လို အနည်းငယ်မျှပင် လှုပ်ရှားမလာခဲ့သည့်အဖြစ်။

အချစ်ဆိုတာ ကြာရှည်စွာဖွဲ့တည်နိုင်မှာထားဖို့ လိုသလား၊ ဒါမှမဟုတ် အမြဲတမ်းထိတွေ့ရင်းနှီးဖို့ လိုသည်လား။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲမှာတော့ အရောင်မတင်သည့် အရိပ်လေးတစ်ရိပ်က မပျောက်မကွယ် ကျန်ရစ်ခဲ့ပြီဖြစ်သည်။

ရေး မျက်နှာ ဘယ်လိုဖြစ်ကျန်ရစ်သည်ကို မကြည့်တော့ဘဲ သူမ ကပ်ပေးထားသည့်ဝိုးလ်ချဲပေါ် ကို ပြောင်းထိုင်လိုက်မိ၏။ ထိုစဉ် ဘရိတ်ချ မထားသည့်ဝိုးလ်ချဲက နေရာရွေ့သွားရာ လင်းအား ဟန်ချက်ပျက်သွား၏။

"အ..."

"အို ..."

ကိုယ်ကို ပစ်စလက်ခတ် ပြို့မသွားအောင်ထိန်းလိုက်ရသဖြင့် ခါးထဲမှာ မျက်သွားရသည်။ ရေး က စိုးရိမ်တကြီးလေးပြေးတွဲလာလျှင် အမှတ်တမဲ့ယိမ်းယိုင်မှုများကြောင့် တစ်ယောက်နဲ့တစ်ယောက် ထိခတ်တိုးတိုက်မိကြတော့သည်။

ရေး ပါးလေးတစ်ဖက်မှာ သူ့နှာခေါင်းက ထိကပ်နစ်ဝင်သွား၏။ ရေး တစ်ကိုယ်လုံး ရှိန်းခနဲဖြစ်သွားချိန်တွင် သူ့နှုတ်ဖျားမှ 'ဆောရီး' ဆိုသော စိတ်ရှုပ်ထွေးစွာဆိုလိုက်သည့်အသံကြောင့် ကတုန်ကယင်စီးဆင်းနေသည့်သွေးတို့ ရပ်တန့်သွားခဲ့၏။

လင်းအားက မျက်မှောင်ကြုတ်ထားလျက်နှင့် ဆံပင်တွေထဲ လက်ထည့်ဖွသည်။ ဝိုးလ်ချဲမှာ သေချာထိုင်ချလိုက်ပြီးမှ ကိုယ့်ကိုယ်ကို ဘယ်ကိုလိုမှဖို့မှန်း သတိမရ။

"ဆောရီးနော်၊ ဘယ်လိုမှထိန်းမရလိုက်လို့"

ပါးလေးတစ်ဖက်ကို မသိမသာအုပ်ကိုင်ထားသည့် ရေးကို နောက်ထပ် တောင်းပန်လိုက်မိသည်။ သူမ ဒေါသထွက်နေသည်လား၊ ရှက်ရှက်နှင့် ရန်တွေ့ဖို့စကားတွေ စီရိနေတာလား၊ ဘာဖြစ်ဖြစ် ကိုယ့်ဘက်က တမင်တကာမဟုတ်ပါ။

ဝိုးလ်ချဲကို သူ့ဘာသာလိမ့်ထွက်ခဲ့လိုက်ကာ ရေး ပိတ်ပစ်လိုက်သည့်





သီချင်းကို ပြန်ဖွင့်လိုက်၏။ ပြီးတော့ ရီမုတ်ကိုကောက်ယူပြီး သူ နောက်ပြန်ဆုတ်သည်။

ရေး ဒီတစ်ခါထပ်ပိတ်ပစ်လည်း ပြန်ဖွင့်ဦးမှာလို့ ပြောလိုက်တာမှန်း နောက်မှာရပ်ကျန်ခဲ့သည့် ရေး နားလည်သွား၏။ ရင်နှာစရာတွေထဲမှာ ထိုယ့်ကိုမဟုတ်ဘဲ အနမ်းခံရခြင်းလောက်ဆိုးတာ ရှိပါ့မလား။

... ယိုတုန်းကနမ်းခဲ့ဖူးတဲ့ အနမ်းလေးတွေဟာ ...

... အခုတော့တိမ်များလို လေထဲလွင့်ပါသွား ... လေထဲလွင့်ပါသွား...

... ဟိုး အရင်က ဓာတ်လမ်းလေး ...

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"ရှင် ရရဲ့လား"

နောက်ကစကားသံကြောင့် လှည့်ကြည့်မိတော့မလိုဖြစ်သွားပြီးမှ မကြည့်ဖြစ်။

"ရတယ်"

"မတ်တတ်ရပ်ကြည့်ရုံနဲ့ မရသေးဘူး။ လမ်းလျှောက်မလား။ ရေး ကိုတွဲထားပေါ့"

"မလျှောက်တော့ဘူး"

ရေး မျက်နှာလေး မသိမသာတင်းသွားသည်။

"ဒါဆို ရေး အပြင်ကိုသွားမလို့၊ ဘာမှာစရာရှိသေးလဲ"

"မရှိဘူး"

နောက်ကို တစ်ချက်မှလှည့်မကြည့်ဘဲပြောနေသည့် လင်းအားကို ရေး ရပ်ကြည့်နေမိသေးသည်။ ကြက်သွေးရောင်ဆွယ်တာလဲ့စက ခေါင်းစွပ်နှင့် ဘောင်းဘီရှည်အနက်ကို ဝတ်ထား၏။

တောင့်တင်းမြင့်မားသည့်အရပ်အမောင်းနှင့် ဝတ်ထားသည့်အရောင်





ထင်းနေသည်။ ခြေထောက်တစ်ဖက်ကိုထိန်းနေရသဖြင့် ဒန်းစင်၏ တိုင်မှာ ပခုံးတစ်ဖက် ဖေးကပ်ထားရသည်။

ဒါပေမယ့် ချပ်ချပ်ရပ်ရပ်ရှိနေသည့်ကိုယ်ဟန်ကြောင့် နွဲ့နေတာနှင့် တော့ဘဲ ကြည့်ကောင်းနေ၏။ လင်းအား ဆိုသူသည် တန်ဖိုးကြီးရတနာ ဘာမှဝတ်စားဆင်ယင်ထားတာမဟုတ်၊ သူ့ရဲ့အရည်အချင်း၊ အရှိန်အဝါ ဘယ်လောက်ရှိတယ်ဆိုတာကိုလည်း ကြေညာဖို့မလို၊ လူကိုမြင်တာနဲ့ ဘယ်လိုလူလည်းဆိုတာ သိသာထင်ရှားစေနိုင်သောဟိတ် ရှိသည်။ ခြားမြင့်မားသည့် အရပ်အမောင်းရှိနေတာလည်းပါကာ လူအများထဲမှာ ဘယ်လိုရောနှောနေနေ ပျောက်ကွယ်သွားဖို့ ခဲယဉ်းမည့်လူမျိုး ဖြစ်သည်။

ရေး ထိုသူ့အပေါ်မှာ တစ်စတစ်စ သက်ဝင်ငြိတွယ်လာလေ သူ့ တ်ကဲ တစိမ်းပြင်ပြင်ဖြစ်နေလေ။ ကိုယ့်မာန ကိုယ့်အယူအဆအတိုင်း လျှင် သူ့တစ်ယောက်ကိုသာ ခုလိုသည်းခံလိုက်လျောခြင်းမျိုးတွေ ခဲ့ဖူးတာပါ။

အန်တီမမပြောကဲ့ 'မာနလေး နည်းနည်းလျှော့လိုက်ပါ'ဆိုတာ ဘာ နောက်ထပ် ဘယ်လိုပေးဆပ်စွန့်လွှတ်ခြင်းတွေ ရေးဘက်က လုပ်ရ လဲ။ 'ဘာဖြစ်ဖြစ် သူ့အတွက်ဖြစ်စေတော့မည်'လို့ စိတ်ထဲမှာ အကြိမ် အခါခါ ဆုံးဖြတ်ကြည့်ဖူးပါသည်။

သို့သော် သူ့ဘက်က အေးစက်ပြတ်တောက်သည့်ဆက်ဆံရေးက ခြေလှမ်းတွေကို ရိုက်ချိုးချနေသလိုပင်။ သူပေးမှ ကိုယ်ပေးမှာပေါ့။ ကြင်နာတာကို ဒီထက် ဘာတွေလိုက်လျောရဦးမှာလဲ။

ဤသို့သော မာနစိတ်တွေ လွန်ဆွဲရင်းနှင့် ...

သူပြောသလို ကိုယ်ကပဲ မာနနှစ်စင်း အိကြွေးရှင်းချခဲ့မိလေသလား။

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

ကားကိုအရှိန်ချဖို့သတိမရလိုက်ဘဲ ဘရိတ်ကိုဖိနင်းပစ်လိုက်မိ ခြံဝတစ်ခုကို ဗဟိုပြုထားပေမယ့် သူမက ညာဘက်ကနေလာတာဖြ ကာ ခြံထဲကထွက်သွားသည့်ကားတစ်စီးကတော့ ဘယ်ဘက်ကို ထွက်သွားခြင်းဖြစ်၏။

ရပ်သွားသည့်ကားကို ပြန်မောင်းထွက်ဖို့ သတိမရနိုင်အောင် မျက်လုံးတွေက ထွက်သွားသည့်ကား၏နောက်ပိုင်းမှာ စူးစိုက်က ပါသွားခဲ့၏။

ကားက ဒေါ်ဆွေလတ်ရဲ့ ပါဂျဲရိုးကားဖြစ်သည်။ ဒေါ်ဆွေလတ် အိမ်ကို ဘာလာလုပ်တာလဲ။ အန်တီမမဆီကိုလာရအောင် အန်တီမ ဒီမှာ ထာဝစဉ်နေတဲ့သူမဟုတ်ပေ။

ဟိုအရင် မင်္ဂလာရက်မတိုင်မီက ဒီမှာလိုလိုချည်းပဲနေခဲ့တာမှ





မယ့် နောက်ပိုင်းမှာ အန်ကယ်မိုးနဲ့ အန်တီမမ သူတို့လုပ်ငန်းတွေဆီ ပြေးလိုက်၊ နိုင်ငံခြားပြန်ဖို့ကိစ္စနဲ့ လုံးထွေးနေလိုက်။

ဒီကြားထဲ ရေးနဲ့မေး ကြားက ပြဿနာရှိနေတာကို ဟိုဘက်လှည့်ပြောရ၊ ဒီဘက်လှည့်ပြောရ ခုလောက်ဆို အန်တီမမ ပိုပြီးမအားမှာပါ။

ဘာဖြစ်လို့လဲဆိုတော့ ဒီတစ်ပတ်အတွင်းမှာ စင်ကာပူထွက်တော့မှာမို့ လုပ်ငန်းကိစ္စတွေနဲ့ ဘယ်လိုမှ ဒီမှာလာထိုင်နေနိုင်မှာမဟုတ်ပေ။

အမြဲတမ်း ညီအစ်မနှစ်ယောက်တည်းနေခဲ့ကြသည့် ဒီတိုက်ကြီးထဲမှာ ခုချိန်မှာ မေး တစ်ယောက်ပဲရှိနေမှာဖြစ်၏။

"တောက်"

ကားက ဝုန်းခနဲခုန်ထလိုက်သည့် သဗ္ဗာဝါတစ်ကောင်ကဲ့သို့ ခြံဝဆီကို ဦးတည်ပြေးဝင်သွား၏။

"ဟား ... အမလေး"

ခြံတံခါးပိတ်ဖို့ပြင်နေသည့်ကုလား အော်လည်းအော်ကာ ဘေးကို ခုန်ပေါက်ကပ်၏။

"နာရတီး အထဲမှာ ဘယ်သူရှိသလဲ"

"အမ်းမလေး လန်းလိုက်တာ ရေးရယ်"

နာရတီးက ရင်ဘတ်ကို လက်ဖဝါးနှစ်ဖက်စလုံးနှင့်ကပ်ဖိကာ သူ့ရှေ့မှာ ခေါင်းထိုးရပ်နေသည့်ကားကြီးကို သရဲတစ္ဆေတစ်ကောင်လို ကြည့်သိုက်သေးသည်။ ပြီးမှ ...

"အားစက စည့်တာယ်ဆီတယ်လေ၊ အားခုတော့ မဆီတော့ဘူး"

နာရတီးပြောနေသည့်စကား၊ မပီတပီကို ရေး ပြီးဆုံးအောင်မှ မထောင်တော့ဘဲ ကားကို ဓာဓာကလို့ပဲ အကြမ်းပရမ်းမောင်းဝင်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကားကို ပေါ်တီကိုအောက်မှာမရပ်ဘဲ ဘေးခပ်ကွယ်ကွယ်မှာပဲရပ်ပစ်လိုက်ကာ ဒီတိုင်းဆင်းလျှောက်ခဲ့၏။

ရင်ဘတ်တစ်ခုလုံး သွက်သွက်ခါလှုပ်ယမ်းနေခဲ့လျက် ဘာမှမလုပ်ရဘဲနှင့် မောဟိုက်လာခဲ့၏။

မှန်တစ်ဝက်နှင့် အလူမီနီယမ်တံခါးကြီးကို မညှာမတာ ဘေးတွန်းပစ်လိုက်၏။ တန်းခနဲမြင်လိုက်ရသည့် အနီရောင်ဆိုဖာတပ်သည့် ကျွန်းဆက်တီတွေ တခမ်းတနားရှိနေသော ဧည့်ခန်းကျယ်ကြီးထဲမှာ မေး မဟုတ်ပါ။

ဒေါ်မမက နေရာမှထရပ်ကာ အထဲကို လှည့်ဝင်မလိုပြင်နေရာမှ တံခါးဝကလူရိပ်ကြောင့် ပြန်လှည့်ကြည့်၏။

"ရေး ..."

ဒေါ်မမက ရေး ကိုခေါ်လိုက်ပြီးမှ ရေး မျက်လုံးတွေ စူးစူးရဲရဲရှာဖွေနေတာကို သတိထားမိသွားကာ ...

"ဘာဖြစ်လာတာလဲ၊ ဘာရှာတာလဲ ရေး"

ရေး မောကြီးပန်းကြီးဖြစ်သွားတာကို သတိထားမိသွားလျက် မရှုံ့ရှိ ပြန်လျှောက်လာရင်း မေးသည်။ ရေး က ဒေါ်မမ မေးနေသမျှကို မဖြေသေးဘဲ တစ်အိမ်လုံးကို ပိုက်စိတ်တိုက်ဝေ့ဝဲကြည့်နေပြီးမှ ...

"မေးရော"

"အဲဒါ မေးရောလို့ ဝင်လာကတည်းကမေးလိုက်ရင် ပြီးတာပဲကွယ်၊ မေးက စက်ရုံနှစ်ပတ်လည်ဆွေးနွေးပွဲမှာလေ၊ မနက်ကတည်းကသွားတာ"

"ဟင် ..."

ရင်ထဲမှာ ပူလောင်နေသမျှက ရေလောင်းပစ်လိုက်သည့်မီးပွားတစ်လိုဖြစ်သွားခဲ့၏။ မျက်နှာပြင်သည် ချက်ချင်းကြည်ကြည်လင်လင်ဖြစ်သွားကာ ...

"ရေး က အခန့်တီမမ ဒီအချိန်မျိုးမှာ အိမ်မှာမနေနိုင်ဘူးလို့ထင်တာ"



ဝုန်းခနဲတက်လာသည့်ခြေလှမ်းတွေက တစ်လှမ်းချင်းကျ‌ခြေရသွားကာ ဆက်တီမှာ အေးဆေးသည့်ပုံစံနှင့် ဝင်ထိုင်လိုက်၏။ ဒေါ်မမကတော့ မထိုင်ပါ။

ရေး မျက်နှာထက်ဟ အနီရောင်မပြယ်တပြယ်ကို အကဲခတ်ကာ တစ်ခုခုကြောင့် ရေးကြီးသုတ်ပျာရောက်လာခဲ့တာဖြစ်မှန်း တွေးမိခဲ့၏။ ဘာအကြောင်းဆိုတာကို မသိနိုင်။

ရေး က စားပွဲ၏အောက်ထပ်က ယပ်တောင် ငုံ့ယူပြီး ခြေချင်းချိတ်ထိုင်သည်။ နောက်မှီမှာ ဟန်ပါပါမှီလိုက်ပြီးမှ ယပ်ခတ်၏။

"အဲကွန်းဖွင့်ထားတယ်လေ မအေးဘူးလား၊ မီးအားကျသွားလို့ထင်တယ်"

ဒေါ်မမက ပြောရင်း ခလုတ်ခုံရှိတဲ့ဆီလျှောက်သွား၏။ ရိုးရိုးသွားတာလား၊ တမင်ရှောင်ရယ်တာလားမသိပေမယ့် ရေး မျက်နှာ မလုံမလဲနှင့် ကွက်ခနဲပျက်၏။

ယပ်တောင်ကိုလွှတ်ချမိတော့မတတ်ဖြစ်သွားပြီး သတိတရ ပြန်ဆုပ်ထားရသည်။ ဘဝမှာ ကယောင်ကတမ်းသွေးပျက်ဖူးတာ ဒါ ပထမဆုံး။

"ရပြီလား"

"ဟုတ်"

ဒေါ်မမ ပြန်လှည့်လာတော့ ရေး ဟန်မပျက်လေးပြုံးနေလိုက်၏။ ဘာဖြစ်လဲ၊ အိုက်လို့ယပ်ခတ်တယ်ပေါ့။

"ကားမပါဘူးလား၊ ကိစ္စတစ်ခုခု အရေးကြီးလို့ထင်တယ်"

"တားပါတယ်၊ ဟိုနားမှာပဲရပ်လိုက်လို့ ..."

ရေး က ပြောပြီး နှုတ်ခမ်းကို တစ်ချက်ပွတ်ပစ်၏။ လူငယ်တွေသဘာဝ ပေါ်တိုင်နဲ့ လှလှပပလေးလုပ်တာမဟုတ်ဘဲ စိတ်အိုက်လက်ဆိုက်နှင့် ဆုတ်ပစ်တာမျိုး။

www.burmeseclassic.com



ဒေါ်မမက ရေး ကိုပဲစူးစိုက်ကြည့်နေပြီး ဘာမှထပ်မမေးဘဲနေ၏။

"စက်ရုံကိစ္စတွေဝင်ပါနေပြီဆိုတော့ မေးကို စင်ကာပူလိုက်ဖို့ အန်တီ မမ မပြောရသေးဘူးလား"

"သူလိုက်မှာမဟုတ်တာကို သိလို့လေ၊ ပြီးတော့ လူတစ်ယောက်ကို ထပ်ကာထပ်ကာ နစ်နာစေတာ မကောင်းဘူး"

ရေး၏ပြုံးနေသည့်မျက်နှာလေး တည်မလိုဖြစ်သွား၏။

"ဘာလဲ၊ အဲဒီကိစ္စကိုပဲ ပြောမလို့လာတာလား"

"ဟုတ်တော့ဟုတ်တယ်၊ ခုနပြောသလို မပြောသင့်လို့ တမင်တကာ နေတာဖြစ်ဖြစ် ဒီကိစ္စ မပြောရသေးဘူးဆိုရင် ရေးကိုယ်တိုင်ပြောမလို့ လာတာ"

ဒေါ်မမမျက်နှာ သိသာစွာတင်းသွားသည်။

"ဒီကိစ္စဆိုတာကို ခုချိန်ထိ ညည်း လက်မလျှော့သေးဘူးလား ရေး ရယ်၊ ကိုယ့်အလုပ်ကို ခုထိရာတာခြား၊ ရှရာတခြားဖြစ်နေမှန်းရော မြင်တွေ့ မိရဲ့လား၊ သမင်လိုချင်တာ သမင်ကိုမဖမ်းဘဲ တောခြောက်ပြီး ဝတ်မှုံ နေတော့ သမင်က ကိုယ့်ဆီတည့်တည့်ပြေးလာပြီး လည်စင်းပေးမလား"

"အဲဒါက ရေး အလုပ်ပါ"

"အန်တီမမက ညည်းတို့ဦးလေးနဲ့စပ်မှ အဒေါ်တော်ရတာမှန် တယ်၊ ဒါပေမယ့် ညည်းတို့ကို သမီးလေးတွေလို သဘောထားခဲ့တာ တော့ သတိရပါ။ မရှိသေးရင်တောင် မစော်ကားဘူးဆိုရင် ကျေးဇူး တယ်"

"တစ်ခါတလေ ဒေါသဖြစ်သွားရင်တော့ ဒေါသဖြစ်တဲ့အသံထွက်လာ မှာပဲ အန်တီမမ၊ ပြီးတော့ မေးလို ရေးက မြူစိစိမနေတတ်ဘူး"

ပါလာပြီ မေး။ ဒေါ်မမ သက်ပြင်းချရင်း မျက်နှာလွှဲထားလိုက် သည်။ ပြောမိတဲ့ဒီပါးစပ်ဆိုပြီးတော့ပဲ ကိုယ့်ကိုယ်ကို အပြစ်ပေးလိုက်





ပါ၏။

"သမင်ဆိုတာက မုဆိုးရဲ့အမဲပဲလေ၊ သမင်ဖမ်းဖို့က သူ့အတွက် အရေးတကြီးဖြစ်ချင်မှဖြစ်မှာပေါ့၊ မဟုတ်ဘူးလား။ လင်းအား က ရေး ကို သဘောကျလို့လက်ထပ်ခဲ့တာ၊ အခုလဲ ရေး ရဲ့ယောကျ်ား၊ သူနဲ့ရေး ချစ်ရည်တူမျှဖို့ဆိုတာ လက်ခုပ်ထဲကရေ ..."

"ဒါဆိုလဲ မေး ကို ..."

"မေး ကတော့ လင်းအားရဲ့အနီးအနားမှာ မရှိမှဖြစ်မှာ၊ အဲဒါက သေချာတယ်၊ ဘာဖြစ်လို့လဲဆိုတာတွေပြောရတာလဲ အပ်ကြောင်းထပ် နေပါပြီ၊ အန်တီမမ ထင်သလို ကိုယ့်ယောကျ်ားကို ရေး က ပိုင်နိုင်မှုမရှိလို့ မေး ကိုပဲ လာလာမဲနေတာမဟုတ်ဘူး။ သူများ ဒုက္ခရောက်နေချိန်မှာ ကူညီသလိုလိုနဲ့ အထိအတွေ့နဲ့ဖြားယောင်းသွားတာ၊ အနစ်နာခံလိုက် သလိုပုံစံချိုးပြီး ရေး ဆီက မချိမဆံ့ တစ်ပွေ့တစ်ပိုက်ကြီးယူပြီးမှ ထွက် သွားတာ"

"မဟုတ်ဘူး၊ အဲဒါ ညည်း တစ်ဖက်သတ်.."

"တစ်ဖက်သတ်ပြောရမှာပဲ အန်တီမမ၊ အပေးရှိလို့ အယူရှိတာ၊ နိုးစားတဲ့အစားဟာ မဝတဝမို့ အရသာပိုရှိသတဲ့"

"ရေး ... ညည်း ..."

ဒေါ်မမ မျက်နှာရဲတွတ်လာကာ ရှေ့တစ်လှမ်းတိုးလာ၏။ ရေး က ရှုမစိုက်။

"မေး ယုတ်မာသွားလို့ လင်းအား ဆိုတဲ့ယောကျ်ား ရူးသွပ်ကျွန်ခံတာ၊ အဲဒါ မေး ကိုအပြစ်မတင်လို့ ဘယ်သူ့ကိုအပြစ်တင်ရမှာလဲ၊ မေး ဆိုတဲ့ မိန်းမကပေးတဲ့ သာယာမှုကို သူမမေ့နိုင်မှ တကယ့်ချစ်ခြင်းမေတ္တာကို ခံစားတတ်မှာ"

"တော်ပါတော့... တော်ပါတော့ ရေးရယ်၊ ရှက်ဖို့ကောင်းလိုက်တာ"

www.burmeseclassic.com



ဒေါသဖြစ်ရလွန်းလို့ မပြောနိုင်။ ရှက်လွန်းလို့ ဒေါ်မမ မျက်ရည်ဝေ လာသည်။

ရေး က ပြောချင်တာပြောလိုက်နိုင်သွူမို့ ကျေနပ်သွားသည်ထင်၏ မျက်နှာကြည်ကြည်လေးနှင့် ခြေချင်းချိတ်ထားတာကို ဖြုတ်လိုက်သည်။

ခါးမတ်မတ်ပြင်ထိုင်ပြီး ဒေါ်မမ မျက်နှာကို ငေ့ခနဲကြည့်၏။ ဒေါသ တွေ ဖြစ်လိုက်စမ်းပါ။ မေးဆိုမှမေး၊ မေးကိုထိတိုင်း ကာကွယ်တတ်ကြ တာ၊ မေးမှအကောင်း၊ မေးသာ တော်သင့်ကောင်းမွန်သူ။

နာကျင်ခဲ့ရတာတွေက ခုမှမဟုတ်ဘဲ။ ဒါကြောင့် ပြောသင့်တာ ထက် ပိုပြောပစ်လိုက်တာ။ မေး ကို မကျေနပ်ခြင်းထက် အားလုံးကို အခဲမကျေနိုင်ခြင်းက ပို၏။

ငိုချတော့မတတ်ဖြစ်သွားသည့် ဒေါ်မမကို ရေး က ဘာမှသတိ မထားသလိုလေး ခပ်မော့မော့ငေးကြည့်ကာ ...

"စောစောက ဒီက ကားထွက်သွားတာ ဒေါ်ဆွေလတ်ကားပဲ၊ ဘာ လာလုပ်တာလဲ"

ဒေါ်မမက မျက်နှာမှာ အရောင်တစ်မျိုးပြောင်းသွား၏။ မျက်ရည် တို့ကိုဖုံးကွယ်နိုင်ရန် မျက်တောင်တစ်ချက်နှစ်ချက်ခတ်၍ ပင့်သက်ရှိုက် လိုက်သည်။

ချောင်ပိတ်မိသွားသူတစ်ယောက် လက်နက်ကောင်းတစ်ခုကို အား ဖြုဆုပ်ကိုင်လိုက်မိသွားသည့်အင်အားမျိုးနှင့် မျက်နှာထက်မှာ တည် ကြည်မှုတွေ အစားထိုးဝင်ရောက်လာကာ ...

"မေး က ညည်းပြောသလောက်ထိ လင်းအားအပေါ်မှာ စိတ်ကူး တာမှန်ရင် ခုလိုမျိုး ညည်းပြောနိုင်အားရှိတော့မှာတောင်မဟုတ်ဘူး သူ့ စိတ်ထဲမှာ ..."

"အန်တီမမ အဲဒါကိုထားခဲ့လိုက်တော့လေ၊ မေးနဲ့ပတ်သက်ပြီ





အန်တီမမက ကာကွယ်ပြောနေရင် အန်တီမမ တစ်ချက်ကာရင် ရေး က နှစ်ချက်ပစ်မှာ။ နောက်တော့ ရေး ကပဲ မိုက်ရိုင်းတယ်၊ စော်ကားတယ် နဲ့။ ဒေါ်ဆွေလတ် ဒီကိုဘာလာလုပ်တာလဲဆိုတာပဲ ရေး သိချင်တာ"

"မေးနဲ့ တွေ့ခွင့်လာတောင်းတာ"

"ဘာ ..."

"ဟုတ်တယ်၊ မေး က ဖုန်းဆက်တိုင်းလဲ မကိုင်ဘူးတဲ့၊ လင်းအား ကပြောလို့ သူကိုယ်တိုင် ခေါ်တာလဲ မကိုင်လို့ အခု လာတွေ့တာ၊ တွေ့ မသွားရတော့ ဖုန်းဆက်ခွင့်လေးတော့ပေးဖို့ ပြောပေးပါဆိုပြီး အဲဒါ တောင်းပန်သွားတာ"

"ဘာပြောတယ်၊ အန်တီမမကနေ ပြောခိုင်းတယ် ဟုတ်လား"

ရေး ဘယ်လိုမှ မပြုံးနိုင်၊ မမဲ့နိုင်လောက်အောင် မျက်နှာပျက်နေ၏။ ဒေါ်မမက ပေါ့ပါးစွာခေါင်းညိတ်သည်။ တကယ်ဆို ရေး ဒီလောက်ထိ ဒီ ပြဿနာကို ပူပန်တကြီးဖြစ်နေတာမို့ အမှန်အတိုင်းမပြောသင့်တာကို တွေးမိသည်။

ဒါပေမယ့် မေး အတွက် မချိတရိခံစားလိုက်ရသည့်နာကျင်မှုက ရေး ကိုတုံ့ပြန်ဖို့အတွက်သာ တိုက်တွန်းနေခဲ့သလိုဖြစ်ကာ ထိန်းချုပ်ဖို့ မေ့သွား ခဲ့၏။

"ဟုတ်တယ်၊ ခုနက မေး အကြောင်းကိုပဲ အဲဒါကို သတိရသွားလို့ပါ၊ ညည်း အဲဒီအိမ်ကိုရောက်သွားကတည်းက မေး က အားလုံးကိုမေ့ပစ်ခဲ့ ရှာတာ၊ ဒေါ်ဆွေလတ်က မေးကို တော်တော်ချစ်ပုံပါပဲ။ မင်္ဂလာပွဲမပျက် အောင် အနစ်နာခံရှာတဲ့အကြောင်းပြောပြီး ကျေးဇူးတင်ကြောင်းလဲ ပြော သွားတယ်"

ကိုယ်ကတော့ ကျေးဇူးမတင်တတ်တဲ့မိန်းမလို့ ပြောလိုက်တာလား။ ရေး ကအံကြိတ်၍ နေရာမှ ဆတ်ခနဲထရပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းဆက်ပြောခိုင်းတယ်ဆိုတာကို အန်တီမမက ဘာပြောလိုက်သလဲ၊ အခုတစ်ထိုင်တည်း မေးကိုဆက်ပြီး ပြောခိုင်းတာလား"

မေးပုံက တရားခံစစ်သလိုမို့ မခံချင်စိတ်တော့ဖြစ်သွားမိ၏။ ဒါပေမယ့် ဒေါ်မမက ကြည်ကြည်သာသာပဲ ခေါင်းညိတ်ကာ ...

"အတွင်းကိုတောင်းပန်နေတာဆိုတော့ လူမှုရေးကူ ရှိသေးတယ်လေ၊ မေး က အဆက်အသွယ်ဖြတ်ထားတာဆိုလို့လဲ မေးစိတ်ဆိုးသွားမလားလို့တွေးပြီး ပြောပေးဖို့ခက်နေခဲ့တာ"

စကားထဲမှာ ရေး က မပါပေ။ မေး စိတ်ဆိုးမှာကိုစိုးတယ်ဆိုတော့ ရေး ကိုတော့ ဘယ်လိုနေနေ ဘာဖြစ်ဖြစ်ပေါ့။

"ဒေါ်ဆွေလတ်ကလေ လင်းအားရဲ့ခြေထောက်တွေကို အမြန်ဆုံးပြန်ကောင်းစေချင်တာ၊ ဆေးဝါးကုသမှုခံဖို့ကျတော့လဲ ဘာမှဂရုမစိုက်၊ လေ့ကျင့်ဝါ့ ဂရုစိုက်ပါဆိုတာလဲ ဘာတစ်ခုမှမလုပ်တော့ ဒုက္ခတဘာဝကို တမင်တကာမွေးမြူနေတာမှန်း ရိပ်မိလာတယ်တဲ့။ သူ ဘယ်လိုချော့မော့တိုက်တွန်းလို့မှမရလို့ မေးကို အကူအညီတောင်းကြည့်ချင်တာတဲ့၊ ခြေထောက် အမြန်ဆုံးကောင်းအောင် ဂရုစိုက်ကုသဖို့ မေး ကပြောရင်တော့ သူ နားထောင်မယ်ထင်လို့တဲ့၊ အဲဒါ ..."

"တောက်"

"ဟင် ... ရေး ..."

ရေး က ရိုင်းပျစွာတက်ခေါက်ကာ နေရာမှ ချာခနဲပြေးထွက်သွား၏။

ကားထဲကို ခွေ့ခနဲဝင်ထိုင်လိုက်ချိန်မှာ ရင်ထဲမှာ ဗလောင်ဆူနေခဲ့သည်။ ဒေါ်ဆွေလတ် ဘာလာလုပ်တာလဲဆိုသည့်မေးခွန်းကို ဝင်ကတည်းက မမေးလိုက်မိသည့်အတွက် ကားမောင်းနေရင်း တက်တခေါက်ခေါက်ဖြစ်လာခဲ့၏။

ဒီစကားတွေက ပြန်စမိတိုင်း မပြေမလည်ဖြစ်နေကျ။ ဒေါ်မမနှင့်





စကားများရင်း အချိန်ကုန်ခဲ့ရတာကို ဒေါသထွက်နေမိသည်။

တွေ့မယ်၊ ဒေါ်ဆွေလတ်နှင့်မေး၏မျက်နှာတွေကို တစ်လှည့်စီမြင်ကာ ရင်ထဲမှာကြိမ်းဝါးမိ၏။ သူမသည် အချစ်ကို ရယူလိုခြင်းလား၊ အားလုံး၏ ဥပေက္ခာမြားတွေ စူးနစ်လျက် အဆိပ်သင့်ခဲ့သည်လား။

သူမကိုယ်တိုင် သတိမထားမိနိုင်ပေမယ့် ...

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

စက်ရုံဝင်းထဲကို မောင်းကွေ့ဝင်လိုက်ကတည်းက လက်မောင်းမှာ အညိုရောင်လက်ကိုင်အိတ်လေးချိတ်လျက် ဖုန်းကိုင်ရင်းထွက်လာသည့် မေး ကိုလှမ်းမြင်လိုက်ရသည်။

ဝတ်ထားတာက နက်ပြာရောင်ရင့်ရင့်မှာ ရွှေအိုရောင်အခက်တွေပါသည့် အပြောင်သားဝတ်စုံကပ်ကပ်လေး။ ကိုယ်ကျပ်မဟုတ်ဘဲ လှပသည့်ကိုယ်ဟန်မှာ ချပ်ကပ်နေသည်။ နဖူးလေးကနေသိမ်းလှန်ပြီးထားသည့်ဆံပင်ညှပ်တွေက တင်ပါးထက်မှာ ဝဲဖြာနေကြ၏။ နက်ပြာရောင် ဆံနွယ်ရှည်များ ကာရံလျက် ဖွေးနုသောမျက်နှာလေးက ဝင်းထင်နေလေသည်။ ဒါလား အနှစ်နှာခံတဲ့သူ။ အားလုံးကို မေ့ပစ်ခဲ့တယ်ဆိုတာ ဒီပုံစံလား။ မရှုဆိတ်နိုင်ခြင်းက ထောင်းခနဲဖြစ်၏။

ဟိုတုန်းက အန်ကယ်မိုးကပဲခေါင်းဆောင်လုပ်ကိုင်သွားတာမို့





လုပ်ငန်းတွေကို မေး က လှေလာနေတယ်ဆိုပေမယ့် ဒီပုံစံမဟုတ်သေးပေ။

အခု အန်ကယ်မိုးတို့အားလုံး နိုင်ငံခြားကိုပြန်ကြတော့မည်။ မေး က တော့ လုပ်ငန်းတွေကိုဦးစီး၍ ကျန်ခဲ့မည်တဲ့။ မြင်လိုက်ရတာကတော့ တကယ့်လုပ်ငန်းရှင်သူဌေးမကြီးစတိုင် အပြည့်ပါ။

ဘာအကြောင်းတွေပဲရှိနေနေ မေး ဒီပုံစံ ခုမှဖြစ်လာကာ အမြဲတမ်း မပြင်မဆင် အိမ်တွင်းပုန်းနေခဲ့ပြီးတော့ ခုမှ ဖူးဖူးစင်အောင် အလှတွေ ဖြင့်လာတာ ဘာလဲ။ ရေး မျက်လုံးထဲမှာ မေး က ယုံကြည်လေးစားဖွယ် ဘာမှမရှိ။ ကားပေါ် ကအဆင်းမှာ မျက်နှာတစ်ခြမ်းသို့အုပ်ဆင်းလာသည့် ဆံပင်တွေကို ခပ်ကြမ်းကြမ်းခါထုတ်ပစ်မိသည်။

သွားမည့်ခြေလှမ်းရှေ့မှာ ပိတ်ကွယ်နေသမျှ အားလုံးကို ခါထုတ်ကန်ကျောက်ပစ်ခဲ့မိ၏။ သို့သော် ဖုန်းပြောနေသည့် မေး၏အသံကိုကြားလာရသည့်နေရာအရောက်မှာ ခြေလှမ်းတို့က သူ့အလိုလို နှေးကျသွားခဲ့၏။

"ဆွေးနွေးပွဲက နှစ်ချိန်ပြန်လုပ်ရတာနဲ့လေ၊ ခုပဲ ပြန်ဖို့ထွက်လာတာ"

"....."

"အင်း... အထဲမှာနားနေတုန်းက အန်တီ ဆက်တယ်"

"....."

"မဟုတ်ပါဘူး။ သူများကိစ္စထဲမှာ ခဏတာပါဝင်ခဲ့တာဆိုတော့ စည်သည်ပဲလေ၊ ကျွန်မ ဒီမှာ အလုပ်တွေရှုပ်နေတာနဲ့တိုက်ဆိုင်ကုန်တာ၊ ရေး အဆင်ပြေရဲ့လားလို့ တွေးမိရင်တော့ အားလုံးကို သတိရပါတယ်"

"....."

"အို... မဟုတ်တာ"

"....."

"မိဘကိုလဲနှိပ်စက်ရာရောက်တယ်၊ ကိုယ့်ကိုယ်ကို ညှဉ်းပန်းတာလဲ အဖြစ်ရှိတာပဲလေ၊ ရှင့်ရဲ့ ခြေထောက်ကို ..."



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ သည်းခံနားထောင်နိုင်စွမ်းမရှိတော့သည်မို့ ရေး က နောက်ကနေ့ မေး လက်ထဲက ဖုန်းကို ဆွဲလုပစ်လိုက်သည်။

"ရေး ..."

မေး မျက်လုံးလေးအဝိုင်းသားနှင့်လှည့်ကြည့်သော်လည်း ဘာမှ မပြောနိုင်။ မပြောနိုင်တာထက် မပြောမိဖို့လည်း တစ်ခါတည်းဆုံးဖြတ်ပြီး သွားတာပါ။

အစည်းအဝေးပြီးစမို့ စက်ရုံကဝန်ထမ်းတွေရော၊ မန်နေဂျာတွေ၊ အရာရှိတွေအားလုံးက အလျှိုအလျှိုထွက်လာနေကြသည်။ သူမနှင့် ရင်းနှီးသူတို့က ထမင်းစားအပျော်ခွဲဖို့ နှုတ်ဆက်ဖို့ စသည့်အကြောင်းများနှင့် ဒီဘက်ကို ခြေဦးလှည့်နေကြပြီဖြစ်၏။

ဒီလိုနေရာ၊ ဒီလိုအချိန်ကောင်းကြီးမှာ ရေး လုပ်ပစ်တာကို အနားမှာ ရှိနေကြသည့် လူတော်တော်များများ သတိထားမိကုန်မှာဖြစ်ကာ ဘာဖြစ်ကြတာလဲဟုလည်း နားစွင့်နေကြလိမ့်မည်။

ပဋိပက္ခကို ရေး က မျှော်လင့်နေပေမယ့် သူမ ရှောင်မှဖြစ်မည်မို့—

"ရေး... နင် ..."

"ဟုတ်ပါတယ် ရေး ပါ၊ သရဲတစ္ဆေတစ်ကောင်ကို မြင်သလို ဘာဖြစ်လို့ပြူးပြဲသွားတာလဲ၊ အဟွန့် ... သူခိုးလူမိသွားသလိုပဲ"

မေး ပါးပြင်လေးတွေ ရဲခနဲဖြစ်၏။ ရေး က ဖုန်းကို မျက်နှာထက်မှာ မင့်ထောင်ကြည့်ပြီး ကျကျနနမဲ့သည်။ ကွက်ကြည့်ကွက်ကြည့်ဖြစ်နေကြသည့် ပတ်ဝန်းကျင်ဆီ မျက်လုံးဝေ့ကာ ...

"ဒီနေရာမှာ ငါ့အစ်မသာဖြစ်မနေဘူးဆိုရင် ရုပ်ကွက်ထဲမှာ လင်ထော် မယားငယ်ဖမ်းတဲ့ပွဲမျိုးတွေကို ရေးဖော်ရိပ်တို့ ပွဲကြမ်းပြီးသားပဲ"

"ဘယ်လိုပြောလိုက်တာလဲ ရေး"

မေး ပါးပြင်လေးတွေ သွေးထွက်နေသလားထင်ရလောက်အောင်





ချင်းချင်းနီနေ၏။ အစ်မမို့လို့ ညာနေတယ်ဟု ဟာစ်ကြွေးပြီး ပြောနေသမျှ က လူကို နုပ်နုပ်စင်းပစ်နေတာထက် ဆိုးသည်။ ရေး ဘာလုပ်ဖို့ ဒီထိ ရောက်လာတာလဲ၊ ဘာတွေပြောချင်လို့လဲ၊ တွေးနေရင်း တုန်လှုပ်လာ၏။

"ဒါ ဘာလာလုပ်တာလဲလို့တွေးပြီး နင် ထိတ်လန့်နေတာလား မေး၊ နိုးချောင်ခိုးဝှက်လုပ်နေတုန်း ကွက်တိကြီးရောက်လာတော့လေ... အဟွန့် ဟွန်း ..."

မဲ့ပြုံးတွေ လှောင်ပြုံးတွေနှင့် ရေး မျက်နှာကလည်း နူးညံ့ပျော့ပျောင်း ခြင်း လုံးဝရှိမနေခဲ့ပေ။

"ရော့ ..."

ဖုန်းကို မေး လက်ထဲ ဆောင့်အောင့်ထည့်လိုက်ကာ ...

"ဒေါ်ဆွေလတ်ကပဲဖြစ်ဖြစ်၊ လင်းအားကပဲဖြစ်ဖြစ် ဘယ်သူ လိုလား တာကိုမှ နင် သာယာစရာမလိုဘူး၊ ငါ မလိုလားဘူးဆိုတာသိရက်နဲ့ ငါ့ယောကျ်ားကို ဖျောင်းဖျနားချဖို့ကြိုးစားတာ နင့်ဘက်က မရိုးသားတာ"

"အဲဒီလိုမဟုတ်ဘူး ရေး၊ အန်တီ ခဏခဏ ဖုန်းဆက်နေလို့ ... ငါ..."

"ဘယ်သူ ဘာဖြစ်ဖြစ် ငါ မလိုလားဘူးဆိုတာ နင့်ကို အစောကြီး ကတည်းက ပြောပြီးသား"

မေး နှုတ်ခမ်းလေးစေ့၍ ခေါင်းညိတ်လိုက်သည်။ ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်မှာ ပြောစရာဖြစ်သွားခဲ့ပြီဆိုတာ နားလည်လိုက်သည်။

"နင် ပြောစရာမကုန်သေးရင် ငါတို့ တစ်နေရာကိုသွားကြရအောင် ရေး အဲဒီကျရင် ကြိုက်သလိုပြောပါ"

"မသွားဘူး။ လူကို နေရာရွေးပစ်လို့ရပေမယ့် ဒေါသက မရဘူး၊ ပြောချင်လို့ ဒီလိုကွက်တိကြီးလာတာ။ ဒီမှာ မေး၊ လင်းအားနဲ့ ငါ့ရဲ့အိမ်ထောင် ရေးမှာ နင့်ကြောင့် ခလုတ်ကန်သင်းဖြစ်နေတာကို နင်သိလျက်နဲ့ အားလုံး က လိုလားနေကြတာကို၊ နင်က မိန့်မိန့်ကြီး သာယာနေတာ အန်တီမမဲ့



www.burmeseclassic.com

www.burmeseclassic.com



တို့နဲ့ နိုင်ငံခြားကိုလိုက်သွားဖို့လဲ ငါပြောထားတာကိုလဲ ဂရုမစိုက်ဘူး"

"ဘာ ...၊ ငါဟ ... ငါက နိုင်ငံခြားကို လိုက်သွားရမယ် ဟုတ်လား"

မေး ဘာမှမသိခဲ့ပါ။ ရေး ပြောသမျှတွေကို ဒေါ်မမက မေး ကို ဘာမှ မပြောဘဲထားခဲ့သဖြင့် ရေး ကလည်း မေး တမင်တကာ မသွားချင်လို့ ရှောင်နေသည်ထင်ကာ မေး ကတော့ ဘယ်တုန်းကမှ ရည်ရွယ်ချက်မရှိခဲ့ဖူးသည့်လမ်းမို့ ကိုယ့်စီးပွားရေးနဲ့ကိုယ် ရပ်တည်ဖို့ပဲကြိုးစားခဲ့တာဖြစ်၏။

မျက်ဝန်းနှစ်စုံ၏ ဆုံစည်းမှုက သံသယမီးတောက်များနှင့် ပူလောင်နေခဲ့ကြ၏။

"တကယ်ပြောနေတာ ရေး၊ နိုင်ငံခြားကိုသွားဖို့ ငါ့မှာ ဘယ်တုန်းကမှ အစီအစဉ်မရှိခဲ့တော့ ငါ့ခေါင်းထဲမှာ အဲဒီကိစ္စမျိုး လုံးဝမရှိခဲ့ဘူး"

"ဟုတ်မှာပါ။ နင်က သွားချင်တဲ့ပုံမရှိတော့ ပြောမယ့်လူကလဲ ပြောရခက်နေတာပေါ့၊ အန်တီမမတို့ စင်ကာပူထွက်တော့မယ်လို့ ကြားကတည်းက နင့်ကိုပါခေါ်သွားဖို့ ငါ ပြောထားတာ"

ဩော် ...၊ မေး မျက်နှာလေး တင်းခနဲဖြစ်သွားသည်။ ဒေါသကြောင့် မဟုတ်ပါ။ နာနာကျင်ကျင်ဆို့နင့်သွားတာမျိုးဖြစ်သည်။

ဟိုဘက်မှာ ဘာတွေဖြစ်ကျန်ခဲ့တာကိုမသိပေမယ့် ကိုယ်ကတော့ ကိုယ့်ဘက်က နစ်နာခဲ့သမျှကိုတောင် ရေစုန်မျှောပစ်ခဲ့ပြီးသားပါ။

"အခု နင် ဘာလုပ်သင့်သလဲဆိုတာ စဉ်းစားတော့ မေး၊ ငါကတော့ ပထမဆုံးနဲ့နောက်ဆုံး သည်းခံခြင်းပဲ၊ နောက်ထပ် ဒေါ်ဆွေလတ်ကြောင့်ဖြစ်ဖြစ်၊ ဒေါ်ဆွေလတ်ရဲ့ဘိုးအေဖြစ်ဖြစ်၊ ဘာကြောင့်နဲ့ဖြစ်ဖြစ် ဒီလိုအခြေအနေမျိုး ငါ့မျက်စိအောက်မှာဖြစ်လာရင် အစ်မဆိုတဲ့အသိတရား ထားနေရမှာမဟုတ်ဘူး"

မေးကို ကျောခိုင်းခဲ့လိုက်သည့် ဒီဘက်မှာ ကမန်းကတန်း လှည့်ကွယ်ပစ်လိုက်ကြသည့် မျက်ရည်ပေါင်းများစွာကို မြင်လိုက်ရ၏။





ဘယ်သူမြင်မြင်၊ ဘယ်သူကြားကြား ရှက်ရမှာက ကိုယ်မှမဟုတ်တာ။ ရေး မျက်နှာမှော့ ရင်ကော့၍လျှောက်သည်။ ဒီထက်မကပြောဖို့တွေ ထိုးစပ်ထဲမှာရှိသေးသည်။

ကိုယ့်အစ်မဆိုတဲ့ အသိတရားလေး ထားပေးလိုက်လို့၊ သို့မဟုတ်လျှင် .....

* * *



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၄)

အန်တီမပကိုယ်တိုင်က သိသာစွာခွဲခြားလာတာကြည့်။ မေး ကို
သမီး ... သမီးနဲ့ ပါးစပ်ကမချအောင်ခေါ်သည်။ ရေး ကိုကျတော့ ညည်
နဲ့ငါ ...။

ခေါ်ဆွေလတ်ကလည်း မေးနဲ့တုန်းက ဘယ်လိုနေ့လဲမသိပေ
ဒီတိုင်းပဲရှိမှာပင်။ ကိုယ့်ကိုကျတော့ ရေး လို့ပဲခေါ်၏။ သူမ ဒီရောက်
ကတည်းက ပြန်တွေးကြည့်လျှင် ခေါ်ဆွေလတ်ထံမှ သမီးလို့ခေါ်
တစ်ခါမှမကြားခဲ့ဖူးပါ။

တွေးနေရင်း အသည်းနာသည့်ဝေဒနာက ဆိုးရွားစွာနှိပ်စက်
သည်။ ဒီအိမ်မှာနေရသမျှ နာရီတိုင်း စက္ကန့်တိုင်းဟာ ဘာဖြစ်လို့ ဒီလော
ပူလောင်ပြုပြင်နေရတာလဲ။

သူ့အတွက် ကော်ဖီနဲ့မုန့်ကို လင်ဗန်းထဲထည့်ယူလာရင်း ပျော
ပျော်နေစဉ်က စိတ်ကူးနုနုရွရွလေးတွေ ဘယ်ရောက်ကုန်မှန်းမသိ။





သူနဲ့ ကိုယ့်အတွက် အချစ်အိမ်ကလေး ဘယ်လိုဖန်တီးရမလဲဆို
သည့်အတွေးလေးတွေဖြစ်လာတော့ ရင်ထဲမှာ ကြည်နူးမှုတွေ တသိမ့်
သိမ့်နှင့် ...။

ဘာကြောင့် ဒီလိုမညီမညွတ်တွေဖြစ်လာခဲ့တာလဲဆိုတာကို တွေးမိ
သည်နှင့် မီးတောက်မီးလျှံတွေ တရိပ်ရိပ်တက်လာကြသည်။ အားလုံးဟာ
ကိုယ့်ဘက်မှာမရှိ။

"ကိုကို ဆေးသောက်မယ်လေ"

အခန်းထဲကိုလှမ်းဝင်လိုက်တာနှင့် မျက်နှာထားကိုပြင်၍ ကော်ဖီ
ဗန်းကန်လေးကို စားပွဲပေါ်သွားချသည်။ သူ ဖုန်းဆက်နေတာကိုမြင်ပေ
မယ့် စိတ်ဝင်စားဖို့ သတိမရပါ။

ကိုယ့်ကိုယ်ကို စိတ်ဆင်းရဲစေမယ့်အတွေးမျိုးတွေ ခဏခဏမဝင်မိ
အောင် ကြံဖန်ဖျောက်ဖျက်နေရသဖြင့် သူ့အတွက် ဆေးတွေပြင်နေရင်း
ဘာကိုမှ သတိမထားမိ။

"မနက်က ကိုကို ဆေး ဘာလို့မသောက်တာလဲ"

သူ့ဆီရာ ချက်ချင်းဖြေသံရောက်မလာမှ လှည့်ကြည့်မိသည်။ ဦးလ်ချဲ
ပေါ်မှာ ခပ်တောင့်တောင့်မှီနေသည့် လင်းအား ကလည်း ရေး လှည့်
ကြည့်တော့မှ မျက်နှာမမော့ဘဲပြန်ဖြေ၏။

"အိပ်ပျော်နေလို့ အချိန်လွန်သွားတာနဲ့ မသောက်ဖြစ်တာ၊ အဲဒါတွေ
ထားခဲ့ပြီး မင်း သွားအိပ်တော့"

ဘယ်ကဖုန်းကို ခေါ်နေမှန်းမသိပါ။ ခေါ်လို့မရ၍ စိတ်တိုနေပုံရှိသည့်
မျက်မှောင်ကြုတ်ကြုတ်နှင့် တစ်ချက်မှလှည့်မကြည့်ဘဲ ပြောနေသည်။
ရေး က သူ့ဘက်လှည့်ရပ်ကာ စားပွဲစွန်းမှာ တင်ပါးနှင့်နောက်ပြန်ကပ်မှီ
လိုက်၍ ...

"ဒီနေ့ ရေး ဒီမှာ လာအိပ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ..."

ဖုန်းထဲမှာအာရုံစိုက်နေသည့်မျက်နှာ ဖျတ်ခနဲလှည့်လာ၏။ ရေး မျက်နှာမှာ ရှက်အမ်းအမ်းပုံလေးဖြတ်ပြေးသွားလျက် ...

"ရေး အခန်းထဲက ခုတင်ခြေထောက်မငြိမ်လို့ အဲဒါ လက်သမားခေါ် ပြမလို့ အပြင်ထုတ်ထားလိုက်တယ်"

လင်းအား က ခပ်မှန်မှန်မျက်နှာနှင့် ဖုန်းဆီ ပြန်ငုံ့သွားကာ ...

"အဲဒါ အစကတည်းက ခုတင်အစားသွင်းထားလိုက်ပါလား"

"ကိုကိုက ရေး လာအိပ်မှာ ကို မကြိုက်လို့လား"

လင်းအား က ဖျတ်ခနဲပြန်ကြည့်၏။ မျက်ဝန်းတွေက ကျဉ်းမြောင်း စူးရဲလျက် ...

"မင်းလဲ အိပ်ချင်သွန်းလို့ လာအိပ်မှာမဟုတ်ဘူးလေ၊ ကိုယ်လဲ အိပ် လိုပဲပေါ့၊ ဒီနေ့ထိ နှစ်ယောက်မအိပ်ခဲ့ဖူးတော့ တစ်ယောက်တည်းပဲ လွတ် လွတ်လပ်လပ်အိပ်ချင်တယ်"

"ရေး ကတော့ နှစ်ယောက်အိပ်ခဲ့ဖူးလို့လား၊ ကိုကို စကားပြောတာ တကယ်ရင့်တယ်၊ အိပ်ချင်လွန်းလို့ လာအိပ်မှာမဟုတ်ဘူးဆိုတာက ဘာလဲ၊ ရေး ကပဲ ကိုကို့ကို ချစ်ပါရစေ၊ ကြိုက်ပါရစေလို့ စပြီး ဒူးထောက် ပြောရမှာလား"

မေးနေရင်း ရင်ထဲက မျှော်လင့်ချက်တွေပါကုန်သည်။ သူမအဖြစ်ကို လင်းအား က နားလည်သွားသည်မို့ ပြုံးလိုက်သည်လား။ မဲ့တာလား ဆို သော မျက်နှာနှင့် တစ်ဖက်လှည့်သွား၏။

"ကိုကိုပြောစမ်းပါ၊ ရှင့်ရင်ထဲမှာ ဟိုတစ်ယောက်ကိုပဲ အပြီးအပိုင် ထည့်ထားလိုက်တာလား၊ ရေး က ဒူးထောက်လာအောင် တမင်ပညာပြ နေတာလား"

လင်းအား က မျက်နှာလှည့်ရုံတင်မကဘဲ ဦးလ်ချဲကိုပါ သူမဘက်သို့





တည့်တည့်လှည့်ရွှေ့လိုက်ကာ ...

"မင်းပါးစပ်ထဲက မေး ကိုထုတ်လိုက်စမ်း ရေး၊ မင်းနဲ့ငါ ချစ်တဲ့ အကြောင်းဖြစ်ဖြစ်၊ မုန်းတဲ့အကြောင်းပဲပြောပြော မင်းနဲ့ငါ့အကြောင်းပဲ ပြော၊ မဆိုင်တဲ့သူကို ဆွဲမထည့်နဲ့"

လင်းအား မျက်နှာထက်က တင်းမာမှုကို သုံးသပ်ကာ ရေး ရင်ထဲမှာ ချိုသိပ်ထားရသည့် သဝန်တိုဒေါသတွေလည်း ရေနွေးအိုးကဲ့သို့ ကျွက် ကျွက်ဆူလာ၏။

"ဆွဲမထည့်စေချင်ရင် ကိုကို့ပုံစံကိုပဲပြင်လေ၊ အနားမှာရှိတဲ့ သား သား ကိုကျော်ပြီး သူ့အသံကိုမှကြားချင်တာ၊ သူ အားပေးမှ ဆေးကုမှ ဆိုတာတွေ ..."

"မင်း ဘာတွေလာပြောနေတာလဲ၊ အဲဒါ ဘာစကားတွေလဲ"

"အဟွန်း ... ရှင်တို့ ခြေပုန်းခုတ်နေကြတဲ့ ဆက်သွယ်ချက်တွေလေ၊ သားဖြစ်သူရဲ့ဒုက္ခကြီးမားပုံကိုမြင်ပြီး မနေသာတော့ အမေလုပ်တဲ့သူက ဆိုကိုပြေးခေါ်ရတာ၊ မနေ့က ရှင်တို့ ဖုန်းပြောနေကြတာတွေ ရေး မသိ ဘူးမှတ်လို့လား"

လင်းအား မျက်နှာပျက်သွား၏။ မနေ့က ဖုန်းပြောခဲ့တာ မှန်သည်။ အမေက 'မေးရယ် သားရဲ့၊ သား ပြောဦးမလား။ မိတ်ဟောင်းဆွေဟောင်း ရဲ့ စကားပြောတယ်ဆိုတာ စိတ်ပြေလက်ပျောက်ဖြစ်တယ်"

ကိုယ့်ရှေ့မှာ ဖုန်းခေါ်တာမဟုတ်ပါ။ မေး ဆီကဖုန်းဆိုတော့ မေး က ရေ့ဆက်သလိုလိုပုံစံမို့ စိတ်ထဲမှာ တစ်မျိုးတော့ဖြစ်သွားခဲ့သေး၏။

ခုကျမှ ဒီလိုတွေချိတ်ဆက်မိကုန်အောင် မေမေ ဆောင်ရွက်နေတာ မှန်း သိလိုက်ရသည်။ ရေး က ပိုင်နိုင်သည့်မျက်နှာနှင့်ငေးကြည့်သည်။ ဒီတစ်ခါ အောင်နိုင်ခြင်းမှာ မပျော်ပါလား။

ရင်ထဲမှာ ပါနာသွားသည်။ အသက်ရှူမှားသလို ရင်ဝမှာကျုပ်ခဲခဲကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာခဲ့၏။

"ဟိုကိုရှောင်ပြီး ကိုယ့်ဇနီးမယားကိုကျတော့ မတွေ့သလိုလို မတော့သလိုလို၊ ကျွန်မက မိန်းမဖြတ်စိတ်မွေးပြီး ရှင့်ကို ဒီလောက်ထိ အလျှော့ပေးနေခဲ့တာ"

"မင်းဖြတ်တာ၊ မဖြတ်တာ ငါ မသိဘူး၊ ဒါပေမယ့် မိန်းမဖြစ်တိုင်း ဒေါ မဆုတတ်တဲ့ ငါ့ကို မင်း အပြစ်တင်တာတော့ ဦးနှောက်နည်းတာပဲ"

လင်းအား က ဖုန်းကိုပိဆုပ်ထားပြီး ထိုလက်နှင့် ရေး မျက်နှာကိုညွှန်ကာ ...

"ငါ အဲဒီလိုကောင်မျိုးဆိုရင် မင်းထက်အရင် ဘယ်သူနဲ့ငြိသွားမလဲ တွေးမိရဲ့လား"

ရေး အံကလေးကြိတ်၏။

"အေး... အဲဒီလိုအခြေအနေထိ သူနဲ့ငါ ဖြစ်ခဲ့ရင်လဲ နေရာချင်းလဲလို့ တာ ဖြစ်လာမှာမဟုတ်ဘူး"

"ဘာလို့မဖြစ်ရမှာလဲ၊ ဒီမှာကိုကို ... ရေးက လိုချင်ပြီဆို မရခဲ့တာ မရှိဘူး၊ အဲဒီလိုချင်မှုမှာ တပ်မက်မှုရှိသည်ဖြစ်စေ၊ မရှိဘူးဖြစ်စေ မရရအောင် ရှုံးတာပဲလေ၊ အရှုံးမခံနိုင်လို့ ရအောင်ယူတာ၊ ရှင့်ကိုမရရင် မဖြစ်တဲ့အထဲ မှာလဲ ချစ်လွန်းလို့လို့ထင်ပြီး ရှင် ဘဝင်မြင့်နေသလား"

"အချစ်ခံရတာ ဘဝင်မြင့်စရာ ဟုတ်၊ မဟုတ် မင်းက ပိုသိမှာပါ"

ရေး အရှိက်ထိသွား၏။ လင်းအား က စိုက်ကြည့်ကာ ...

"မင်း ငါ့ကိုချစ်နေသလား၊ မချစ်ဘူးလား ဆိုတာ ငါ့အတွက် စိတ်ဝင် စားစရာမရှိဘူး ရေး၊ ဒါပေမယ့် ပွင့်အန်ကျနေလျက်နဲ့ ဖုံးဖိပိတ်ဆို့ထား တလွဲပေါက်ကွဲနေတဲ့မင်းရဲ့ ရိုင်းစိုင်းမှုတွေက သိပ်ကိုလွန်လွန်းနေတယ် အနီးအနားမှာရော ပတ်ဝန်းကျင်ကိုရော မင်းအတ္တတွေနဲ့ အဆိပ်သင့်ကုန် ပြီ"





မေး အတွက် ထိခိုက်နေတာကို ရည်ရွယ်မှန်းသိတော့ ရေး အံကြိတ် ထားမိသည်။

"မင်းနဲ့ငါရဲ့ အိမ်ထောင်ရေး ပြေလည်ဖို့ မင်းရည်ရွယ်သလား၊ အဲဒါကို ရည်ရွယ်ရင် အဲဒါကိုပဲ မင်းခေါင်းထဲမှာ ထည့်ထားလိုက်၊ ကျန်တာ မလို တော့ဘူး"

"ခေါင်းထဲမှာထည့်တော့ရော ရှင့်ရဲ့ အပုရုပ်ဟန်ပန်တွေနဲ့ ဒီကစပြီး ဒူးထောက်ရမှာလား၊ ရှင့်မျက်နှာကို ရှင်ပြန်ကြည့်"

"စပြီးဒူးထောက်တယ်ဆိုတဲ့စကား မင်း ပြောလှချေလား"

"မပြောလို့ရမလား၊ ဒူးထောက်တယ်ဆိုတာ ရေးရဲ့ ရာဇဝင်မှာ မရှိခဲ့ ဘူး"

"ရာဇဝင်၊ သမိုင်း ဆိုတာ လူတစ်ယောက်ရဲ့ သက်တမ်းပဲကွ၊ မင်း အသက် အငယ်လေးရှိသေးတယ်၊ ရာဇဝင်နဲ့ ရှိမပြောနဲ့ဦး။ ငါ့ရဲ့ ရာဇဝင်မှာ ထဲ ကိုယ့်ရဲ့ ဆန္ဒကို လက်လွှတ်ဆုံးရှုံးခံပြီး မိန်းမတစ်ယောက်ရဲ့ လှည့် ကွက်ထဲမှာ လည်စင်းခံခဲ့ဖူးတာ မရှိဘူး၊ ဒါပေမယ့် အခု ဒီတိုင်းဖြစ်လာခဲ့ တယ်၊ မင်းလိုပြောရင် ရတာပဲဆိုတဲ့အကြောင်း ပြောပြတာပါ၊ ဒီတော့ ရာဇဝင်တွေ၊ ကျောက်စာတွေကို တမ်းတမနေဘဲ ခုဖြစ်နေတာကို ခု ရှင်း ကြည့်လိုက်ပါ"

"ဘာကိုရှင်းနိုင်းတာလဲ"

"မင်းရင်ထဲကို မင်း ပြန်ကြည့်ဖို့ပဲလိုတာ"

"ရှင့်ကို ရေး က ချစ်နေတယ်လို့ ပြောချင်တာလား"

"ဟုတ်တယ်ဆိုရင် မင်းက ဟားတိုက်ရယ်ပြီး မဟုတ်ဘူးလို့ ပြောဦး မှာလေ၊ မင်း ဟားတိုက်ရယ်နိုင်ဖို့ လမ်းဖွင့်ပေးရလောက်အောင် ကိုယ် ကြောင်မဟုတ်ဘူး၊ ဟစ်ခုရှိတာက မင်းကို ငါ ပြောခဲ့ဖူးသလိုပေါ့၊ လိုချင် ရင် တောင်းရမှာပဲ၊ မင်းဆီက ကိုယ်က ဘာမှမလိုချင်လို့ မတောင်းပေမယ့်

www.burmeseclassic.com



ကိုယ့်ဆီက မင်းလိုချင်ရင် တောင်းရမှာပဲ"

ရေး ပက်ခနဲပြောပစ်လိုက်ဖို့ ပါးစပ်ပြင်တော့ လင်းအား က စကား မရပ်ဘဲ ဆက်ပြော၏။

"တောင်းတိုင်းရတတ်တာ၊ မရတတ်တာကတော့ ကံတရားပေ ကိုယ်လဲ ဒီတိုင်းဖြေခဲ့ရတာ"

ကြည့်စမ်း။ မေးနဲ့ပတ်သက်တဲ့ 'လွမ်းချင်း'တွေကို သူတစ်ပုဒ်ပြီး တစ်ပုဒ် သီကျူးပြသွားတာ ဘယ်မျက်နှာကိုမှမကြည့်။

သူ ရည်ရွယ်ပြောနေသမျှ မေးကိုမှန်းသိလျက်နှင့် ရေး ဘယ်လိုပြော ရမှန်းမသိလောက်အောင်ဖြစ်ခဲ့ရသည်။ အပွဲပွဲနွှဲခဲ့သမျှ သူ့ရှေ့ကျမှ

ဖုန်းမြည်သံလေးထွက်ပေါ်လာသဖြင့် သူ ဖျာဖျာသလဲဖြစ်သွား၏ ရေး ကတော့ ဒဏ်ရာများစွာတင်နေသည့်မျက်ဝန်းများနှင့်ဖုန်းနဲ့ သူ့ကို စောင့်ကြည့်နေမိသည်။

"ဟလို"

"......"

"ဪ ... ဟုတ်ကဲ့ အန်တီ၊ ကျွန်တော် ခေါ်နေတာ"

"......"

"အဟွန်း လေးခါရှိပြီ၊ မေး ကိုခေါ်တာ မရလို့ပါ"

ဟင် ...

ရေး ကိုယ်လေး တုန်ခါသွားသလိုပင်။ အန်တီဆိုတာ အန်တီ လား။

"အားနာနာနဲ့ပဲ မရမကခေါ်ခဲ့မိတာ တောင်းပန်ပါတယ်၊ မေးကို ပြော စရာအရေးကြီးလို့ပါ။ အခု ခဏလေးခေါ်ပေးပါ အန်တီ၊ နှစ်မိနစ်၊ သုံးမိနစ် လောက်ပဲ ပြောမှာပါလို့"

ရေး အသားတွေတုန်လာတဲ့အထိ စိတ်မထိန်းနိုင်အောင် ဖြစ်လာ





သည်။ ဒါပေမယ့် ဖြစ်လာပါစေ၊ အဲဒီဖုန်းကို မေး လာကိုင်ပါစေ၊ ခက်ခဲ ပင်ပန်းစွာ စောင့်ဆိုင်းရင်း ရေး အံတကြိတ်ကြိတ်နှင့် ကြည့်နေခဲ့၏။

လင်းအား ကလည်း သူမကို တစ်ချက်မှ ငဲ့မကြည့်ပါ။ ဖုန်းထဲကအသံ ကိုပဲ မျှော်လင့်တကြီး နားစိုက်ထောင်နေခဲ့သည်။

"ဟင် ... ခင်ဗျာ အန်တီ"

"......"

"ဪ ..."

"......"

ရုတ်ပျက်ဆင်းပျက် အိုကျသွားသည့် လင်းအားမျက်နှာကို လက်ပိုက် ကြည့်ရင်း ရေး က မဲ့၏။

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် အန်တီ၊ သူ့ကို မေးစရာရှိလို့ပါ"

"......"

"ရပါတယ်၊ သူနဲ့ပြောမှ ပြီးမှာမို့လို့ မမှာတော့ပါဘူး၊ ဟုတ်ကဲ့"

လင်းအား က ဖုန်းချလိုက်ပြီးတဲ့အထိ မျက်ဝန်းတွေက ဖုန်းမှာပဲ စူးနစ်နေဆဲ ...

"ရှင် မျက်နှာပြောင်လှချေလား ကိုလင်းအား။ မေး နဲ့ပတ်သက်ပြီးဖြစ် ရတိုင်း ရေး ပါးစပ်က ညင်ညင်သာသာပြောခဲ့တာ ဘာမှမရှိခဲ့ဘူး၊ ပြော တော့ ပြောတဲ့လူက ရိုင်းစိုင်းသတဲ့၊ ရှင် မရမကဖုန်းခေါ်နေတာ အခု ပေါ်သွားပြီ၊ ဘယ်လိုရှင်းမလဲ ပြော"

"ဘာကိုရှင်းရမှာလဲ၊ မရမကဖုန်းခေါ်နေတာ ပြောစရာရှိလို့ခေါ်တာ ပေါ့"

"ပြောစရာရှိရင် ဘာလဲ၊ အခု ပြောရဲသလား၊ ပြောလေ"

"မင်းပြောခိုင်းတိုင်းပြောရအောင် ငါက မင်းကစားနေတဲ့အရုပ်လား။ ဒီမှာ ရေးရေးရိုပ်၊ မင်းက ခြေထောက်နဲ့မဟုတ်ဘဲ လက်နှစ်ဖက်နဲ့ထောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးလမ်းလျှောက်နေတဲ့လူလိုပဲ၊ မင်းမျက်လုံးထဲမှာ တစ်လောကလုံး ဇောက်ထိုးဖြစ်နေတိုင်း လောကကြီးက တိမ်းစောင်းနေတာလို့ ထင်နေသလား"

"ရှင် စကားပြောတာ လှုပ်မဝနဲ့နော်၊ ကျွန်မက ရည်းစားများခဲ့ရတဲ့ ရာဇဝင်တွင်ခဲ့ပေမယ့် ရှင်တို့လို ..."

"ဟော့ ... တိတ်စမ်း"

"မတိတ်နိုင်ဘူး မေး ကို ရှင်ဘာပြောမှာလဲ၊ အဲဒါကိုပြော၊ မပြောရင် မပြောသရွေ့ ကျွန်မက ပြီးမှာမဟုတ်ဘူး"

"တောက်"

လင်းအား တက်ခေါက်ကာ ဝိုးလ်ချဲကို စိတ်ရှိလက်ရှိဆွဲလှည့်ပစ်လိုက်ပြီး အခန်းထဲကထွက်၏။

"လင်းအား"

ရေး မျက်လုံးတွေပြာကုန်အောင် ဒေါသဖြစ်သွားသည်။ ဆတ်ဆတ်တုန်နေသည့်လက်ဖဝါးနှစ်ဖက်ကို ဖိဆုပ်ပစ်လိုက်ကာ အခန်းထဲက ထွက်သွားသည့် လင်းအား နောက်ကို ပြေးလိုက်၏။

"ရှင် ခုရပ်နေနော်"

လင်းအား က မရပ်ပေ။

"ရှင် အဲဒီလိုလုပ်နေသမျှ မေး ကိုပဲ ကျွန်မက ပြဿနာရှာမှာ၊ ရှင် မပြောရင် သူ့ကိုမေးမှာပဲ"

ဝိုးလ်ချဲသွားတဲ့အတိုင်း ဘေးကလျှောက်လိုက်လာလျက် ရေး ရွေ့ရွေ့ခုန်မတတ်ဖြစ်နေ၏။

လင်းအား ကလည်း တစ်ချက်မှမရပ်။ မေးဖျားနှစ်ဖက်မှာ တင်းကားနေတဲ့အထိ အံကြိတ်ထားရင်း တည့်တည့်အတိုင်း တောက်လျှောက်လှိမ့်သွားနေခဲ့သည်။





တကယ်ဆို မေး ဒီမှာနေသွားသည့်ရက်ပိုင်းက ဂျပန်ကုမ္ပဏီတစ်ခုက နေပို့လိုက်သည့် လက်ဆောင်တစ်ထုပ်နှင့် စာတစ်စောင်ကို သူမရှိတုန်းမှာ မေး က လက်ခံထားခဲ့သည်။ ဒါကို မိုးမိုးကိုယ်တိုင်ပေးအပ်ခဲ့တာမို့ သူ မေးတော့ အမှတ်တရပြောပြခဲ့၏။

"မမလေး မေ့နေတာဖြစ်မယ်၊ 'ဒါ အရေးကြီးတယ်' လို့ပြောပြီး သေချာသွားသိမ်းတာ အစ်ကိုလေးရဲ့"

တကယ်လိုအပ်လာမှ သူလည်း ဒါကိုသတိရတာဖြစ်သည်။ မဟုတ်တာကို မိုက်မိုက်ရိုင်းရိုင်း လာစွပ်စွဲနေသဖြင့် ဒေါသကို စိတ်တိုင်းကျသာ ဖွင့်ထုတ်ခွင့်ရမည်ဆိုလျှင် သူ ဖွင့်ထုတ်မိတော့မှာ သေချာ၏။

"လင်းအား ... ရှင် ရပ်လို့ပြောနေတယ်နော်၊ ဘာလဲ၊ မေး နိုင်ငံခြားသွားတော့မယ်ကြားလို့ အဲဒါကို မေးချင်တာလား၊ အဲဒါ သိချင်ရင် ကျွန်မ ပြောနိုင်တယ်၊ ရပ်လိုက်"

လင်းအား က ဝိုးလ်ချဲကို တုံ့ခနဲရပ်ပစ်လိုက်သည်။ နေရာသည် လှေကားထိပ်နှင့် သိပ်မလိုတော့ပေ။ ဒီဘက်ဝရန်တာဘက်ကို ချိုးကွေ့တော့မှာမှန်းသိနေသဖြင့် ရေး က ထိုဘက်ကနေ ဝိတ်ရပ်လိုက်ကာ ...

"ဘယ့်နှယ်လဲ မှန်သွားသလား၊ ပြောပြီးပြီပဲ၊ ရေး က ဖြစ်အောင်လုပ်တတ်ပါတယ်ဆိုတာ၊ ရှင့်ရဲ့ မေးကို မဲဇာပို့ဖို့ အမိန့်ပေးလိုက်တာလဲကျွန်မပဲ၊ အခု အန်တီမမတို့သွားရင် သူ လိုက်သွားရတော့မှာ"

လင်းအား မျက်ခုံးတွေ စုကုတ်တွန့်ကျသွားသည်။ အရောင်တွေ ပြိုးပြက်လက်နေသကဲ့သို့ မျက်ဝန်းတွေက စူးစူးရဲရဲဖြစ်လာခဲ့၏။

"မင်း ဘာပြောလိုက်တယ် ရေး"

"ဟား ဟား ဟား... ကောင်းလိုက်တာ၊ ရှင့်လိုအသည်းမျိုးကို ပျော်ဘူးသွားအောင် ကျွန်မ လုပ်နိုင်သေးတာ ဂုဏ်ယူစရာပဲ၊ ဟိုကစ်ယောက်လဲ အရည်ပျော်နေလောက်ပြီ၊ အံ့ပုန်းတွေက ဒီလိုပါပဲ၊ သူတို့မှာ အတိုက်



www.burmeseclassic.com

www.burmeseclassic.com



အခံလုပ်ရဲတဲ့သတ္တိ မရှိဘူး"

"တောက် ... မိုက်ရိုင်းတဲ့မိန်းမ"

"အား"

လင်းအား က ရေး လက်ဖဝါးတစ်ဖက်ကို ဆတ်ခနဲဆောင့်ဆွဲပြီးမှ ပြန်ဆောင့်တွန်းပစ်လိုက်၏။ ရေး က အပေါ်ထပ်ညွှန့်ခန်းကျယ်ကြီးနှင့် လှေကားထိပ်သံပန်းအကွယ်ထောင့်မှာ ခွေခေါက်ပုံကျသွားခဲ့ပြီး ...

"ရှင် ... ရှင်ကြီးကို မုန်းတယ်"

စူးစူးဝါးဝါးအော်ပြီး ချက်ချင်းပြန်ကျုံးထ၏။ ပြီးတော့ လင်းအား၏ ဝှီးလ်ချဲကို အားရှိပါးရှိတွန်းချပစ်လိုက်သည်။

"မလုပ်နဲ့လေ ရေး"

"အမလေး လုပ်ကြပါဦး"

"သား ..."

အော်သံတွေ ဆူညံသွားသည်။ ရေး က ဝှီးလ်ချဲကို တအားတွန်းချလိုက်တာမှန်ပေမယ့် သူမကို ဒေါ်ညိုက ပြေးဆွဲထားလိုက်သောကြောင့် တွန်းသည့်အရှိန်က လျော့ကျသွားသည်။

မိုးမိုးက ယယ်သံပါအောင်အော်ကာ ဝှီးလ်ချဲ၏နောက်ကနေ ခုန်ဆွဲထားလိုက်၏။ ထိုအခါ လိမ့်ထွက်သွားသည့်ဝှီးလ်ချဲ၏အရှိန်က ပုခက်လွှဲသလို ဘောင်ဘင်ခတ်သွားကာ ထိုင်နေသည့်လူကို လှုပ်ခါချပစ်လိုက်သလို ဖြစ်သွားခဲ့၏။

လင်းအား ဝှီးလ်ချဲပေါ် ကနေ ပြုတ်ကျသွားသည်။ သို့သော် လှေကားလက်ရန်းတိုင်ကို ဖမ်းဆွဲထားလိုက်သဖြင့် လှေကားလေးထစ်မြောက်မှာ ရပ်တန့်သွားခဲ့၏။

ဒီနေ့ညကျမှ သားဆီကိုပဲ စိတ်ရောက်နေသည်မို့ တိုက်တိုက်ဆိုင်ဆိုင် ရောက်လာခဲ့သော ဒေါ်ဆွေလတ်သည် လျှပ်တစ်ပြက်အဖြစ်ဆိုးကို





လှေကားအောက်ကနေမြင်ကာ သားဟု စူးစူးဝါးဝါးတစ်ချက်သာအော်နိုင်ပြီး ပုံကျမေ့မြောသွားလေသည်။

"လွှတ် ... လွှတ်နော်၊ ဘာဆိုင်လို့လဲ၊ လင်မယား ရန်ဖြစ်တာကို ဝင်ပါကြတာ ဘာလဲ၊ သွားကြ ... သွား"

"ရေး ... မင်း တိတ်တိတ်နေပါ"

ဒေါ်ညို၏ ဒေါသမျက်နှာက အလုပ်ရှင် အလုပ်သမားဆိုတာကို ဘေးချိတ်ထားလိုက်ပြီမို့ တစ်ခါမှ မဖြစ်ခဲ့ဖူးသော တင်းမာမှုများနှင့် ဖြစ်သည်။

"အစ်ကိုလေး"

"အား .. ကျွတ် ကျွတ်"

ခေါင်းမှာ နောက်ထပ်တစ်ကြိမ် ဒဏ်ရာရသွားပြီကို သိလိုက်၏။ နောက်စေ့ဆံပင်တွေကြားထဲကနေ လည်ကုပ်ဆီသို့ ပူနွေးသောအရည်တွေ ဆင်းကျလာနေတာကို ခံစားမိရင်း လှေကားရင်းမှာ ပုံကျလဲနေသည့် မေမေ့ဆီသို့ ငုံ့ကြည့်ကာ...

"ငါ ... ငါ ရတယ်၊ မေမေ့ကို သွားခေါ်၊ အား..."

"လူလေး ... အမလေး၊ အကျီနောက်ကျောမှာ သွေးတွေ..."

ဒေါ်ညိုက ရေး ကို အတွင်းဘက်ထိတွန်းပို့ပစ်လိုက်ပြီး လှေကားထစ်တွေမှာ မချိတချိရပ်နေသည့် လင်းအားဆီ ပြေးတွဲ၏။

လင်းအား က ဒေါ်ညို တွဲသည့်အပေါ်မှာ ခိုတွဲမနေချင်သဖြင့် နာကျင်နေသည့်ခြေထောက်ကို အားတင်း၍လှုပ်ရှားသည်။ ခေါင်းကဒဏ်ရာအရှိန်ကြောင့် မျက်လုံးတွေလည်း ဝေနေ၏။

လှေကားထိပ်ကို ပြန်ရောက်လာချိန်တွင် သူ့ကိုယ်မှာ သွေးနှင့်ချွေးတွေမြင်လို့မကောင်း။

"သား ... သားလေး"

ဒေါ်ဆွေလတ် သတိရကာ မျက်ရည်လည်ရွှဲနှင့်ပြေးတက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို လက်သီးလေးနှစ်ဖက်ဆုပ်လျက် နှုတ်ခမ်းကိုက်ကြည့်နေသည့် ရေး ပုံစံက လှပသိမ်မွေ့ခြင်းနှင့်သက်ဆိုင်သမျှ ဘာဆိုဘာမှ မရှိတော့သလိုပင်။ ဒေါ်ဆွေလတ် က သားကို ပြေးတွဲလိုက်ပြီးမှ ရေး ကို ပြန်လှည့်ကြည့်ကာ ...

"ရေးရေးရိပ် ညည်း ... ညည်းက ငါ့သားလေးကို သေကြောင်းကြံတယ်"

"သူက ရေး ကိုရိုက်တာ"

"စွာလိုက်တဲ့မိန်းမ၊ ညည်း တုံ့ပြန်လိုက်တာလေ၊ ငါ့သားလေး..."

ပြောနေရင်း ရှိုက်သံပါကာ ဒေါ်ဆွေလတ် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာကြ၏။ သူမမှာ ဒီသားလေးတစ်ယောက်ပဲရှိတာပါ။

ငယ်စဉ်ကလေးဘဝကတည်းက မိဘကို ဘာတစ်ခုမှ ဒုက္ခမပေးခဲ့ဖူးသည့်သား၊ တည်တံ့ရည်မွန်သည့်သားကြီးဖြစ်လာခဲ့တဲ့အထိ 'မေမေသဘောတူတဲ့မိန်းမကိုပဲလက်ထပ်ပါသားရယ်' လို့ တစ်ခါပဲပြောရသည်။

မိန်းမသနာ ရှုပ်ပွေတာ၊ မိဘကိုလွန်ဆန်တာ ဘာမှမပြုခဲ့ဘဲ ဒီမိန်းမကို လက်ထပ်ခဲ့သည်။ ခုကျမှ မိဘမေတ္တာနဲ့စီစဉ်ခဲ့တာပေမယ့်လည်း စေတနာအမှားဆိုတာ ရှိတတ်ပါလားဟု သိမြင်လာခဲ့၏။

"နေခဲ့ပါ။ ညည်း ဒီအိမ်မှာ ပျော်ပျော်ကြီးနေခဲ့ပါအေ၊ နောက်ထပ်လိုချင်တာအားလုံး ငါပေးမယ်၊ ငါ့သားလေးကိုတော့ ချမ်းသာပေးပါ"

"ဘာ ..."

ရေး ခြေနှစ်လှမ်းသုံးလှမ်းခန့် ပြေးလိုက်သည်။ ဒေါ်ညိုနဲ့မိုးမိုးသူမရှေ့ကနေ ပိတ်ရပ်ထားလိုက်ကြ၏။

"အဟွန်း ..."

ရေး က မျက်နှာထက်ကဆံပင်တွေကို ခပ်ဆတ်ဆတ်ခါထုတ်လိုက်ပြီး ပခုံးနှစ်ဖက် လှုပ်ခတ်သွားတဲ့အထိ မဲ့သည်။





"ချမ်းသာပေးပါတဲ့၊ ဘာလဲ... နောက်ထပ် ဒီလိုတွန်းမချရအောင်လား။ သူက သွေးတွေထွက်ပြီသွားတော့ ဒီမိန်းမက လူကြမ်းဖြစ်သွားတာပေါ့။ ဘာဖြစ်လို့ ဒီလောက်ထိဖြစ်ကုန်ကြရတာလဲဆိုတာကျတော့ မမေးတော့ဘူးလား"

ရေး မျက်နှာလေးတင်းနေလျက်နှင့် မျက်ရည်တွေတွေကျလေသည်။ သွေးထွက်နေသည့်ဒဏ်ရာထက် ရင်ထဲက အတွင်းကြေဒဏ်ရာကိုကျတော့ ဘယ်သူမြင်သလဲ။

ကိုယ်ဟာ ဒူးထောက်တောင်းပန်ခြင်းအလုပ်ကို စက်စုပ်ခဲ့ပေမယ့် သူ့အတွက် အတတ်နိုင်ဆုံး လိုက်လျောခဲ့တာပါ။

ပေးပါလို့မတောင်းပေမယ့် လိုချင်နေတာကို သူသိသည်။ ရေတော်ပေမယ့် ရေပေးပါလို့ မတောင်းတဲ့သူမှာ အပြစ်ရှိသလား။ မတောင်းလို့ ဆိုပြီး ရေငတ်နေတဲ့သူရှေ့မှာ ရေသွန်ပြပြီး ဟားတိုက်ရယ်တဲ့သူက ကောင်းသလား။

သူ့ရဲ့အချစ်ကို ကျွန်မ မတောင်းမိလို့ အပြစ်ရှိခဲ့တယ်ဆိုရင် ...

* * *

www.burmeseclassic.com



## အခန်း (၂၅)

ခြွေရံသင်းပင်းဆိုတာလည်း မရှိတော့ပေ။ အလွန်လှပခမ်းနားသည့် တိုက်ကြီးထဲမှာ ရေးတစ်ယောက်တည်း တစ်ရက်လုံးလုံး ဘယ်မှလည်း မသွားဖြစ်၊ ဘယ်သူနဲ့မှလည်း မပြောမဆိုဖြစ်ခဲ့ပေ။

မီးခံသေတ္တာ သွားဖွင့်တော့ ငွေတွေ ကျပ်သိပ်နေအောင်ထည့်ထားသည့်အပြင် အံဝှက်တွေထဲမှာ လက်ဝတ်လက်စားတွေ အမျိုးမျိုး။

ရေး ဘာကိုမှ စိတ်မဝင်စားပါ။ မီးဖိုခန်းထဲရောက်တော့လည်း ချက်ပြုတ်စရာတွေ ရေခဲသေတ္တာထဲမှာ သုံးမျိုးလောက် အဆင်သင့်ရှိသည်။

ပြီးတော့ လက်ဖက်ခြောက်အချိုခြောက်တွေ၊ ကော်ဖီ၊ သကြားနဲ့ဆီ ကားခေ မုန့်တွေလည်း အဆင်သင့်ပင်။ ဟိုနိုက်စား၊ ဒီဟာယူစားနှင့် ကော်ဖီတစ်ခွက်ပဲသောက်ကာ မနက်က နေ့လယ်၊ နေ့လယ်ကနေမိုးချုပ်။

တစ်ယောက်တည်း ကြောက်ရမှန်းလည်းမသိပေ။ ရေးရေးရိပ် ဆိုသည့် ကိုယ့်ကိုယ်ကိုလည်း သတိမရချင်၊ ဘယ်သူ့ကိုမှ မမြင်ရတာကိုပဲ သဘောကျမိသလိုလို။





ခုလောက်ဆို လင်းအားကို သူမ လေ့ကားပေါ်တွန်းချပစ်ခဲ့သည့်အတင်း ဘယ်လောက်ကြီးထွားပြန့်ကားသွားခဲ့ပြီလဲ။

အိမ်ဖော်တွေက အစ မရိပ်မိလောက်အောင် မေးနဲ့ရေး ပြောင်းလဲပစ်သည့်ကိစ္စကိုရော ခုလောက်ဆို အားလုံး သိကုန်ကြပြီပေါ့။ သိကြပါစေ..

'လိုချင်တာအားလုံး ပေးပါ့မယ်၊ ငါ့သားကိုတော့ ချမ်းသာပေးပါ'တဲ့။ မပေးနိုင်ဘူး။ လင်းအား ဆိုတဲ့ယောက်ျားဟာ ရေးရေးရိပ်ရဲ့စက်ကွင်းထဲက ပိုးကောင်လေးလိုပဲနေရမယ် သိရဲ့လား။

ကိုယ်မစားရလည်း သဲနဲ့တော့ မပက်ပါဘူး။ ဒါပေမယ့် ကိုယ်ပိုင်တဲ့ချုံ့ယက်ထဲမှာပဲ လင်းအား ဘယ်လိုမလူ့သာမလွန့်သာဖြစ်နေမလဲ ဆိုတာ ရေးရဲ့သက်တမ်းမကုန်ဆုံးသရွေ့ အားလုံး မြင်သွားရမယ်မှတ်။

ကွတ်ကီးတစ်ထုပ်ကိုဖောက်ဝါးရင်း မေး ကို ဖုန်းခေါ် လိုက်သည်။ အားဘူးဖြစ်နေလိုက်၊ ပြန်ခေါ် လိုက်နှင့် မုန့်တစ်ထုပ်ကုန်သွားတဲ့အထိ ခေါ်လို့မရ။

မေး ဘာဖြစ်လို့ ဖုန်းမကိုင်တာလဲ။ ဆိုဝေ့နေသည့် နှုတ်ခမ်းသားလေးကိုက်ထိတ်မဲ့ရင်း အိမ်ဖုန်းကို ပြောင်းခေါ် လိုက်တော့ တန်းဝင်သွား၏။

"ဟလို"

"ဘယ်သူလဲ၊ ဒေါ် လုံးလား"

"ဟုတ်ပါတယ်ရှင်၊ ဘယ်သူနဲ့တွေ့ချင်လို့ပါလဲ"

"ဒေါ် လုံး ရေး အသံကိုတောင် မသိတော့ဘူးလား"

"ဩော်.. သမီး... အေးပါ သမီးရယ်၊ မေးကိုစောင့်နေရင်း ခဏဘိုက်ဆာမိလို့ အိပ်ချင်မူးတူးဖြစ်သွားလို့ပါ"

"ဘာ ... မေး မရှိဘူး ဟုတ်လား"

ရေး က မေးနေရင်း နာရီမော့ကြည့်၏။ ည ကိုးနာရီကျော်ကျော်ပဲရှိန်ထိ မေး မနေခဲ့ဖူးပါ။ အလုပ်တွေလုပ်နေပြီဆိုပေမယ့် ကိုယ်တိုင်

www.burmeseclassic.com



ဦးစီးတဲ့အခြေအနေထိလည်း မဖြစ်သေးဘဲနှင့် ...

"ဒေါ်လုံး အိမ်မှာ ဘယ်သူရှိလဲ၊ ဟို... အန်တီမမတို့ ..."

"ဘယ်သူမှမရှိဘူး သမီး၊ သမီးအန်တီက ပြန်ဖို့ကိစ္စ စီစဉ်ရင်း အိမ်
မလာနိုင်တာ နှစ်ရက်ရှိပြီ၊ မေး ကတော့ ဒီနေ့မှပါ၊ အစက မလိုက်ဘူး
နေပြီးမှ အခု နိုင်ငံခြားကို လိုက်သွားမလို့တဲ့"

"ဟင် ..."

ရင်ထဲမှာ အလူးအလဲဖြစ်သွားပြီးမှ ရေးနွတ်ခမ်းတွေ တဖြည်း
ဖြည်း ပြုံးယောင်သမ်းလာ၏။

ဟိုနေ့က လင်းအားနဲ့ရန်ဖြစ်တဲ့ကိစ္စတွေ အန်တီမမတို့ သိသွား
ဒီလိုဖြစ်ကုန်တာလား၊ ဟုတ်ပါ့မလား၊ ဒါ ဆိုင်လို့လား။

စိတ်က ပေါ့ပါးသွားလိုက်၊ လေးလံသွားသလိုဖြစ်လိုက်၊ လင်းအ
ကို ဒေါ်ဆွေလတ် ခေါ် ချသွားပြီးကတည်းက ဘယ်ကမှလည်း ဖုန်းမ
သူမကလည်း မဆက်။

ဘာပဲဖြစ်ဖြစ် အန်တီမမတို့ကိုတော့ ဒေါ်ဆွေလတ် ဖုန်းဆက်
မှာပါ။ ကိုယ့်တူမလေးရယ်လို့ အန်တီမမတို့ ဖုန်းလှမ်းဆက်ဖော်တော
မရခဲ့ပါလား။

ဒီလိုဒီအကြောင်းဖြစ်ကြတယ်ဆို၊ ဒီလိုဖြစ်ရသလား၊ ဒီလိုလု
သလား စသဖြင့် ဆူပူကြိမ်းမောင်းရုံလောက်တော့ မဆက်သင့်ဘူးလ

ခုကျမှ အထီးကျန်အဖော်မဲ့ခြင်းဆိုသည့် ခံစားချက်ကို သေချာခံ
ဖူးခဲ့ရ၏။

ရေး ပြုံးနေသည့်ကြားကနေ ငိုချင်သလိုဖြစ်လာသည်။

ဒေါ်လုံး၏ 'ဟလို ရေး'လို့ ခေါ်နေသည့်အသံကို ကြားရလျှက်
ပြန်ပြောဖို့ မေ့နေခဲ့၏။ တော်တော်ကြာတော့မှ ...

"သူတို့ ဘယ်နေ့သွားမှာလဲ ဒေါ်လုံး"





"မနက်ဖြန်လေ၊ ရေး ဘာမှမသိဘူးလား"

ဘာမှပြန်မဖြေဘဲ ဖုန်းကို သာသာလေးချထားလိုက်မိသည်။

ရင်ထဲမှာ ဝမ်းသာနေတာမဟုတ်ဘဲ နာကျင်လာခဲ့၏။ မေး ထွက်
သွားပြီဆိုတော့ရော ကိုယ့်အတွက် ဘာဖြစ်လာဖို့ရှိသေးလို့လဲ။

မေး ကို နိုင်ငံခြားထွက်သွားခိုင်းလိုက်သည်ဟု ပြောသည့်အချိန်မှာ
လင်းအား ဖြစ်ပျက်သွားသည့် တုန်လှုပ်ခြင်းက ခုချိန်ထိ မျက်လုံးထဲက
မထွက်။

တကယ်ဆို ဒီဇာတ်ကိုက ရမယ့်ခေါင်းဆောင်မင်းသမီးက ကိုယ်
ရယ်ပါ။

တစ်ခန်းရပ်လေးပဲ ဝင်ကသွားသည့် မင်းသမီးကိုမှ လက်ခုပ်သံ
တဖြောင်းဖြောင်းနှင့် အသည်းစွဲကျန်ရစ်ခဲ့ကြ၏။

မင်းသားကနေ လူကြမ်းဖြစ်သွားရသည့် ဇာတ်လမ်းမျိုး ရှိခဲ့ဖူးပါ
သလား။ သူမအဖြစ်က မင်းသမီးတော့ မင်းသမီးပါပဲ .....။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

"ရေး ဆီက ဖုန်း မမဆွေ"

"ပေး"

ဒေါ်ဆွေလတ်မျက်နှာ ချက်ချင်းတင်းမာသွားသည်။ ဆရာဝန် ဖြစ်တာကိုတောင် လိုက်မပို့နိုင်တော့ဘဲ လင်းအားဓါ်ခုဖ်ဖင်ခြေရင်းနားက ပြတင်းပေါက်မှာပဲ ဖုန်းကိုင်လိုက်သည်။

"ဘာကိစ္စလဲ ပြော"

"ရေး ကိုကိုနဲ့ ပြောချင်လို့"

"မင်းက ပြောချင်ပေမယ့် သူက ပြောချင်မှာမဟုတ်ဘူး။ ဒဏ်ရာလဲ အကင်းမသေသေးဘူးဆိုတော့ ငါ့သား စိတ်မဆင်းရဲအောင် မင်း နောက်ထပ်မဆက်ပါနဲ့"

"မဆက်လို့မဖြစ်လို့ပေါ့ အန်တီ၊ သူနဲ့ရေး ပြောစရာရှိတယ်"

"ပြောစရာ ဘာပဲရှိရှိ အခု မပြောဖို့ပြောတာ၊ သားကလဲ မင်းရဲ့စိတ် ဘယ်လိုကောက်ကျစ်တယ်ဆိုတာကို သိနေပါတယ်၊ ခုချိန်မှာ မင်း ရှေ





လဲမက်မှာမဟုတ်ဘူး။ တခြား မက်စရာ ဘာပေးပေး လိုချင်မှာလဲမဟုတ်ဘူး။ ပါးကိုက်ရင် နားပြန်ကိုက်ချင်တဲ့ မင်းရဲ့အကျင့်က ငါ့သားကို ဘယ်လိုခုက္ခပေးရမလဲဆိုတာ တစ်ခုကိုပဲ အလိုချင်၊ အတောင့်တဆုံးဖြစ်နေမှာ၊ ငါလေ ကိုယ့်ကိုယ်ကိုပဲ ပြန်ပြီး တုရိုက်ကုတ်ဖဲ့ပစ်ချင်လာမိတယ်၊ မင်းလိုမိန်းကလေးကို ဘာကြောင့် မျက်စိကျပြီး ကမ်းလှမ်းခဲ့မိမှန်း ကိုယ့်ကိုယ်ကို နားမလည်နိုင်တော့ဘူး၊ ဒါပေမယ့် ရှိပါစေတော့၊ တည်မိတဲ့ဘုရားလင်းတပဲနားနား ကိုးကွယ်ရတော့မှာပေါ့၊ တစ်ခုပဲတောင်းပန်ချင်တယ်၊ ငါ့သားကို ခုလောလောဆယ် မင်း မနှောင့်ယှက်ပါနဲ့၊ ဖြစ်ခဲ့တဲ့ပြဿနာအားလုံးကို ဘယ်သူမှမသိရအောင် တို့ ဖုံးဖိထားလိုက်တယ်၊ ဒီလောက်အိမ်ထောင်သက်တမ်းလေးနဲ့ လင်ကို မယားက လုပ်ကြံတယ်ဆိုတာ သေလောက်အောင်ရှက်ဖို့ကောင်းတော့ ..."

"အန်တီ အဲဒီလို ပုံကြီးချဲ့ပြီးမပြောပါနဲ့၊ တွန်းပစ်လိုက်မိတာက ဒေါသအလျှောက်ရယ်၊ သတ်ပစ်ချင်ဘာမဟုတ်ဘူး"

"ဖြစ်ရလေအေ၊ သတ်ပစ်ချင်တာမဟုတ်ဘဲနဲ့များ ဝိုးလိုရွဲနဲ့နေရတဲ့ဒုမာကို လှည်းရောလှူပါ သိမ်းကျုံးပြီး ပေနှစ်ဆယ်ကျော်အထက်ကနေ တွန်းချရတယ်လို့"

ဒေါ်ဆွေလတ် ပြောနေရင်း ကိုယ့်ရင်ဘတ်ကို တဖတ်ဖတ်ပုတ်သည်။ ငိုတာလည်းမဟုတ်ဘဲ မျက်ရည်ကသူ့အလိုလိုဝေ့တက်လာသည်။

ဒေါ်ညိုတို့၊ မိုးမိုးတို့သာ အချိန်မီမကယ်နိုင်ခဲ့ကြလျှင် လှည်းက ဘီးနှင့်ရောနှောလိမ့်ကျကာ သားလေးအဖြစ်က တွေးရဲစရာပင်မရှိ။

အဆင်းမှာ ဘီးတပ်ပေးတာက နည်းဦးမည်။

သားကို အကောင်းတိုင်းပြန်ရခဲ့ပေမယ့် ဒါကိုပဲတွေးမိနေကာ မျက်ရည်တွေက တွေးတိုင်းကျ၏။

"ရေးရေးရိုပ်ရယ် ခုမှလက်ထပ်ကြတာ လပိုင်းပဲရှိသေးတယ်၊ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ပူပူနွေးနွေးမှာတောင် ညည်း ဒီလောက် လက်ရဲဇက်ရဲလုပ်တတ်နေတာ အေးစက်စက်တွေဖြစ်ကုန်ကြရင် ဘယ်လိုဖြစ်လာနိုင်မလဲ မတွေးရဲဘူး"

"အဲဒါက ရေးကြောင့် သွေးထွက်သံယိုဖြစ်တော့ ရေး အပြစ်ကပဲ အကြီးအကျယ်ဖြစ်သွားတာလေ၊ အန်တီ့သားနဲ့ မေး ..."

"ဟော့ ... ဟော့ တော်ပြီ မင်း အဲဒါတွေတစ်ခါပြောတိုင်း ဟိုမိန်းကလေး မှာ တစ်ခါထိနိုက်တယ်၊ မင်းကပြောရက်တိုင်း တို့တွေက နားမထောင် ရက်ဘူး။ အဲဒီတော့ မဲဆိုင်တာတွေထားလိုက်ပြီး ခုအကြောင်းကိုပဲ အစိ ပြောရအောင်"

ဒေါ်ဆွေလတ်က ဖုန်းပြောရင်း သားဖြစ်သူထံ လှမ်းလှမ်းကြ သည်။ ပင့်သက်ရှိုက်လိုက် တစ်ဖက်ကိုစောင်းသွားလိုက်နှင့် မျက်လုံးမှေ မှိတ်ထားလျက် မငြိမ်သက်နိုင်ဖြစ်နေသည့် သားရင်ထဲကိုလည်း စာ စိတ်ဖြစ်ရကာ ...

"အခု သားရဲ့ခေါင်းကဒဏ်ရာကိုကုတဲ့ ဆရာဝန်ကြီးက သက်သေ ပေါ့၊ ဒီပြဿနာကို လူသိမခံခဲ့ပေမယ့် ကိုယ်ထိလက်ရောက် သေကြော ကြံစည်ခံရမှုအတိုင်း ဆရာဝန်ရဲ့ ဆေးစစ်ချက်အားလုံးကို သက်သေ တမ်းယူထားခဲ့တယ်၊ ရည်ရွယ်ချက်ကတော့ မင်းရဲ့လုပ်ကြံမှုကို သား ကျန်းမာရေးအခြေအနေပေါ် မူတည်ပြီး တရားစွဲဆိုခြင်း၊ မစွဲခြင်းကို ဖြတ်မှာ"

"အန်တီက ရေး ကို ခြိမ်းခြောက်နေတာလား"

"လက်တွေ့ သတ်ရဲဖြတ်ရဲနေတဲ့သူကို ပါးစပ်ကနေ ခြိမ်းခြောက် အပိုလုပ်စရာလားအေ၊ ဥပဒေဆိုတာ မုန်းနေတိုင်း ဖမ်းချုပ်အပြစ် လို့ရတာမှမဟုတ်တာ။ ညည်းဘာသာ ခေါင်းအေးအေးထားပြီး ပြန် ကြည့်ပါ။ အခု ငါပြောချင်တာက ညည်းကို ပြဿနာရှာဖို့ အစပျိုး မဟုတ်ဘူး။ ညည်းဘက်က ဘာပြဿနာမှမရှာဘဲ သား နေကောင်း





အထိ အေးအေးဆေးဆေးနေပေးရုံပဲ"

စကားခဏရပ်လိုက်တော့ ရေး ဘက်က ငြိမ်သက်နေသဖြင့် ...

"မင်းနဲ့သားကို ကွဲကြပါလို့ ငါတို့ မတိုက်တွန်းဘူး။ ပြန်ပေါင်းဖို့ဆိုတာ လဲ မင်းတို့သဘောပါပဲ၊ အဲဒါတွေက နောက်ကျမှ ဆွေးနွေးကြ ဆုံးဖြတ် ကြပေါ့၊ မင်းတို့ချင်း ကျေနပ်သွားကြတယ်ဆိုရင် ငါတို့တွေက မပိုင်တော့ တဲ့သူတွေပါ၊ ဒါပေမယ့် ခုတော့ သားရဲ့သဘောအရရော၊ ငါတို့ဘက်က စီစဉ်ပေးသင့်တဲ့အတိုင်း ဖြစ်သင့်တာရော ဆုံးဖြတ်ချက်ချလိုက်တော့ င်းနဲ့ငါ့သားကို ဘယ်လိုမှ အဲတူတူပေးနေလို့မဖြစ်ဘူးဆိုတဲ့ အဖြေ ထွက် လာတယ်"

"အန်တီ ရှင်းရှင်းပြောပါ။ အခု ဘာဖြစ်ချင်တာလဲ"

"သားကို မင်း လုံးဝ မဆက်သွယ်ပါနဲ့၊ ပေါင်းဖို့ဖြစ်ဖြစ်၊ ကွဲဖို့ဖြစ်ဖြစ် င်းဘက်က လုပ်ပိုင်ခွင့်တွေ ဘယ်လိုရှိရှိ အဲဒါတွေကိုပြောပြီး သား စိတ် ဆင်းရဲသွားရင် ကျေနပ်ပြီဆိုတဲ့ ငါးမရရေချိုးပြန်မယ့်စိတ်မျိုးနဲ့ ဒုက္ခပေးဖို့ ကြံစည်ထားသမျှ အားလုံးကို ..."

"ရေး က မနာခံရင် ဟိုအမှုဖွင့်ပြီး တရားစွဲမယ်၊ ဒီလိုလား အန်တီ"

"ဟုတ်တယ် ရေး။ အခု ငါ့သားကို နိုင်ငံခြားခေါ်သွားပြီး ဆေးကုရင်း စိတ်ကျန်းမာဖို့အတွက်ပါ ကြိုးစားရမှာ"

"ဟင်... ဘာ ... ဘယ်လို ..."

"အရေပြားပေါ် မှာဖြစ်တဲ့ဒဏ်ရာက ဆေးကုရလွယ်တယ်၊ စိတ်မှာ ဖြစ်တဲ့ဒဏ်ရာကြောင့် လူဒုက္ခများသွားနိုင်တယ်လေ၊ အဲဒီတော့ ဘယ်မှာမှ အကျိုးမရှိတဲ့လုပ်ရပ်တွေ မင်း မလုပ်ဘဲ ပြဿနာဖြစ်ထားတဲ့ကာလလေး မှာ ခေါင်းအေးအေးထားပြီး ဘာလုပ်ကြမလဲဆိုတာကို တွေးနေလိုက်ပါ"

"အန်တီ ကိုကိုက ဘယ်တော့ နိုင်ငံခြားသွားမှာလဲ"

မေးလိုက်သံကို အစအဆုံးကြားလိုက်ပေမယ့် ဒေါ်ဆွေလတ် မဖြေ



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ဖုန်းချပစ်လိုက်ပြီး ဒီဘက်ပြန်လာတော့ လင်းအား က မျက်လုံး
ဖွင့်ကြည့်လျက် …

"ဘာတွေပြောလိုက်တာလဲ မမေ၊ အဲဒီမိန်းမရဲ့စိတ်က ကြမ်းတ
တဲ့ဘက်မှာ ပိုပြီးအနေများတာ၊ ပြဿနာပြီးချင်လို့ပြောတာက မပြီး
ပိုဆိုးလာနိုင်တယ်"

"ဆိုးပါစေ သား၊ မင်းကြောင့် မေမေ ဒီတိုင်းငြိမ်နေခဲ့ရတာ၊ မဟု
ရင် ဒီမိန်းကလေးကို တစ်ခါတည်း ထောင်ကျအောင်ကိုလုပ်ပစ်မှာ၊ သူ
အတွက်က လင်သေရင် လင်စားရတယ်၊ မေမေ့မှာ သားကို ဆုံးရှုံးလို
ရရင် ရင်ကွဲနာကျသေရုံပဲရှိတော့တယ်"

ပြောပြီး လင်းအားရဲ့ဘေးမှာ ရှုရှုလေးဝင်ထိုင်သည်။ ပတ်တီး
ထားပြီးစနဖူးမှာ ခပ်ပြေပြေဖွဲ့ကျနေသည့်ဆံပင်တွေကို တယုတယ
သပ်တင်ပေး၍ မျက်ရည်မှုတ်၏။

"သားက သူ့ကိုခွင့်လွှတ်ချင်နေတာ မေမေ မယုံနိုင်ဘူး၊ ဘာဖြစ်
လဲ၊ သူ့ကို သား သံယောဇဉ်ရှိသွားလို့လား၊ မေမေ့ကို ပြောပါဦး သားရ
မေမေက ဘယ်လောက်မုန်းမုန်း သားကချစ်နေပါပြီဆိုရင် သူ့ကို တ
အောင်ပေါင်းပြီး သားလေးကို ဂရုစိုက်ပေးပါလို့ သွားတောင်းပန်မှာ
မေမေ့သားကို နောက်ထပ် စိတ်မဆင်းရဲစေရဘူး။ ခုလဲ မေမေ့ကြောင့်

"မဟုတ်ဘူး မေမေ"

လင်းအားက ဒေါ်ခွေလတ်လက်ကို ခပ်ဖွဖွဆုပ်ကိုင်လိုက်ရင်း

"နားလည်တာနဲ့ ချစ်တာက ဝေးပါသေးတယ်၊ ကျွန်တော် သူ့
နားလည်သွားတာ ရိုင်းစိုင်းတတ်တဲ့အကျင့်ရှိပေမယ့် သူဟာ သိ
အလမ်းကြီးတဲ့မိန်းကလေးပါ၊ သူ ကျွန်တော့်ကိုချစ်နေတယ်၊ ဒါပေ
ကျွန်တော်က ချစ်တာကိုပဲ သူ မရအရ လိုချင်နေတာ"

လင်းအား က စိတ်ပျက်သည့်မျက်နှာနှင့် သက်ပြင်းရှိုက်ရင်း ခပ်





ဖြစ်သွား၏။

"သူလိုချင်တာကိုမပေးနိုင်ပေမယ့် အတ္တတွေနဲ့လုံးထွေးနေတဲ့ သူ့ရဲ့
တပ်မက်မှုကိုတော့ နားလည်ပေးချင်တယ်"

"ရှင်းရှင်းပြောပါ သားရယ်၊ သားတို့ရင်ထဲကစာတွေကို မေမေ နား
မလည်တော့ဘူး"

"ဆုံးဖြတ်လိုက်တာပါ မေမေ၊ ဒီအမှုကိုထားခဲ့လိုက်ပြီးရင် သူ ဆုံး
ဖြတ်တဲ့အတိုင်းပဲရှိပါစေတော့"

"ဘာ …"

"သူ ကျွန်တော့်ကို ကွာရှင်းပေးမှာမဟုတ်ဘူး၊ အဲဒါကို ကျွန်တော်
သိတယ်၊ ဘဝကိုဖြစ်လာတဲ့အတိုင်းပဲ ရင်ဆိုင်သွားတော့ဖို့ ဆုံးဖြတ်လိုက်
တာ၊ မေမေ့ကိုလဲ ကျွန်တော့်ကြောင့် စိတ်မဆင်းရဲစေချင်ဘူး။ အဲဒါကြောင့်
နိုင်ငံခြားသွားဖို့ကိစ္စကိုလဲ ဖျက်လိုက်ပါ၊ ကျွန်တော် မသွားချင်ဘူး"

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

"ဟင် ... ရေး ..."

ဒေါ်မမ ခြေလှမ်းတုံ့သွား၏။ မြို့ထဲကို တရကြမ်းမောင်းဝင်လာသည့် ကားက ဂငယ်ကွေ့ပုံထုတ်ထားသည့် အထွက်လမ်းဘက်ကိုကျော်လွန်မောင်းသွားပြီးမှ ရပ်၏။

ကားပေါ်ကို ပစ္စည်းတွေတင်နေတုန်းမို့ ဦးမြတ်မိုးလည်းရှိနေသည်။ ဒရိုင်ဘာအပြင် စက်ရုံမန်နေဂျာနှစ်ယောက်ပါ ရှိနေကြ၏။

သူ(?)ကတော့ လာပိုင်းကူတာမဟုတ်ပါ။ ညက မပြီးပြတ်ခဲ့သည့် စာရင်းဇယားတို့ကို ဦးမြတ်မိုး မသွားမီ အားလုံးပြီးစီးအောင် လာလုပ်နေကြတာဖြစ်၏။

အလုပ်ကိစ္စတွေပြီး၍ သူတို့လည်း ပြန်တော့မည်ဖြစ်ကာ ဦးမြတ်မိုးကလည်း ပစ္စည်းတွေ ကားပေါ်တင်ရင်း မှာလို့ ပြောလို့ မပြီးနိုင်။





ရေး က ကားကို အကြမ်းပတမ်းမောင်းဝင်လာပြီး ဦးမြတ်မိုးတို့ကား၏ရှေ့ထိကျော်သွားပြီး ရှေ့ကပိတ်သလိုရပ်လိုက်၏။

ဂျင်းဘောင်းဘီရှည်ကျပ်ကျပ်၊ တီရှပ်လက်ပြတ်လေးထက်မှာ ဂျင်းဂျက်ကက်ထပ်ဝတ်လျက် ကားတရကြမ်းမောင်းလာသဖြင့် စိတ်မောလှမောဖြစ်နေပုံက ပွရှုလန်ထွက်နေသည့်ဆံပင်တွေကြောင့် ပို၍သရုပ်ပေါ်၏။

သူမကလည်း မြင်သမျှလူတွေကို ဝေ့ဝဲကြည့်သည်။ အားလုံးကလည်း သူမကိုလှမ်းကြည့်နေလိုက်ကြ၏။ ဒါပေမယ့် မန်နေဂျာနှစ်ယောက်က ဦးမြတ်မိုးကိုနှုတ်ဆက်ပြီး ရှောင်ထွက်သွားကြသည်။

"အန်တီမမ မေး ရော"

ကားပေါ်ကဆင်းလာသည်နှင့် မျက်လုံးနှစ်လုံးစလုံး ယောက်ယက်ခတ်အောင်ပြေးလွှားနေတာ မေးကိုရှာတာမှန်း သိတော့သိသည်။ ဒီ လောက်ကမန်းကတန်း အသည်းအသန်ဆိုတော့ အံ့သြနေမိတာလည်း အမှန်။

"မေး ရောလို့..."

မောဟိုက်သံမှာ ဒေါသငွေ့တွေတောင် ပါလာခဲ့သည့်အဖြစ်။

"ဘာလုပ်မလို့လဲ ရေး၊ မေးနဲ့ညည်းတို့နှစ်ယောက်တည်းချည်းပဲ ပြောကြ၊ ရှင်းကြ-လုပ်နေခဲ့ကြတာ ဒီလောက်ဆို တော်ရောပေါ့။ အခု ဘာကိစ္စရှိရပြန်ပြီလဲ"

"ကိစ္စရှိလို့ပေါ့ အန်တီမမရဲ့၊ မေးနဲ့ရေး နှစ်ယောက်တည်းချည်းပဲ ပြောခဲ့ကြတာ၊ ရေးတို့ကိစ္စ ရေးတို့ရှင်းမှရတာမို့လို့ဆိုတာ အန်တီမမသိသားနဲ့ ရေးနဲ့လင်းအား ပြဿနာတက်ကြတာရော အန်တီမမတို့ သိပြီမဟုတ်လား"

ဒေါ်မမက တိုလီမိုလီတွေထည့်ထားသည့်ခြင်းကို ကားနောက်ခန်းထဲမှာ အပြီးသတ်ထည့်လိုက်ပြီး တံခါးကိုဆောင့်ပိတ်ပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြန်မဖြေပေမယ့် သိပြီးပြီဆိုတာကို သူမဘာသာ တွေးမိသွားမှာပါ။ ဒေါ် ခွေလတ် ဖုန်းဆက်ပြောရင်း ငိုသံတွေပါလာတော့ ဒီဘက်ကနေ ရှင်တွေတုန်၊ ဒူးတွေချောင်ပြီး ဖုန်းတောင်လွှတ်ကျချင်၏။

"မေးရယ် ညည်းညီမ လင်းအားကို လေ့ကားပေါ် ကတွန်းချသတဲ့၊ အိမ်ဖော်တွေကောင်းလို့ မသေတာတဲ့၊ ကြည့်ပါဦး"

လို့ မေး ကိုပြောပြတော့လည်း 'ဘုရား ... ဘုရား' ဟုဖြစ်ကာ ရင်ဘတ်လေးဖိ၊ မျက်လုံးတွေမှိတ်လို့ ...

မိန်းကလေး နုနုငယ်ငယ်နဲ့ ဒီလောက်ထိကြမ်းတမ်းရသလား။ မတွေးရဲ မကြားရဲခဲ့ပါ။ သူ့ဦးလေးဖြစ်သူကို ပြန်ပြောလိုက်တော့ ဒေါသဖြစ်လွန်းလို့ အသားတုန်လျက် ...

"နေပါစေကွာ၊ ဒီလိုသွေးဆိုးသွေးညစ်ကို ဖန်ပေါင်းချောင်ထဲထည့်ပြီး တယုတယသိမ်းထုပ်ထားနေဖို့မလိုဘူး၊ နေပါစေ လုံးဝမသွားနဲ့၊ ဘာသတင်းမှမမေးနဲ့၊ မေးလဲ အမြဲအစော်ကားခံနေရတာ၊ ပြေးလာရင်ခေါ်လိုက်၊ တောင်းတာရှိရင် ပေးလိုက်၊ ဘာမှမပတ်သက်နဲ့"

ဒေါသတကြီး အမိန့်ထုတ်ခဲ့၏။ ပြောလို့မှ ပါးစပ်မပိတ်သေးပါလား ဝုန်းဒိုင်းကြဲရောက်လာပြီး မေးခွန်းတွေမေးနေလိုက်တာ တရားခံမေးသည့်အတိုင်း ...။

"အန်တီမမ"

ဒေါ် မမ ပုံစံကို အားမလိုအားမရနှင့် လက်မောင်းကိုဆုပ်ကိုင်ခေါ်ပြီးမှ ဘာမှမမေးတော့ဘဲ ရေး မျက်လုံးတွေ အိမ်ပေါ် ရောက်သွားသည်။

မေး ကို အိမ်မှာရှာခဲ့ပြီးပါပြီ။ အိမ်မှာ မေး အပြင် ဒေါ် လုံးလည်း မရှိတော့ပေ။ ဒေါ် လုံးက အိမ်မှာ အနေကြာလာခဲ့ပြီဖြစ်သည့် အလုပ်သမားကောင်းတစ်ယောက်။

ညီအစ်မနှစ်ယောက်စလုံး တစ်နေကုန် ညဦးပိုင်းကုန်တဲ့အထိ ဝေး





ဝေးလံလံသွားတာတောင် ဒေါ် လုံးကို တစ်အိမ်လုံး စိတ်ချလက်ချ အပ်ခဲ့လို့ရသည့်သူ။

ထို့ကြောင့် ခြံတံခါးမှာ သော့တန်းလန်းနှင့်အဖြစ်ကို ရေး နားလည်လိုက်၏။ နားလည်ဖို့ ဒီကို အချိန်မီပြေးလိုက်လာခဲ့တာဖြစ်သည်။ ခရီးသွားခါနီးဆိုတော့ ဒီရောက်နေနိုင်တာကိုတွေးမိ၍ဖြစ်သည်။ ရောက်တော့လည်း မေး ကိုမတွေ့ပါလား။

"အန်တီမမ မေး ဘယ်မှာလဲ"

ရေး အိမ်ပေါ် အိမ်အောက် ပြေးလွှားရှာပြီးမှ ပြန်ပြေးဆင်းလာတော့ အရှုံးမလေးနှင့်တူနေ၏။ ဒေါ် မမ က ကားပေါ် ရောက်နေပြီဖြစ်ကာ ဦးမြတ်မိုးက ခါးတစ်ဖက်ထောက်လျက် ကားပေါ် မတက်သေးဘဲ စောင့်နေ၏။

"မေး ကို ဘာလုပ်မလို့မေးတာလဲဆိုတာ ညည်းအရင်ပြောမှဖြစ်မယ် ရေး"

ဦးမြတ်မိုး မျက်နှာက အရင်တုန်းက နူးညံ့သဘောထားကြီးခဲ့သည့် အသွင်သဏ္ဌာန်တွေ ဘာမှမရှိတော့ပေ။ မောကြီးပန်းကြီးဖြစ်နေသည့် ရေး ကို မျက်မှောင်ကြုတ်ကြည့်ပုံက သူနဲ့ ဘယ်တုန်းကမှမသိခဲ့ဖူးသည့် မိန်းကလေးတစ်ယောက်ကို တစိမ်းပြင်ပြင်ကြည့်တာမျိုး။

"လင်းအားကို ညည်းလုပ်ပစ်ခဲ့တာ လင်နဲ့မယား ဘာအကြောင်းရှိလို့ပဲဖြစ်ဖြစ် အဲဒါက လင်မယားပြဿနာ၊ မေးကိုတော့ နောက်ထပ်လုံးဝ အထိမခံနိုင်ဘူး၊ အခု ငါတို့နဲ့သူ တစ်ခါတည်းလိုက်မှာ၊ အဲဒီလိုပဲ ညည်းလဲဖြစ်စေချင်ခဲ့တာပဲ မဟုတ်လား၊ အဲဒီတော့ ပြန်တော့"

"မဖြစ်ရဘူး၊ ဟင့်အင်း မလိုက်ရဘူး ဘယ်မှာလဲ၊ မေး က ဘယ်မှာလဲ အခု..."

"ဘယ်မှာဖြစ်ဖြစ် မင်းသိဖို့မလိုဘူး၊ အစ်ကိုသွားမယ် တခါ လေယာဉ်



www.burmeseclassic.com

www.burmeseclassic.com



မမီဘဲနေမယ်”

ကားထဲကနေ ဒေါ်မမ-က ခပ်ပြတ်ပြတ်ပြော၏။ ဦးမြတ်မိုးကလည်း ကားထဲဝင်ထိုင်လိုက်သည်။

“အန်ကယ်မိုး”

ရေး မျက်နှာလေးပျက်သွားကာ ဦးမြတ်မိုး ဝင်သွားသည့်တံခါးဆီ ပြေးကပ်လာ၏။

“အန်ကယ်မိုး ရေး လိုက်ချင်တယ်၊ မေး နဲ့ ရေး မတွေ့လို့မဖြစ်ဘူး”

ပြော၍ နောက်တံခါးကို ဖွင့်ပြေးဖွင့်တော့လည်း မရ။ ကားကို ဂယ် ကွေ့အတိုင်း ထွက်လို့မရတော့ပြင့် ဦးမြတ်မိုးက ဘက်ခ်ဆုတ်ပြီး ခြံ ကို ထွက်၏။

ရေး ကိုယ့်ကားပေါ် ကိုပြန်ပြေးတက်ကာ လိုက်ကပ်မောင်းတော့ ခြံ မှာ ရှေ့ဆင့်နောက်ဆင့် မိသွား၏။ ကားနှစ်စီးသည် ခြံထဲကနေ ပဋိဝတ္ထု များနှင့် ထွက်ခွာခဲ့ကြပြီး ...

“ဘယ့်လိုလုပ်မလဲ အစ်ကို၊ နောက်မှာ ရေး ပါလာပြီ၊ တော်ကြာ လေဆိပ်မှာ မေး ကို တစ်ခုခုမလုပ်ဘူးလို့ မပြောနိုင်ဘူး”

နောက်ကိုလှည့်ကြည့်ပြီး ဒေါ်မမ စိုးရိမ်စိတ်တွေဖိစီးနေ၏။ ဦးမြတ် မိုး ကတော့ ယောကျ်ားသားပီပီ ဒေါ်မမလောက်တော့ မလှုပ်ရှားပါ။

ရေး ဘာဖြစ်လို့ ဒီလောက် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်ကိုပဲ တွေး ရခက်နေခဲ့၏။ လင်းအားကို လူကြီးသဘောတူလို့ လက်ထပ်ဖို့ခေါ်ခဲ့သည် ခဲ့သည်။ သူမကြောင့်ပဲ ပွဲပျက်တော့မလိုဖြစ်လို့ မေး က ပြဿနာထဲမှာ ဝင်ပါခဲ့ရတာ။

ဒီထဲမှာ လင်းအား ကရော ဘာသိခဲ့လို့လဲ။ အားလုံးဖြစ်ခဲ့သမျှ သူမ စီမံခဲ့တဲ့အတိုင်းပဲ မဟုတ်ဘူးလား။ ခုတော့ လင်းအားကို ဒုက္ခ လိုက်၊ မေးကို ပြဿနာလာရှာလိုက်။





လင်းအားကို သဝန်တိုနေတာလားဆိုပြီး အဒေါ်ဖြစ်သူက ပွင့်ပွင့် လင်းလင်းမေးဖူးသည်။ ဒီလိုလည်းမဟုတ်။

ဦးမြတ်မိုး ကားမောင်းနေရင်း ဘက်ခ်မှန်ကနေ လှမ်းကြည့်လိုက်မိ သည်။ ရေး ၏ကားလေးက နောက်မှာကပ်လျက်ပါလာ၏။ ထိုစဉ် မီးပွိုင့် မိသွားသဖြင့် ဘယ်လိုမှ လိုက်ကပ်လို့မရတော့တဲ့ ရေး ကားလေး ပြန် ဆုတ်ကျန်ခဲ့လေသည်။

“တောက်”

ရေး စတီယာရင်ကိုထုသည်။ နာရီကိုကြည့်ပြီး နှုတ်ခမ်းလေးကိုက် ထားမိ၏။ ရင်ထဲမှာ ဗလောင်ဆူအောင်ထိုးမွှေနေသည့် ဒေါသသည် မေးနဲ့ လင်းအားတို့ နိုင်ငံရပ်ခြားမှာ လွတ်လွတ်လပ်လပ်ပြန်လည်ဆုံစည်းကြဖို့ ဖန်တီးထားသောလမ်းကြောင်းကို ဖျက်နိုင်ဖို့ ...

မေး အတွက် အားလုံး ဝိုင်းဝန်းဖေးမနေကြသည်။ မေး ပဲ နစ်နာလှ သည်ဟု အားလုံးက သနားငဲ့ညှာနေကြ၏။ ဘယ်သူ ဘယ်လိုဖေးမတွေး တောတာမှ ရေး အတွက်မပါ။

ညက မေး ဆီကိုဆက်တော့ နိုင်ငံခြားထွက်ဖို့ ချက်ချင်းထစီစဉ်နေ သည် တဲ့။ မနက်ကျတော့ လင်းအားကို နိုင်ငံခြားမှာ ဆေးသွားကုမလို့ဟု ဒေါ်ဆွေလတ်က ကြေညာသည်။

ဘယ်သူက ဘယ်နိုင်ငံကိုသွားမှာလဲဆိုတာ မေးဖို့မလိုပေ။ သူတို့တွေ စီစဉ်နေကြတာဟာ မေးနဲ့လင်းတို့ ဆုံစည်းကြဖို့မှလွဲ၍ တခြားဖြစ်ဖို့မရှိနိုင်။

ကိုယ့်ဒေါသနဲ့ကိုယ် ရင်ထဲမှာ တလှပ်လှပ်ဖြစ်လာသည်။ မီးပွိုင့်လွတ် တော့ အန်ကယ်မိုးရဲ့ကားလေးကိုမမြင်ရတော့ပေ။ နာရီကြည့်လိုက်စဉ်မှာ ရင်ခုန်သံက ဒိန်းခနဲဆောင့်တက်လာသည်။ လေယာဉ်ချိန်နီးနေပြီ။ ကားကို လေဆိပ်လမ်းဘက်သို့ သတိလက်လွတ် ဖြတ်တက်ပစ်လိုက်မိ၏။

“ဟင် ...”



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးထဲမှာ ဘွားခနဲပေါ်လာသည့် အနီရောင်အငှားကားတစ်စီး က ရဲခနဲ။

"အား ..."

"ဂျိမ်း"

"ရှမ်"

"တိုက်ကုန်ပြီဟ"

ပတ်ဝန်းကျင်သည် ဇရဲပွက်သွားသလို တုန်လှုပ်ချောက်ချားသွားခဲ့ပြီး...

* * *





## အခန်း (၂၈)

"ဘယ်သူမပြု မိမိအမှုပဲ သမီး။ ကိုယ့်ညီမပေမယ့်လဲ သမီးစိတ်ကို ချွနိုင်အောင်ဖြေပါကွယ်"

ရေး ၏အလောင်းကို သပြႆသွားကြပြီဖြစ်ကာ မေး သတိလစ်သွား သည်ကို အားလုံး ဝိုင်းပြုစုနေကြရသည်။ ဆေးရုံကနေ အိမ်ကိုပြန်လာတဲ့ အထိ မေး ဘာစကားမှမပြောနိုင်။

"လာ သမီး အနားယူလိုက်ဦး"

ဟု ပြော၍ ဒေါ်မမနဲ့ ဒေါ်ဆွေလတ်တို့က မေး ကို အခန်းထဲခေါ် သွားခဲ့ကြသည်။ ငေးသည်လာသမျှကို ဦးမြတ်မိုးက ဒိုင်ခံဧည့်ခံနေခဲ့၏။

နိုင်ငံခြားသွားဖို့ အစီအစဉ်လည်း ဆုံးရှုံးမှုများစွာနှင့် ပျက်ခဲ့လေသည်။ ဒေါ်မမရယ်၊ ဒေါ်ဆွေလတ်တို့နှစ်ယောက် ဦးမြတ်မိုးနှင့်တိုင်ပင်၍ အခြေ အနေတစ်ရပ်ကို ဖန်တီးခဲ့ကြသည်။

မေးနဲ့ရေးတို့ စကားခွင့်မကြုံလိုက်နိုင်အောင် ကားအက်ဆီးဒင့်မှာ သက်ဆုံးခဲ့ရသည့် ရေးကို မေး အဖြစ်ပြောင်းလဲ၍ လူသိခံလိုက်ကြသည်။

www.burmeseclassic.com



မေး နိုင်ငံခြားသွားမလို့ လေဆိပ်ကိုအသွားမှာ ကားမှောက်ခဲ့သည် ဟု...၊

ဒါတွေကို မေး က ဘာမှမသိပေ။ စိတ်ဆင်းရဲမှာစိုးလို့ဟု ခေါင်းဆို တပ်ကာ မေး ကို နာရေးပြဿနာမှပြီးမချင်း ဘယ်သူနဲ့မှ အတွေ့မခံ သဖြင့် ထိုဖြစ်ရပ်ဟာ အများအသိအမှတ်ပြုသွားခဲ့သည်အထိ အဆင်ချော ခဲ့၏။

ထိုကိစ္စ မေး ကို ဖွင့်ပြောတော့မှ ...

"အို ... ဟင့်အင်း မဖြစ်နိုင်ဘူး အန်တီမမ၊ အဲဒါတွေ ဘယ်သူ စီစဉ် လိုက်တာလဲ၊ မေး ကိုလဲ ဘာမှမပြောကြဘူး"

နာရေးကြော်ငြာကို ဖတ်စေပြီးမှ ဒီလိုဒီအကြောင်းလုပ်ခဲ့ကြတာဆို လူကြီးတွေက အသိပေးခဲ့တာဖြစ်သည်။ မေး ထိတ်လန့်တုန်လှုပ်သွား ခဲ့၏။

ဒေါ်ဆွေလတ်တို့သာမက ဦးမြတ်မိုးကပါ လေးလေးနက်နက် ဖ ပြောလာခဲ့သည်။

"ဒီထက်အဆင်ပြေတာတောင် ဒီလောက် အဆင်မပြေနိုင်ဘူး သမီး ရေးဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလိုအဖြစ်ဆိုးခဲ့ရှာတယ်ဆိုပြီး စိတ်မကောင်း ဖြစ်ကြရပေမယ့် နမြောစရာကောင်းလောက်အောင်တော့ ဖြစ်မိုမထိုက် ဘူး။ အဲဒီလိုပြောတာကို သမီး နားလည်ပေးပါ။ သူ့စိတ်သူ့အတွေးကို အဆိုးဘက်မှာချည်းရှိနေတဲ့အတွက် မှန်ကြည့်သွားဖြီးပြီး ကိုယ့်မျက်နှာ ကို ပြန်ရန်စမယ်၊ လမ်းသွားရင်း ခလုတ်တိုက်ရင်တောင် ဘေးကလူ မင်းကြောင့်ဆိုပြီး လက်တို့ရန်စမယ်၊ သူ့မှာ အဲဒီလိုရန်လိုချင်တဲ့အတွေး စိတ္တဇဆန်ဆန်ရှိနေကြတယ် သမီး"

"အဲဒါလဲ သူ့စိတ်ခံစားချက်ကိုက သူ့ကိုဆို ဘယ်သူကမှ ဂရုမစိုက် မလိုလားကြဘူးဆိုတဲ့ အားငယ်မှုတွေ ဟိုတုန်းကတည်းက ရှိခဲ့လို့ပါ ရေး





ကို မေး နားလည်ပေးနိုင်ပါတယ်"

"အေးပါ၊ နားလည်ခဲ့ကြတာပါပဲ၊ ဒါကြောင့် အခြေအနေ ဒီလောက် ဆိုးသွားတာပေါ့၊ တကယ်တမ်း သူ့ကို ဒီလိုပြောရင်း သမီးမှာလဲ ဒီလို စိတ္တဇမျိုးဖြစ်သင့်တာပဲ၊ မိဘမဲ့ချင်းအတူတူမှာ သူက တစ်လျှောက်လုံး ဆိုးနဲ့ မိုလ်ကျလာခဲ့တယ်လေ၊ အမြဲတမ်း သည်းခံရှုံးနိမ့်ခဲ့ရတာက သူ မဟုတ်ဘူး"

ဦးမြတ်မိုးက ဘဝတစ်လျှောက်လုံးမှာ ဖြတ်သန်းခဲ့ရသမျှကို မေး အမှန်အတိုင်း သုံးသပ်မိအောင် စိတ်ရှည်လက်ရှည် ပြောပြသည်။

မေး ပါးပြင်လေးထက်မှာ စွန်းထင်းလာသမျှ မျက်ရည်တွေကိုတော့ ဒေါ်မမက ပွေ့ဖက်သုတ်ပေးနေရင်း ...

"မကောင်းခဲ့တဲ့အကြောင်းတွေကကော ရေး ကိုလက်ထပ်ပေးဖို့ လိုက်ကတည်းက ဖြစ်လာခဲ့တာပါ သမီးရယ်၊ တကယ်ဆိုရင်လေ သမီးနဲ့ မောင်လင်းအားနဲ့သာ ဖူးစာဆုံထိုက်နေတာပါ၊ ပွဲတက်လက်ထပ် ခဲ့တာကိုက ရေးနဲ့မှမဟုတ်ဘဲကွယ်"

"ဟုတ်ပါတယ် သမီးရယ်၊ မေမေလေ မေမေ့ချွေးမလေးအဖြစ် သမီး လေးလိုသဘောထားခဲ့တာက သမီးကိုပါ၊ အစကတည်းက ခုချိန်ထိ သမီး ဆို ..."

"ဟင့်အင်း မဖြစ်နိုင်ပါဘူး၊ မေး အဲဒီလိုမလုပ်ဘူး"

လူကြီးတွေက စကားကို ဒီဘက်ရောက်အောင် ဘယ်လိုပြောပြော မေး က အရောက်မခံပေ၊ ရေး ဖွင့်မပြောခဲ့ပေမယ့် လင်းအားကို ရေး အစ်ဖက်သတ်စွဲလမ်းလွန်း၍သာ ဒီလိုအမှားတွေ ဆက်တိုက်ကျူးလွန် လာခဲ့တာမှန်း မေး သိသည်။

သူမ ဘယ်လိုမှ ဆုံးရှုံးမခံနိုင်အောင် ရူးသွပ်ခဲ့သည့်ယောကျ်ားကို မေး ဘယ်လိုသဘောထားတွေနဲ့ဆက်လက် လက်တွဲသွားရမှာလဲ၊ ဒါပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ဒေါ်မမကတော့ ဖျောင်းဖျဆဲပင်။

"မေး ကားအက်ဆီးဒင့်ဖြစ်ပြီးဆုံးသွားပြီဆိုတာ သတင်းစာကြော်ငြာနဲ့တကွ တိုင်းသိပြည်သိဖြစ်သွားပြီးပြီလေ၊ ပြီးတော့ သမီး စဉ်စားကြည့်ပါကွယ်။ အစကတည်းက လူသိများခဲ့တဲ့ ရေး ဟာ ခပ်ဆိုးဆိုး ပွတ်ဆတ်ဆတ်၊ မေး ဆိုတာကို သိတဲ့လူ ဘယ်နှစ်ယောက်ရှိသလဲ လက်ချိုးရေလို့ရတယ်၊ ရေး ရဲ့ဆိုးခဲ့တဲ့သမိုင်းကို သမီး က ရေး အဖြစ်နဲ့ ပြန်ပြီးသန့်စင်ပေးတာ သဘာဝကျပါတယ်၊ မရှိတော့တဲ့လူကို တမ်းတငိုကြွေးနေလဲ ဘာမှထူးလာမှာမဟုတ်တော့ဘူးမဟုတ်လား။ မေး ဘယ်ရောက်နေနေ လူစိတ်မဝင်စားဘူး၊ ရေး ကို လူတိုင်းသတိထားနေကြတာ၊ ဒါကြောင့်လဲ မေးနဲ့ရေး ဘယ်လိုပြောင်းလဲသွားသွား လူတွေ သတိမထားခဲ့ကြတာပေါ့"

"အန်တီမမရယ် မေး က ရေး ဖြစ်ရမှာကို မေး ငြင်းနေတာမဟုတ်ပါဘူး၊ ဒါပေမယ့် ..."

လင်းအားနဲ့ ရေး အဖြစ် ပေါင်းသင်းရမှာက မဖြစ်နိုင်ပါ။ မေး ခေါင်းတခါခါဖြစ်နေတာကို ဒေါ်မမက လက်မလျှော့ပါ။

သူမတို့မှာလည်း ဒီမိန်းကလေးနှစ်ယောက်ကြောင့် ကိုယ့်ယောက်ျားနဲ့ ကိုယ်တောင်မှ အေးဆေးနေထိုင်ကြရတယ်ဆိုတာ မရှိခဲ့ပေ။

သူ့တူမလေးတွေကို စောင့်ရှောက်ဖို့တာဝန်ရှိသည်ဟု ယောက်ျားဖြစ်သူက ပြောတော့လည်း ဒေါ်မမ နားလည်ပေးခဲ့သည်။ ငယ်စဉ်ကတည်းက ချိုပိုးထိန်းကျောင်းခဲ့ဖူးသည့် ကလေးတွေဖြစ်လို့ သူမကိုယ်တိုင်ကလည်း သံယောဇဉ်ရှိခဲ့သည်။

နောက်ကျတော့ မိန်းကလေးအပျိုအရွယ်လေးတွေမို့ မိခင်၏ စောင့်ရှောက်မှုမျိုးသာ ပိုကောင်းသည်ဟု တွေးမိကာ သူမ ဒီထိပါလာပြီး ကိုယ်တိုင် စောင့်ရှောက်ပေးခဲ့သည်။

ဒီလိုစေတနာတွေကိုတောင်မှ မေး က သိတတ်နားလည်မှု ရှိ





သလောက် ရေး က အထင်လွဲစော်ကားခဲ့ပါသေးသည်။ ရှိစေတော့၊ ဒါတွေက ပြီးခဲ့ပါပြီ။

ကျန်ခဲ့တာက သမီးလေးလိုချစ်ခဲ့ရသည့် မေး အတွက် စိတ်အေးရဖို့ပဲဖြစ်သည်။ အစကတည်းက မေး ကိုထားခဲ့ရပြီဆိုလျှင် ဦးမြတ်မိုး ဟိုတုန်းကလိုပဲ မြန်မာပြည်ကို မကြာမကြာ ပြန်ပြေးလာနေဦးမှာ ဖြစ်သည်။

ကိုယ့်မိသားစုမှာ သားသမီးငယ်ငယ်နှောင်းနှောင်းမရှိလို့သာ ဟိုမှာဝစ်ထားခဲ့လို့ရပေမယ့် တစ်ချိန်ချိန်မှာတော့ မိသားစု စုံစုံလင်လင် အေးအေးချမ်းချမ်းနေချင်မိသည်။

ဒီလိုစိတ်အေးချမ်းသာနေရဖို့က မေး အတွက် စိတ်ချလက်ချ အခြေအနေတစ်ရပ်မှာ ထားခဲ့နိုင်မှဖြစ်မှာပါ။

ခုကျတော့ မိန်းကလေးငယ်ငယ်ရွယ်ရွယ်နှင့် စီးပွားရေးတွေက တစ်ဖက်၊ ပြီးတော့ တစ်ကောင်ကြွက်၊ အစက ဒေါ်ဆွေလတ်ကိုလည်း အပ်ခဲ့သည်။ လင်းအား ကိုလည်း အပ်မိ၏။

"သမီး မေးကို နှုတ်၏စောင့်မခြင်း၊ လက်၏စောင့်မခြင်းပေါ့နော်၊ ညီအစ်မချင်းကတော့ သိတဲ့အတိုင်းပဲ၊ ရေး က သူ့အစ်မအပေါ်ကို ဟိုတုန်းကတည်းက ဆိုးနွဲ့ခဲ့တာ၊ မခွေကပဲ လူငယ်တွေကြားမှာ အဆင်ပြေအောင် သလိုနေပြီး မေး ကိုစောင့်ရှောက်ပေးပါ"

ဒေါ်မမ ပြောတော့ ဒေါ်ဆွေလတ်ကလည်း သဘောတူသည်။

"စိတ်ချပါ မမရယ်၊ မေးကို ကျွန်မကာ ချစ်ခဲ့သလို သားကလဲ သံယောဇဉ်ရှိခဲ့တဲ့ပုံပါ၊ သားရဲ့ခြေထောက်တွေ ပြန်ကောင်းလာရင် သူ သမီးကို တစ်ဖက်တစ်လမ်းကနေ ကူညီနိုင်မှာပါ"

အားလုံး အပ်နှံချိတ်ဆက်ခဲ့ပြီး သွားတော့ဖို့ဖြစ်လာတဲ့အထိ စိတ်ချသက်ချတော့မဟုတ်ခဲ့ပါ။

မေးကိုယ်တိုင် နိုင်ငံခြားကို လိုက်မလို့ ချက်ချင်းစီစဉ်နိုင်ခဲ့တာဟာ



www.burmeseclassic.com

www.burmeseclassic.com



ညီမဖြစ်သူအတွက် သူမဘာသာ နားလည်ပေးလိုက်ခြင်းကြောင့် ဖြစ်နိုင်သလို လင်းအားကို နိုင်ငံခြားမှာ ဆေးကုဖို့ ဒေါ်ဆွေလတ် စီစဉ်ခဲ့တာလည်း တကယ်ပဲဖြစ်သည်။

သွားဖြစ်ကြရင်တောင်မှ ဒါဟာ တစ်လမ်းစီ၊ တစ်နေရာစီဖြစ်ဦးမှာပဲ ဒါပေမယ့် လင်းအား မသွားတော့ဖို့ဆုံးဖြတ်ခဲ့တာကို ရေး မသိပါ။

နှစ်ဖက် အချိန်းအဆက်လုပ်ပြီးသွားသည်ဟုအထင်လွဲကာ ကိုယ့်ကြမ္မာကိုယ်ငင်ခဲ့ခြင်းပင်။ အားလုံးဟာ ဘယ်သူတစ်ဦးတစ်ယောက်က လုပ်ကြံဖန်တီးမှုမှ မပါခဲ့ဘဲ ကံတရားအတိုင်း အလိုအလျောက် ဖြစ်ပျက်သွားခဲ့ခြင်းတွေပဲဖြစ်သည်။ ဒါတွေကို မေး လက်ခံသွားနိုင်ဖို့ပဲ လိုပါ

"မဆွေ ဆိုရင် ဒီလိုတွေဖြစ်လာတာဟာ သမီးနဲ့သူ့သား ဖူးစာဆုံတာပဲလို့သတ်မှတ်ပြီး ဝမ်းသာကျေနပ်နေရှာတာ"

ဒေါ်မမက မေး ကို တွေးချိန်၊ ငေးချိန်မရှိလောက်အောင် ဒါပဲ တ ပြောနေခဲ့၏။ ဦးမြတ်မိုးကတော့ ဒါက မိန်းမသားချင်းသာ ပြောသင့်သ ကိစ္စတွေမို့ ဖြစ်သင့်တဲ့အတိုင်း ဖြစ်စေချင်နေပေမယ့် ဘာမှဝင်မပြောတော့

"သမီးရယ် ..."

ဒေါ်မမက မေး ခေါင်းဖြီးနေတာကို အနားဝင်ထိုင်ပြီး ဆံနွယ်ရှည်တွေကို တယုတယသပ်တင်ပေးသည်။ ဘာပြောတော့မှာကို သိလိုက်သဖြင့် မေး မျက်နှာလေး ညိုနေပေမယ့် မပြောပါနဲ့လို့လည်း မတားနိုင်

"အန်တီမမက လာမယ့်အပတ်ထဲမှာ ပြန်တော့မှာ၊ သမီးကို စိတ်လို့ဆိုပြီး သမီးဦးလေးကတော့ နောက်ဆံတင်းနေမှာဝါပဲ၊ သူ နေ့တောင် စကားဟာနေပြီ"

"ရှင် ..."

"ဟုတ်တယ် သမီး၊ ညီအစ်မ မတည့်ပေမယ့် အစကတော့ လင်းတို့ မဆွေတို့က ဆွေမျိုးတွေပဲလေ၊ အခု ရေး မရှိတော့ဘူးဆိုတော့ သ





က တစ်ကောင်ကြွက်ဖြစ်သွားပြီ၊ အနေအထားက အဲဒီလိုကွာသွားခဲ့တာ သမီးရဲ့။ အန်တီတို့လဲ ဟိုမှာ အနေဖြောင့်အောင် မဆွေတို့သားအမိကိုလဲ ကြေးဆပ်ရာရောက်ပါတယ် သမီးရယ်"

"ဘယ်လို အန်တီမမ၊ ကြေးဆပ်ရမယ် ဟုတ်လား"

"ဟုတ်တယ် သမီး၊ လင်းအားကို ရေး က လုပ်ကြံခဲ့တာပဲ၊ ဒေါ်သ အလျောက်ဆိုပေမယ့် ကယ်မယ့်သူမရှိရင် သေမှာပဲလေ၊ ပြီးတော့ လင်းအား ဒုက္ခိတဖြစ်ခဲ့တာလဲ တွေးကြည့်မယ်ဆို သမီးတို့ရဲ့ ပြောင်းလဲ မှုတွေကြောင့်ပဲ။ တကယ်တော့ သူတို့သားအမိက ဒီအဖြစ်အပျက်တွေထဲမှာ ကြားညပ်ဒုက္ခရောက်ကြရတဲ့သူတွေပါ"

ဒါ မှန်နေတာပဲမို့ မေး ငိုင်ကျသွားခဲ့သည်။ လင်းအား ဖုန်းဆွဲဆက်ပြီး ရင်ဖွင့်ခဲ့တဲ့စကားသံတွေကိုလည်း မကြားရဲလို့ နောက်ထပ် ဖုန်းမကိုင်ဘဲနေခဲ့တာ သူမကိုယ်တိုင်။

"မင်းတို့ ကျေနပ်တယ်မဟုတ်လား မေး၊ ကိုယ့်အတွက်ကတော့ မင်းပေးခဲ့သမျှကို ယူထားမှာပါ၊ ဖိတ်စာပေါ်မှာ ရေး က ကိုယ့်နေရာမှာ ပေမယ့် ကိုယ့်ရင်ခွင်ထဲရောက်ခဲ့တာ ဖိတ်စာတစ်စောင်မဟုတ်တော့ ဖြုတ်ထုတ် ချွင်းဝစ်လိုက်ဖို့ မလွယ်ဘူး" တဲ့။

သူ ဘာတွေကို တမ်းတကျန်ရစ်ခဲ့သည်လဲ။ လက်ထပ်ခဲ့ကြပြီး ကင်း ရှင်းစွာနေထိုင်ခဲ့ကြပေမယ့် မေး ရဲ့ ပါးကလေးတွေ၊ နှုတ်ခမ်းလေးတွေကို တော့ သူ သိမ်းပိုက်ခဲ့ဖူးလေသည်။

ဒါကို ပြောချင်တာလား။

သူ့အသံကိုကြားရတိုင်း ချောက်ချောက်ချားချားဖြစ်ရလျက် ဖုန်းလာတိုင်း နံပါတ်ကိုကြည့်ပြီး ပိတ်ပစ်ခဲ့ရတာ အကြိမ်ကြိမ်။ လင်းအားကို ဘယ်လိုမျက်နှာနဲ့ ရင်ဆိုင်ရမလဲ။ ထို့ပြင် ရေး စွဲလမ်းတမ်းတခဲ့သည့် ဒီ ရင်ခွင်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရေးကိုပဲ ခေါင်းထဲထည့်ကြည့်မနေပါနဲ့ သမီးရယ်"

ဒေါ်မမက မေး ရဲ့ မေးဖျားလေးကို သူမဘက်ဆွဲလှည့်ကာ မေး ကိုင်ထားသည့်ဘီးကိုလည်း ဆွဲယူထားလိုက်ပြီး ...

"မဆွေခမျာ သမီးကလက်မခံဘူးဆိုလို့ စိတ်ထိခိုက်သွားရှာတာ ဒီနေ့ဆို တစ်ခါမှတောင်ဖုန်းမဆက်သေးဘူး။ ညကတော့ပြောပါတယ်၊ သမီးကို သူတို့ဘက်ကိုင်ငဲ့ညာဖို့ စာနာဖို့တွေနဲ့ ကိုးကားပြီး မတိုက်တွန်းပါနဲ့တဲ့"

စကားပြောနေတုန်းမှာ ဖုန်းသံဝင်လာသဖြင့် ဒေါ်မမက ထ,ကိုင်လိုက်၏။

"ဟလို"

"....."

"ဩော် ..."

ဒေါ်မမ မျက်လုံးတွေ မေး ထံသို့ဝေ့လာပြီး ခေါင်းတညိတ်ညိတ်နှင့် ဘာတွေပြောနေသည်မသိ။

"ခဏနော်"

ဖုန်းကို ဘေးမှာချထားခဲ့ပြီး ဒေါ်မမက မေး ဆီကိုလျှောက်လာ၍-

"သမီး ... သမီးအန်တီဆွေက သမီးနဲ့ ပြောချင်လို့တဲ့"

မေး ကပျာကယာထလာပြီး ချထားသည့်ဖုန်းကို ကောက်ယူလိုက်သည်။

"ဟာလို အန်တီ မေး ပါ"

"သမီး ... သမီးရဲ့အစ်ကို သမီးနဲ့စကားပြောချင်လို့တဲ့၊ ခဏလောက် အချိန်ပေးနော်"

"ရှင် ... ဟို ..."

မေး ဘာမှမပြောရသေးမီ ဖုန်းကလက်ပြောင်းသွား၏။

"မေး"



"ရှင်"

"ကိုယ့်အသံကြားလိုက်လို့ စိတ်ညစ်သွားလား"

"မညစ်ပါဘူး"

"မပျော်ကြတာချင်းအတူတူပါပဲကွာ"

"ရှင် နေကောင်းသွားပြီလား"

"ကျေးဇူးတင်ပါတယ်"

"ဟင်... ဘာကိုလဲ"

"လူနာမေးဖော်ရတာကိုပါ"

"အဲဒီလိုတော့မပြောပါနဲ့ရှင်၊ ဒီဘက်မှာလဲ ..."

"ဟုတ်ပါတယ်၊ မပျော်ကြတာချင်းအတူတူပဲလို့ ကိုယ်ပြောနေတာပဲဟာ၊ ဒါပေမယ့် ကိုယ်ကတော့ မင်း စိတ်ချမ်းသာအောင် တိတ်တိတ်လေး နေပေးခဲ့တာ၊ မင်း စိတ်ကျန်းမာရဲ့လားဆိုတာကိုတော့ မေးလဲမေးတယ်၊ စိုးရိမ်စိတ်နဲ့လဲ ဆုတောင်းနေပါတယ်"

"ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး"

လင်းအား အသံ က ဒေါသသံလိုလို၊ ဒါပေမယ့် သက်ပြင်းချသံသဲ့သဲ့နှင့်အတူ လေသံက ချက်ချင်းပြေကျသွားလျက် ...

"မင်း ကိုယ့်ကိုတွေ့စေချင်တယ်"

"ဟင် ... ဘာ ..."

"ဟုတ်တယ်၊ မင်းကိုတွေ့ချင်ပေမယ့် မင်းက လာချင်မှာမှမဟုတ်တာ၊ အဲဒါကြောင့် ကိုယ့်ကိုတွေ့စေချင်တာ။ အကြင်နာဆိုတာ ကရုဏာစိတ်ကနေမြစ်ဖျားခံတာများလားလို့ တွေးမိပြီး ကိုယ် ဘယ်လိုနေရတယ်ဆိုတာကို မင်း မြင်စေချင်တာ၊ သနားခံရတာကို သိပ်မုန်းခဲ့တဲ့ကိုယ်ဟာ မင်းရဲ့ ကရုဏာမျက်ဝန်းတစ်ချက်ကိုတော့ လိုချင်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူပြောနေတာကို မေး ဘာမှမပြောဘဲ နားထောင်နေလိုက်မိသည်။

"မေး"

"ကျွန်မ နားထောင်နေပါတယ်"

"ထွက်သွားပြီးကတည်းက မင်း လုံး၀ ပြန်မလာခဲ့ဘူးနော်"

"လာဖို့မှမလိုတာ ကိုလင်းအား။ ဖြစ်နိုင်ရင် အားလုံးကို အိပ်မက်တွေပဲထားလိုက်ချင်တာ"

"ဟုတ်မှာပါ၊ ကိုယ်ယုံတယ်၊ ဒါပေမယ့် အိပ်မက်မဟုတ်ဘူးဆိုတာတွေကို မင်းကိုမြင်စေချင်တယ်၊ မင်း ထွက်သွားတဲ့နောက်မှာ ကိုယ့်ရဲ့ ရှင်သန်ခြင်းတွေ ဆိတ်သုဉ်းသွားခဲ့ရတဲ့အဖြစ်ကိုပေါ့၊ လူချင်းတူလို့ မိတ္တူထားလိုက်တာ အောင်မြင်သွားပေမယ့် နှလုံးသားမှာ မိတ္တူမရှိဘူး။ အဲဒီအဖြစ်ကို ကိုယ် လက်မခံနိုင်တဲ့အတွက် ပေါက်ကွဲခွင့်ပေးလိုက်ရတာ ခြေထောက်တစ်ဖက်ပဲ"

"ဒီလို အဆုံးလမ်းမပြောပါနဲ့၊ ရှင့်ခြေထောက်က ဒီထက်မြန်မြန် ပြန်ကောင်းရမှာကို ရှင် ဂရုတစိုက်ကုဖို့ပဲလိုတာ"

"ထားလိုက်ပါ၊ ကိုယ်ဟာ တောင်ပံကျိုးတဲ့ ငှက်တစ်ကောင်ဖြစ်သွားပြီဆိုရင် ဇာမဏီငှက်လို လှလာအောင် ဖန်ဆင်းခြယ်သပေးမယ်ဆိုလဲ မလိုအပ်တော့ဘူး၊ ကိုယ် တစ်ခုပဲ မင်းဆီကကြားချင်တယ်"

သူ ဆက်မပြောသဖြင့် နှစ်ဖက်စလုံး တိတ်ကျသွားကြ၏။ ပြီးမှ ...

"အားလုံးက မင်းကို ရေး အဖြစ်နဲ့လိုချင်ကြတယ်၊ ကိုယ်က မဟုတ်ဘူး၊ ကိုယ် ဘယ်တုန်းကမှ ရေးကို အလိုမရှိခဲ့တဲ့အတွက် မင်း ရောက်လာမယ်ဆိုရင် ..."

"ကျွန်မ အဲဒီလိုဆုံးဖြတ်မှာမဟုတ်ဘူး ကိုလင်းအား"

"ဆုံးဖြတ်ပါ၊ မင်းကြိုက်သလိုဆုံးဖြတ်လို့ရတယ်၊ ဒါပေမယ့် မင်း ဖုန်းထဲကနေဆုံးဖြတ်ချက်တွေမချပါနဲ့၊ လူကြုံပါးပြီးတော့လဲ မင်းရဲ့ဆုံးဖြတ်





ချက်ကို မကြေညာပါနဲ့၊ မင်း ကိုယ့်ရှေ့ကိုလာခဲ့ပါ၊ ကိုယ်တို့ ချက်နှာချင်းဆိုင်တွေ့ပြီးမှ ကြိုက်သလိုဆုံးဖြတ်ပြီး လှည့်ပြန်သွားပါ၊ ကိုယ့်ဘက်က အလိုချင်ဆုံးအရာဟာ အဲဒါပဲ မေး။ မင်းရောက်လာနိုင်မယ်လို့ ကိုယ် မျှော်လင့်ပါတယ်"

"ကိုလင်းအား"

သူ ဖုန်းချသွားပါပြီ၊ မေး ဖုန်းကိုင်လျက်နှင့် တံတွေးမျိုရင်း လည်နှင်နေမိသည်။ အဲဒီလို မတွေ့ရဲတာကို ဘယ်လိုလုပ်ရမလဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

"ဟယ်… သမီးလေး ပါလာတယ်"

ဒေါ်ဆွေလတ် ဝမ်းသာအားရကြိုဆိုလိုက်ပုံကြောင့် ဒေါ်မမ မျက်နှာထက်ကအပြုံးက မှဲ့တဲ့တဲ့ကြီးဖြစ်သွား၏။ မေး ကလည်း အင်အားမဲ့သောပြုံးပြခြင်းဖြင့် မျက်လွှာလေးချသည်။

သူမတို့လာခဲ့ကြတာ သတိတရလည်ပတ်လာတာမဟုတ်သလို ထာဝရနှုတ်ဆက်ဖို့လည်း မပါပေ။ သူပြောတဲ့အတိုင်း နှုတ်ဆက်ကြဖို့ဖြစ်၏။

"ဖြစ်ရလေ သမီးရယ်၊ မဆွေခမျာ အရမ်းကိုမျှော်လင့်နေရှာတာ" ဟု မေး က တိုင်ပင်တော့ အန်တီမမ စိတ်မကောင်းစွာပြောခဲ့သေးသည်။

ခုလို ဒေါ်ဆွေလတ် ကြိုဆိုလိုက်ပုံက သူမ ရောက်လာဖို့ကို ဘယ်လောက်ထိမျှော်လင့်ထားခဲ့မှန်း ဖော်ပြလိုက်သလိုပင်။ မေး စိတ်မကောင်းဖြစ်သွားမိလေသည်။

သံယောဇဉ်တွေဖြစ်ခဲ့ဖူးသည်မို့ ကြင်နာတတ်သည့်ရင်ထဲမှာ ရိုးမျက်ဝန်းများ၏အကြည့်က စူးနင့်စွာဝင်ရောက်သွားခဲ့၏။





"လာကြ … လာ သမီး ထိုင်၊ မယ်ခင်ရေ ညှို့သည်တွေ ညနေစာစားမယ်၊ အထူးချက်စမ်း"

"အို… ရေလုပ်ပါနဲ့ မဆွေရယ်၊ ကျွန်မတို့ ပြန်ကြမှာ"

"ဟုတ်ပါတယ်၊ မေး တို့ ခဏပဲ"

"ခဏပဲထိုင်ပြီး ပြန်လဲရပါတယ်ကွယ်၊ ဒါပေမယ့် မစားဘဲသွားကြလို့ သွန်ပစ်လိုက်ရရင်လဲ ထမင်းတစ်နပ်စာလောက်နဲ့ ထိခိုက်သွားဖို့မရှိပါဘူး"

ဒေါ်ဆွေလတ် ပျာယာခတ်နေသည်။ ဟိုတုန်းက သားအမိနှစ်ယောက်နေထိုင်ခဲ့ပုံရသည့် မိတ်ကပ်ရောင်ဖျော့ဖျော့နှင့်တိုက်ကြီးသည် ထုံးခြောက်ရောင်နုနုနှင့် ခန်းဆီးရှည်ကြီးတွေ မှန်ချပ်တွေမှာ အပြည့်ချထားသဖြင့် မဟာဆန်ဆန်လှနေသည်။

ညှို့ခန်းကျယ်ကြီးတစ်ခုလုံးမှာ ပုဂံခေတ် ပန်းချီကားကြီးတစ်ချပ်ကို ခေါင်းရင်းနံရံတစ်ဝက်ခန့်တင်ထားပြီး တခြား ခေတ်ပုံ၊ ပိုစတာ ဘာဆိုဘာမှမရှိ။

စရမ်းရောင်အပွင့်သေးသေးလေးတွေ ပြောက်ကျားပွင့်နေသောသုံးပေလောက်မြင့်သည့် သစ်ပင်စိမ်းစိမ်းအုပ်အုပ်လေးတွေ ညှို့ခန်းထောင့်မှာ ချထားပုံက မျက်လုံးအေးသည်။

အပွင့်လေးတွေကို မေး က တယုတယသွားကိုင်ကြည့်တော့ ဒေါ်ဆွေလတ် က အနားရောက်လာကာ …

"အဲဒါ ဂျပန်ကျားသစ်လို့ခေါ်တယ် သမီးရဲ့၊ အခု စရမ်းရောင်ပွင့်ပြီးရင် အဝါနဲ့ရှားရင့်ရောင်လေးတွေ သူ့လိုပဲ ကန့်လန့်ဖြတ်အရစ်အတိုင်း ဆိုတ်ပွင့်လာကြတယ်"

"ဟင် ဟုတ်လား"

"ဟုတ်တယ်၊ တစ်ရစ်ကို ရှစ်ရက်၊ ကိုးရက်ကြာအောင်ပွင့်တယ်၊ ရှားရင့်ရောင်လေးက အကြွေအမြန်ဆုံးပဲ၊ အပွင့်ကြွေသွားရင် ဝက်မှန်စေ့လေး



www.burmeseclassic.com

www.burmeseclassic.com



တွေ ထွက်ကျသွားတယ်၊ အဲဒီအစေ့လေးတွေကို သူ့အဝင်ခြေမှာ ပြန်ထည့်ပေးလိုက်တာနဲ့ ဘာအားဆေးမှ ဖျန်းဖို့မလိုတော့ဘူး”

“ဩော် … ချစ်စရာကောင်းလိုက်တာ”

“အရမ်းလဲရှားတယ်၊ သူက ရေမကြိုက်ဘူး၊ ညညဦ့နက်လောက်မှ နှစ်ရက်တစ်ကြိမ်လောက်ပဲ ရေလောင်းရတယ်၊ အဲဒါလဲ အရွက်လေးတွေပေါ် ရေတင်ရုံပဲဖျန်းရတာ၊ မီးရောင်ကြိုက်ပြီး နေရောင်ကိုမကြိုက်ဘူး”

“တော်တော်ရှားမှာပဲနော်”

“မြန်မာပြည်မှာတော့မရှိဘူးပေါ့၊ သား ဂျပန်မှာ ME တန်းအောင်ပြီးဘွဲ့ယူတုန်းက အပြန်မှာ ပါလာတာ၊ ဟိုမှာတော့ သိပ်မရှားဘူးလို့ပြောတာပဲ သမီးရဲ့”

“ဒါနဲ့ သားကိုမမြင်ပါလား”

ဝင်လာကတည်းက ဒေါ်မမက လင်းအားကိုရှာနေမိတာဖြစ်သည်။ ဟိုနေ့က ဖုန်းထဲမှာ ဘာတွေပြောခဲ့ကြမှန်းမသိသော်လည်း ဖုန်းပြောပြီးကတည်းက မေး ပြောင်းလဲသွားခဲ့တာကို သတိထားမိခဲ့၏။

မဖြစ်နိုင်ပါဘူးလို့ပဲ သွက်သွက်ခါအောင် ငြင်းနေခဲ့သည့် မေးက ခေါင်းပဲညိတ်တော့မလိုလို၊ ပိုတွေး ပိုငိုင်သွားခဲ့သည်။

နောက်ဆုံးမှာ ဒီတိုင်းပဲဆုံးဖြတ်ခဲ့တာမှန်ပေမယ့် သူမမျက်နှာလေးမှာ သံသယဓာတ်၏ရောင်ရိပ်တွေ လေးလေးနက်နက်ထင်နေခဲ့၏။ ထို့ကြောင့် သူတို့ချင်းဆုံတဲ့အခါ ဘာတွေပြောကြမလဲ၊ ဘယ်လိုဖြစ်လာမလဲ။

တစ်ခုခု ပြောင်းလဲသွားလေမလားလို့ မျှော်လင့်မိတာလည်းပါ၏။ ဒေါ်မမ မေးလိုက်မှ ဒေါ်ဆွေလတ် က အနီးဆုံးဆိုဖာထောင့်မှာ ထိုင်လိုက်ကာ …

“လာ သမီး ထိုင်”

မေး ကိုလည်း တစ်ယောက်ထိုင်ဆိုဖာမှာ လက်ကလေးဆွဲ၍ ထိုင်





စေလိုက်ပြီး …

“သားကလေ ခေါင်းကဒဏ်ရာတော့ ပျောက်သွားပါပြီ၊ ကျန်းမာရေးလဲ မဆိုးပါဘူး၊ ဒါပေမယ့် အရမ်းတွေးလွန်း၊ ငိုင်လွန်းလို့ ညညဆို ဝရန်တာမှာပဲ အချိန်ကုန်တာများတယ်”

ဒေါ်မမက မေး ကို ဖျတ်ခနဲလှမ်းကြည့်၏။ မေး မျက်နှာလေး မလှုံမလဲနှင့် ငုံ့ပစ်လိုက်သည်။

“အဲဒါကြောင့် သမီးရယ် မေမေ တစ်ခုတော့တောင်းပန်ပါရစေ၊ ဟိုလေ.. သမီးတို့ လွတ်လွတ်လပ်လပ်ဆွေးနွေးကြပါ၊ ဒါပေမယ့် သားလေး စိတ်ထိခိုက်သွားနိုင်မယ့်စကားမျိုးဆိုရင်တော့ နည်းနည်းထိန်းပြောပေးပါနော်၊ သမီးရဲ့ ဆုံးဖြတ်ခွင့်ကို မေမေ အခွင့်အရေးမယူပါဘူး၊ မေတ္တာရပ်ခံတာပါ”

“သူ ဘယ်မှာလဲဟင်”

“ခြံထဲမှာ”

မေး တစ်ယောက်တည်း ခြံထဲဆင်းလာခဲ့တော့ အန်တီမမက မျက်ဝန်းစကားများဖြင့် တားဆီးနေခဲ့၏။

မေး ဘာတွေပြောမှာမှန်း သိနေလို့ဖြစ်လိမ့်မည်။ ခြေလှမ်းတိုင်းက အစီပွာယ်မဲ့နေသလိုပင်။ ခြံကြီးက ကျယ်လွန်းကာ သူ ဘယ်အရပ်မျက်နှာထောင့်မှာရှိနေမှန်းလည်း မသိဘဲ တွေ့ချင်စိတ်လည်းမဖြစ်ပါ။

လှမ်းနေရင်း နောက်ပြန်လှည့်ချင်သလိုဖြစ်လာခဲ့သည်။ သူမ ဘာဖြစ်နေသည်မှန်းမသိ။ မြက်ခင်းစိမ်းလေးတွေ ပြန့်ပြူးလျက် ခုနစ်ပေကျော်ကျော်လောက်အမြင့်တင်ထားသည့် ပန်းဆိုင်းနှင့် ဥယျာဉ်ငယ်လေးကို လှမ်းမြင်လိုက်ရတော့ မေး ခြေလှမ်းတုံ့သွား၏။

ရောင်စုံပန်းပွင့် ပန်းနွယ်တွေ ဝိုင်းပတ်ခြံရံထားသည့် ပန်းခြံလေးအလယ်မှာ ဝိုးလ်ချဲကို လှမ်းမြင်နေရကာ လူကိုတော့ မတွေ့ရသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



ဆက်လျှောက်လာတော့မှ ဘေးတန်းကျောက်ခုံလေးထိပ်မှာ ထိုင်နေသည့် လင်းအားကို မြင်လိုက်ရ၏။ အဖြူရောင်ရှပ်အင်္ကျီလက်ရှည် လည်ကတုံးနှင့် ကြေးနီရောင်ချည်ချောပုဆိုးကွက်စိပ်ကို ဝတ်ထားသည်။

သူ့ကို ဘောင်းဘီရှည်နဲ့ချည်းပဲ မြင်ဖူးခဲ့တာမို့ ဆံပင်တွေ သိမ်းလှန်ဖြီးထားသည့် ဒီပုံစံကျတော့ မဟာဆန်ဆန်ချောနေပြန်သည်။

သူက ကိုယ့်ဘက်ကို ကျောပေးထားသလိုဖြစ်နေသဖြင့် မျက်နှာကို နားသယ်စပ်နှင့်မေးရိုးနားလောက်ပဲမြင်နေရသည်။ ကျောက်ခုံ၏နောက်မှီမှာ ခပ်တောင့်တောင့်မှီကာ ခြေချင်းချိတ်ထိုင်ရင်း လက်တစ်ဖက်က ဆန့်တင်ထား၏။

အသံမပေးတော့ဘဲ မေး က တစ်လှမ်းချင်းလျှောက်နေရင်း သူ့ကို ငေးနေခဲ့၏။ လင်းအား ဆိုသည့်လူ တော်တော်စကားတတ်ပါ၏။ တစ်ဖက်သားမလှုပ်နိုင်အောင် ချည်ပြီးတုပ်ပြီးပြောတတ်တာကိုလည်း ကြောက်မိသည်။

သူ ဘာတွေမေးမှာလဲ၊ ဘာတွေပြောခိုင်းဦးမှာလဲ။

မေး သူ့နောက် မလှမ်းမကမ်းကိုရောက်တော့ ခြေစုံရပ်နေမိသည်။ ထိုစဉ် လင်းအားက ကျောက်ခုံနောက်မှီကို ဆန့်တင်ထားသည့်လက်နှင့် အားပြုရပ်လိုက်၏။ ငုံးလိပ်ချုံက သူ့နဲ့ဆို နှစ်ကိုက်ကျော်ကျော်လောက်တော့ ဝေးနေခဲ့သည်။

ဒီခုံကို သူ ဒီတိုင်းပဲ တမင်တကာ လမ်းလျှောက်လာခဲ့တာလား၊ မေး ကြည့်နေဆဲမှာ သူ့လက်ထဲမှာ တုတ်တစ်ချောင်းကိုကိုင်လိုက်တာတွေ့ရ၏။

တုတ်ကို အားပြု၍လျှောက်တော့ မေး မျက်လုံးပြူးသွားမိသည်။ လျှောက်နိုင်တာမဟုတ်ဘဲ သူ ဖွတ်လျှောက်ဖို့ကြိုးစားနေတာဖြစ်သည်။

အမြင်မတော်သည့်စိတ်နှင့် သူ့ကိုတွဲကူပေးမလို့ ခြေလှမ်းပြင်မိ





တုန်း ...

"အမလေး"

လဲသည့်လူတာမအော်ဘဲ မေး လန့်ဖျပ်အော်ကာ သူ လဲကျသွားသည်ဆီကို ပြေးသွားခဲ့မိသည်။ လင်းအား က တုတ်ကောက်တစ်ဖက်နှင့် ကျောက်ခုံလေးကို လှမ်းကိုင်အားပြု၍ ပြန်ထရပ်ဖို့ပြင်နေရင်း မေး တို မော့ကြည့်၏။

"နေဦး၊ မထနဲ့ဦးလေ၊ မေး ထူပေးမယ်"

"ရတယ်၊ ဖယ်ပါ၊ ထောက်ကာစဆို ဒီလိုပဲ၊ အနာခံလိုက်ရင် ရသွားတာပဲ၊ အခုက နှခေါင်းထဲကို သနပ်ခါးနံ့ဝင်လာလို့ ခြေထောက်ကို မေ့သွားတာ"

သူ့ကိုထူမလို့ သူ့ဘေးမှာ ပုဆစ်တုပ်လေးထိုင်ချလိုက်သည့် မေး ကို သူက ငေးမော့ကြည့်သည်။

ရေချိုးပြီးစလို ဝင်းစိုနမွတ်နေသည့် သူ့မျက်နှာကိုလည်း မေး က ငြိမ်ကြည့်၏။ တစ်ယောက်ကို [illegible]စ်ယောက် အကြာကြီးငေးနေခဲ့ကြပြီးမှ ငြိမ်တူ မျက်နှာလွှဲကြသည်။

"လာလေ၊ ဒီဘက်က မေး ကိုတွဲ"

သူ့လက်ထဲကတုတ်ကောက်ကို ဖယ်ပစ်လိုက်ပြီး မေး က လက်မောင်းကို ဖွဖွလေးဆုပ်ကိုင်၏။ လင်းအားက မေး လက်ကလေးကို ဖယ်ချလိုက်သည်။

"ကိုယ်လဲရင် သူ မထူနိုင်ပေမယ့် လှမ်းဆွဲလိုက်တိုင်း ကိုယ့်လက်ထဲမှာ သူပါလာတာပဲ"

ပြောလိုက်ပြီး တုတ်ကောက်ကိုပဲ သူ့လှမ်းယူလိုက်ရင်းအားပြုသည်။

"ဒီလိုပဲသွားလာတတ်အောင် ကိုယ်ကျင့်နေတာ၊ အကျင့်ပျက်အောင် လုပ်ခဲ့ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အို... မလုပ်နဲ့ အား ..."

သူ့ဟာသူ ပြန်ထရပ်ရင်း ယိုင်တိယိုင်တိုင်ဖြစ်ပြန်ကာ မေး က အတင်းဝင်ဆွဲလိုက်တော့ တုတ်ကောက်လွတ်သွားသည်။

အမှတ်တမဲ့မို့ လင်းအား က အားပြုရင်း ပခုံးလေးကိုသိမ်းဖက်ထားလိုက်၏။ တစ်ယောက်နဲ့တစ်ယောက် ထိန်းနေကြရင်းက ဖက်ထားမိကြသလို ဖြစ်ကုန်ကြသည်။

သူက မေး မျက်နှာလေးကို စိုးရိမ်ပူပန်စွာ ကြည့်လျှင် မေး ကလည်း မော့ကြည့်၏။

ခဏလေး သတိလက်လွတ်ငေးသွားမိကာ မေး မျက်နှာလေး လွှဲဖယ်လိုက်တော့ လင်းအား က မေး ပခုံးလေးကို နှစ်ဖက်ဆုပ်ကိုင်၍ မျက်နှာလေး ပြန်မော့လာအောင်ယူသည်။

"မေး"

"....."

"မင်း... မင်း ကိုယ့်ဆီကို တကယ်ရောက်လာတယ်နော်၊ ဒီလိုဆုံဖြတ်ခဲ့ပါတယ်ဆိုတဲ့ စကားတွေကို မင်း ပြောရဲတဲ့အကြောင်း သတ္တိတွေလာပြတာပေါ့"

"မေး က ..."

"မင်းရောက်လာကတည်းက ကိုယ် နားလည်လိုက်ပါတယ်"

"အဲဒါ ရှင် တကယ်နားလည်တာမဟုတ်ဘူး လင်းအား၊ ကျွန်မတို့..."

"မေး လို့ပဲပြောပါ၊ မင်း မရင်းနှီးချင်မှန်း ကိုယ်သိတယ်၊ ကျွန်မတို့ တော့မပြောပါနဲ့တော့"

ဒါလေးတွေက အစ သူ သတိထားနေခဲ့ပါလား။ မေး မျက်လွှာချလိုက်တဲ့အထိ သူ့ဆီ မျက်ဝန်းတွေ ပြန်ရောက်လာအောင် မေး ပခုံးလေးကို ဆွဲခါပစ်သည်။





"ကိုယ့်ကို တည့်တည့်ကြည့်ပြီးပြောပါ၊ မင်းကို အရမ်းမျှော်လင့်နေခဲ့တဲ့ ဒီကောင်ကို မင်း တကယ်ထားရစ်ခဲ့နိုင်သလား"

မေး ဘာမှမပြောနိုင်။

"မင်းကို ကိုယ် ချစ်မိသွားခဲ့တယ်၊ မင်းထွက်သွားတဲ့နောက်မှာ မင်းရဲ့ နှုတ်ခမ်းတွေကို တမ်းတရင်း မျက်လုံးထဲမှာ ဘယ်လိုအလှမှမရှိတော့လောက်အောင် ရူးသွပ်ခဲ့တာ"

"အို ..."

မေး မျက်နှာ ဖြန်းခနဲထူပူသွားသည်။ သူကိုင်ထားသည့်လက်တွေကို ဖယ်ချပေမယ့် မရ။ အတင်းအကျပ်ရုန်းကြိုးစားကြတော့ ကိုယ်ကိုလှုပ်လိုက်တာနှင့် သူ့ဘက်မှာ ယိမ်းယိုင်သွားတာကို သတိရကာ မရုန်းနိုင်။

လင်းအားသည် မေး ကိုယ်လုံးလေးကို ခါးလှလှလေးကနေ ဖွဖွလေး သိမ်းဖက်ထားလိုက်ပြီး တဖြည်းဖြည်းချင်းတိုးဖက်သည်။

ပြီးတော့ ဆံနွယ်များထဲမှာ သူ့မျက်နှာနှစ်သွင်းကာ ...

"ကိုယ် မလွှတ်ချင်တော့ဘူး မေးရယ်၊ ကိုယ့်ကို ခွဲမသွားပါနဲ့ သနပ်ခါးနံ့လေးသင်းနေတဲ့ မင်းရဲ့ပါးကလေးတွေကို ကိုယ် ပိုင်ဆိုင်ပါရစေ၊ ချိုတဲ့ နှုတ်ခမ်းလေးတွေမှာ ယစ်မူးခွင့်ပေးပါ၊ ချစ်လို့ပါ မေးရယ်"

တမ်းတရူးသွပ်စွာ ကြဲဖြန့်နေသည့်အနမ်းများအောက်မှာ မေးကို သူ ဘာမှပြောခွင့်မပေးတော့ပေ။

* အချစ်သည် လေပွေ ...
အနမ်းများက မိုးစက်ပွင့် ...
ချစ်သူများ၏...
ချစ်ခြင်းခွန်းဆင့်ကြရာဝယ်...
လေလည်းရောကာ မိုးလည်းပါ၏ *

***

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

"ဒါ ဘာပွဲလဲဟေ့"

"ဘာပွဲမှန်းတော့မသိဘူး ဆရာ၊ စားလို့တော့ အရမ်းကောင်းတာပဲ"

ခြံထဲမှာပဲ စီစဉ်ထားသည်ဆိုပေမယ့် ညှော်ခံပွဲလေးကစိုပြည်နေသည်။ စပွဲကိုးဝိုင်းမှာ လူစုံတက်စုံလည်းရောက်နေကြပြီမို့ သီချင်းသံနှင့်ရောတို့ မီးပွင့်လေးတွေ ပြေးလွှားလင်းလက်နေကြပုံက ပို၍အသက်ဝင်လှပနေ၏။

တစ်ယောက် ရောက်လာပြီးနှုတ်ဆက်တိုင်း ရှက်ရလွန်းလို့ မေ မျက်နှာလေးမှာ မိတ်ကပ်ပြေပြေလေးပဲလိမ်းထားပါလျက်နှင့် နီမြန်း ရဲတွတ်နေရှာသည်။

ဒါကို လင်းအားက သဘောကျလို့မဆုံး။ ဒေါ်ဆွေလတ်ကလည်း တပြုံးပြုံးနှင့်။ ထို့ပြင် ဒေါ်ညိုတို့အုပ်စုမှာလည်း ပြေးထွက်ကြည့်လိုက် အလုပ်ပြန်ပြေးလုပ်လိုက်နှင့်ဖြစ်နေကြ၏။

"ပြောစမ်းပါကွ၊ စားရတာ ပိုအစီဓွာယ်ရှိတာပေါ့"

လင်းအားကိုကုသပေးသည့် အရိုးအကြောအထူးကုပါရဂူဖြ ဒေါက်တာဦးကောင်းမိုးက သိလျက်နှင့် မရမက အစ်ထုတ်နေသည်။



အားလုံးက မေးကိုကြည့်၍ ရယ်သူကရယ်၊ စတဲ့သူကစ၊ ရှက်လွန်းလို့ ထွက်ပြေးဖို့ မေး ခေါခေါကြိုးစားသည်။ လင်းအားက မေး ပခုံးလေးကို ခပ်ကျပ်ကျပ်ဆွဲဖက်ထားသဖြင့် ဘယ်လိုမှပြေးမရ။

"မောင်နော် မေး ငိုတော့မယ်"

"ဟော ... ဟော ... ဒေါ်ရေးရေးရိပ်၊ ငိုမဲ့မဲ့နဲ့ သူ့ယောကျ်ားကို ကပ်ကြိမ်းနေပြီ"

"ဟုတ်လား။ အဲဒါကြောင့်ပြောတာပေါ့ လင်းအားကို၊ လူလာတိုင်း ပြောပြမနေရအောင် မွေးနေ့တို့ မင်္ဂလာညှော်ခံပွဲတို့လို ရွှေစာလုံးလှလှ လေးတွေနဲ့ လူတိုင်းဖတ်လို့ရအောင် စာရေးတင်ထားပါဆိုတော့ ..."

"ပြောပါဦး။ မင်းက အရင်စာစီပြလိုက်လေ"

တစ်ယောက်က စပေးပြီး တစ်ယောက်က ထောင်သည်။ မေး မျက်နှာ ဘယ်လိုမှ ပြန်မမော့တော့ဘဲ လင်းအားဗိုက်ကိုပဲ တံတောင်လေး နဲ့ဖိတွတ်နေရှာ၏။

"ဒီလိုလေဗျာ၊ ကျွန်တော်နဲ့ ရေးရေးရိပ်တို့ရဲ့ အိမ်ထောင်သက် ဒက် ဒတ်ဒက်မှာ ဒီနေ့ ကျွန်တော့်ဇနီးမှာ ကိုယ်ဝန်သုံးလ အတိအလင်းရှိနေ ပါသဖြင့် အလွန်မင်္ဂလာရှိသောနေ့ထူးနေ့မြတ်မှာ ကျက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံနေသည့် ဇနီးသည်အား ထိုက်ထိုက်တန်တန် ဂုဏ်ပြု နိုင်မြင့်သော မင်္ဂလာညှော်ခံပွဲဖြစ်ပါကြောင်း ..."

"ဟေး ..."

"ဟား ဟား"

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

လက်ခုပ်သံတွေ ဆူညံသွားသည်။ မေး ဘယ်လိုမှ ခိုင်ခိုင်ရပ်မနေ နိုင်တော့ဘဲ အတင်းရုန်းထွက်ပြေးခဲ့မိ၏။

ရင်ထဲမှာ ပျော်တာတွေရော၊ ရှက်တာတွေရော စုပြုံလှုပ်ရှားနေခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။

အိမ်ထောင်သက်တစ်လျှောက်မှာ လူအများက ရေးရေးရိပ်လို့ သတိမှတ်ခေါ်ဝေါ်နေကြတာလည်း ကြာလာတော့ နားယဉ်သွားခဲ့ပါပြီ။

ညှော်ခံပွဲ မပြီးမချင်း လုံးဝ ပြန်မသွားတော့ဘဲ မေး အခန်းတံခါး ပိတ်နေခဲ့မိ၏။ မေး ကို သူ သည်းသည်းလှုပ်ချစ်ခဲ့သည်။ ယုယသည်၊ အထိလိုက်သည်။

မေးနဲ့အတူနေခဲ့ကြပြီး ငါးလမပြည့်မီကာလမှာ သူ ခြေထောက်ချော်ပြန်ကောင်းသွားခဲ့တာဖြစ်၏။

ဒေါ် ဆွေလတ်က မြေးလိုချင်သည်။ သူကလည်း တားဆီးမထားခဲ့ခဏခဏတောင်းပန်ခဲ့၏။

တစ်နှစ်ကျော်ဆိုသည့် အိမ်ထောင်သက်တမ်းအရ ကလေးယွန်နည်းနည်းစောသေးပေမယ့် သူတို့က တမ်းတနေကြသဖြင့် မေး ကလည်း မတားဆီးခဲ့ပါ။

အိမ်ထောင်သက် တစ်နှစ်နဲ့ခြောက်လမှာ ကိုယ်ဝန်သုံးလရှိခဲ့တာ စမ်းသပ်စစ်ဆေးပြီး သေချာသွားခဲ့သည်။

မေး ကလည်း သေချာမှပြောတာပါ။ ဒေါ် ဆွေလတ် မျက်ရည်များပင် ဝဲနေခဲ့၏။

လင်းအား က လှို့ဝှက်ကြံစည်ကာ ဒီညှော်ခံပွဲကို စီစဉ်၏။

ရှက်လိုက်တာ ဘယ်လိုခံစားချက်မျိုးနှင့် တင်စားပြရမှန်းမသိတော့ပေ။ ကိုယ်ဝန်ရှိတာကို ဒီပွဲမျိုးခင်းကျင်းပြီးကြေညာစရာလား။

ဒီလောက်တောင်ရှုးရသလားလို့ သူများတွေ ကဲ့ရဲ့မှာကို သူပဲ မစွန့်မကြောက်။

"မေး ..."

"....."





"မေး တံခါးဖွင့်ကွာ၊ အပြင်မှာ မောင့်မိတ်ဆွေတွေ ပြန်မလို့၊ နှုတ်ဆက်ဖို့စောင့်နေတယ်"

"မောင်နော် မလာဘူး၊ ဟင့်အင်း"

"မေး ကကွာ ..."

"မောင် သူများကိုမတိုင်ပင်ဘဲနဲ့ လျှောက်လုပ်တာ၊ ဘာမှန်းမသိဘူး၊ လုံးဝမလာဘူး။ ဒါပဲ"

"ဟော မေမေ လာနေပြီ၊ မေး ခဏဖွင့်လိုက်၊ တော်ကြာ မေမေစိတ်မကောင်းဖြစ်သွားဦးမယ်"

မေမေလို့ပြောလိုက်မှ တံခါး ဖျတ်ခနဲပွင့်သွားသည်။ လင်းအား က အခန်းထဲကို အလုအယက်ဝင်လိုက်ကာ တံခါးကို နောက်ပြန်ပိတ်လိုက်၏။

"တွေ့လား ညစ်တာ"

မေး က ကြည်ပြာရောင်ပေါ်မှာ အဖြူရိုက်လေးတွေပါသည့် ပိုးပျော့သားဝတ်စုံကို ချပ်ချပ်ကပ်ကပ်လေးဝတ်ထားကာ ဆံပင်ရှည်တွေကို ကျစ်ဆံမြီးနှစ်ဖက်ခွဲ၍ ရင်အုံနှစ်ဖက်ပေါ်မှာ ချထားသည်။

ဆံပင်အဖျားတွေမှာ မေ အဖြူအပွင့်လေးတွေပါသည့် ခေါင်းစည်းကွင်းလှလှလေးတွေနှင့်ချည်ထားဖြင့် ယဉ်စစလေးနှင့် မဟာဆန်သည့်အလှမျိုးပင်။

"မိန်းမက အရမ်းချစ်ဖို့ကောင်းတာပဲကွာ"

"မောင် နော်"

သူ့မျက်နှာ ငုံ့လာတာကို ရှောင်ပစ်လိုက်ရင်း ရင်ခွင်ထဲ တိုးဝင်မိသည်။ ပြီးတော့ ကျောပြင်ကျယ်ကို ပြန်၍သိုင်းဖက်ထားမိ၏။ လင်းအား က မေး ရဲ့ပခုံးလေးကိုရင်ခွင့်ထဲမှာ ထွေးပွေ့ဖက်ထားရင်း ...

"တကယ်ပြောတာ၊ ဒီနေ့ စုံတွဲလာကြတာ အမျိုးမျိုး အပြိုင်အဆိုင်တွေ ဝတ်စားပြင်ဆင်လာကြတာပဲ၊ ဒါပေမယ့် မောင့်မိန်းမလောက် ကျက်

www.burmeseclassic.com



သရေမင်္ဂလာရှိရှိလှတာ တစ်ယောက်မှမပါဘူး"

"မြောက်မနေနဲ့ ဒီတစ်ယောက်ပဲမွေးပေးမှာ"

"ဟာကွာ နိမိတ်မရှိ နမာမရှိ၊ မောင့်ကလေးလေး အဖော်မဲ့အောင် တော့ မလုပ်ပါနဲ့ မိန်းမရာ၊ မောင်ကလေ သားတွေသမီးတွေနဲ့ မိန်းမနဲ့..."

"ကလေးမွေးရတာ သချိုင်းကို ခြေတစ်ဖက်လှမ်းထားရတာတဲ့ သိလား။ သူ မမွေးရတိုင်း မစာမနာ ..."

မေး သူ့ရင်ဘတ်ကိုထုပစ်လိုက်ပြီးပြောတော့ လင်းအား က မေး ရဲ့ မေးဖျားလေးကိုမော့ယူလိုက်ပြီး စိုးရိမ်သည့်မျက်ဝန်းများနှင့် စကား လည်း ရုတ်တရက်မပြောနိုင်။

တစ်ခုခုကို နားမလည်နိုင်ဖြစ်သွားသလို ငေးမောနေပြီးမှ ...

"မောင် ကြားဖူးပါတယ်၊ ဒါပေမယ့် အဲဒါတွေက မိခင်တစ်ယောက်ရဲ့ မေတ္တာတရားကို တင်စားကြတာမဟုတ်ဘူးလားဟင်၊ ဒါ တကယ်ဆို ရင်..."

"မောင်ရယ်"

မေး လင်းအားရဲ့လည်ပင်းကို လက်နှစ်ဖက်နှင့် ဖွဖွလေးသိုင်းဖက် လိုက်ကာ ...

"တင်စားပြောရုံသက်သက်တော့ ဟုတ်ပုံမလား မောင်ရယ်၊ သား သမီးကို လူ့လောကထဲရောက်အောင် မွေးထုတ်လိုက်နိုင်ပေမယ့် ကိုယ့် အသက်နဲ့ဆက်ပေးသွားခဲ့ရတဲ့ မိခင်တွေ ရှိခဲ့တာလဲ အများကြီးပဲပေါ့၊ ဒါပေ မယ့် မွေးဖွားရမယ့်ဝတ္တရားဟာ မိန်းမတွေမှ ကျေပွန်နိုင်တာပဲ မောင်ရဲ့၊ မေး က မောင့်ကို စတာပါ"

"မေးရယ် မောင့်ရင်သွေးကို မောင် မက်မောရတာ မင်းနဲ့မောင်ရဲ့ မိသားစုဘဝလေးတစ်ခုကို-လှပစိုပြည်အောင် ဖန်တီးချင်တာ၊ ကြီးထွား ချင်တာ၊ အဲဒါ မေးကို မောင် သိပ်ချစ်လို့"





"မေး သိပါတယ်၊ မေး ကလဲ မောင့်အတွက် မောင် စိတ်ချမ်းသာအောင် ဆိုရင် မေး တတ်နိုင်တာအားလုံး ဟင့်အင်းဆိုတာ မရှိစေရအောင် လိုက် လျောချင်တဲ့သူပါ၊ ဒါပေမယ့် ..."

မေး မျက်နှာလေးမှာ ရှက်စနိုးအမူအရာတွေဖြစ်သွားတော့ လင်းအား သဘောပေါက်သွားသည်မို့ ပြုံးလိုက်ကာ ...

"ပြောလေ၊ ဒါပေမယ့်ဆိုတာ မလိုက်လျောနိုင်တာတစ်ခုခု ရှိနေသေး တဲ့သဘောလား"

သိရက်နဲ့မေးမှန်းသိတော့ မေး က သူ့ရင်ခွင်ကရုန်းထွက်ကာ လက် ပိုက်လေး နှောက်ဆုတ်ရပ်လိုက်၏။

"မောင် ပြန်သွားတော့ သွား၊ မေး မလိုက်ဘူး"

"ဟာ ... ဟုတ်သားပဲ၊ ဟိုလူတွေ ခုလောက်ဆို လည်ပင်းရှည်နေ လောက်ပြီ၊ လာပါ မေးရယ်၊ ဟို ... မန်နေဂျင်းဒါရိုက်တာ ဦးအောင်သူ ရဲ့ မိန်းမက မေး ကို အရမ်းချစ်စရာကောင်းတာပဲတဲ့၊ ကိုယ်ဝန်ဆောင်တွေ ဘယ်လိုနေရစားရတာတွေ၊ ဘယ်လောက် စိတ်ချမ်းသာစရာကောင်းတာ တွေ သူ ပြောပြချင်လို့ခေါ်ခဲ့ပါဦးတဲ့၊ သွားရအောင်နော်၊ ခုနက ကြေ နောက်ကြနဲ့ စကားကောင်းကောင်းမပြောရသေးဘူးလေ"

"မလိုက်ဘူးကွာ၊ မသိဘူး၊ မောင် အရမ်းသည်းတာကိုပဲ သူတို့က စနေကြတာ၊ ဟုတ်လဲဟုတ်နေတာပဲဟာ"

"ဘယ်ကလာသည်းရမှာလဲ၊ အဲဒါ မောင်က မောင့်မိန်းမကို ဘယ် လောက်တန်ဖိုးထားမြတ်နိုးကြောင်း ကြေညာပေးလိုက်တာ၊ သူတို့ကသာ ရယ်ကြတာပါ၊ သူတို့ရဲ့မိန်းမတွေကျတော့ မင်းကို သိပ်ကံကောင်းတဲ့မိန်းမ ဆိုပြီး အထင်ကြီးအားကျနေကြတာ သိရဲ့လား"

လင်းအား က မေး ခါးလေးကိုသိုင်းဖက်ကာ ဘေး ကနေ မေး ရဲ့ နားသယ်စပ်လေးကို မြတ်မြတ်နိုးနိုးနမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မျက်တောင်ကော့လေးဆီမှာ နှုတ်ခမ်းနဲ့ တို့းတိုက်နမ်း၍…

"မေး ကို မောင် သိပ်ချစ်တာပဲ"

ဟု ပြောသည်။ တံခါးဖွင့်မလို့ လှမ်းကိုင်ပြီးမှ မဖွင့်ဖြစ်ဘဲ မေး တစ်ကိုယ်လုံး သိမ်းကျုံးဖက်ထားလိုက်ကာ …

"မောင့်ကို ဘယ်လောက်ချစ်လဲဟင်"

မေး က သူ့မျက်နှာကို ချစ်မဝနိုင်သည့်မျက်ဝန်းများနှင့် ရွှန်းရွှန်းစားစားငေးနေရင်း …

"တယ်လိုတိုင်းတာပြရမှန်းမသိအောင်ဘဲ မောင်၊ ဘယ်လောက်ချစ်ပါတယ်လို့ပြောလိုက်ရင် ပေါ့သွားမလားလို့စိုးရိမ်မိလောက်အောင် ချစ်တယ်၊ မောင် သိပ်ချစ်တာကို ယုံကြည်ပြီ တသိမ့်သိမ့်ကြည်နူးမြတ်နိုးနေမိတာ၊ တကယ် မောင့်ကို မေး သိပ်ချစ်တယ်"

"ပြောတတ်လိုက်တာကွာ"

တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာဖက်ထားရင်း ချစ်သူ့ဘဝကထက် ပို၍မြတ်နိုးတပ်မက်သောအနမ်းများက မွှေမွှေမွှေးမွှေး။

"သားရေ … သမီးတို့ အထဲမှာလား"

မေး သူ့လက်တွေကိုဖယ်ချရန်းထွက်ကာ သူ့ကျောနောက်ကို ပြေးကွယ်ပြီးသားဖြစ်သွား၏။

ပြီးတော့ ပါးကိုင်လိုက်၊ နှုတ်ခမ်းကွယ်လိုက်နှင့် ဗျာအောက် ပြေးဝင်တော့မလို နေစရာမရှိဖြစ်နေသည့် မေး ကို ပြန်ငဲ့ကြည့်ကာ လင်းအားက ရယ်ကျဲကျဲနှင့် …

"ရှိတယ် မေမေ"

ဟု အသံပေး၍ သူ့ကျောနောက်မှာပုကပ်နေသည့် မေး လက်ဖျားလေးကို နောက်ပြန် မမိတမိ လှမ်းဆုပ်လိုက်ပြီး …

"မေမေ မေးရင် မောင် ပြောလိုက်မယ်၊ ဒီကောင်မလေး နှုတ်ခမ်းနီ





ဝင်ဆိုးနေလို့ စောင့်ခေါ် နေရတာလို့"

"မောင် နော်"

သူ့လက်မောင်းကိုကြိတ်ထုကာ ကိုယ့်နှုတ်ခမ်းလေးကို ယောင်ယမ်းကိုက်ထားလိုက်မိသည်။ ဘယ်လောက်ထိတောင် အဖြစ်ဆိုးနေပြီလဲမသိ၊ လူဆိုး။

"အမလေး အပြင်မှာ ဧည့်သည်တွေကိုထားပြီး လင်မယား ဒီမှာလာချိန်းတွေ့နေကြတာလား၊ ဖြစ်ရမယ် ဒီနှစ်ယောက်က …"

မေမေက ပြုံးအိနေသည့်မျက်နှာကြီးနှင့် နောက်မှာကွယ်နေသည့် မေး လက်တစ်ဖက်ကို ဆွဲခေါ် ထုတ်သည်။ မေး က မျက်နှာလေးငုံ့ချထားရင်း ပါလာသဖြင့် မေးဖျားလေးကို သူမပဲ မော့ယူလိုက်သည်။

"ဒီနေ့ မေမေ့သမီးလေးက အလှဆုံး၊ မေမေ့ မျက်နှာပွင့်ရတဲ့ သမီး၊ ပြီးတော့ မေမေ့ကို စိတ်ချမ်းသာစေတဲ့သမီး"

ပြောပြီး နဖူးပြေပြေလေးကို ငုံနမ်း၏။

"ဒီပွဲလုပ်လို့ သမီး အရမ်းရှက်နေတာ မေမေသိတယ်၊ ဒါမျိုး ဘယ်သူမှမလုပ်ကြတာ ရှက်မှာပေါ့၊ ဒါပေမယ့် သားက သည်းသည်းလှုပ်ချစ်နေတာကို လူတွေသိအောင် ခေါ်ပြသလိုဖြစ်သွားတာဆိုတော့ သမီးက ဂုဏ်ယူရမှာ"

"မေး သိပါတယ် မေမေ"

"ဒါဆို မရှက်နဲ့တော့နော်၊ ကိုယ့်ယောကျ်ားလက်ကိုချိတ်ပြီး မိခင်လောင်းတစ်ယောက်ရဲ့ ဂုဏ်ကျက်သရေနဲ့ ခံ့ခံ့ညားညားထွက်လာခဲ့၊ နှုတ်ဆက်ကြမလို့ ဧည့်သည်တွေစောင့်နေကြတယ်"

"ဟုတ်"

မေမေ ထွက်သွားတော့ မေး နောက်ကနေ လိုက်လျှောက်သည်။ လင်းအား က မေး ပခုံးလေးနှစ်ဖက်ကို နောက်ကပြန်ဆွဲသွားလိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"နှုတ်ခမ်းနီ အရောင်နည်းနည်းနေသေးတယ်ကွ၊ ပိုရဲသွားရင် ဒီထက်လှမှာ"

"သွား ..."

"အား ... ဟား ဟား"

သူ့ဗိုက်ကို တံတောင်နဲ့တိုက်ပစ်လိုက်သဖြင့် ကိုယ်ကြီးကုန်းကျသွားလျက် လင်းအား ရယ်လို့မပြီးနိုင်။ နှစ်ယောက်အတူထွက်လာကြစဉ်မှာ မေး ပခုံးလေးကို လင်းအား က ဖက်ထားလျက်ကာ ဒေါ်ဆွေလတ်ကလည်း ဒေါ်ဆွေလတ်ကလည်း တစ်ဖက်ကနေ မေး လက်ဖဝါးလေး တစ်ဖက်ကို ဆွဲကိုင်ထား၏။

ရယ်မောပျော်ရွှင်နေကြသည့် လူတွေအားလုံး ဒီဘက်ကိုလှမ်းကြည့်နေကြလျက် ခေါင်းတညိတ်ညိတ်၊ ပြေးလာတဲ့သူက လာ။

ထိုစဉ်မှာ မေး ခြေလှမ်းလေးတုံ့သွား၏။ သူမရှေ့မှာ ကျောက်စိမ်းရောင်ဝတ်စုံနှင့် မြရောင်လက်ဝတ်ရတနာတွေဆင်ကာ တစ်ကိုယ်လုံးဖိတ်ဖိတ်တောက်နေသည့် အမျိုးသမီးသည် ပြုံးမြမြနှုတ်ခမ်းများနှင့် မေးကို မျက်နှာကနေ ခြေဖျားထိ ရှေ့တည့်တည့်ကနေရပ်ကြည့်၍ ...

"ကွန်ဂရက်ကျူလေးရှင်း မေမေးဆက်"

"ရှင် ..."

မေး မျက်နှာပျက်သွား၏။ အားလုံးသည် သူမကို ရေးရေးရိပ်အဖြစ်ဂုဏ်ပြုနှုတ်ဆက်ဖို့ ရောက်လာကြတာဖြစ်ကာ မေး ကို မေးတဲ့သူလည်းမရှိ။ ဟိုတုန်းကရော ခုရော မေး ကိုသတိတရစိတ်ဝင်စားတဲ့သူ မရှိခဲ့တာလည်း ထူးဆန်းသည့်ကိစ္စ မဟုတ်ပေ။

နှစ်ယောက်က ပုံစံတူ၊ မျက်နှာတူဖြစ်ကာ တစ်ယောက်က ရေ တစ်ယောက်က မီး၊ မီးကိုပဲ လူတွေ ဂရုစိုက်မိကြတာမျိုး။

ထိတ်လန့်ပူထူသွားတာမျိုးတော့ မဟုတ်ပါ။ ဒါပေမယ့် ထိုအမျိုးသမီး





၏မျက်နှာပေါ် က လျှို့ဝှက်ခြင်းတစ်စုံတစ်ရာကို သူမ၏အပြုံးများမှာ တွေ့နေရသည်။

သူမကို မေး က မသိဘဲ သူမက မေးကို ဘာဖြစ်လို့သိနေခဲ့တာလဲ။ ထို့ပြင် မေး နဲ့ ရေး ပြောင်းထားခဲ့သည့်အဖြစ်ကို သူမက သိနေသဖြင့် အံ့သြထူးဆန်းနေမိသည်။

"ဩော် ... မေ့နေတာ၊ တို့နှစ်ယောက် စကားမှမပြောဖြစ်ကြသေးတာ၊ တို့က ယုနီးကုမ္ပဏီက MD ဦးအောင်သူရဲ့ဇနီး၊ ဟိန်းလတ်ရဲ့ အစ်မအကြီးဆုံးပေါ့"

"ဟုတ်ကဲ့"

သူမက စကားမဆက်ဘဲ ရပ်ပစ်လိုက်သဖြင့် မေး ခေါင်းညိတ်လိုက်ရသည်။

သူမက နာမည်ကိုလည်းပြောမပြသေးပါ၊ မေး ခေါင်းညိတ်လိုက်တာကိုပဲ မှားကွက်တစ်ခုလို စူးစိုက်အကဲခတ်၍ ပြုံးနေပြန်သည်။

ထိုစဉ် ဟိန်းလတ် ...၊ ဟိန်း ဆိုတာ ဟင် ...။

ထူးခြားနေသည့် သူမ၏အပြုံးတွေထဲကို နက်နက်နဲနဲတိုးဝင်စဉ်းစားရင်း ဟိန်းလတ် ဆိုသည့်နာမည်ကို သတိရကာ ခေါင်းထဲမှာ ဒိန်းခနဲမြည်သွား၏။

ဧည့်သည်တွေ စုနေကြတဲ့ဆီမှာ ရောနှောပါသွားခဲ့သည့် လင်းအားကလည်း ဒီဘက်ကို လှမ်းလှမ်းကြည့်ပေမယ့် MD ရဲ့မိန်းမနဲ့စကားပြောနေတာမို့ တမင်တကာ လွှတ်လပ်စေခဲ့တာဖြစ်သည်။

သူမကိုယ်တိုင် မေး နဲ့တွေ့ပါရစေ၊ သင်ပြပေးချင်ပါသည်၊ ပြောချင်တာတွေရှိပါသည်ဟု တောင်းဆိုထားသည်မို့ ...

"မေမေးဆက်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



လင်မယားနှစ်ယောက်စလုံး မျက်လုံးချင်းလှမ်းဆုံသွားမိစဉ် သူမ၏ ခေါင်းသံက ဖြတ်တောက်ပစ်လိုက်သလိုပေါ်လာပြီး ...

"တို့ကိုမသိပေမယ့် မင်း နားတော့လည်သွားမှာပါ"

"ဟုတ်ကဲ့၊ မမ ဘာပြောချင်လို့လဲ၊ မေး ကိုပြောသွားဝါ၊ မေး ကို ရေး လို့ပဲသတ်မှတ်ပြီး ကြိုက်သလိုပြောသွားနိုင်ပါတယ်"

မေး သူမရှေ့မှာ လက်နှစ်ဖက်ဆန့်ချကာပ်ကာ မျက်လွှာချဝစ်ရင်း ငြိမ်နေပေးလိုက်သည်။ လူကွယ်ရာကျမှ ကိုယ့်ရဲ့ လျှို့ဝှက်ချက်ကို ဖော်ထုတ်လာတာမို့ သူမရင်ထဲမှာ ကိုယ့်အကျိုးကို ဖျက်ဆီးလိုခြင်းတော့ မဟုတ်တန်ရာ။

ဒါပေမယ့် ဟိန်းလတ်နှင့်ပတ်သက်သော နာကြည်းချက်တွေ တုံ့ပြန် သိစေလိုခြင်းတွေတော့ ရှိနေလိမ့်မည်။ တုံ့ပြန်ပါစေ၊ ပြောချင်သမျှ အားလုံးပြောသွားပါစေ။

"မပြောပါဘူး မေမေးဆက်ရယ်၊ မင်းက ညီမအတွက်ဘာမဆို ပေး ဆပ်ဖို့ဆုံးဖြတ်ထားပေမယ့် မင်းနေရာမှာသာ ရေးရေးရိပ်ဆိုရင် သူ့ပါးစပ် က ထွက်လာမယ့်စကားလုံးတွေက အခု မင်း ပြောသွားတဲ့စကားမျိုးတွေ ဖြစ်မှာမဟုတ်ဘူး။ တို့ အခုလာတာလဲ ရေးရေးရိပ် အပေါ်မှာ ထင်ကျန်ခဲ့ တဲ့ ခံစားချက်တွေကို ပြောချင်လို့မဟုတ်ပါဘူး၊ မင်းကို တမင်လာကြည့် တာ"

"ဘယ်လို ...၊ မမက မေး ကိုလာကြည့်တာ"

'အင်း'ဆိုသည့်စကားကို အသံထွက်ရုံလေးပြော၍ ခေါင်းညိတ်ပြီး သည်။ ပြီးတော့ ရှေ့တစ်လှမ်းတိုးလိုက်ပြီး မေး လက်မောင်းလေး တစ် ဖက်ကို ခပ်ဖိဖိဆုပ်ကိုင်၏။

"မင်း တကယ်ကိုဖြူပါတယ်"

ဟု မေးမျက်နှာကိုငေးကြည့်ပြီး ပြောသည်။ ကျစ်ဆံမြီးလေး တစ်





ဖက်၏အဖျားကို သူမလက်ဖပဲ့ပေါ်မှာ ဖွဖွရှုရှုလေး ပင့်တင်ကိုင်၏။

"မင်းကိုမြင်လိုက်တာနဲ့ ရေးရေးရိပ်ရဲ့ ရိုင်းပျူမှုတွေအပေါ် မှာဖြစ်နေ ခဲ့တဲ့ မကျေနပ်စိတ်တွေ တစ်ဝက်လောက်လျော့သွားတယ်၊ 'မေ'လို့ ခေါ် လိုက်တော့ အားလုံး ပြေကျသွားသလိုပါပဲ"

သူမသည် ကျေနပ်ဝါပြီပဲဟုပြောနေလျက်နှင့် နှုတ်ခမ်းမှာ ကြေကွဲရိပ် လေးသဲ့သဲ့နှင့် ပြုံးရှာ၏။

"တို့ကိုမှတ်ထားနော်၊ ဟိန်းလတ်ရဲ့ အစ်မအကြီးဆုံးပေါ့ အေမီ ဆုလတ် တဲ့"

"ဟုတ်ကဲ့"

"ဘာပဲဖြစ်ဖြစ် ရေးရေးရိပ် ဆုံးသွားတာလဲ တို့ရဲ့ပယောဂ မကင်းနိုင် ဘူးလို့ ထင်ခဲ့တယ်"

"ရှင် ..."

မေး တအံ့တသြကြည့်လိုက်မိသည်။ ရန်ငြိုးတွေနဲ့ လက်တုံ့ပြန်နေ ကြသည်လား။

"မင်း လန့်သွားသလား"

"မေး ..."

"မောင်လေး ဆုံးသွားတော့ ..."

"ဟင် ... မမ ... ဟိန်းလတ်က ..."

"ဟုတ်တယ် ဆုံးသွားပါပြီ၊ ရေးရေးရိပ် ဆုံးသွားတဲ့နေ့က မောင်လေး ဆုံးခဲ့တဲ့ ခုနစ်ရက်မြောက်..."

"အို ..."

ရင်ထဲမှာ 'ဘုရား'တမိသွား၏။ အေမီဆုလတ်သည် သောကဝင်းစွာ ရယ်မောစိုပြည်နေကြသည့် ညှို့သည်ပရိသတ်ဆီကို အဓိပ္ပာယ်မဲ့ လှည့် ငေးနေသည်။ ပြီးမှ ဒီဘက်ပြန်လှည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေး သွေးတွေအန်တော့ နောက်ဆုံးထွက်သက်ကိုယူသွားတဲ့ သွေးတစ်ပွက်မှာပေါ့။ အဲဒီသွေးတွေကို တို့လက်ဝါးထဲမှာ စိချေသုတ်ကြည့်ပြီး ဝါ့မောင်လေး ဒီလိုအဖြစ်ဆိုးနဲ့သေရသလို ညည်းလဲ ဒီတိုင်းပဲ ဖြစ်ရမယ်လို့ ကျိန်လိုက်မိတယ်"

"ဘုရား"

မေး မျက်လုံးထဲမှာ ပြာခနဲဖြစ်သွားသည်။ အေမိဆုလတ်ကို ခေါ်သ ဖြစ်သွားသည်လား၊ မှန်းတီးမိသွားတာလား ဘာမှ မသေချာသေးမီ ကျိန်ဆိုလိုက်သံက ရင်တစ်ခုလုံးကို ဆွဲလှုပ်ခါပစ်လိုက်သလိုပင်။

ဒါ တကယ်ပဲလား။ ဒီလိုကျိန်ဆိုလိုက်လို့ ရေး ပိုးစိုးပက်စက်သေခဲ့ရသည်လား။

မဟုတ်နိုင်ဘူးလို့ ဘယ်လိုဖြေတွေးတွေး သေဆုံးခဲ့ပုံက တစ်ယောက်နဲ့တစ်ယောက် ခုနစ်ရက်ပဲကွာ၏။

"တို့က ပြန်တောင်းပန်ရမယ့်အလှည့်ပေါ့နော်၊ တောင်းပန်ဖို့ထိ တို့က သူ့ကို မကျေနပ်နိုင်သေးပါဘူး။ ဒါပေမယ့်မင်းက အခု ရေးရေးရိပ် ဖြစ်နေတော့ မေမေးဆက်ကို တောင်းပန်ချင်တာ၊ အဲဒီလိုကျိန်ဆိုခဲ့မိတာရှိတယ်၊ တို့ကြောင့် သူဖြစ်သွားတယ်ဆိုရင် အရမ်းကို ကျေနပ်စရာကောင်းပေမယ့် မင်းကတော့ ဝမ်းနည်းမှာပေါ့၊ အဲဒါကြောင့် နားလည်ပေးပါ"

"မမရယ် အဲဒီအမုန်းတွေ အငြိုးတွေကိုလေ မေး ..."

"ညီမ"

"မေး"

ဒီဘက်ကိုလျှောက်လာနေပြီဖြစ်သည့် လင်းအား သည် မေး မျက်နှာလေး သွေးဆုတ်ဖြူလျော်လျက် ယိုင်ခနဲနဲ့ ကျသွားသည်နှင့် ပြေးလွှားရောက်လာ၏

"မေး ...၊ ဒေါ် အေမိ ကျွန်တော့်မိန်းမ ဘာဖြစ်တာလဲ၊ ဒေါ် အေမိ





ပြောနေကြတာ ဘာတွေလဲ၊ ပြဿနာတစ်စုံတစ်ရာရှိရင် ကျွန်တော့်ကို ပြောပါ"

"ဆောရီး မောင်လေး။ တကယ် ဆောရီးပါ။ ဘာမှမရှိဘူး တကယ်"

"မောင်"

မေး အသက်ဝဝရှူလိုက်ပြီး ခြေခိုင်နိုင်ပြန်ရပ်ကာ လင်းအား ထိန်းဖက်ထားသည့်လက်တွေကို ဖယ်ချလိုက်၏။ လင်းအား သည် ရွှေစေး များနှင့်စိုထန်းနေသည့် မေး လက်ဖဝါးလေးကို လွှတ်မပေးဘဲ နှိုးနိုမ်တကြီး တွေးဆုပ်ထားဆဲ ...

"မေး ဘာမှမဖြစ်ပါဘူး။ မမက ..."

"တို့က မေး ကိုအရင်းချစ်တဲ့အကြောင်း ပြောတာပါ၊ မောင်လေးကလဲ ညီမလေးကို သိပ်ကိုမြတ်နိုးတဲ့ပုံ၊ တကယ်လိုက်ဖက်ညီတဲ့ ချစ်သူတွေပါ၊ ကွန်ဂရက်ကျူးလေးရှင်း"

အေမိဆုလတ် လူတွေ အနားမှာ ဝိုင်းအုံလာတာကို ဘယ်သူ့မှ မကြည့်ဘဲ လင်းအား ကိုပဲ စကားဆွဲနှုတ်ဆက်သည်။

ပြီးတော့ နှစ်ဦးသားကြားရှိလောက်သော နှုတ်ခမ်းလှုပ်ရှ လေသံမျှ ဖြင့်...

"တို့ရဲ့မောင်လေးကတော့ မောင်လေးလိုပဲ သိပ်ချစ်တတ်တဲ့သူ ဖြစ်ခဲ့တာတောင်မှ ..."

ပြောပြီး မေး မျက်နှာလေးကို ငုံကြည့်ပြကာ ...

"ညီမလေးလို ဖြူစင်ပြီး သိပ်ချစ်စရာကောင်းတဲ့ မိန်းကလေးမျိုးနဲ့ မတွေ့ခဲ့ရဘူး။ ညီအစ်မနှစ်ယောက်ပေမယ့် မောင်လေး ပိုင်ဆိုင်လိုက်ရတဲ့ မိန်းကလေးကမှ တကယ့်ရတနာခဲလေးပါ"

လင်းအား လက်မှာဆုပ်ကိုင်ထားသည့် သူမ၏လက်ကို အသာလေး နှုတ်၍ မေး ကိုလှည့်ပြုံးပြသည်။

www.burmeseclassic.com



"သားတွေ သမီးတွေနဲ့ ရာသက်ပန်ချစ်ခင်ချမ်းမြေ့ပြည့်စုံစွာ နေနိုင်ကြပါစေ"

ဒေါ်အေမီဆုလတ်ဟု အများခေါ်သော အေမီ သည် တဒင်္ဂတိတ်ကျသွားသည့် ညနေခံပွဲကို ပြန်လည်စိုပြည်သွားစေရန် နှုတ်ဖျားကနေ ဆုတောင်းပေးပြီးသည်နှင့် စားပွဲတစ်လုံးပေါ် က ခေါင်းချိုင့်တစ်ခုကို အဖုံးဖွင့်ကာ အားလုံးပေါ်သို့ လွှဲပစ်ပစ်လိုက်၏။

"ဟား ..."

"ဟေး ... စိုကုန်ပြီဟ"

"အဲဒါလေ စိုပြည်ခြင်းအစစ်အမှန်"

ရယ်သံတွေနှင့် ပြန်လည်ဝေစီသွားခဲ့၏။ ဒေါ်အေမီဆုလတ်ရယ်၊ လင်းအား ပြေးသွားတာရယ်၊ မေး နဲ့စကားတွေ အကြာကြီးပြောနေခဲ့တာကိုလည်း သတိထားမိခဲ့ကြသည်။

ဒါပေမယ့် ဘယ်လိုပြဿနာအကြောင်းအရာကို ရှင်းလင်းပြောဆိုကြမှန်းမသိကြဘဲ ရေတွေ ဖွားခနဲစဉ်ကျလာသည်နှင့် အားလုံးပဲ ရယ်ရယ်မောမောဖြန့်ဖြစ်သွားကြသည်။

မရယ်နိုင်တာက လင်းအား ဖြစ်လျက် ...

"မောင့်ကိုပြောစမ်းပါ မေးရယ်၊ ဒေါ်အေမီ ဘာတွေပြောသွားသေးလဲ၊ သူ ရေးကို ဘာဖြစ်လို့သိနေတာလဲ"

လူတွေနဲ့ အလှမ်းကွာတဲ့နေရာထိ မေးကိုတွဲခေါ်သွားခဲ့ပြီး ပခုံးလေးနှစ်ဖက်ကိုဆုပ်ကိုင်၍ မျက်နှာချင်းထိမတတ် တိုးကပ်သည်။

"သူ တစ်ခုခုပြောနေတာ မောင် သိတယ်"

"ဟုတ်တယ် မောင်၊ သူ ... သူက ဟိန်းလတ်ရဲ့အစ်မ တဲ့"

"ဟိန်းလတ် ဆိုတာ ဘယ်သူလဲ"

"ရေး ... ရေး နဲ့ ဆိုင်ကယ်အတူမှောက်တဲ့တစ်ယောက်"





"ဟင် ..."

မေး မျက်ဝန်းမှာ မျက်ရည်ဝဲပြည့်သိပ်လာတာကို မီးရောင်အောက်မှာ ပြိုးပြက်လက်နေခြင်းကြောင့် သူ သိသွား၏။

"ပြီးတော့ ဘာဖြစ်လဲ၊ အဲဒါက ..."

"ဟိန်းလတ် က အဲဒီကဲဒဏ်ရာနဲ့ပဲ ဆုံးသွားတယ်တဲ့"

"ဟင် ... ဟုတ်လား"

မေး ခေါင်းညိတ်လိုက်တော့ မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက်ကျလာကြ၏။ ညနေခံပွဲထဲမှာ ကာရာအိုကေဆိုတဲ့ လူစုလူဝေးဖြစ်နေကြသဖြင့် တစ်ဖက်တည်းမှာ ဗရုတ်သုတ်ခ ဆူညံနေကြပြီး ဒီဘက်ကို အာရုံမရောက်ကြပေ။

ဒေါ်ဆွေလတ် ကိုယ်တိုင်က သားနဲ့သမီးတို့ တစ်စုံတစ်ရာပြောဆိုနေကြမှန်းရိပ်မိသဖြင့် ညေ့ပရိသတ်ကို ညေ့ဝတ်ကျေစွာ ထိန်းထားခဲ့တာဖြစ်သည်။

ရောင်စုံပြေးနေသည့် မီးလုံးကြီးဆီမှ မီးရောင်ကြောင့် မေး မျက်ဝန်းလေးတွေမှာ တင်နေဆဲမျက်ရည်တို့က နီလိုက် ဝါလိုက်နှင့်။

"မောင်ရယ် နှစ်ယောက်စလုံး အဖြစ်ဆိုးလိုက်တာ၊ ဆုံးသွားကြတာ ရှုနစ်ရက်ပဲကွာတယ်"

"မေး ရယ် ..."

"မမအေမီက မေး ကို ရေး မဟုတ်ဘူးဆိုတာ သိတယ်"

"ဩော် ... အဲဒါသိလျက်နဲ့ သူများမင်္ဂလာပွဲမှာ ဒီလို ကျက်သရေမဲ့တဲ့စကားတွေ တကူးတက လာပြောတာပေါ့၊ မေး ဖြစ်နေတော့ ဘာဖြစ်လဲ၊ ရေး ဆိုပေမယ့် မင်းနဲ့ကိုယ် မေး လို့ပဲခေါ်ပြောနေကြတာ ဘယ်သူမှ အထူးတဆန်း မေးခဲ့ဖူးတာမရှိဘူး၊ တောက်"

"မောင် ..."



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘာပြောသွားသေးလဲ၊ မေး ဖြစ်နေတော့ သူက ဘာဖြစ်ချင်သေးလို့လဲ၊ ဖယ်ကွာ၊ အဲဒီကိစ္စ မောင် သိရမှာဖြစ်မယ်"

"မောင်ရယ် ..."

"မဟုတ်ရင် မောင့်ကွယ်ရာမှာ မင်းကို ဒီစကားတွေနဲ့ တတိတိ နှိပ်စက်နေမှာ"

ရင်ဘတ်မှာဆုပ်ကိုင်ထားသည့် မေး ရဲ့လက်ကို လင်းအား က ဖယ်ချ၍ ဖွတ်တိုးထွက်၏။ မေး က မလွှတ်တဲ့ဆုပ်ဆွဲထားသည်။

နောက်ဆုံး ဘယ်လိုမှတားဆီးမရဖြစ်လာသဖြင့် မေး သူ့ခါးကို တအားသိမ်းကျုံးဖက်ထားလိုက်ကာ ...

"မေးကို သူ မမုန်းပါဘူး။ သူ ဘာမှမပြောဘူး၊ မသွားပါနဲ့ မောင်ရယ်"

"မေး ..."

"မောင့်ကို မေး သိပ်ချစ်တယ်"

သိပ်တော့မဆိုင်ဘူးထင်သည်။ ဒါပေမယ့် မေး မောင့်ခြေလှမ်းတွေ ရပ်တန့်သွားအောင် တားဆီးဖို့ ဒီစကားတစ်ခွန်းပဲ ပြောဖို့ရှိ၏။ ပြီးတော့ မောင့်ရင်ဘတ်ကို မြတ်နိုးကြင်နာစွာ နမ်းလိုက်မိ၏။

ထိုစဉ် သူတို့ထံမှ သီချင်းသံလေးထွက်ပေါ် လာခဲ့သည်။

မေး ရင်ထဲမှာ ကျဉ်ခနဲစူးရှသွား၏။ ဒီသီချင်းလေးဟာ အားလုံးကို အမြဲတမ်းအနိုင်ယူချင်နေခဲ့သည့် ရေး အကြိုက်ဆုံးသီချင်း ...။

♪... ကိုယ်ပိုင်တဲ့ ကိုယ့်နေရာ ... ဘယ်သူ့ကိုမှ ... မပေးနိုင် ... ♪—

ပရိသတ်အတွက်
ထာဝရ

ပြီး

ရွှေသမင်စာပေ

ကောင်မလေးတွေမသိစေအောင် လျှို့ဝှက်ထားတဲ့
အကြောင်းအရာတစ်ခု ရှိနေပါတယ်။
ဘာလဲဆိုတာ သိချင်ရင် .....

# မြားစစ်သည်

# ကောင်မလေးတွေ မသိစေနဲ့

ရွှေသမင်
စာပေမှ စီစဉ်တင်ဆက်သည်။

www.burmeseclassic.com